www.dhammaransi.com

မုံရွာမြို့
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ရေးသား
စီရင်တော်မူအပ်သော

# ဝိနယသံခိပ်ကျမ်း

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

ဟံသာဝတီ

www.dhammaransi.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး ပုံတော်

www.dhammaransi.com

# နိဒါန်း

**ဝိနယ သံဒိပ်ကျမ်း**

မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားသည် ဘိက္ခုဝိဘင်း-ဘိက္ခုနီဝိဘင်း ၂-မျိုးရှိရာတွင် ဘိက္ခုဝိဘင်း ပါဠိတော်ခေါ် ဘိက္ခု ပါတိမောက်လာ (၂၂၀)နှစ်ရာ့နှစ်ဆယ်သော သိက္ခာပုဒ်အပေါင်းကို မှတည်လျက် မဟာဝါ,စူဠဝါစသော ဝိနည်းပါဠိတော်ကြီးများ၊ ဝိနည်းအဋ္ဌကထာကြီးများ၌ လာရှိသည့် ဆိုင်ရာဆိုင်ရာ အဓိပ္ပါယ်ကို ထည့်သွင်းပြီးလျှင် ကျက်မှတ်လွယ်ကူစိမ့်သောငှါ သံဒိပ်အဖြစ်ဖြင့် ရေးသားဖွဲ့နွဲ့သီကုံးခဲ့လေသည်၊ ၎င်းသံဒိပ်သည် အလွန် ကျဉ်းလွန်းလှသဖြင့် ဉာဏ်နုနယ်သော စာချ, စာသင်, စာပွဲဝင်ပုဂ္ဂိုလ်တို့ သိသာထင်ရှား ဉာဏ်အမြင်ပွားစေရန် သက်ဆိုင်ရာအကျဉ်းသံဒိပ်ကိုအကျယ်ဝိတ္ထာရအားဖြင့် ပြဆိုရာဖြစ်သော ဝိနယသံဒိပ်ကျမ်းကို ရေးသားပြုစုတော်မူခဲ့လေသည်။

**ကျမ်းပြုအမေဒ် ဇာတာတော်**

၎င်းဝိနယသံဒိပ်ကျမ်းကို ပြုစုတော်မူသောကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး သည် ဒီပဲရင်း မြို့နယ် စိုင်ပြင်ရွာ အဘ ဦးထွန်းသာ, အမိ ဒေါ်ကျုံးတို့မှ ကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ် နတ်တော်လဆန်း ၁၃-ရက် အင်္ဂါနေ့ ညဥ့်တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗိဇနာ၊ ၅-ပြန်၊ ၈-ခရာ၊ သိဟ်လဂ်၊ တုစန်း၊ တနင်္ဂနွေကြင်း၊ တနင်းလာ နဝင်း၊ ၉-လုံး၂-ပါဒ်ထက် လဂ်စီးလျက် ဗိရဏီနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး မီးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

**နိမိတ်ပေါ်ပြ အမည်တော်ရ**

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံပေါက်ပြီးလျှင် ၎င်းသက်တံသည် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်ကို လက်ျာရစ် လှည့်လျက် အိမ်ခေါင်မှ အထက်ကောင်းကင်သို့ တက်သွားသည်ကို လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ မောင်တက်ခေါင်

www.dhammaransi.com



ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ**

၎င်းမောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်း ဆရာတော်ကြီး ဦးဓမ္မမဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ တက်ရောက်တော်မူရကား မောင်တက်ခေါင်-ဟူသော ဝေါဟာရမှ ထက်မြက်စူးရှ လျှင်မြန်လှသောဉာဏ်ရှိမှုကိုစွဲ၍ ရှင်ဉာဏ-ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

**ဓမ္မာစရိယ ဆန် သောက်ရ**

၎င်းနောက် သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒ္ဓဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇဂုရု, သုဒ္ဓဿနဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၁၁-ကျော် စာချ **ပန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ် ကျော်ကြီးထံတော်ဝယ် ပညာရင်နို့ သောက်စို့မှီဝဲ နေစဉ်မှာပင် ၎င်းဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်းပဏ်၊ ဉာဉ်နှစ်တန်၊ ဘာယပဏ္ဏာသ၍ တတ်သနည်း]ဟု ပညာရှိများ နှုတ်၌ အထပ်ထပ် ချွတ်ဆိုရသော **စလင်းဦးပဏ္ဍိစ္စမထေရ်** ထံတော်၌ ပိဋကတ်အဖြာ တတ်မြောက်နိုင်မြဲတော်မူလေသဖြင့် ပဌမစာချ ဆန်ထောက်တော်ရလျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေစဉ်မှာပင် ၁၂၄၁-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေသည်။

**ကျော်စောသတင်း တံဆိပ်နှင့်**

၁၂၄၀-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည်တော် ပန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်းရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး**

www.dhammaransi.com



ကိုတည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင်နို့သောက်စို့ရန် ရောက်လာကြသော များစွာသောင်းသောင်း တပည့် သံဃာအပေါင်းတို့အား စာပေပို့ချတော်မူခြင်း တကာ-တကာမအပေါင်းတို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ-မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုယ်းကို တဖြိုးဖြိုးသွန်းချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ်အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်း-စသော ဂုဏ်အပေါင်းတို့ကြောင့် လယ်တီဆရာတော်ကြီး-ဟုအာရှ,ဥရောပ အနှံ့ တအံ့တသြကျော်စောကိတ္တိ ဂုဏ်ရှိန်ညီး၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီးရှင်-ဘုရင်မင်းတို့က အဂ္ဂမဟာပဏ္ဍိတ-ဟူသောပါဠိဂုဏ်ဟိတ်ဘွဲ့တံဆိပ်တော်ဖြင့်၎င်း, ဒီလစ်-ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့်၎င်း ဆက်ကပ်လှူဒါန်း ပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

**ကရုဏာ ရှေး၍ ကျမ်းဂန်ပြု**

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစေဆက်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ—

| | |
|---|---|
| ၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ်မဟာဋီကာသစ်ပါ၌] | ၁၀။ နိဗ္ဗာနဒီပနီ |
| | ၁၁။ မဟာသယနဒီပနီ |
| ၂။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာပါ၌] | ၁၂။ ဥတ္တမပုရိသဒီပနီ |
| | ၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ |
| ၃။ ပဋ္ဌာနုဒ္ဒေသဒီပနီပါ၌ | ၁၄။ အာဟာရဒီပနီ |
| ၄။ သမ္မာဒိဋ္ဌိဒီပနီပါ၌ | ၁၅။ အနတ္တဒီပနီ |
| ၅။ အနုဒီပနီပါ၌ | ၁၆။ ကမ္မဋ္ဌာနဒီပနီ |
| ၆။ ရူပဒီပနီ | ၁၇။ အာနာပါနဒီပနီ |
| ၇။ လက္ခဏာဒီပနီ | ၁၈။ စတုသစ္စဒီပနီ |
| ၈။ ပါရမီဒီပနီ | ၁၉။ သစ္စတ္တဒီပနီ |
| ၉။ ဝိဇ္ဇာမဂ္ဂဒီပနီ | ၂၀။ ဗောဓိပက္ခိယဒီပနီ |

www.dhammaransi.com



# နိဒါန်း


၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္တရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ဂေါဏသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနီကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဣဏပရိဘောဂဝိနိစ္ဆယ
၃၆။ ဒီဃာသနဝိနိစ္ဆယ
၃၇။ သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ သသင်္ခါရ, အသင်္ခါရ ဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတိယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံး အဖြတ်။
၄၃။ ဝိကာလဘောဇန သိက္ခာပုဒ် အဆုံးအဖြတ်။
၄၄။ ပရမတ္ထသံခိပ်
၄၅။ ဝိနယသံခိပ်
၄၆။ သဒ္ဒသံခိပ်
၄၇။ သတ်ပုံသံခိပ်
၄၈။ သင်ပုန်းကြီးသံခိပ်
၄၉။ ပရမတ္ထဒီပနီခေါ် [သဂြိုဟ် မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီခေါ် [ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ]
၅၁။ ပဌာနသုတ် ပါဠိတော် နိဿယသစ်
၅၂။ အနတ္တဝိဘာဝနာပါဌ် နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဌ် နိဿယ
၅၄။ လန်ဒန်ပါဠိဒေဝီပုစ္ဆာ ဝိဿဇ္ဇနာပါဌ်
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်း ချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ဓာတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂမ္ဘီရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာအလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
၆၆။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလသုတ္တန်
၇၀။ အလင်းကျမ်း

www.dhammaransi.com



**သဗ္ဗေသံ ဒါရာ အနုဋ္ဌာ**

ဤသို့အစရှိသည်ဖြင့် ဒိပနီ,ဝိနိစ္ဆယ, သံဒိပ်,ပါဠိ-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်—

**ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏံ ဝသမာဂတံ။ ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ် မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီးသော်မှ ရှောင်ကွင်း၍ မလွတ်နိုင်၊ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၈၅-ခုနှစ် ပဉ္စမဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

**ပုံနှိပ်စေခြင်း၊ နှလုံးသွင်း၊**

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပပျောက်စေရန်ရင်း**၊ တပည့် နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်ပွားများ **နိဗ္ဗာန်တိုင် အကျိုးများစေရန်ရင်း** ရည်သန်ရိုးရင်း နှလုံးသွင်း၍ရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရိပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင် ပြင်ဆင်လျက် ဤဝိနယသံဒိပ်ကျမ်းကို စက်တင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

www.dhammaransi.com

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမ | .... | ၁ |
| ၂။ | သိက္ခာ ၃-ပါး ပြဆိုခဲ့ကြ ။ | .... | ၂ |
| ၃။ | သက်နိုး အဓိဋ္ဌာန် တင်နည်း | .... | ၇ |
| ၄။ | သက်နိုး ဝိကပ္ပနာ ပြုနည်း | .... | ၁၇ |
| ၅။ | သက်နိုးဟူသော မိုရာနိဿယ | .... | ၁၉ |
| ၆။ | သပိတ်, ခွက်အပြား | .... | ၂၁ |
| ၇။ | အကပ်ခံနည်း | .... | ၂၃ |
| ၈။ | အတိရိတ် ဝိနည်း ကံပြုနည်း | .... | ၂၆ |
| ၉။ | ကာလိက ၄-ပါး အမြွက် | .... | ၃၀ |
| ၁၀။ | အကပ္ပိယအသားမျိုး | .... | ၃၅ |
| ၁၁။ | အကပ္ပိယပစ္စည်းမျိုး | .... | ၃၇ |
| ၁၂။ | ကပ္ပိခြင်း ၅-ပါးအမြွက် | .... | ၃၈ |
| ၁၃။ | ကျောင်းဟူသော မိုရာနိဿယအမြွက် | .... | ၄၀ |
| ၁၄။ | ဆေးဟူသော မိုရာနိဿယအမြွက် | .... | ၅၀ |
| ၁၅။ | အမှီ ၄-ပါး | .... | ၅၅ |
| ၁၆။ | ပါရာဇိက | .... | ၅၆ |
| ၁၇။ | သံဃာဒိသိသ် | .... | ၆၂ |
| ၁၈။ | နိဿဂ္ဂိယ | .... | ၆၄ |
| ၁၉။ | သုဒ္ဓပါစိတ် | .... | ၇၈ |
| ၂၀။ | သေခိယ | .... | ၉၃ |
| ၂၁။ | သမုဋ္ဌာနာဒိ | .... | ၁၀၁ |
| ၂၂။ | အဓိကရုဏ်း ၄-ပါး | .... | ၁၀၃ |
| ၂၃။ | သမထ ၇-ပါး | .... | ၁၀၅ |
| ၂၄။ | ပါရာဇိကအာပတ် ကုစားနည်း | .... | ၁၀၆ |
| ၂၅။ | သံဃာဒိသိသ်အာပတ် ကုစားနည်း | .... | ၁၀၈ |
| ၂၆။ | ဒေသနာဂါမိအာပတ် ကုစားနည်း အမြွက် | .... | ၁၁၅ |

www.dhammaransi.com



# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇။ | ရှင်ပြုခဏ်း အမြွက် | .... | ၁၁၇ |
| ၂၈။ | ရဟန်းခံ အမြွက် | .... | ၁၂၁ |
| ၂၉။ | နိဿယမုတ္တကအင်္ဂါ | .... | ၁၃၇ |
| ၃၀။ | ဥပဇ္ဈာယ်,နိဿယည်း အမြွက် | .... | ၁၄၀ |
| ၃၁။ | သိမ်ခဏ်းအမြွက် | .... | ၁၄၂ |
| ၃၂။ | ပုဗ္ဗကရဏ ၄-ပါး | .... | ၁၅၃ |
| ၃၃။ | ပုဗ္ဗကိစ္စ ၅-ပါး | .... | ၁၅၃ |
| ၃၄။ | ပတ္တကလ္လအင်္ဂါ ၄-ပါး | .... | ၁၅၈ |
| ၃၅။ | ဥပုသ်အပြား | .... | ၁၆၀ |
| ၃၆။ | ပဝါရဏာအပြား | .... | ၁၆၂ |
| ၃၇။ | ဥပုသ်-ပဝါရဏာ ပြုပုံ | .... | ၁၆၃ |
| ၃၈။ | ဝါဆိုခဏ်း | .... | ၁၇၂ |
| ၃၉။ | ကထိန်အမြွက် | .... | ၁၇၇ |
| ၄၁။ | နိဂုံးဆုတောင်း | .... | ၁၈၅ |

www.dhammaransi.com

# ဝိနယသံခိပ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

ပဏာမ

## ၁။ ဘုရား၊ တရား၊ သံဃာအား၊ သုံးပါး ဝန္ဒနာ။

ဝန္ဒနာ ၃-မျိုး။ "တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ၊ ကတမာ တိဿော ကာယေန၊ ဝန္ဒတိ၊ ဝါစာယ ဝန္ဒတိ၊ မနသာ ဝန္ဒတိ။ [အင်္ဂုတ္တိုရ်ပါဠိတော်။]

လောက၌ ဒွါရဖြင့်ဆို၍ ရှိခိုးခြင်းသည် ဤပါဠိတော်နှင့် လျော်လှပေ၏။

အဋ္ဌကထာကြီးတို့၌ကား—

စက္ခုနာ ရူပံ ဒိသွာ တိ ကာရဏဝသေန စက္ခု တိ လဒ္ဓ-ဝေါဟာရေန ရူပဒဿနသမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိသွာ။

ပေါရာဏာ ပနာဟု စက္ခု ရူပံ န ပဿတိ၊ အစိတ္တကတ္တာ၊ စိတ္တံ န ပဿတိ၊ အစက္ခုကတ္တာ၊ ဒွါရာရမ္မဏ သံဃဋ္ဋနေန ပန ပသာဒဝတ္ထုကေန စိတ္တေန ပဿတိ၊ ဤဒိသီ ပနေသာ ဓနုနာ

www.dhammaransi.com



ဝိဇ္ဇတိ တိ အာဒိသု ဝိယ သသမ္ဘာရကထာနာမ ဟောတိ၊ တသ္မာ စက္ခုဝိညာဏေန ရူပံ ဒိသွာ တိ အယ မေဝေတ္ထ အတ္ထော တိ—

ဟုလာ၏။

ကံဖြင့်သို့၍ ရှိခိုးခြင်းသည် ဤအဋ္ဌကထာကြီးများနှင့် လျော်၏။

လျော်ပုံကား—

စက္ခုသည်လည်း ဒွါရရုပ်မျိုးဖြစ်၏၊ ကာယ,ဝစီတို့သည်လည်း ဒွါရရုပ်မျိုးဖြစ်ကြကုန်၏၊ ထို့ကြောင့် "စက္ခုနာ ရူပံ ဒိသွာ"၌ စက္ခုနာ-ဟူသော စကားသည် သသမ္ဘာရကထာ ကာရဏူပစာ စကားမျိုးဖြစ်သကဲ့သို့၊ "ကာယေန ဝန္ဒတိ"၌ ကာယေန-ဟူသော စကားသည်လည်း သသမ္ဘာရကထာ ကာရဏူပစာ စကားမျိုးပင်ဖြစ်၏၊ ထို၌ "စက္ခု" သဒ္ဒါဖြင့် စက္ခုဝိညာဏ်ကိုယူ၏ သို့၊ ဤ၌ "ကာယ"သဒ္ဒါဖြင့် ကာယဒွါရ၌ ဖြစ်သော စေတနာကံကိုယူ။

ပဏာမပြီး၏။

---

## သိက္ခာ သုံးပါးပြဆိုခဏ်း

၂။ ရဟန်းတရား၊ အမြတ်ထား၊ သုံးပါး ကျင့်သိက္ခာ။

သိက္ခာ ၃-မျိုး။ ။တိဿော ဣမာ ဘိက္ခဝေ သိက္ခာ၊ ကတမာ တိဿော၊ အဓိသီလ သိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာ သိက္ခာ။ ။ [အင်္ဂုတ္တိုရ် ပါဠိတော်။]

၃။ အာဒိဖြဲ့ဟွ၊ စရိယနှင့်၊ အဘိသမာစာရိက၊ ဤနှစ်ဝ၊ သီလသာသနာ။ ။

အဓိသီလ သိက္ခာ။ ။အဓိသီလသာသနာ, အဓိသီလသိက္ခာအတူတူပင်တည်း၊ လူတို့၏ ၅-ပါးသီလ,၁၀-ပါးသီလ,၈-ပါးသော ဥပေါသထသီလတို့ထက် လွန်ကဲထူးမြတ်သော သီလသိက္ခာမျိုးဖြစ်၍ ထို ၂-ပါးသောသီလတို့ကို"အဓိသီလသိက္ခာ"ဆိုသည်၊ မြတ်စွာဘုရားတို့ ဖြစ်ပွင့်တော်မူသောအခါ၌သာ လောက၌ ဖြစ်ပေါ်သည်။

www.dhammaransi.com



### ၄။ နှစ်ရှာနှစ်ဆယ်၊ ခုနစ်သွယ်၊ အကျယ်အာဒိသာ။

**အာဒိဗြဟ္မစရိယကသီလ။** ။အာဒိ ဗြဟ္မစရိယကသီလ ဆိုသည်ကား၊ ပါတိမောက်မှာ အကျယ်လာသော ၂၂၇-ပါးသော သိက္ခာပဒ သီလတို့ကိုဆိုသည်၊ အကျဉ်းအားဖြင့် ရဟန်းတို့၏ အာဇီဝဋ္ဌမကသီလကို ဆိုသည်၊ထိုသီလသည်မဂ္ဂဗြဟ္မစရိယ၏ အစအဦးဖြစ်၍''အာဒိဗြဟ္မစရိယက သီလ''မည်၏။

မဂ္ဂဗြဟ္မစရိယဿ အာဒိဘာဝဘူတန္တိ အာဒိဗြဟ္မစရိယ-
ကံ၊ အာဇီဝဋ္ဌမက သီလဿေတံ အဓိဝစနံ။ ။[ဝိသုဒ္ဓိမဂ်။]

**မှတ်ချက်။** ။အစအဦးဆိုသည်ကား-နံနက်အခါ၌ အရှေ့အရပ်မှ တက်သော နေအရုဏ်သည် ထိုနေ့၏ အစအဦးဖြစ်၍ ထိုနေ့၌ အတွင်းဝင်ဖြစ်လေသကဲ့သို့၊ ဤ၂၂၇-ပါးသော သိက္ခာပဒသီလအပေါင်းသည် သောတာပတ္တိမဂ္ဂသီလ၏ အစအဦး အခြေအမြစ်ဖြစ်၍ သောတာပတ္တိမဂ္ဂသီလ၌ သဣ္ဖိုဟ်ရေတွက်ခြင်းသို့ ရောက်၏။

ယခုကာလ ဤသီလနှင့် ပြည့်စုံကြကုန်သော သီလဝန္တရဟန်းတို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်တို့တွင် သေက္ခပုဂ္ဂိုလ်ဘို့၌ သဣ္ဖိုဟ် ရေတွက်ခြင်းသို့ ရောက်ကုန်၏။

သေက္ခော ဘိက္ခု၊ တိ ပုထုဇ္ဇနကလျာဏေန သဒ္ဓိံ သတ္တ-
အရိယာ တိဿော သိက္ခာ သိက္ခန္တီ တိ သေက္ခာ၊ တေသု ယော-
ကောစိ သေက္ခော ဘိက္ခု၊ တိ ဝေဒိတဗ္ဗော။ ။[အဋ္ဌကထာ။]

ကေ သိက္ခန္တီတိ၊ သေခါ စ ပုထုဇ္ဇနကလျာဏကာစ
သိက္ခန္တိ၊ ။[ပရိဝါပါဠိတော်။]

### ၅။ ခန္ဓကဝတ်၊ အကျင့်မြတ်၊ မှတ်လေဘိသမာ။

**အဘိသမာစာရိကသီလ။** ။မဟာဝါခန္ဓက၊ စူဠဝါခန္ဓကတို့၌ လာသော ဥပဇ္ဈာယဝတ်၊ အာစရိယဝတ် အစရှိသော ကျင့်ဝတ်တရားတို့သည် ထို အာဒိဗြဟ္မစရိယကသီလပေါ်တွင် အရောင်တင် အမွန်းတင် သီလ ဖြစ်ပေ၍ အထွတ်အမြတ်ဖြစ်သော အကျင့်အာစာရဟူသော အနက်ကြောင့် ''အဘိသမာစာရိက သီလ''မည်ကုန်၏။

www.dhammaransi.com



ဥဘတော ဝိဘင်္ဂပရိယာပန္နံ အာဒိဗြဟ္မစရိယကံ၊ ခန္ဓက
ဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ။ ။[ဝိသုဒ္ဓိမဂ်။]
လောကုတ္တရာ သီလသည်မူကား-အနုတ္တရ အဓိသီလပေတည်း။

### ၆။ အဘိသမာစာရိ၊မပြည့်ဘိ၊အာဒိ-ကြောင်မြဲသာ။

**အဓိပ္ပါယ်။** ။ဥပဇ္ဈာယဝတ်, အာစရိယဝတ်အစရှိသော ခန္ဓက ဝတ်အကျင့်တို့ကို ပြည့်စုံစွာမဖြည့်နိုင်သော ရဟန်းအား အာဒိဗြဟ္မစရိယကသီလသည် ပြည့်စုံပြီမဟုတ်၊နွားပြောက် နွားကျားကဲ့သို့ အကြောင်အကျားသာဖြစ်ပြီတည်း။

သော ဝတ် ဘိက္ခဝေ ဘိက္ခု အာဘိသမာစာရိကံ ဓမ္မံ အပရိ-
ပူရေတွာ အာဒိဗြဟ္မစရိယကံ ဓမ္မံ ပရိပူရေဿတီ တိ နေတံ ဌာနံ
ဝိဇ္ဇတိ။ ။[အင်္ဂုတ္တိုရ်ပါဠိတော်။]

**မှတ်ချက်။** ။ထိုဝတ်အကျင့်တို့ကို သဒ္ဓါ,ဝီရိယနည်းကြသော သူတို့သည် ဖြည့်ကျင့်လိုသော စိတ်ပင်မရှိကြကုန်၊ထိုသူတို့သည် သဒ္ဓါ,ဝီရိယ ထက်သန်လှမှ ဖြည့်ကျင့်နိုင်ရာသော အချို့သော အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌ရင်း,သမထကမ္မဋ္ဌာန်းအလုပ်ဝိပဿနာကမ္မဋ္ဌာန်းအလုပ် တို့၌ရင်း-စိတ်ပင်မရှိကြကုန်၊သဒ္ဓါ,ဝီရိယကို လျှထောင်၍ ထိုဝတ်အကျင့် တို့ကို ဖြည့်ကျင့်နိုင်သော သူတို့သည်မူကား အာဒိဗြဟ္မစရိယက သိက္ခာပုဒ်တို့၌လည်း ခဲယဉ်းမှု မရှိကြကုန်၊ ဓုတင်အလုပ်, သမထကမ္မဋ္ဌာန်း အလုပ်, ဝိပဿနာကမ္မဋ္ဌာန်းအလုပ်တို့၌လည်း နည်းလမ်းကျကျ သိမှု သာလို၏၊ ဝီရိယအတွက်မှာ ခက်ခဲမှုမရှိကြကုန်။

### ၇။ သမာပတ်၊ရှစ်ပါးရှိ၊အဓိစိတ္တသာ။

**အဓိစိတ္တသိက္ခာ။** ။ဝိပဿနာ၏ အခြေပါဒဖြစ်သော ပဌမဈာန် သမာပတ်, ဒုတိယဈာန်သမာပတ်အစရှိသော သမာပတ် ၈-ပါးသည် “အဓိစိတ္တသိက္ခာ”မည်၏၊လောကုတ္တရာစိတ်သည်မူကား-အနုတ္တရအဓိ စိတ္တပေတည်း။

ဝိပဿနာပါဒကံ ပန အဋ္ဌသမာပတ္တိ စိတ္တံ အဓိစိတ္တ န္တိ
ဝုစ္စတိ။ ။[ပါရာဇိကဏ်အဋ္ဌကထာ။]

www.dhammaransi.com



### ၈။ ဝိပဿနာသုံးတန်၊ မဂ်,ဖိုလ်ဉာဏ်၊ အမှန်သိပညာ။

**အဓိပညာသိက္ခာ။** ။အနိစ္စာနုပဿနာဉာဏ်,ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ် ၃-ပါးသည်၎င်း၊ မဂ်ဉာဏ် ၄-ပါး,ဖိုလ်ဉာဏ် ၄-ပါးသည်၎င်း၊ ''အဓိပညာသိက္ခာ''မည်၏။

ထိုတွင် မဂ်ဉာဏ် ၄-ပါး, ဖိုလ်ဉာဏ် ၄-ပါးသည် မိမိထက်လွန်သော အထက်ဉာဏ် လာရန်မရှိပေသောကြောင့် အနုတ္တရအဓိပညာ မည်၏။

> တိလက္ခဏာကာရပရိစ္ဆေဒကံ ပန ဝိပဿနာဉာဏံ အဓိပညာ တိ ဝုစ္စတိ၊ တတော ပိ စ မဂ္ဂ ဖလပညာဝ အဓိပညာ။ ။[ပါရာဇိကဏ် အဋ္ဌကထာ။]

### ၉။ သိက္ခာလိုလား၊ အမျိုးသား၊ ကြိုးစားကျင့်ကြရာ။

**ဝိဂ္ဂဟ။** ။လဇ္ဇီပေသလ သိက္ခာကာမ-ဟူသောပုဒ်၌ ''တိဿော သိက္ခာ သိက္ခိတုံ ကာမေတိ ဣစ္ဆတီတိ သိက္ခာကာမော''-ဝိဂြိုဟ်ပြု။

**အရကောက်။** ။ယခုဘဝ၌ ပြဆိုခဲ့ပြီးသော သိက္ခာ ၃-ပါးတို့ကို ပေါက်ရောက်အောင် ကျင့်ကြံလိုသော ဆန္ဒဥဿာဟ တင်းလင်းရှိနေသော ပုဂ္ဂိုလ်ကို သိက္ခာကာမ ပုဂ္ဂိုလ်ဆိုသည်။

**မှတ်ချက်။** ။ယခုကာလ၌မူကား-အဓိသီလသိက္ခာ၌သာ သိက္ခာကာမ ဖြစ်နိုင်ကြ၏၊ အဓိသီလသိက္ခာတွင်မှလည်း အာပတ်သင့်တတ်သော သိက္ခာမှုတို့၌သာ ဂရုစိုက်ကြ၏၊ အမွန်းတင်ကိစ္စနှင့် အပိုအမို ပြည့်ကျင့်ရသော ဝတ်ကြီး, ဝတ်ငယ်တို့၌ အားမစိုက်ကြပြီ။

အထက်သိက္ခာ ၂-ပါးတို့ကိုမူကား-ထိုသိက္ခာ, သာသနာတို့၏ ကွယ်ပရာ, ကွယ်ပကြောင်း တရားတို့ကို လိုက်စားမွေ့လျော်၍ နေကြသော အခါဖြစ်၍ ဓုရနိက္ခိတ္တပြု၍ ထားကြ၏။

ထိုသိက္ခာ, သာသနာ ၂-ပါးတို့၏ ကွယ်ပရာ, ကွယ်ပကြောင်း တရားဆိုသည်ကား-စေတောဝိနိဗန္ဓတရား ၅-ပါးတို့နှင့်လာဘသက္ကာရသိလောကတို့၌ ငြိတွယ်သော တဏှာတရားစု ပေတည်း။

www.dhammaransi.com



**စေတောဝိနိဗန္ဓ**။ ။၁။ ကျောင်းကောင်း, ဆွမ်းကောင်း, သင်္ကန်း ကောင်း, ပရိက္ခရာ ဘဏ္ဍာကောင်း တို့၌ သာယာသော တဏှာ ၁-ပါး,

၂။ မိမိကိုယ်ခန္ဓာ၌ သာယာသော တဏှာ ၁-ပါး,

၃။ မိမိကိုယ်အင်္ဂါ အသွေးအရောင်တို့၌ သာယာသော တဏှာ ၁-ပါး,

၄။ စားမှု, အိပ်မှုတို့၌ အလေးဂရု ပြုသော တဏှာ ၁-ပါး,

၅။ ရဟန်းသီလကို ဖြည့်ကျင့်မှုသည် ယခုဘဝ၌ မဂ်,ဖိုလ်၏ ပါဒက အကျိုးငှါမဟုတ်၊ ယခုဘဝ၌ ကုသိုလ်လည်းရ၏၊ ဝမ်းလည်းဝ၏၊ နောက်ဘဝ၌ လူကောင်း, နတ်ကောင်း ဖြစ်ရ၏-ဟု စိတ်ရှိခြင်း ၁-ပါး,

ဤကား စိတ်ကို ဘာဝနာအလုပ်သို့ မညွတ်ရအောင် ဘွဲ့နှောင်ချည်တုပ်၍နေသော စေတောဝိနိဗန္ဓ တရား ၅-ပါးတည်း။

၁။ လာဘ်များမှု,

၂။ ကျောင်းကောင်း, ခွမ်းကောင်း, သင်္ကန်း သပိတ် ပရိက္ခရာ ကောင်း-ရတတ်သည်ကို သာယာမှု,

၃။ အကျော်အစောကို သာယာမှု, နောက် ၃-ပါး၊ ဤတရားတို့သည် အထက်သာသနာကြီး ၂-ပါးတို့ကို ကွယ်ပစေတတ်ကုန်၏။

### ၁၀။ ရဟန်းဖြစ်စ၊ ဓိသီလ၊ ပြဓိမ့်ရှေးဦးစွာ။

**အဓိပ္ပါယ်**။ ။ရဟန်းဖြစ်စ၌ ရှေးဦးစွာ ကျင့်အပ်သော အဓိသီလ သိက္ခာ အစီအရင်ကို ရှေးဦးစွာပြဆိုပေအံ့—

ရှေးဦးစွာ ကျင့်အပ်သည် ဟူရာ၌—

ပုဗ္ဗေဝ ခေါ ပနာယံ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ။ ။[ပါဠိတော်။]

www.dhammaransi.com



**၁၁။ သိက္ခာလိုလား၊ မျိုးကောင်းသား၊ ကျိုးများပေးဘိုရာ။**

**အဓိပ္ပါယ်။** ။သာသနာတော်၌ ရဟန်းပြုကြမှုသည်—

၁။ တစုံတခုသော ဘေးကြောင့်ပြုမှု,

၂။ လူလုပ်လျှင် ဆင်းရဲမည်ကိုမြင်၍ အသက်မွေး ဝမ်းကျောင်း အနေနှင့်ပြုမှု,

၃။ သံသရာဘေးကို ကြောက်သဖြင့် သံသရာဝဋ်မှ လွတ်တည့်ရန်သိက္ခာ ၃-ပါးကို အားထုတ်လို၍ သဒ္ဓါပဗ္ဗဇိတ အနေနှင့်ပြုမှု—

ဟူ၍ ၃-မျိုးရှိ၏၊ ထိုတွင် သဒ္ဓါပဗ္ဗဇိတကိုရည်၍ "သိက္ခာလိုလား၊ မျိုးကောင်းသား"ဟု ဆိုပေသည်။

သိက္ခာ သုံးပါး ပြဆိုခဏ်းပြီး၏။

---

## သက်နိုး အဓိဋ္ဌာန် တင်နည်း

**၁၂။ သက်နိုးပစ္စေး၊ ဆွမ်းပစ္စေး၊ ကျောင်း, ဆေးမှီလေးဖြာ။**

**အဓိပ္ပါယ်။** ။ရဟန်းခံရာ သိမ်အပြင်၌ ဆုံးမခန်းတွင် "စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ၊ စတ္တာရိစ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ" ဟူ၍ လာရှိသည့်အတိုင်း မှီရာ ၄-ပါးကို ရှေးဦးစွာ ပြဆိုမည်-ဟူလို။

**၁၃။ သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုယ်း, အမာ။**

**သက်နိုး ၉-ထည်။** ။၁။ သင်းပိုင်,

၂။ ကိုယ်ရုံ,

၃။ ဒုကုဋ်,

၄။ အိပ်ရာခင်း,

၅။ မျက်နှာသုတ်ပုဝါ,

၆။ ပရိက္ခာရစောဠပုဆိုး,

၇။ နိသီဒိုင်အခင်း,

၈။ မိုယ်းရေခံ သက်နိုး,

၉။ အမာလွှမ်း သက်နိုး,

[သက်နိုး ၉-ထည် သရုပ်။]

www.dhammaransi.com



၁။ အန္တရဝါသကော၊ သင်းပိုင်။

၂။ ဥတ္တရာသင်္ဂါ၊ ကိုယ်ရုံ။

၃။ သံဃာဋိ၊ ဒုကုဋ်။

၄။ ပစ္စတ္ထရဏံ၊ အပေါ်ရွှမ်း အိပ်ရာခင်း။

၅။ မုခပုဉ္ဆနစောဠ၊ မျက်နှာသုတ်ပုဝါ။

၆။ ပရိက္ခာရစောဠံ၊ ရေစစ်ပုဝါ, လက်သုတ်ပုဝါ, သပိတ်အိတ်, ဘိနပ်အိတ်-အစရှိသော အဝတ်အထွာပရိက္ခရာပုသိုးအမျိုးမျိုး။

၇။ နိသီဒနံ၊ နိသီဒိုင်အခင်း။

၈။ ဝဿိကသာဋိကာ၊ မိုယ်းရေခံပုဆိုး။

၉။ ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ အမာလွှမ်း သင်္ကန်း။ [ပါဠိအမည်နှင့် အဓိဋ္ဌာန်တင်ရန် ဆောင်ပုဒ်။]

(က) အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။

(ခ) ဝဿိကသာဋိကံ ဝဿာနံ စာတုမာသံ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ။

(ဂ) နိသီဒနံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။

(ဃ) ပစ္စတ္ထရဏံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။

(င) ကဏ္ဍုပ္ပဋိစ္ဆာဒိံ ယာဝ အာဗာဓာ အဓိဋ္ဌာတုံ တတော ပရံ ဝိကပ္ပေတုံ။

(စ) မုခပုဉ္ဆနစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ။

(ဆ) ပရိက္ခာရစောဠံ အဓိဋ္ဌာတုံ န ဝိကပ္ပေတုံ"။ ။[မဟာဝါ ပါဠိတော်။]

အဓိဋ္ဌာတုံ၊ ငါ့ဥစ္စာ-ဟု အမှတ်ပြုရန် အဓိဋ္ဌာန် တင်ခြင်းငှာ။ ။ ဝိကပ္ပေတုံ၊ငါ့ဥစ္စာ-ဟု အာသာမကပ် ကင်းကွာလတ်အောင် ဝိကပ္ပနာပြုခြင်းငှာ။ အနက်ပေး။

၉-ထည် အစီအစဉ်မှာ ရှေ့သံပေါက် အတိုင်းစဉ်။ [သင်း, ကိုယ်, ဒု, အိပ်၊ မျက်, ပရိက်၊ နိသိဒ်, မိုဃ်း,အမာ။ ။ရှေ့သံပေါက်။]

www.dhammaransi.com



## ၁၄။ ရှေ့ခေါက်ထည်လျှင်၊ ယခုမြင်၊ မထင်နောက်သုံးမှာ။

**အဓိပ္ပါယ်။** ။ရှေ ၆-ထည် သည်သာလျှင် ယခုကာလ၌ သုံးရိုး, စွဲရိုး မျက်မြင်ဒိဋ္ဌဖြစ်၏၊ နိသိဒိုင်, မိုယ်းရေခံ, အမာလွှမ်း-ဟူသော နောက် ၃-ထည်တို့ကိုမူကား ယခုကာလ၌ သုံးရိုး,စွဲရိုး မထင်မမြင်ပြီ။

## ၁၅။ အလျားရှစ်သစ်၊ နံလေးသစ်၊ ရှင်ချစ်လက်တော်သာ။

**အဓိပ္ပါယ်။** ။အဓိဋ္ဌာန် ဝိကပ္ပနာလောက်ရာသော အတိုင်းအရှည် ပမာဏမှာ မြတ်စွာဘုရား၏ လက်သစ်တော်အားဖြင့် အလျား ၈-သစ် အနံ ၄-သစ်ရှိသော အဝတ်ထည်သည် အယုတ်ဆုံးအားဖြင့် အဓိဋ္ဌာန် ဝိကပ္ပနာလောက်၏။

အနုဇာနာမိ ဘိက္ခဝေ အာယာမတော အဋ္ဌင်္ဂုလံ သုဂတင်္ဂု-လေန၊ စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတုံ။ [မဟာဝါ။]

**အနက်။** ။စတုရင်္ဂုလဝိတ္ထတံ၊ လက်လေးသစ်မှန်၊ အနံပြန့်ကျယ်၊ အဝတ်ထယ်ကို။ ပစ္ဆိမံ စီဝရံ၊ အယုတ်ဆုံးသင်္ကန်းပြု၍။ ဟု-ပေး။

## ၁၆။ အလျားတောင်မှန်၊ ထွာအနံ၊ ခေါ်ရန်မဇ္ဈိမာ။

**မဇ္ဈိမပုရိသ။** ။ဘုရားလက်သစ်နှင့် ပြဆိုသော ထိုအဝတ်ထည်သည် မဇ္ဈိမပုရိသခေါ်သော ဝဍ္ဍကီ အတောင်အားဖြင့်အလျား ၁-တောင်, အနံ ၁-ထွာရှိ၏၊လက်သန်းတောင်,လက်သန်းထွာကို ဆရာတို့ယူကြ၏။

သုဂတ ဝိဒတ္ထိယာ တိ သုဂတဝိဒတ္ထိနာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ဝဍ္ဍကီဟတ္ထေန ဒိယဍ္ဎော ဟတ္ထော ဟောတိ။ [ကင်္ခါဋီကာရ အဋ္ဌကထာ။]

ဘုရားမှ မဇ္ဈိမသည် ၃-ဆတက်၏၊ ထို့ကြောင့် ဘုရား၏လက် ၈-သစ်သည် မဇ္ဈိမ ၁-တောင်ဖြစ်၏၊ ဘုရား၏ လက် ၄-သစ်သည် မဇ္ဈိမ ၁-ထွာဖြစ်သတည်း။

## ၁၇။ မဇ္ဈိမတွင်၊ ထက်ဝက်တင်၊ မျက်မြင်ငါတို့မှာ။

**ပကတိပုရိသ။** ။မျက်မြင်ငါတို့မှာဆိုသည်ကား ပကတိပုရိသကို ဆိုသတည်း၊ မဇ္ဈိမတွင် ထက်ဝက်တင်သည်ရှိသော် မဇ္ဈိမ ၁-တောင်သည်

www.dhammaransi.com



ပကတိ ၁-တောင်ထွာဖြစ်၏၊ မဇ္ဈိမ ၁-ထွာသည် ပကတိ ၁-ထွာ့ ၆-သစ်ဖြစ်၏။ [မဇ္ဈိမနှင့် ဝဍ္ဎကီကားတူ၏၊ လက်သမားတောင်ခေါ်သည်။]

**၁၈။ ဓိဋ္ဌာန်ဝိကပ်၊ လောက်ပြီးတတ်၊ အာပတ်ဝတ္ထုလာ။**

**အဓိပ္ပါယ်။** ။ပကတိပုရိသခေါ်သော ငါတို့ အတောင်, အထွာအားဖြင့် အလျား ၁-တောင့်ထွာ,အနံ တထွာ့ ၆-သစ်ရှိသော အဝတ်ထည်သည် အဓိဋ္ဌာန်လောက်၏၊ ဝိကပ္ပနာလောက်၏၊ သက်နိုးသာမည နှင့် စပ်ယှဉ်သော ထိုထိုသိက္ခာပုဒ်တို့၌ "ဝိကပ္ပနုပဂံ ပစ္ဆိမံ စီဝရံ" ဟူ၍ အာပတ်ဝတ္ထုအဖြစ်ဖြင့်လာ၏။

**မှတ်ချက်။** ။မဇ္ဈိမ ဝဍ္ဎကီတို့မှာ ငါတို့ပကတိတက်နည်းကိုကား ဝိနယာလင်္ကာရနှင့်ကာ, သဒ္ဒသုတ္တနိဒ္ဒေသတို့၌လာသည်ကို ပမာဏပြုကြ ရကုန်၏၊ ထိုကျမ်းဆရာတို့သည်လည်း "အဋ္ဌာရသဟတ္ထုဗ္ဗေဓော၊ ဂေါ-တမောသဗ္ဗဝဍ္ဎနော" ဟူ၍ ငါတို့ဘုရားအရပ်တော်ကို ပြဆိုကြသော ကျမ်းဂန်များကို မှီ၍ မဇ္ဈိမမှထက်ဝက်တက်ကို ပြဆိုကြပေကုန်၏။

မြတ်စွာဘုရားအရပ်တော်သည် မြတ်စွာဘုရား၏ ၄-တောင်သာ ရှိမြဲဖြစ်၏၊ ထိုကို ၃-ဆထက်သော် မဇ္ဈိမ ၁၂-တောင်ဖြစ်၏၊ ထိုကို ထက်ဝက်တက်သော် ပကတိ ပုရိသ ၁၈-တောင်ဖြစ်သတည်း။

**၁၉။ ကိုယ်ပိုင်သန္တက၊ ရသည်မှ၊ ဒသကရက်တွင်းမှာ။**

**၂၀။ ဓိဋ္ဌာန်တင်မူ၊ ဝိကပ်မူ၊ မပြုအာပတ်လာ။**

**အဓိပ္ပါယ်။** ။မိမိတို့ အတောင်နှင့်အလျား တတောင့်ထွာ,အနံ တထွာ့ ၆-သစ်ရှိသော အဝတ်ထည်မျိုး၊ထိုထက် အလျား,အနံ ကြီးသော အဝတ်ထည်မျိုးတို့ကို ကိုယ်ပိုင်သန္တကအဖြစ်နှင့် ရခဲ့သည်ရှိသော် မိမိ လက်သို့ပင် မရောက်သေးသော်လည်း သေချာစွာသိရှိခဲ့ပါလျှင် ရသော နေ့မှစ၍ ၁၀-ရက်အတွင်း၌ အဓိဋ္ဌာန်သော်လည်း တင်ရာ၏၊ ဝိကပ္ပနာသော်လည်း ပြုရာ၏၊ တခုခုမပြုခဲ့သော် ၁၀-ရက် အရုဏ်တက် သည်နှင့် တပြိုင်နက် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

**မှတ်ချက်။** ။အရုဏ်-ဟူသောစကားဖြင့် ၁-ရက်လုံးကို သိမ်းကျုံးလို ရင်းဖြစ်၏၊ ထို့ကြောင့် လဆန်း ၁-ရက်နေ့ မွန်းတည့်အချိန်မှာဖြစ်စေ၊

www.dhammaransi.com



ညဥ့်သန်းခေါင်စအချိန်မှာဖြစ်စေ၊သက်န်းရလာခဲ့သော်လဆန်း ၂-ရက် အရုဏ်တက်လျှင် ထိုနေ့ဆုံး၏၊ ထိုအခါမှ လဆန်း ၁-ရက် နံနက် အရုဏ်ကို ထိုသက်န်း ရသည်မည်၏၊ ငါ့သက်န်းသည် ၁-အရုဏ်ရပြီ ဆိုရ၏။ ။[ဝါဆိုဝါကပ်အရာ ပရိဝါသ်မာနတ် စသည်တို့၌လည်း ဤ နည်းအတူ။]

**၂၁။ ပရိက္ခာရ၊ စောဠအမည်၊ သူ့အမည်၊ နှစ်ထည်အဓိဋ္ဌာန်။**

**အဓိပ္ပါယ်။** ။အဓိဋ္ဌာန်တင်နည်းသည် ပရိက္ခာရ စောဠအမည်နှင့်တင် နည်း၊ သံဃာဋိ,ဥတ္တရာသင်္ဂ,အန္တရဝါသက, ပစ္စတ္ထရဏ-အစရှိသော အသီးအသီးသော သူ့အမည်နှင့် တင်နည်း-ဟူ၍ တင်နည်း ၂-ပါး ရှိ၏။

**၂၂။ ပရိက္ခာရ၊ စောဠအသုံး၊ကိုးထည်လုံး၊ ရှေးထုံးအစဉ်လာ။**

**အဓိပ္ပါယ်။** ။ပရိက္ခာရစောဠ-ဟူသော အမည်နှင့် အဓိဋ္ဌာန် တင် နည်းသည် သက်န်း ၉-ထည်တို့တွင် သပိတ်အိတ်, ဘိနပ်အိတ် အစရှိ သော ပရိက္ခာရစောဠအထည်မျိုးတို့၌သာ တင်ရသည်မဟုတ်၊၉-ထည် လုံး၌ပင် တင်လိုသော် တင်ရသော ရှေးထုံးအစဉ်လာ၏။

ပရိက္ခာရစောဠံနာမ ပါဋေက္ကံ နိဓာနမုခမေတံ။ ။[အဋ္ဌ ကထာကြီး။]

ပရိက္ခာရစောဠိယော သဗ္ဗ၊တထာ ဝတ္ဝာ အဓိဋ္ဌတိ။ ။ [ခုဒ္ဒ သိက္ခာ။]

အဋ္ဌကထာကြီး၌ တိစီဝရိက်သာ ပရိက္ခာရစောဠတင်မှုကို ဆို လျက်ရှိ၏။

**၂၃။ ကိုယ်, နှုတ် နှစ်ပြင်၊ တအင်အင်၊ တင်လေအဓိဋ္ဌာ။**

**အဓိပ္ပါယ်။** ။သက်န်းအဓိဋ္ဌာန် တင်နည်းသည် ကိုယ်အင်္ဂါဖြင့် တင် ခြင်း, နှုတ်အင်္ဂါဖြင့်တင်ခြင်း -ဟူ၍ ၂-ပါးရှိ၏၊ ထို ၂-ပါးတို့တွင် တ ပါးပါးဖြင့် တင်လေ-ဟူလိုသည်။

ဒွေ စီဝရဿ အဓိဋ္ဌာနာနိ ကာယေန အဓိဋ္ဌေတိ၊ ဝါစာယ အဓိဋ္ဌေတိ၊ [ပရိဝါပါဠိ။]

www.dhammaransi.com



ကိုယ်အင်္ဂါဖြင့်တင်ရာ၌ “ဉတ္တိ စိဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ”-ဟု နှလုံးသွင်းခြင်းတကွ အဝတ်သက်န်းကိုလက်ဖြင့် ကိုင်တွယ်၍သုံးသပ်ရသည်။

နှုတ်အင်္ဂါဖြင့် တင်ရာ၌ကား အဝတ်သက်န်းကို အာရုံပြု၍“ဉတ္တိ စိဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ”-ဟု နှုတ်မြွက်ရသည်။ ။နှုတ်ကလည်းဆို၊ ကိုယ်ကလည်းသုံးသပ်ပေမူ-ကိုယ်,နှုတ် ၂-ပါးဖြင့် တင်သည်မည်၏။

၂၄။ နီး,ဝေး, နည်း, များ၊ လေးထွေပြား၊ ခြားတုံအဆိုမှာ။

၂၅။ ဣဒံ, ဣမာနိ၊ တံ, တာနိ၊ ဆိုရိုးရှိ၊ နီးဘိ-နှစ်တောင့်ထွာ။

**အဓိဋ္ဌာန်တင်နည်း ၄-မျိုး။**

၁။ အနီး၌ရှိသော အဝတ်သက်န်း,
၂။ အဝေး၌ရှိသော အဝတ်သက်န်း,
၃။ ၁-ထည် တည်းသော အဝတ်သက်န်း,
၄။ ၂-ထည်, ၃-ထည် စသည်များသော အဝတ်သက်န်း-ဟူ၍ ၄-ထွေ ၄-ပါး အပြားရှိ၏၊ ဆိုပုံလည်း ခြားနားစေရ၏။

**တင်နည်းပုံစံ။**

၁။ အနီး ၁-ထည်ဖြစ်အံ့၊ ဣဒံ-ဟု။
၂။ အနီး ၂-ထည်, ၃-ထည်စသည် အများဖြစ်အံ့၊ ဣမာနိ-ဟု။
၃။ အဝေး ၁-ထည်ဖြစ်အံ့၊ တံ-ဟု။
၄။ အဝေး,အများဖြစ်အံ့၊တာနိ-ဟုဆိုရိုးရှိ၏။

**မှတ်ချက်။** ။၂-တောင့်ထွာ ဟတ္ထပါသ် အတွင်း၌ တည်ရှိသော အဝတ်သက်န်းကို အနီးဆိုသည်၊ ၂-တောင့်ထွာမှအပ၌ တည်ရှိသော အဝတ်သက်န်းကို အဝေးဆိုသည်၊ယူဇနာတရာပင်ဝေးသော်လည်း ထိုသက်န်းကို စိတ်တမ်း၍ နှုတ်ဖြင့်တင်ဆိုလျှင် မြောက်တော့သည်။

www.dhammaransi.com



၁။ ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။
၂။ ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။
၃။ ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ။
ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ။ ။အထည်ပေါင်း တရာကိုပင် တခါတည်းတင်ရ၏။

၂၆။ ပရိက္ခာရ၊စောဠတင်မှု၊သက်န်းစု၊ ပြုဘွယ်ထူးမလာ။

**အဓိပ္ပါယ်။** ။ပရိက္ခာရစောဠအမည်နှင့် အဓိဋ္ဌာန်တင်အပ်ပြီးသော သက်န်းတို့၌ စောင့်ရှောက်ခြင်း စသည်ဖြင့် ပြုဘွယ်ကိစ္စ အထူးမလာပြီ၊ အလိုရှိတိုင်းသုံးဆောင်ရတော့သည်၊ အဓိဋ္ဌာန်ပျက်ကြောင်းများမှာ နောက်၌လာလတ္တံ့။

၂၇။ သူ့အမည်နှင့်၊တင်တုံလင့်၊ကျင့်ဝတ်အပြားပြား။

**အဓိပ္ပါယ်။** ။သံဃာဋိ, ဥတ္တရာသင်္ဂ, အန္တရဝါသက-အစရှိသော အသီးသီးသော သူ့အမည်နှင့်အဓိဋ္ဌာန် တင်ရာ၌မူကား ကျင့်ဝတ်တရားအပြားပြားများ၏။

၂၈။ သင်း,ကိုယ်,ဒု,မိုးယ်း၊မာ,နိ မျိုး၊တင်ရိုး ဧက်-စီသာ။

**အဓိပ္ပါယ်။** ။သင်းပိုင်, ကိုယ်ရုံ,ဒုကုဋ်, မိုးယ်းရေခံ, အမာလွှမ်း, နိသီဒိုင်တို့ကို သူ့အမည်နှင့် တင်သည်ရှိသော် ၁-ထည်စီသာ ထားရသည်၊ အဓိဋ္ဌာန်တင် သင်းပိုင် ၁-ထည်သာရှိရာသည်၊၂-ထည်မရှိရ၊အသစ် ၁-ထည်ကို အဓိဋ္ဌာန်တင်လိုသော် သင်းပိုင်ဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးမှအသစ်ကိုတင်ရသည်။ ။[ကြွင်းသော ၅-ထည်တို့၌လည်း ဤနည်းတူ။]

**မှတ်ချက်။** ။အိမ်ရာခင်း, မျက်နှာသုတ် ပရိက္ခာရစောဠတို့၌မူကား များစွာပင်တင်၍ထားရ၏။

၂၉။ လျား,နံပမာဏ၊ပြည့်မှီမှ၊ တင်ရခြောက်ထည်မှာ။

**အဓိပ္ပါယ်။** ။သင်း,ကိုယ်,ဒု,မိုးယ်း,မာ,နိ-ဟူသော ၆-ထည်တို့ကို သူ့အမည်နှင့် တင်ရာ၌ အသီးအသီးအလျား,အနံပမာဏပြည့်မှီမှသာ တင်ရသည်။

www.dhammaransi.com



၃၀။ ငါးတောင်, တောင်ဆုပ်၊ သုံးတောင်-ဆုပ်၊ ဒုကုဋ်, ကိုယ်ရုံမှာ။

အဓိပ္ပါယ်။ ။ဒုဂုဋ်,ကိုယ်ရုံတို့၌ အယုတ်ဆုံးအားဖြင့် အလျား ၅-တောင်,တောင်ဆုပ်၊ အနံ ၃-တောင်, တောင်ဆုပ်ရှိမှ အဓိဋ္ဌာန်နားသည်။ ။၅-တောင်-တောင်ဆုပ် ဆိုသည်ကား-တောင်ရှည် ၄-တောင်နှင့်တောင်ဆုပ် ၁-ခုကိုဆိုသည်။ ။[၃-တောင်တောင်ဆုပ်မှာလည်း ဤနည်းတည်း။]

၃၁။ အလျားလိုဟန်၊နှစ်တောင်နံ၊တင်ရန်သင်းပိုင်မှာ။

အဓိပ္ပါယ်။ ။သင်းပိုင်နှင့်အလျားပမာဏ ဒုဂုဋ်,ကိုယ်ရုံတို့အတိုင်းပင်၊အနံမှာ အယုတ်ဆုံး ၂-တောင်ပမာဏရှိမှ တင်ရသည်။

၃၂။ နှစ်ထွာ-ထွာခွဲ၊မြိတ်ထွာတွဲ၊လုပ်မြဲနိသိဒ်မှာ။

အဓိပ္ပါယ်။ ။နိသီဒိုင်၌ အလွန်ဆုံးအားဖြင့် ဘုရားအထွာတော်နှင့် အလျား ၂-ထွာ,အနံ ၁-ထွာခွဲ, အမြိတ်အဆာ ၁-ထွာလုပ်မြဲဖြစ်သည်၊ ထိုထက်မလွန်ရ။

၃၃။ လေးနှင့်-နှစ်တန်၊ထွာတော်မှန်၊ ကဏ္ဍုပ္ပဋိစ္ဆာ။

အဓိပ္ပါယ်။ ။အမာလွှမ်း၌ ဘုရားအထွာတော်နှင့် အလျား ၄-ထွာ,အနံ ၂-ထွာ အလွန်ဆုံး၊ ထိုထက်မလွန်ရ။

၃၄။ ခြောက်ထွာရှည်နှံ့၊ နှစ်ထွာခွဲ၊ လုပ်မြဲမိုးရေမှာ။

အဓိပ္ပါယ်။ ။မိုးရေခံ၌ ဘုရားအထွာတော်နှင့် အလျား ၆-ထွာ အနံ ၂-ထွာခွဲလုပ်မြဲ၊ထိုထက်မလွန်ရ။

၃၅။ ပရိတ်,အိပ်,မျက်၊ဤသုံးချက်၊မမြွက်လျား-နံမှာ။

အဓိပ္ပါယ်။ ။ဤ ၃-ထည်တို့၌ အလျား,အနံပမာဏကို ကျမ်းဂန်တို့၌ အမြွက်အဆိုမရှိ။ ။"ကော်ပိဝဍ္ဎတိ၊ ဗဟုနိပိ ဝဋ္ဋန္တိ"-ဟူ၍လာ၏။

၃၆။ သုံးထည်အရိုး၊ကောင်းစွာဆိုး၊မာ,မိုယ်း,သင့်ရုံသာ။

အဓိပ္ပါယ်။ ။ဒုဂုဋ်,ကိုယ်ရုံ,သင်းပိုင်တို့၌ ကောင်းစွာဆိုးမှ အဓိဋ္ဌာန်နားသည်၊ မာ, မိုယ်းတို့၌ အဆင်းပျက်ရုံဆိုးလျှင် ပြီး၏။

www.dhammaransi.com



**၃၇။ ကပ္ပဗိန္ဒု၊ ထိုးရိုးပြု၊ သင်း, ဒု, ကိုယ်, မိုယ်း, မာ။**

**အဓိပ္ပါယ်။** ။ဤ ၅-ထည်တို့သည်ကား ကိုယ်၌ဝတ်ရုံသော သင်္ကန်းမျိုးဖြစ်ကုန်၍ ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်းတို့ကို ပြုပြီးမှ အဓိဋ္ဌာန်တင်ထိုက်ကုန်သည်။ ။[အိပ်, မျက်, ပရိက်, နိသိဒ်တို့ကား ဝတ်ရုံသော သင်္ကန်းမျိုး မဟုတ်ကုန်၊ ဆိုးမှု, ကပ္ပဗိန္ဒုထိုးမှု-မလို။]

**၃၈။ ဓိဋ္ဌာန်ဟောင်းပစ်၊ စွန့်ပြီးလစ်၊ အသစ်တင်မြဲသာ။**

**အဓိပ္ပါယ်။** ။သင်း, ဒု, ကိုယ်, မိုယ်း, မာ တို့၌ တထည်သာအပ်သောကြောင့် အမည်နှင့်တင်၍ ဆောင်သော အဟောင်းရှိခဲ့လျှင် အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်ပြီးမှ အသစ်ကို အဓိဋ္ဌာန်တင်ရသည်။

**တင်ပုံ။** ။"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဒုဂုဏ်အဟောင်းကို ပစ္စုဒ္ဓိုရ်ပြု၍-"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဒုဂုဏ်သစ်ကို အဓိဋ္ဌာန်တင်။

အဝေး၌ရှိနေသော ဒုဂုဏ်ဟောင်းကို အဝေးကနေ၍စွန့်ရာ၌-

"ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟုစွန့်။ ။[အဝေးအဓိဋ္ဌာန်၌လည်း ထိုနည်းအတူ။]

ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။
ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။
ဣမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ။
ဣမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ။
ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ။
ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ။ ။

**၃၉။ သုံးထည်ကိုလျှင်၊ အမည်တင်၊ ညဉ့်ပင်မကင်းရာ။**

**၄၀။ ဌာနဆဲ့ငါး၊ ဝေဘန်ထား၊ များလှ ဆိုခွင့်မှာ။**

**အဓိပ္ပါယ်။** ။ဒု, ကိုယ်, သင်း-တို့ကို အမည်နှင့်အဓိဋ္ဌာန် တင်ပြီးသည်ရှိသော် တင်ပြီးသောနေ့မှစ၍ သင်္ကန်းနှင့်တညဉ့်မျှကင်း၍ မနေရာ၊ အရှက်တက်ဆဲအခါ၌ လိုရင်းတည်း။

www.dhammaransi.com



မှတ်ချက်။ ။မကောင်းအောင်နေရာသော အစီအရင်ကိုလည်း သက်နိုး ထားရာဌာန ၁၅-ပါးတို့နှင့်ဝေဘန်၍ပါဠိတော်၌ ကျယ်စွာဟောတော် ၍ထား၏၊ ပြောဆိုဘွယ် အလွန်များ၏။

ယိုဌာနသို့၌ မလိမ်မာခဲ့သော် နေလေရာဌာန၌၎င်း၊ လမ်းခရီးသွား ခဲအခါ၌၎င်း၊ အရုဏ်တက်ဆဲအခါတွင် ၂-တောင့်ထွာ ဟတ္ထပါသ် တွင်း၌ သက်နိုးကို အမြဲထား၍ ဆောင်လျှင်ပြီးတော့သည်။

ဘိက္ခုသမ္မုတိကို ရခဲ့သော်၎င်း၊ ကထိန် အာနိသင်ကို ရခဲ့သော်၎င်း၊ ညဥ့်ကင်းသော်လည်း အပြစ်မရှိ၊ အခန့်မတော်လှ၍ ညဥ့်ကင်းမည်ရှိခဲ့ သော် အဝေးမှာလှမ်း၍သော်လည်း ပစ္စုဒ္ဓိရ်၍ ပြုလိုက်ရသည်၊ အရုဏ် တက်သည်နောက် အဝေးမှာလှမ်း၍ အဓိဋ္ဌာန်တင်လိုလျှင် တင်ရ၏။

၄၁။ မိုဃ်းလေးလတွင်၊ မိုဃ်းကိုတင်၊ လွန်လျှင်ဝိကပ္ပါ။

အဓိပ္ပါယ်။ ။မိုဃ်းရေခံသက်နိုးမှာ ဝါဆိုလပြည့်ကျော် ၁-ရက်မှ စ၍ တန်ဆောင်မုန်း လပြည့်နေ့တိုင် မိုဃ်း ၄-လအတွင်း၌သာ အဓိ ဋ္ဌာန်တင်ရသည်၊ ဆောင်း ၄ လ, နွေ ၄-တို့၌ ဝိကပ္ပနာပြု၍ ထားရ သည်။

၄၂။ အနာရှိလျှင်၊ မာ-ကိုတင်၊ လွန်လျှင်ဝိကပ္ပါ။

အဓိပ္ပါယ်။ ။အမာလွှမ်းသက်နိုးမှာ အိုင်းကျသော ယားနာကြီး, ပဲနာကြီး စသည်ရှိသောအခါ၌သာ အဓိဋ္ဌာန်တင်ရသည်၊ ထိုအနာ ပျောက်ငြိမ်းသောအခါ၌ ဝိကပ္ပနာပြု၍ ထားရသည်။

၄၃။ နိသီဒန၊ တင်တုံက၊ လေးလမကင်းရာ။

အဓိပ္ပါယ်။ ။နိသီဒိုင်သက်နိုးကို နိသီဒနအမည်နှင့်တင်၍ ဆောင်စဉ် အခါ ၄-လလုံးလုံး ကင်း၍မထားရာ။

၄၄။ ပေးစွန်, နိုးယူ၊ ကျွမ်းဝင်ယူ၊ လူထွက် ချသိက္ခာ။

၄၅။ သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဓိ၊ ရှစ်တန်-ကျဓိဋ္ဌာ။

အဓိပ္ပါယ်။ ။အဓိဋ္ဌာန်တင်၍ ထားသောသက်နိုးသည် ၈-ပါးသော အကြောင်းတို့ကြောင့် အဓိဋ္ဌာန်ကျ၏။

www.dhammaransi.com



၁။ ထိုသင်္ကန်းကို သူတပါးအား ပေးလိုက်, စွန့်လိုက်သော်ငင်း,
၂။ ထိုသင်္ကန်းကို သူတပါးတို့ ခိုး၍, တိုက်၍, လုယက်၍ ယူခဲ့သော်ငင်း,
၃။ အကျွမ်းဝင်၍ ဝိဿာသဂါဟ ယူနည်းဖြင့် ယူခဲ့သော်ငင်း,
၄။ သင်္ကန်းရှင်သည် ဘိက္ခုနီဖြစ်၍ သိက္ခာမချရဘဲ လူဝတ်လဲ၍ လူထွက်ခဲ့သော်ငင်း,
၅။ ရဟန်း ယောကျာ်းဖြစ်၍ သိက္ခာချခဲ့သော်ငင်း,
၆။ သင်္ကန်းရှင်ရဟန်း သေဆုံးခဲ့သော်ငင်း,
၇။ ဣတ္ထိလိင်, ပုလ္လိင်ပြန်ခဲ့သော်ငင်း,
၈။ ပစ္စုဒ္ဓိရ် ပြုခဲ့သော်ငင်း—အဓိဋ္ဌာန်ကျ၏။

**မှတ်ချက်။** ။သင်္ကန်းရှင် ပါရာဇိကကျခဲ့သော် အဓိဋ္ဌာန်ကျသည်, မကျသည်ကို အဆိုမရှိ၊ သိက္ခာကျ၌ ရေတွက်ရာ၏။

**၄၆။ သင်း, ကိုယ်, ဒု အား၊ ပေါက်မှုပ္ပါ၊ ကိုးပါးကျကြောင်းလာ။**

**အဓိပ္ပါယ်။** ။သင်းပိုင်,ကိုယ်ရုံ,ဒုဂုဏ်တို့မှာ ပေါက်ခြင်းကို ထည့်၍ အဓိဋ္ဌာန်ကျကြောင်း ၉-ပါးလာ၏၊ ၃-ထည်လုံးမှာ အလျားစွန်းမှ တထွာ၏အတွင်း၌၊ အနံစွန်း၌မူကား ကိုယ်ရုံ,ဒုဂုဏ်တို့မှာ ၈-သစ် အတွင်း၌၊ သင်းပိုင်မှာ ၄-သစ်အတွင်း၌၊ လက်သန်းသည်းခွံအပြင် ပမာဏမျှ ကျယ်လှစွာပေါက်ခဲ့သော် အဓိဋ္ဌာန်ကျ၏။

**မှတ်ချက်။** ။ရှေ့ ၈-ပါးကား ပရိက္ခာရစောဠအဓိဋ္ဌာန်နှင့်လည်း ဆိုင်၏၊အပေါက် ပေါက်မှုသည် တိစီဝရိက် အဓိဋ္ဌာန်ကြီးနှင့်သာ ဆိုင်၏။

သင်္ကန်းအဓိဋ္ဌာန်တင်နည်း ပြီး၏။

---

## သက်နီးဝိကပ္ပနာပြုနည်း

**၄၇။ ပရမ္မုခါ၊သံမုခါ၊နှစ်ဖြာဝိကပ္ပ။**

**ဝိကပ္ပနာ ၂-မျိုး။** ။ဝိကပ္ပနာပြုနည်းသည် သံမုခါဝိကပ္ပနာ, ပရမ္မုခါဝိကပ္ပနာ-ဟူ၍ ၂-ပါးရှိ၏၊သံမုခါဝိကပ္ပနာ-မိမိနှုတ်ဖြင့်ပြုအပ်သော ဝိကပ္ပနာ၊ပရမ္မုခါဝိကပ္ပနာ-သူတပါးနှုတ်ဖြင့်ပြုအပ်သော ဝိကပ္ပနာ-ဟု ဆိုကြ၏။

www.dhammaransi.com



### ၄၈။ ဝိနည်းဓိုရ်ပါ၊ ချဉ်းကပ်ငြား၊ နှစ်ပါးပြုဘိုရ။

ဝိကပ္ပနာပြုပုံ။ ။ဝိနည်းဓိုရ်ပုဂ္ဂိုလ်ထံ ချဉ်းကပ်၍ ဝိနည်းဓိုရ်ပုဂ္ဂိုလ်အား ပြုရမည်၊ ဝိကပ္ပနာ ပြုလိုသောသင်္ကန်းကို ဝိနည်းဓိုရ်ရှေ့၌ ထား၍ "ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ" သင်္ကန်းအများဖြစ်ခဲ့လျှင် "ဣမာနိစီဝရာနိ တုယှံ ဝိကပ္ပေမိ" ဆို။ ။[အဝေးရှိသင်္ကန်း၌ ဧတံ,ဧတာနိ-ဆို။]

### ၄၉။ ဝိနည်းလိမ်မာ၊ မြတ်ဆရာ၊ ပြန်ပါဝိကပ္ပ။

ဝိကပ္ပနာပြန်ပုံ။ ။ဝိနည်းဓိုရ်ဆရာက ဝိကပ္ပနာပြန်ရသည်။ ။"မယှံ သန္တကံပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဆို၍ပြန်။ [ငါ၏ဥစ္စာကို သုံးလိုသုံး စွန့်လိုစွန့် အကြောင်းအားလျော်စွာ လိုရာပြုလေ-ဟုလိုသည်။]

### ၅၀။ သီတင်းဘော်မှန်၊ သမ္မုခါနှင့်၊ ငါးတန်လိုရာပြု။

ဝိကပ္ပနာပြုပုံတနည်း။ ။သမ္မုခါဝိကပ္ပနာပြုပုံတနည်းမှာ သီတင်းသုံးဘော် ၅-ယောက်ဘို့တွင် သင်္ကန်းရှင် အလိုရှိရာ တယောက်ယောက်ကို သမ္မုခါနှင့်ထား၍ပြုရ၏။

"ဣဗံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ။
တိဿာယ ဘိက္ခုနိယာ။
တိဿာယ သိက္ခမာနာယ။
တိဿဿ သာမဏေရဿ။
တိဿာယ သာမဏေရိယာ။

ဟုမိမိနှင့် အကျွမ်းဝင်သူ တယောက်ယောက်၏နာမည်ကိုဘော်၍ဆို။ ဝိနည်းဓိုရ်က ပြန်ရာ၌ "တိဿဿ သန္တကံ" ဆို၍ပြန်လေ။

### ၅၁။ ကိုယ်မပြုဘဲ၊ သူ့ကိုလွှဲ၊ ခေါ်မြဲပရမ္မုခ။

ပရမ္မုခါဝိကပ္ပနာ။ ။တုယှံဝိကပ္ပေမိ-ဟု မိမိမပြုမူ၍ ဝိနည်းဓိုရ်ဆရာကိုပင် ဝိကပ္ပနာပြုမှုပါ လွှဲအပ်လိုက်၏၊ "ဣမံ စီဝရံ ဝိကပ္ပနတ္ထာယ တုယှံ ဒမ္မိ" လွှဲပုံ။

www.dhammaransi.com



**ကိုယ်စားဝိကပ္ပနာ။** ။အလိုရှိရာ သိတင်းသုံးဘော်ကို ညွှန်းပါ-ဟု ဝိနည်းမိုရ်ကဆိုရာ အလိုရှိရာပုဂ္ဂိုလ်၏အမည်ကို ပြောကြားလျှင် ထိုနေရာ၌ပင်လျှင်ထိုနာမည်ကို သမ္ပဒါန်ပြု၍- "အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ"ဟု ဝိနည်းမိုရ်ဆရာကပင် ဝိကပ္ပနာပြု။

**ဝိကပ္ပနာပြန်ပုံ။** ။တိဿဿ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"ဟု ဝိနည်းမိုရ်ပင် ဝိကပ္ပနာပြန်။ ။ ["တိဿာယ ဘိက္ခုနိယာ"စသည်ကိုလည်း သိလေ။]

၅၂။ ဝိကစ်ပြန်တုံ၊ ဆောင်နှင်းပုံ၊ ဝတ်ရုံခွန်ပေးရ။

**ဝိကပ္ပနာ ပစ္စုဒ္ဓိုရ်အထူး။** ။ဤဝိကပ္ပနာ ပြန်မှုကိုလည်း ပစ္စုဒ္ဓိုရ်ဟု၍ပင် ခေါ်၏၊ မသိမ်းပိုက်မူ၍ တဘန်ပြန်ထုတ်မှု ဆိုလိုသည်၊ ဤသို့ ဝိကပ္ပနာပြန်၍ တဘန်သက်န်းရှင်အား ဆောင်နှင်း လွှဲပုံလိုက်သော အခါမှစ၍ ဝိနည်းမိုရ်ဆရာ၏ ဥစ္စာ, သိတင်းသုံးဘော် တယောက်ယောက်၏ ဥစ္စာအနေနှင့် ထား၍ မိမိပိုင်ဥစ္စာကဲ့သို့ အလိုရှိတိုင်းသုံးရ၏။

သက်န်းဝိကပ္ပနာပြုနည်း ပြီး၏။

---

## သက်န်းဟူသော မိရာနိဿယ

၅၃။ သင်း, ကိုယ်, ဒု, မိုယ်း,၊ မာ-ငါးမျိုး၊ ထိုးလေဗိန္ဒုညှင်း။

၅၄။ ကြေးညို,သစ်စိမ်း၊ ရွှံ့ညွန်လိမ်း၊ ခပ်သိမ်းမည်းနက်ဆင်း။

၅၅။ သက်န်းထောင့်မှာ၊ တခုသာ၊ ပမာဒေါင်းမျက်ကွင်း။

၅၆။ သမန်းမြက်ဖျား၊ အငယ်ထား၊ အပ်ပြားဗိန္ဒုညှင်း။

**ကပ္ပဗိန္ဒု။** ။ဝတ်ရုံ၍ သုံးဆောင်ရသော ထိုသက်န်း ၅-မျိုးတို့၌ ကပ္ပဗိန္ဒုထိုးပြီးမှ ဝတ်ရုံရသည်၊ ကြေးညိုမျိုး, သစ်ရွက်စိမ်းမျိုး, လိမ်းကပ်သော ရွှံ့ညွန်မျိုး, ကိုမှကြွင်းသော ခပ်သိမ်းသော မည်းနက်သော အဆင်းမျိုး တို့တွင် တခုခုကိုသက်န်းထောင့်၌ အကြီးဆုံးအားဖြင့် ဥဒေါင်းမျက်ကွင်း ပမာဏ, အငယ်ဆုံးအားဖြင့် သမန်းမြက်ဖျားခန့်မျှသော်လည်း ထိုးရမည်။

"အန္တမသော ကုသဂ္ဂေန ပိ အနာဒိယိတွာ"။ [ပါဠိတော်။]

www.dhammaransi.com



၅၇။ နနွင်း, ထန်းကျင့်၊ ဆူးပန်းပွင့် ပေါက်ပွင့်၊ ပိန္နဲနွယ်။
၅၈။ ကြပိုင်, ဒေါက်ရပ်၊ မဲ,ဒန်းမှတ်၊ မအပ်ဆိုးရည်ဝယ်။

အကပ္ပိယဆိုးရည်။
၁။ နနွင်း,
၂။ ထန်းကျင့်ခေါ်သော တိန်းညက်နှစ်,
၃။ ဆူးပန်းပွင့်,
၄။ ပေါက်ပွင့်,
၅။ ပိန္နဲနွယ်,
၆။ ကြပိုင်ခေါက်,
၇။ ဒေါက်ရပ်ခေါက်,
၈။ မဲရွက်,
၉။ ဒန်းရွက်။
[အကပ္ပိယဆိုးရည် ၉-ပါး။]

၅၉။ ခုံ, ပိုး, ဝါ, ဘန်၊ ကမ္ဗလုံ၊ ပိုက်ဆံချည်ခြောက်ပါး။
၆၀။ ပဋ္ဋုဏ်, စိန၊ သောမာရ၊ ကုလ, နတ်ရှူကြား။
၆၁။ ဟေဘိကမ္ဗု၊ တန်းနိုးကြာ၊ နလုံခြောက်ထည်ပြား။

မူလသင်္ကန်း ၆-မျိုး။
၁။ ခေါမံ၊ ခုံချည်သင်္ကန်း။
၂။ ကောသေယျံ၊ ပိုးချည်သင်္ကန်း။
၃။ ကပ္ပါသိကံ၊ ဝါချည်သင်္ကန်း။
၄။ သာဏံ၊ ပိုက်ဆန်ချည်သင်္ကန်း။
၅။ ကမ္ဗလံ၊ သိုးမွေးချည်သင်္ကန်း။
၆။ ဘင်္ဂံ၊ ဘန်ချည်သင်္ကန်း၊ [ဇာတ်အားဖြင့် ပြားသော သင်္ကန်း ၆-ထည်။]

အနုလောမသင်္ကန်း။
၁။ ပဋ္ဋုဏ္ဏံ၊ ပဋ္ဋုဏ်တိုင်း၌ ဖြစ်သော သင်္ကန်း။
၂။ သောမာရံ၊သောမာရတိုင်း၌ဖြစ်သော သင်္ကန်း။
၃။ စိနံ၊ စိန္နတိုင်း၌ဖြစ်သော သင်္ကန်း။
၄။ ဒုကုလံ၊ ဘွဲဖြူပုဆိုးမျိုး။

www.dhammaransi.com



၅၊ ဒေ၀ဒိဋ္ဌ၊ နတ်တို့လူ့အပ်သောသက်န်း။
၆၊ ဣဒ္ဓိဇ၊ ဧဟိဘိက္ခု ခေါ်တော်မူဘိ ပုညိဒ္ဓိ ကြောင့် ဖြစ်လာသောသက်န်း။ ။[အဋ္ဌက ထာတို့၌ လာသော ကပ္ပိယာနုလောမ သက်န်း ၆-မျိုး။]

သက်န်း-ဟူသော မိုရာနိဿယ ပြီး၏။

## သပိတ်,ခွက်အပြား

**၆၂။ မြေ,သံ နှစ်ရပ်၊ သပိတ်အပ်၊ ကြီး, လတ်, ငယ်သုံးစား။**

**သပိတ် ၂-မျိုး။** ။သပိတ်သည် မြေသပိတ်, သံသပိတ်-ဟူ၍ ကပ္ပိယသပိတ် ၂-လုံးရှိ၏၊ သစ်သားသပိတ်, ကြေးသပိတ်, ဖလ်သပိတ် စသည်မအပ်၊ ထိုကပ္ပိယသပိတ် ၂-လုံးသည်လည်း အကြီး, အလတ်, အငယ်-ဟု ၃-စားစီရှိကြ၏။

**၆၃။ သုံးပြည့်တခွက်၊ နှစ်ကြိမ်၀င်၊ ချင့်တွက်အမှန်ထား။**

**၆၄။ ဥက္ကဋ္ဌ, မဇ္ဈ၊ ဩမက၊ နာမအစဉ်အား။**

**ဥက္ကဋ္ဌသပိတ်။** ။နှစ်ကြိမ်၀င် ဆိုသည်ကား ၃-ပြည့်တခွက်၀င်သော သပိတ်သည် ဥက္ကဋ္ဌသပိတ်မည်၏။

**မဇ္ဈိမသပိတ်။** ။၃-ခွက်နှင့်တစလယ်၀င်သော သပိတ်သည် မဇ္ဈိမ သပိတ်မည်၏။

**ဩမကသပိတ်။** ။၃-စလယ်နှင့် တလမယ် ၀င်သောသပိတ်သည် ဩမကသပိတ်မည်၏။

**မှတ်ချက်။** ။ခုဒ္ဒသိက္ခာ အုတ်ကျောင်းနိဿယ၌ ဆွမ်း ၂ ပြည် ပဲဟင်း အမဲ ငါး တခွက်သားစီ၊ ၃-ပြည့်တခွက်၀င်သည်ကား ဥက္ကဋ္ဌ သပိတ်မည်၏-ဟု ဆိုပေ၏။

**၆၅။ သုံးလုံးအနေ၊ သုံးစီ၀ေ၊ ကိုးထွေသပိတ်ပြား။**

**သပိတ်၉-လုံး။** ။(က) ဥက္ကဋ္ဌကိုအကြီး,အလတ်,အငယ်၃-လုံးပြု၊
၃-ပြည့်တခွက်ထက်ပို၍၀င်မူ ဥက္ကဋ္ဌကြီး။

www.dhammaransi.com



(ခ) ၃-ပြည့်တခွက် တိတိဝင်မှု ဥက္ကဋ္ဌလတ်။
(ဂ) ၃-ပြည့်တခွက်အောက် လျော့၍ဝင်မှု ဥက္ကဋ္ဌငယ်။ ။[ထို့အတူ မဇ္ဈိမ,ဩမကတို့၌လည်း ၃-လုံးစီ ဝေဘန်သော် သပိတ်အပြား ၉-လုံးဖြစ်၏။]

မှတ်ချက်။ ။၂-ပြည့်တခွက်နှင့် တလမယ်ဝင်တွင် ဥက္ကဋ္ဌ၊ထိုအောက် မဇ္ဈိမ၊ တပြည့် တစလယ်နှင့် တလမယ်ဝင်တွင် မဇ္ဈိမ၊ ထိုအောက်ဩမက၊ ဤသို့ အထက်,အောက် သုံးပုံကွဲအောင် ပိုင်းခြားလေ။

၆၆။ စဆုံးကြီးငယ်၊နှစ်လုံးပယ်၊အလယ် ခုနစ်ပါး။

၆၇။ ဓိဋ္ဌာဝိကပ်၊လောက်သည့်မှတ်၊ တင်အပ်တလုံးငြား။

အဓိပ္ပါယ်။ ။ဥက္ကဋ္ဌကြီးကို အစဆိုသည်၊ ဩမကငယ်ကို အဆုံးဆိုသည်၊ ထို၂လုံးကိုပယ်၍ အလယ် ၇-လုံးသည် အဓိဋ္ဌာန် ဝိကပ္ပနာလောက်၏၊ အဓိဋ္ဌာန်မှာမူကား ၁-လုံးသာတင်ရသည်။

၆၈။ ပုံတ်သား ကောင်းလျက်၊အဆင်းနက်၊ချောညက်ဓိဋ္ဌာန်နား။
၆၉။ တလုံးတင်ဘိ၊အကြွင်းရှိ၊ ဝိကပ်ပြု၍ထား။

အဓိပ္ပါယ်။ ။အပုံတ်ကောင်း၍ ကောင်းစွာကျက်သဖြင့် အဆင်းမည်းနက်လျက် ချောညက်သော သပိတ်သည်သာလျှင် အဓိဋ္ဌာန်နားသည်၊ တလုံးတင်၍ အကြွင်းရှိလျှင် ဝိကပ္ပနာချည်းပြု၍ သုံးဆောင်ရသည်၊အသစ်ကိုတင်လိုလျှင် အဟောင်းကို ပစ္စုဒ္ဓါရ်ပြုပြီးမှ တင်ရသည်။

၇၀။ ဓိဋ္ဌာန်ဝိကပ်၊ပစ္စုဒ္ဓပ်၊ ကျလတ်သက်နီးလား။
၇၁။ ဆပ်ဆန့်ထမင်း၊ ဝင်လောက်လျှင်း၊ ပေါက်ခြင်းကျကြောင်းထား။

အဓိပ္ပါယ်။ ။အဓိဋ္ဌာန်တင်နည်း, ဝိကပ္ပနာပြုနည်း, ပစ္စုဒ္ဓါရ်ပြုနည်း၊ အဓိဋ္ဌာန်ကျရန် အကြောင်း ၉-ပါး၊ ဤအစီအရင် အလုံးစုံတို့သည် သင်္ကန်း၌ပြဆိုခဲ့ပြီးသောနည်းနှင့် အလားတူကုန်ပြီ၊ အပေါက်၌မူကား ဆပ်ထမင်းလုံးဝင်လောက်အောင် ပေါက်သည်ကိုယူ။

www.dhammaransi.com



၇၂။ စဆုံးနှစ်တန်၊ဆွမ်းမခံ၊သုံးရန်အိုးခွက်ထား။

**မှတ်ချက်၊** ။ထို ၂-လုံးတို့ကိုမူကား ဆွမ်းခံမှုကို လွှတ်၍ အိုးခွက်အရာ၌ထား၍ သုံးဆောင်ရ၏၊ ဆွမ်းစားခွက်အရာ၌ထား၍ ဆွမ်းစားရ၏။

(က) "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ"၊ အဟောင်းအဓိဋ္ဌာန်စွန့်။

(ခ) "ဣမံ ပတ္တံ အဓိဋ္ဌာမိ"၊အသစ်အဓိဋ္ဌာန်တင်။

(က) "ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ၊ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ"၊ အကြွင်းတို့ကို ဝိကပ္ပနာပြု။

(ခ) "မယှံ သန္တကံ မယှံ သန္တကာ နိ ပရိဘုဉ္ဇ ဝါ" စသည်ဝိကပ္ပနာပြန်၊ ဝိကပ္ပနာပြန်ပြီးနောက် အလိုရှိတိုင်းသုံးရ၏။

၇၃။ ကြေးနီ,မြေ,သံ၊ ဤသုံးတန်၊စားရန်ခွက်သုံးပါး။

**အဓိပ္ပါယ်။** ။ဆွမ်းစားရန်ခွက် ၃-ပါးဖြစ်သည်၊ သစ်သားခွက်, နှီးခွက်စသည်ကား မအပ်၊ ယာဝကာလိက ဝတ္ထုမျိုးကိုယူ။

**မှတ်ချက်။** ။ဤသပိတ်အရာ၌ မြေသပိတ်၌ ၂-ကြိမ်ဖုတ်မှ သံသပိတ်၌ ၅-ကြိမ်ဖုတ်မှ အဓိဋ္ဌာန်လောက်သည်-ဟု အဋ္ဌကထာကြီး၌ ဆို၏၊ ထိုစကားကို ဋီကာကြီးတို့ကပယ်ကြကုန်၍ ၁-ကြိမ်ပင်ဖုတ်သော်လည်း တညီတညာ ကောင်းစွာကျက်၍ အဆင်းမည်းနက်သည်သာ ပမာဏ-ဟု ယူကြကုန်၏၊ ကခါ,ခုဒ္ဒသိက္ခာတို့၌လည်း ထိုစကားမပါ၊ ဋီကာကြီးတို့ဆိုတိုင်း စိတ်ချရာ၏။

သပိတ်, ခွက်အပြားပြီး၏။

---

## အကပ်ခံနည်း

၇၄။ နှစ်တောင့်ထွာမှတ်၊ဟတ္ထပါသ်၊ပညတ်ဝိနည်းလာ။

**အဓိပ္ပါယ်။** ။၂-တောင့်ထွာ ပမာဏကို အမှတ်ပြု၍ ဝိနည်းပညတ်တော်အရာ၌ ဟတ္ထပါသ်-ဟူ၍လာ၏။

www.dhammaransi.com



၇၅။ ပေး,ယူ လက်-နှစ်၊ ကြဥ်ပယ်ပစ်၊ ကြွင်းလစ်ကိုယ်အင်္ဂါ။
၇၆။ ဟတ္ထပါသ်တွင်း၊ ဝင်တုံလျှင်း၊ ကပ်ခြင်းမြောက်ထိုက်စွာ။

**အဓိပ္ပါယ်။** ။ပေးသောသူ၏ ပေးသောလက်ကိုင်း၊ ခံယူသောသူ၏ ခံသောလက်ကိုင်း၊ ကြဥ်ပယ်လွှတ်ထား၍ ကြွင်းသောကိုယ်အင်္ဂါ တခုခုသည် တဦးနှင့်တဦး၏ ၂-တောင့်ထွာ ဟတ္ထပါသ်တွင်း၌ ဝင်သည်ဖြစ်အံ့-ကပ်ခြင်း မြောက်ထိုက်၏။

**မှတ်ချက်။** ။ပေးသောလက်,ခံသော လက်နီးမှုသည် အင်္ဂါမဟုတ်၊ စားပွဲခုံကြီး, ပျပ်ခွက်ကြီးများနှင့် ကပ်ကြရာ၌ စားပွဲခုံကြီး,ပျပ်ခွက်ကြီးခြား၍ နေသဖြင့် ကပ်သူနှင့်ခံသူ ကွာလှမ်း၍နေတတ်၏၊ သတိရှိကြစေကုန်။

၇၇။ ပေးခြင်းသုံးတန်၊ ခံခြင်း ၂-ပါး၊ စိတ် ၂-ပါး၊ စုံပြားကပ်အင်္ဂါ။

**အဓိပ္ပါယ်။** ။ပေးခြင်းသုံးတန် ဆိုသည်ကား–

၁။ ကိုယ်အင်္ဂါဖြင့် ကပ်ခြင်း,
၂။ ကိုယ်အင်္ဂါနှင့်စပ်သော ပန်းကန်ခွက်ယောက်ဖြင့် ကပ်ခြင်း,
၃။ ခံသူ၏လက်တွင်း, သပိတ်တွင်းသို့ ကျရောက်အောင် ပစ်လွှတ်၍ ကပ်ခြင်း၊ ဤ ၃-ပါးတည်း။

ခံခြင်း ၂-ပါးဆိုသည်ကား–

၁။ ကိုယ်အင်္ဂါဖြင့်ခံခြင်း,
၂။ ကိုယ်နှင့် ထိစပ်သော သပိတ်ခွက်ယောက်ဖြင့်ခံခြင်း၊ ဤ ၂-ပါးတည်း။

စိတ် ၂-ပါးဆိုသည်ကား–

၁။ ပေးသူကလည်း ပေးမည်-ဟု စိတ်ရှိခြင်း,
၂။ ခံသူကလည်း ခံမည်-ဟု စိတ်ရှိခြင်း၊ ဤ ၂-ပါးတည်း။

**မှတ်ချက်။** ။ရှေ့အဘို့၌ သပိတ်နှင့်ခံမည်-ဟု အသင့်ပြင်ဆင်၍နေ၏၊ ပေးဆဲအခါ၌ အိပ်ပျော်နေ၍ မသိလိုက်၊ အကပ်မြောက်၏၊ ပရိဝါ၌၎င်း, ခုဒ္ဒသိက္ခာ၌၎င်း၊ စိတ် ၂-ပါးကို အင်္ဂါပြု၍မဆိုလိုသောကြောင့် အကပ်မြောက်ရာ အင်္ဂါ ၅-ပါး-ဟု လာသတည်း။

www.dhammaransi.com



### ၇၈။ ထာမမဠ္ဌ၊ ချီကြွနိုင်ဘွယ်၊ မြူရထရ်၊ အတွယ်ပရှိရာ။

**အဓိပ္ပါယ်။** ။ကပ်အပ်သော၀တ္ထုနှင့် ထည့်ရာ, ခံရာဖြစ်သော စားပွဲခုံ အစရှိသော ၀တ္ထုသည် အလေးဆုံးအားဖြင့် အားအလယ် အလတ်ရှိ သော ထာမမဇ္ဈိမဖြစ်သူ တယောက်အားနှင့် ချီကြွနိုင်ကောင်းသော ၀တ္ထုမှ အကပ်မြောက်သည်၊ ထိုထက်လေးမူ အကပ်မမြောက်၊ အငယ် ဆုံးအားဖြင့် ရထရေဏုမြူခန့်ရှိမှ ကပ်ရသည်၊ ထိုအောက်ငယ်သော တဇ္ဇာရီမြူ, အဏုမြူ, ပရမာဏုမြူများမှာ ကပ်ဘွယ်ကိစ္စမရှိ။

**တဇ္ဇာရီမြူ။** ။တဇ္ဇာရီမြူဆိုသည် နံရံပေါက်စသည်မှ ၀င်သော နေရောင်နှင့် ပေါင်းမိမှ ထင်မြင်ရသော မြူမျိုးတည်း။

**ရထရေဏုမြူ။** ။လေပြင်းတိုက်၍, တံမြက်လှည်း၍, လှည်းနွားစ သည်သွား၍ ထကြွထင်ရှားသော မြူမျိုးသည် ရထရေဏုမြူမည်၏၊ ဆွမ်းခံစဉ်အခါ, ဆွမ်းစားစဉ်အခါတို့မှာ သပိတ်စသည်တို့၌ ထိုမြူမျိုး ကျခဲ့သော် အကပ်ခံပြီးမှ ခံရ,စားရသည်။

အတွယ်မရှိရာဆိုသည်ကား အပင်၌ပေါက်ရောက်ဆဲသော ၀တ္ထု, သစ်ပင်, တိုင် စသည်တို့၌ ကြိုးလွန်နှင့် ဘွဲချည်လျက်ရှိသော ၀တ္ထုသည် အကပ်မမြောက်၊ ထိုကဲ့သို့ အဘွဲ့အတွယ်မရှိမှ မြောက်သည်။

### ၇၉။ အဓိဋ္ဌာန်ပျက်၊ အင်ရှစ်ချက်၊ ကပ်ပျက်ကြောင်း အင်္ဂါ။

**အဓိပ္ပါယ်။** ။သက်န်း,သပိတ် အဓိဋ္ဌာန်ကျခန်း၌—

[ပေး,စွန့်,ခိုး ယူ၊ကျွမ်း၀င်ယူ၊လူထွက်ချသိက္ခာ။ ။သေဆုံး, လိင်ပြန်၊ ပစ္စုဒ္ဓိ၊ ၈-တန် ကျဓိဋ္ဌာ။]

ဟူ၍ဆိုခဲ့သော အင်္ဂါ ၈-ပါးသည် အကပ်ပျက်ကြောင်း အင်္ဂါ လည်းဖြစ်၏၊ ဤ၌ ပစ္စုဒ္ဓိ-အရကို ပစ္စုဒ္ဓါရ်ပြုသည်နှင့်အလားတူ၊ ကပ်၍ ထားသော ၀တ္ထု၌ အကပ်ကိုစွန့်၏-ဟု စိတ်ဖြင့် အကပ်စွန့်မှုကိုယူ။

ပဋိဂ္ဂဟဏံနာမ လိင်္ဂပရိ၀တ္တနေန ကာလံ ကိရိယာယ သိက္ခာပစ္စက္ခာနေန ဟီနာယာ၀တ္တနေန အနုပသမ္ပန္နဿ ဒါနေ-န အနပေက္ခဝိဿဇ္ဇနေန အစ္ဆိန္ဒိတွာ ဂဟဏေန စ ဝိဇဟတိ။ [အဋ္ဌကထာ။]

www.dhammaransi.com



**အဓိပ္ပါယ်**။ ။ဤပါဠိ၌ ပေးမှုနှင့်ခွန့်မှု ခွဲ၍လာ၏၊ အကျွမ်းဝင်၍ ယူမှုသည် အဒိန္နာဒါနဂဟဏေနကြောင့်ပါဝင်လေ၏၊ ခုဒ္ဒသိက္ခာ၌ လူထွက်မှု ကျန်ရှိ၏၊ သိက္ခာကျ၍ သင်္ဂြိုဟ်လိုရိပ်ရှိ၏၊ အကပ်စွန့်မှုကား သာရတ္ထ ဒီပနီအလို။

**မှတ်ချက်**။ ။ကပ်ပြီးဝတ္ထုကိုလူ,သာမဏေတို့ကိုင်မိ,ထိမိသော်လည်း အကပ်မပျက်၊ကိုင်မိ,ထိမိသော် အကပ်ပျက်သည်-ဟု ထင်မှတ်ကြ၏။

၈၀။ မရွေ့ဌာန၊ ကိုင်ရုံမျှ၊ ဒုရူပစိဏ္ဏာ။

၈၁။ တည်ရာဌာန၊ ရွှေ့စေက၊ ဥဂ္ဂဟိတက။

**ဒုရူပစိဏ္ဏ**။ ။ရဟန်းတို့စားသောက်ရန် အကပ်မခံသေးသော ဆွမ်း သပိတ်စသည်ကို သိလျက်နှင့် ထိအံ့, ကိုင်အံ့, နေရာမှ မရွေ့စေမူ၍ လှုပ်ရှားစေအံ့-ဒုရူပစိဏ္ဏဒုက္ကဋ်သင့်၏၊ ထိုဝတ္ထုကို ထိုရဟန်း မစား အပ်ပြီ၊ တပါးသောရဟန်းတို့၌ အပ်သေး၏။

**ဥဂ္ဂဟိတက**။ ။လှုပ်ရှားစေရုံမျှမကဘဲ တည်ရာဌာနမှရွှေ့စေငြားအံ့- ထိုဝတ္ထုသည် ဥဂ္ဂဟိတကဝတ္ထုမည်၏၊ မကောင်းသဖြင့် ကိုင်ယူအပ် သောဝတ္ထုမည်၏၊ တပါးသော ရဟန်းတို့လည်း မစားအပ်ပြီ။ ။[ဒုရူပ စိဏ္ဏဒုက္ကဋ်နှင့် ဥဂ္ဂဟိတက ဒုက္ကဋ်ခွဲခြမ်းပုံ။]

အကပ်ခံနည်း ပြီး၏။

---

## အတိရိတ်ဝိနည်းကံပြုနည်း

၈၂။ ထမင်း, မုံ့,ငါး၊ အမဲ, သား၊ ငါးပါးဘောဇဉ်စစ်။

၈၃။ သလေးမျိုးနှင့်၊ ကောက်မျိုး အများ၊ ဂျုံစပါး၊ တပါး နတ် ကောက်မျိုး။

၈၄။ ပြောင်းနှင့် လူး, ဆပ်၊ ခုနစ်ရပ်၊ ပညတ်စပါးချိုး။

ဘောဇဉ်ငါးမျိုး။ ၁။ ထမင်းမျိုး,

၂။ ပုယောမုံ့မျိုး,

၃။ ဂျုံမုံ့မျိုး,

၄။ ရေသတ္တဝါသားမျိုး။

၅။ ကုန်းသတ္တဝါ သားမျိုး–

ဘောဇဉ်အစစ် ၅-ပါးတည်း။

www.dhammaransi.com



အဓိပ္ပါယ်။ ၁။ ထိုတွင် သလေးစပါးမျိုး၊ ကောက်ကျင်, ကောက်ကြီး စပါးမျိုး၊ ဂျုံစပါးမျိုး၊ နတ်ကောက် စပါးမျိုး၊ ပြောင်းမျိုး၊ လူးမျိုး၊ ဘပ်မျိုး-ဤစပါးမျိုး ၇-ပါးတို့၏ ဆန်ကို ချက်အပ်သောထမင်းသည် ထမင်းဘောဇဉ်မည်၏။

၂။ ဂျုံဆန်တို့ကို အမှုန့်ထောင်း၍ သကြား, ထောပတ်တို့နှင့်နယ်၍ မုံ့ရှက် မုံ့ပြားလုပ်၍ အိုးကင်း၌ ကြော်အပ်သောမုံ့မျိုးသည် မုယောမုံ့မည်၏။

၃။ ဂျုံဆန်ကိုကို ကျက်စွာလှော်၍ ညက်စွာ ကြိတ်အပ်, ထောင်းအပ်သော ဂျုံမှုံ့မျိုး၊ ထိုဂျုံမှုံ့ဘို့ကို သကြားနှင့်ရောနှော၍ အလုံး, အပြား ပြုလုပ်၍ အခြောက်လှော်သင်း၍ ထားအပ်သော မုံ့လုံး, မုံ့ပြားမျိုးသည် သတ္တုခေါ်သော ဂျုံမှုံ့မျိုးမည်၏။

၄-၅။ ရေသတ္တုဝါသား, ကုန်းသတ္တဝါသား ထင်ရှားပြီ၊ ငါတို့နိုင်ငံ၌ ပြုလုပ်ကြသော မုံ့မျိုးသည် မုယောမုံ့အလားရှိ၏။

**၁၅။ စားဆဲဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ်ကိုယ်, နှုတ်မြစ်။**

**၁၆။ အင်္ဂါငါးလီ၊ ပြည့်စုံညီ၊ သင့်မြဲပဝါရေတ်။**

ပဝါရိတ်အင်္ဂါ။ ၁။ ဆွမ်းစားဆဲဖြစ်သော ရဟန်း၏ မပြီးသေးသော စားခြင်း, မျိုခြင်း တင်းလင်း ရှိခိုက်လည်းဖြစ်စေ။

၂။ ထိုရဟန်းစားဆဲဝတ္ထု၊ ထိုရဟန်းအား ပေးရန်,ကပ်ရန် ဆောင်အပ်သောဝတ္ထု ၂-ပါးသည် ပြဆိုခဲ့ပြီးသော ဘောဇဉ် ၅မျိုးလည်းဖြစ်စေ။

၃။ ပေးသူ, ကပ်သူ, ရှင် လူ ရဟန်းသည် ထိုရဟန်း၏ဟတ္ထပါသ်တွင်း၌ တည်သည်လည်းဖြစ်စေ။

www.dhammaransi.com



၄။ ပေးခြင်း, ကမ်းခြင်း၌သာ ထိုရဟန်းသို့ ရှေးရှု သည်ပိုးခြင်း ကြိယာ ထင်ရှား ရှိခိုက်လည်း ဖြစ်စေ။

၅။ မပေးနှင့်၊ မလိုချင်ဘူး၊ ငါတန်ပြီ-ဟူသော အနက်ကို ဦးခေါင်းခါခြင်း, လက်ကာခြင်း စသော ကိုယ်အင်္ဂါထုတ်ဘော်၍ ပြောဆိုခြင်း-ဟူသော နှုတ်အင်္ဂါ ၂-ပါး တို့တွင် တပါးပါးဖြင့် မြစ်ပယ်သည်လည်း ဖြစ်စေ။

ဤအင်္ဂါ ၅-လီ ပြည့်စုံညွှတ်ခဲ့သော် ထိုရဟန်းသည် ပဝါရိတ်သင့်၏၊ ပဝါရိတ ရဟန်းဆိုရ၏၊ အပြစ်ကား မရှိသေး။

**၁၇။ နေရာမရွေ့၊ ထိုသည်နေ၊ လိုရွေ့စားထိုက်ပြား။**

**အဓိပ္ပါယ်။** ။ဣရိယာပုထ် မပြောင်းရွှေ့သေးသည်ရှိသော် ထိုနေ့ မွန်းမလွဲမီအတွင်း၌ ပေးလာ, ကပ်လာ သမျှသော ဘောဇဉ်ခဲဘွယ်တို့ကို အလိုရှိသရွေ့ စားအပ်၏။

တင်ပျဉ်ခွေလျက် ဖြစ်မိခဲ့သော် တင်ပျဉ်ခွေကို မပျက်စေရ၊ ဆောင့်ကြောင့်ထိုင်လျက် ဖြစ်မိခဲ့သော် ဆောင့်ကြောင့်ထိုင်မှုကို မပျက်စေရ၊ [ကြွင်းသော ဣရိယာပုထ်တို့၌လည်း ဤနည်းတူ။]

**၁၈။ နေရာရွေ့မိ၊ စားလိုဘိ၊ ဝိနည်းကံနှင့်စား။**

**အဓိပ္ပါယ်။** ။နေရာရွေ့ခဲ့သည်ရှိသော် ထိုနေ့မွန်းမလွဲမီ အတွင်း တစုံတခုသော ကာလိကဝတ္ထုကိုမျှ အလိုအလျောက် မစားအပ်ပြီ၊ စားလိုသည်ရှိသော် စားလိုသမျှသော ဝတ္ထုကို ဝိနည်းကံပြုပြီးမှ စားအပ်တော့သည်။

**၁၉။ အတိရိတ္တံ၊ ဝိနည်းကံ၊ ပြုရန်အင်္ဂါသတ်။**

**အဓိပ္ပါယ်။** ။အတိရိတ် ဝိနည်းကံပြုရန်အင်္ဂါ ၇-ပါးရှိသည်။

www.dhammaransi.com



၉၀။ ကပ္ပိယမှန်၊ အကပ်ခံ၊ ချီပြန်ဟတ္ထပါသ်။

၉၁။ နေရာမထ၊ စားပြီးမှ၊ အလမေတံရွတ်။

**အဓိပ္ပါယ်။** ။ထိုနေ့မွန်းမလွဲမီအတွင်း၌ စားသောက်သုံးဆောင်လိုသမျှသော ကာလိကဝတ္ထုမျိုးတို့ကို သပိတ်၌ ထည့်ပြီးလျှင် ဝိနည်းမိုရ်ပုဂ္ဂိုလ်ထံသို့ သွား၍ "အတိရိတ္တံ ကရောထ ဘန္တေ" ဟု ဆိုရမည်။

အင်္ဂါ ၇-ပါးတို့တွင်—

**အတိရိတ်ဝိနည်းကံ ၇-ပါး။**

၁။ ကပ္ပိယမှန်ဆိုသည်ကား-သပိတ်၌ ထည့်သော ဝတ္ထုစုသည် ကပ္ပိယချည်းဖြစ်စေရမည်၊ ဗီဇဂါမ်ဝတ္ထုမျိုး ပါရှိခဲ့လျှင် ကပ္ပိပြီးမှ ထည့်ရမည်။

၂။ အကပ်ခံ ဆိုသည်ကား-အကပ်ခံပြီးလည်း ဖြစ်စေရမည်။

၃။ ချီပြန် ဆိုသည်ကား-သပိတ်ရှင်ရဟန်းသည်ထိုသပိတ်ကိုအောက်၌ ချ၍မထားရ၊ လက်နှင့်ပွေ့ချီ၍ထားရမည်။

၄။ ဟတ္ထပါသ် ဆိုသည်ကား-ထိုရဟန်းသည် ဝိနည်းမိုရ် ပုဂ္ဂိုလ်၏ ဟတ္ထပါသ်တွင်း၌ တည်ရှိရမည်။

၅။ နေရာမထ-ဟူသော အင်္ဂါကို မူကား- ဝိနည်းမိုရ် ပုဂ္ဂိုလ် သည်လည်း ထိုအခါ၌ ပဝါရိတ်သင့်၍နေသော ပုဂ္ဂိုလ် ဖြစ်သော် သာလို၏၊ ပဝါရိတ် သင့်သောပုဂ္ဂိုလ် မဟုတ် ပေလျှင် နေရာမထ အင်္ဂါ မလိုပြီ။

www.dhammaransi.com



၆။ စားပြီးမှ ဆိုသည်ကား-ဝိနည်းမိုရ် ဆရာသည် ထိုနေ့၌ ဘောဇဉ်မျိုး တပါးပါးကို စားပြီးလည်း ဖြစ်စေ ရမည်၊ ရှေးအဘို့၌ မစားမိသေး သော ပြခါနီးဆဲဆဲမှာပင် တခြား တပါးက ယူစေ၍ ထမင်းလုံး တခုကိုပင်သော်လည်း မျိုပြီးမှပြုရ မည်။

၇။ အလ မေတံ-ရွတ်ဆိုသည်ကား- ထိုသပိတ်ကို ကိုင်၍ "အလ မေတံ သဗ္ဗံ" ဟူ၍ ၃-ကြိမ် ရွတ်ဆိုရ မည်။ ။ဧတံသဗ္ဗံ၊ ဤအလုံးစုံသည်၊ အလံ၊ ငါဝိနည်းမိုရ် အလိုမရှိပြီ။

[ဤကား-အနက်။]

မှတ်ချက်။ ။ဤသို့ဆိုသဖြင့် ထိုသပိတ်၌ ပါရှိသမျှသော ဝတ္ထုစုသည် အတိရိတ္တဝတ္ထုစု ဖြစ်လေ၏၊ ဝိနည်းမိုရ် ပုဂ္ဂိုလ်၏ အပို အမို, အကြွင်း အကျန် ဖြစ်လေ၏-ဟူလို။ ။ဤသို့ အတိရိတ်ဝိနည်းကံ ပြုအပ်ပြီးသော ဝတ္ထုစုကို ဝိနည်းမိုရ်ဆရာမှတပါး ထိုရဟန်းနှင့်တကွ တခြားတပါး သော ပဝါရိတ်သင့်သောရဟန်း, မသင့်သောရဟန်း အလုံးစုံသည်ပင် သုံးဆောင်အပ်၏။

အတိရိတ်ဝိနည်းကံပြုနည်း ပြီး၏။

## ကာလိက ၄-ပါးအမြွက်

၉၂။ ယာဝ, ယာမ၊ သတ္တာဟ၊ ယာဝ ဇီဝိကာ။

ကာလိကမျိုးသည်—

ကာလိက ၄-မျိုး။ ၁။ ယာဝ ကာလိကမျိုး,
၂။ ယာမ ကာလိကမျိုး,
၃။ သတ္တာဟ ကာလိကမျိုး,
၄။ ယာဝဇီဝိကမျိုး-ဟူ၍ ၄-မျိုးအပြားရှိ၏။

www.dhammaransi.com



၉၃။ ကာ်ပြီးသည့်မှ၊ ထိုလေး၀၊ ကာလပိုင်းခြားရာ။

**အဓိပ္ပါယ်။** ။ကပ်ပြီးသောအခါမှ ဤ၀တ္ထုကား ယခုနေ့ မွန်းမလွဲမီအတွင်း၌သာ ရဟန်းတို့မျိုခြင်းငှါအပ်သည်၊ မွန်းလွဲသည်မှစ၍ ယနေ့ နက်ဖြန် စသည်တို့၌မအပ်ပြီ၊ ဤသို့စသည်ဖြင့် ပိုင်းခြားခြင်းသို့ရောက်၏။

၉၄။ ထိုနေ့နံနက်၊ ယာမ်သုံးချက်၊ ရက်ခွန်, ထက်ဆုံးသာ။

**ကာလိကအသက်။** ။အကပ်ခံသောနေ့ကို ထိုနေ့ဆိုသည်၊ ထိုနေ့မွန်းမလွဲမီကာလ၊ ထိုနေ့ ညဥ့် ၃-ယာမ်ကာလ၊ ထိုနေ့မှစ၍ ရက်ပေါင်း ၇-လီကာလ၊ထိုနေ့မှစ၍ အသက်ထက်ဆုံး အစဉ်အတိုင်း ယှဉ်လေ။

၉၅။ အရပ်တိုင်းမှာ၊ အာဟာရကိစ္စ၊ စားရိုးကျ၊ ယာဝကာလိကာ။

**ယာဝကာလိကမျိုး။** ။အကြင် ၀တ္ထုမျိုးသည် ထိုထိုအရပ်တို့၌ ပကတိ အာဟာရကိစ္စနှင့် အစဉ်အဆက် စားရိုးကျ၏၊ ထို၀တ္ထုမျိုးသည် ယာဝ ကာလိက မျိုးမည်၏။

၉၆။ ဘောဇဉ်,ခဲဘွယ်၊ အသွယ်သွယ်၊ အကျယ် များလှစွာ။
သိသာပြီ။

၉၇။ သပြေ, သရက်၊ မုဒြက်၊ ဖက်သက်, သစ်မည်စည်။

၉၈။ ငှက်ပျောနှစ်မျိုး၊ ကြာစွယ်တိုး၊ ရှစ်မျိုးအဖျော်ရည်။

**ယာမကာလိကမျိုး။** ၁။ သပြေသီးအဖျော်,
၂။ သရက်သီးအဖျော်,
၃။ မုဒြက်သီးအဖျော်,
၄။ ဖက်သက်တရော်သီးအဖျော်,
၅။ သစ်မည်စည်ပွင့်အဖျော်,
၆။ အိမ်ငှက်ပျောသီးအဖျော်,
၇။ တောငှက်ပျောသီးအဖျော်,
၈။ ကြာစွယ်အဖျော်-ဟူ၍ ယာမ ကာလိက ၀တ္ထု၌ ဟောတော်မူရင်း အဖျော်မျိုး ၈-ပါး။

**မှတ်ချက်။** ။သစ်မည်စည်ပွင့်သည် အလွန်အရည်ပေါ၏၊ ရေမရော ဘဲနှင့်ပင် သောက်လောက်အောင် ရနိုင်သော ဇာတိရသရှိ၏၊ ဇာတိရသ

www.dhammaransi.com



အတိုင်း အဖျော် ကိစ္စနှင့်လွဲသောအခါ သောက်ခြင်းငှာမအပ်၊ ရေနှင့် ရောမှအပ်သည်၊ ယာဝကာလိဝတ္ထုတို့မှဖြစ်သော ဇာတိရသတို့၌ဤနည်း ချည်းမှတ်၊ ကြံရည်,တင်လဲရည်,ပျားရည်တို့၌လည်း ရေရောမှ အဖျော် ရည်ကိစ္စ၌ အပ်သည်၊ ရေမရောလျှင် သတ္တာဟကာလိကအတိုင်းပင်။

၉၉။ ထန်း,အုန်းနှစ်ကွဲ၊ ဗိန္ဓုနှစ်ပါး၊ သုံးသခွါး၊ နှစ်ပါးဗူးဖရုံ။

သစ်သီးကြီး ၉-မျိုး။ ၁။ ထန်းသီး,
၂။ အုန်းသီး,
၃။ အိမ်ဗိန္ဓုသီး,
၄။ တောင်ဗိန္ဓုသီး,
၅။ သခွါးဆစ်သီး,
၆။ သခွါးပြွတ်သီး,
၇။ သခွါးကြောင်သီး,
၈။ ဗူးသီး,
၉။ ဖရုံသီး-

ဤကား သီးကြီး ၉-ပါးတည်း။

၁၀၀။ သီးကြီးကိုးပါး၊ ပဲမျိုးများ၊ စပါးခုနစ်မည်။

၁၀၁။ အလျှော်စပါး၊ လေးမျိုးအား၊ ရှောင်ရှားအဖျော်ရည်။

အဓိပ္ပါယ်။ ။ပြဆိုခဲ့ပြီးသော သီးကြီး ၉-ပါးတရပ်,
အလုံးစုံသောပဲမျိုးတရပ်,
စပါးမျိုး ၇-ပါးတရပ်,
ကျိတ်စပါး အစရှိသော အနုလောမ စပါးမျိုးတရပ်—

ဤ ၄-ရပ်တို့ကို နေလွဲသောအခါ သောက်မျိုရန် အဖျော်ရည် ပြုလုပ်မှု၌ ရှောင်ကြဉ်အပ်ကုန်၏။

**မှတ်ချက်။** ။အဖျော် ရည် လုပ်နည်းမှာ အကပ်မခံသေးသော သပြက်သီး, သရက်သီးစသည်ကို ရေအေး၌စိမ်စေ၍ သောက်ချိန်ကြ သောအခါ လူ,သာမဏေတို့ကို ကောင်းစွာစစ်စေပြီးမှ အကပ်ခံ၍ သောက်အပ်၏။

www.dhammaransi.com



ကောင်းစွာစစ်ခြင်းဆိုသည်ကား-ယာဝကာလိကဝတ္ထုတို့၏ အဖတ် အနယ်-ဟူ၍ မပါစေရ၊ အရည်ကြည်သက်သက်ရအောင် ရေစစ်ပုဝါ ထူထူနှင့်စစ်ရမည်၊ အဖတ်-ဟူ၍ မှုန်ညင်းစွေခန့်မျှ ပါရှိလျှင်ပင် မသောက်အပ်ပြီ၊ ဇီးဖြူ,သျှိသျှား, သဖန်းသီး အစရှိသော ယာဝဇီဝိက ဝတ္ထုတို့နှင့် ပြုလုပ်သော အဖျော်ရည်၌မူကား အဖတ်ပါသော်လည်း ကိစ္စမရှိ။

**၁၀၂။ ထော,ဆီ,ဆီ,ပျား၊တင်လဲအား၊ငါးပါးသတ္တာဟာ။**

**သတ္တာဟကာလိကမျိုး။** ၁။ ထောပတ်မျိုး,
၂။ ဆီဦးမျိုး,
၃။ ဆီမျိုး,
၄။ ပျားရည်မျိုး,
၅။ သကာတင်လဲ ဟူသောတင်လဲမျိုး-ဤ ဝတ္ထု၅-မျိုးသည် သတ္တာဟကာလိက မည်၏၊ အကပ်ခံပြီးနောက် ၇-ရက် သုံးဆောင်ရ၏။

**၁၀၃၊ ကြံရည်၌မူ၊ရေစင်ကူ၊မာသူအပ်သည်သာ။**

**အဓိပ္ပါယ်။** ။အနုဇာနာမိ ဘိက္ခဝေ ဥစ္ဆုရသံ။ ။အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဂုဠံ အဂိလာနဿ ဂုဠောဒကံ။

ဟူသောပါဠိတော်နှင့်အညီ အကပ်ခံ၍ ထိုနေ့မွန်းလွဲသောအခါမှ စ၍ ကြံရည်,တင်လဲရည်, သကြားခဲ,သကာခဲ, ထန်းလျက်ရည်, ထန်းလျက်ခဲ, ထန်းလျက်တင်လဲ,ထန်းလျက်သကာတို့သည် ဂိလာနပုဂ္ဂိုလ်အား ရေမရောဘဲပင်အပ်ကုန်၏၊ မာကျန်းသူတို့အား ရေနှင့်ရော၍ အဖျော်ကိစ္စ၌ သုံးဆောင်အပ်၏။ ။[ထောပတ်,ပျား, ဆီတို့၌လည်း ထို့အတူမှတ်။]

**၁၀၄။ အရပ်တိုင်းမှာ၊အာဟာရကိစ္စ၊မစားကြ၊ယာဝဇီဝိကာ။**
**၁၀၅။ ဇီးဖြူ, သျှိသျှား၊ သဖန်းခါး၊ များ၏ အနန္တာ။**

**ယာဝဇီဝိကမျိုး။** ။အကြင်ဝတ္ထုမျိုးကို ထိုထိုအရပ်ဒေသတို့၌ ပကတိသော အာဟာရကိစ္စနှင့် စားရိုးပင်မရှိ၊ ထိုဝတ္ထုမျိုးသည် ယာဝဇီဝိ

www.dhammaransi.com



ကဝတ္ထုမည်၏၊ ဇီးဖြူ,သျှိသျှား,သဖန်းခါး စသည်ဖြင့် ထိုယာဝဇီဝိက မျိုးသည် အသင်္ချေ အနန္တများပြား၏။

### ၁၀၆။ အကပ်နှင့်တကွ၊သူ့ကာလ၊လွန်ကသန္နိဓာ။

**အဓိပ္ပါယ်။** ။အကပ်ခံပြီး၍ အကပ်နှင့်တကွ မိမိဥစ္စာအဖြစ်ဖြင့် ထားရာ ၇-ရက်ကိုလွန်ခဲ့လျှင် ထိုဝတ္ထုလည်း နိဿဂ္ဂိဖြစ်၏၊ သန္နိဓိ ပါစိတ်အာပတ်လည်းသင့်၏၊ ၇-ရက်မလွန်မီ လူ,သာမဏေ တို့အား စွန့်၍ထားရာ၏။

### ၁၀၇။ အတို,အရှေ၊ ရောမိချေ၊ အရှေသူ့ဘက်ပါ။

**အဓိပ္ပါယ်။** ။ယာဝကာလိကသည် အတိုဆုံးဖြစ်၏၊ ထိုထက် ယာမ ကာလိကရှည်၏၊ထိုထက် သတ္တာဟကာလိကရှည်၏၊ ထိုထက် ယာဝဇီဝိ ကသည် အရှည်ဆုံးဖြစ်၏။

**ကာလိကချင်းရောပုံ။** ။အတိုမျိုးနှင့် အရှည်မျိုးရောမိကြသည်ရှိသော် အရှည်က အတိုဘက်သို့ပါရ၏၊ ထိုနေ့၌အကပ်ခံအပ်သောရှည်သော နောက်ကာလိက ဝတ္ထုတို့သည် တိုသောရှေ့ကာလိကဝတ္ထုနှင့်ရောနှော မိကြကုန်သည်ရှိသော် မိမိတို့၏ ရှည်သော ကာလကိုစွန့်၍ တိုသော ကာလိကအဖြစ်သို့ ရောက်ကြလေကုန်၏၊ တိုသောကာလိက အတိုင်း သာအပ်ကြလေကုန်၏-ဟူလိုသည်။

ရှေးရှေးနေ့တို့၌ ကပ်ပြီးသော ရှည်သော နောက်ကာလိက ၂-ပါး တို့နှင့် တိုသောရှေ့ကာလိက ၂-ပါးတို့ ရောနှောမိကြရာ၌ အရှည်,အတို ၂-ပါးလုံး မျိုခြင်းငှာမအပ်သော အကပ္ပိယအဖြစ်သို့ ရောက်ကြ လေ ကုန်၏။

**အထူးမှတ်ချက်။** ။အထူးမှုကား ရှေးရှေးရက်,ရှေးရှေးလ,ရှေးရှေး နှစ်တို့က အကပ်ခံ၍ ရှိနေသော ဆားအစရှိသော ယာဝဇီဝိကဝတ္ထုနှင့် သတ္တာဟကာလိကဝတ္ထု ရောနှောမိကြရာ၌ ရှေးရှေးက အကပ်နှင့် လွန်ခဲ့သောအတွက် အထူးမရှိ၊ သတ္တာဟကာလိကအတိုင်း လိုက် လေ၏။

ယမန်နေ့၌ စားသောက်၍ ခံတွင်း၌ ငြိကပ်ရှိနေသော ကွမ်း, ဆေး အစရှိသော အညစ်အကြေးများသည် နောက်နေ့၌စားသော ဆွမ်း

www.dhammaransi.com



အစရှိသော ယာဝကာလိကဝတ္ထုများနှင့် ခံတွင်းမှာ ရောနှောမိခဲ့သည် ရှိသော် သန္နိဓိအာပတ်ကို ဖြစ်စေတတ်၏၊ ထို့ကြောင့် ခံတွင်း၌ရှင်း၊ သပိတ်, ပန်းကန်, ခွက်ယောက်တို့၌ရှင်း၊အဆီအစေး, အညစ်အကြေး အကပ် အငြိ မရှိစေရအောင် စင်ကြယ်စွာ ဆေးကြောမှုကို ဂရုစိုက် ကြကုန်ရာ၏။

ကာလိက ၄-ပါးအမြွက် ပြီး၏။

## အကပ္ပိယ အသားမျိုး

**၁၀၈။ လူ, ခွေး, မြင်း, ဆင်၊ သစ်, ကျား, ခြင်၊ ဝံလျှင်, အောင်း, မြွေမျိုး။**

**၁၀၉။ ရိုး, ရေ, သား, သွေး၊ အမွေးတို့ပါ၊ မသုံးရာ၊ ဆယ်ဖြာ အသားမျိုး။**

**အသားကြီး ၁၀-ပါး။**

၁။ လူသား,
၂။ ခွေးသား,
၃။ မြင်းသား,
၄။ ဆင်သား,
၅။ သစ်သား,
၆။ ကျားသား,
၇။ ခြင်္သေ့သား,
၈။ ဝံသား,
၉။ အောင်းသား,
၁၀။ မြွေသား-မစားအပ်သော အကပ္ပိယ အသားကြီး ၁၀-ပါး။

**အဓိပ္ပါယ်။** ။ထိုသတ္တဝါတို့၏ အရိုး, အရေ, အသား, အသွေး,အမွေးတို့ကိုလည်း ရဟန်းတို့အား သုံးဆောင်ခြင်းငှာ မအပ်ကုန်။

**၁၁၀။ လူမှာထုလ္လစ္စည်း၊ အကြွင်း ဒုက္ကဋ်၊ ထောပတ်တမူ၊ သားဆီဟူ၊ လူကြဉ်-သုံးအပ်-ကိုး။**

**အဓိပ္ပါယ်။** ။သိသည်ဖြစ်စေ,မသိသည်ဖြစ်စေ၊လူသားကိုစားမိလျှင် ထုလ္လစ္စည်း အာပတ်သင့်၏၊ အကြွင်း ၉-ပါးတို့၏ အသားကို စားမိလျှင် ဒုက္ကဋ် အာပတ်သင့်၏။

www.dhammaransi.com



နို့ရည်, ဆီဦး,ထောပတ်, ဝသာတေလ-ခေါ်သော သားဆီတို့ကို မူကားလူကိုကြည့်၍ အကြွင်း၉-ပါးတို့မှာသုံးဆောင်ခြင်း၄ာအပ်ကုန်၏။

**၁၁၁။ ဆင်ခြင်မှုပါ၊ ဆဲ့တဖြာ၊ အာပတ်အစိတ်မျိုး။**

**အဓိပ္ပါယ်။** ။ဆွမ်းစားသောအခါ ဆွမ်းပွဲမှာ အသားဟင်းများ ပါရှိခဲ့သော် ဘာသားဘဲ-ဟူ၍ အတပ်သိရန် ဆင်ခြင်မှုကို အမြဲသတိ ရှိစေရမည်၊ ဆင်ခြင်မဲ့၍ အမှတ်တမဲ့စားမိခဲ့လျှင် ကပ္ပိယအသားပင် ဖြစ်သော်လည်း ဝတ်ပျက်မှုအတွက် ဒုက္ကဋ် အာပတ်သင့်၏။

န ဘိက္ခဝေ အပဋိဝေက္ခိတွာ မံသံ ပရိဘုဉ္ဇိတဗ္ဗံ၊ ယော-
ပရိဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ-ဟု ပါဠိတော်၌လာ၏။

၌အသားသည် အပဋိဝေက္ခိတအသားမည်၏၊ မစားအပ်သော အသား ၁၁-ပါး ဖြစ်၏။

အာပတ်အစိတ်မျိုးဆိုသည်ကား-အစိတ္တကအာပတ်မျိုးတည်း၊ အကပ္ပိယအသား-ဟူ၍ မသိ၍စားမိသော်လည်း သင့်တတ်သောအာပတ်မျိုးတည်း။

**၁၁၂။ သီတင်းငါးရပ်၊ ရည်၍သတ်၊ မအပ်ထိုအသား။**

**၁၁၃။ မြင်ခြင်း, ကြားခြင်း၊ ယုံမှားခြင်း၊ ကင်းစေစွန်းသုံးပါး။**

**အဓိပ္ပါယ်။** ။သီတင်းသုံးဘော် ၅-ယောက်တို့တွင် တယောက် ယောက်ကိုရည်၍ ကျွေးမွေးလှူဒါန်းရန် သတ်အပ်သည်မှန်က ထိုအသားကို သီတင်းသုံးဘော် ၅-ဦးလုံး မအပ်ပြီ။

**အစွန်း ၃-ပါး။** ။သီတင်းသုံးဘော်တယောက်ယောက်ဘို့သတ်သည် ဟု မြင်၍သိခြင်း,ကြား၍သိခြင်း, ယုံမှားသက်ာမကင်းရှိခြင်း၊ ၌ကား အစွန်း ၃-ပါးတည်း၊ ထိုအစွန်း ၃-ပါးတွင် တပါးပါးရှိခဲ့သော် ထို အသားကို မစားအပ်၊ အစွန်း ၃-ပါး ကင်းရှင်းမှ စားအပ်သည်၊ ၌အာပတ်ကား သစိတ္တကအာပတ်တည်း။

**မှတ်ချက်။** ။ရည်၍သတ်သည့် မှန်ငြားသော်လည်း ရည်၍သတ် သော အသားမဟုတ်ပါ-ဟု ဒါယကာတို့က လိမ်လည်၍ ပြောခဲ့လျှင် ပြောတိုင်းယုံကြည်၍ စားမှုကား အာပတ်လွတ်၏။

အကပ္ပိယ အသားမျိုးပြီး၏။

www.dhammaransi.com



## အကပ္ပိယပစ္စည်းမျိုး

၁၁၄။ သီး, ပွင့်, ကသေ၊ မြေ, ဒန်ပူ, ဝါး၊ ဆေးဝါး, စေခံ၊ လာဘ်ငဲ့မှန်၊ ဂူသန်ကုလရှစ်။

ကုလဒူသန ၈-ပါး။ ၁။ လာဘ်ကိုငဲ့၍ သစ်သီးပေးခြင်း,
၂။ ပန်းသစ်ပွင့်ပေးခြင်း,
၃။ ရေချိုး ကသည်မှုန့်, မျက်နှာချည်မှုန့် ပေးခြင်း,
၄။ သင်္ဘောဆပ်ပြာခဲ စသော မြေညက်ပေး ခြင်း,
၅။ ဒန်ပူပေးခြင်း,
၆။ အိမ်၌သုံးရန် သစ်, ဝါး ပေးခြင်း,
၇။ ဆေးဝါး ခါတ်စာ ပေးခြင်း,
၈။ လူ့အစေအပါးခံ၍ တမန်ကိစ္စနှင့်သွား လာခြင်း။ ။[ကုလဒူသန ၈-ပါး။]

၁၁၅။ ကုလဒူသန်၊ အင်ရှစ်တန်၊ နေသန်နှစ်ဆဲ့တစ်။

၁၁၆။ ရွှေ, ငွေ, ခံပြား၊ ဈာန်, မဂ် ကြွား၊ ဆေးဝါး, ဗေဒင်ဖြစ်။

၁၁၇။ မိစ္ဆာဇီဝ၊ ဟောဘော်ပြ၊ တရာ့ငါးဆဲ့နှစ်။

၁၁၈။ ထိုနှင့်ရလတ်၊ ပစ္စည်းရပ်၊ မအပ်ကြဉ်ပယ်ပစ်။

အဓိပ္ပါယ်။ ၁။ ကုလဒူသနမှ ၈-ပါးနှင့်ရသော ပစ္စည်းမျိုး,
၂။ အနေသနမှ ၂၁-ပါးနှင့်ရသော ပစ္စည်းမျိုး,
၃။ ရွှေ, ငွေကိုခံမှု၊ ရောင်းဝယ်လဲလှယ်မှုတို့နှင့်ရသော ပစ္စည်းမျိုး,
၄။ ဈာန်, မဂ်, ဖိုလ် တရားကို ပြောကြား ဝါကြွား၍ ရသော ပစ္စည်းမျိုး,
၅။ ဆေးဝါးကုသ၍ရသော ပစ္စည်းမျိုး,

www.dhammaransi.com



၆။ ဗေဒင်ယာယီ ဟောပြော၍ရသော ပစ္စည်းမျိုး,
၇။ ပြဟ္မဇာလသုတ်ကြီး၌လာသော မိစ္ဆာဇီဝမှုမျိုး

၁၂၂-ပါးနှင့်ရသောပစ္စည်းမျိုး-သည် သီတင်းသုံးဘော်၅-ယောက်တို့အား သုံးဆောင်ခြင်းငှာ မအပ်။

အကပ္ပိယပစ္စည်းမျိုးပြီး၏။

---

## ကပ္ပိခြင်း ၅-ပါးအမြွက်

၁၁၉ ပင်စည်, အမြစ်၊ အဆစ်, ညွန့်ဖျား၊ အစေ့အဘူး၊ ငါးပါး။ ဗီဇဂါမ်။

၁၂၀။ ဖျက်ဆီးတုံလတ်၊ သင့်ဒုက္ကဋ်၊ ငါးရပ်လွတ်ကြောင်းဘန်။

၁၂၁။ မီး, ထား, လက်သဲ၊ ကပ္ပိနဲ၊ နုဆဲ,ပယ်နုတ်ခံ။

၁၂၂။ လူ့,သာမဏေ၊ ကပ္ပိစေ၊ လွတ်လေမျိုးသန္တာန်၊

စိုက်ပျိုးအပင်ပေါက်တတ်သော မျိုးခေါ်သော ဝတ္ထုသည် ၅-ပါးရှိ၏။

ဗီဇဂါမ် ၅-မျိုး။ ၁။ ပင်စည်မျိုး,
၂။ အမြစ်မျိုး,
၃။ အဆစ်မျိုး,
၄။ အညွန့်မျိုး,
၅။ အစေ့အဆန်မျိုး-ဤ ၅-ပါးတည်း၊ ဗီဇဂါမ် ၅-ပါးခေါ်၏၊ ထို ၅-ပါးတို့ကို အနာအကျင် ဖြစ်အောင်မျှပြုခြင်းငှါမအပ်၊ ပြုခဲ့သော် ဒုက္ကဋ်အာပတ်သင့်၏။

ယိုဒုက္ကဋ်အာပတ်မှ လွတ်ကြောင်း ၅-ရပ်ရှိ၏။

ကပ္ပိခြင်း ၅-မျိုး။ ၁။ မီးဖြင့် ကပ္ပိစေခြင်း ၁-ပါး,
၂။ ထားဖြင့်ကပ္ပိစေခြင်း ၁-ပါး,
၃။ လက်သည်းဖြင့်ကပ္ပိစေခြင်း ၁-ပါး,
၄။ မျိုးမရလောက်အောင်နုသေးသည်၁-ပါး,

www.dhammaransi.com



၅။ အစေ့ကို မျိုးမပျက်စေရအောင် အသီး အခြားထုတ်နုတ် ပယ်ရှား၍ ရကောင်း သည် ၁-ပါး၊ ဤ ၅-ပါးတည်း၊ ဤ ၅-ပါး တွင် နောက် ၂-ပါး၌ ဝိနည်းကံမရှိ၊ ရှေ့ ၃-ပါး၌ကား လူ့သာမဏေကို ကပ္ပိစေ ရမည်။

**ကပ္ပိပုံ။** ကပ္ပိထိုက်သော ဗီဇဂါမ်ဝတ္ထုတို့ကို တပေါင်း တစုတည်း ထိစပ်မိအောင် ထား၍ "ကပ္ပိယံ ကရောဟိ" ဟု ရဟန်းက ဆိုရာ၏၊ ထိုအခါ လူ့သာမဏေဖြစ်သူက "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ ကပ္ပိခြင်းကို ပြုရာ၏။

**၁၂၃။ မီးနှင့်တိုလင့်၊ ပူရှိန်သင့်၊ အခွင့်လျော်လောက်တန်။**

**မီးဖြင့်ကပ္ပိပုံ။** မီးဖြင့်ကပ္ပိရာ၌ ရဲရဲညီးသော မီးဖြင့် တခုခုသော ဗီဇဂါမ်ဝတ္ထု၌ "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ တစိတ်တဒေသ၌ တို့ရာ၏၊ တို့ရာ၌ ာနှ်ပူရှိန်သင့်ခဲ့လျှင် ကပ္ပိယဝိနည်းကံမြောက်ခွင့်လျော်လောက်ပြီ။

တပေါင်းတစုတည်းထိစပ်၍ တည်ရှိသမျှ အလုံးစုံသည် တောင် ပမာဏပင် ရှိသော်လည်း ကပ္ပိယဝတ္ထုချည်းဖြစ်လေ၏။

အကပ်မခံမီ လူ့သာမဏေတို့၏လက်မှာရှိစဉ် မီးလက်ရှိသော လူ့ သာမဏေအား ကပ္ပိလိုက်လော့-ဟု ရဟန်းကဆိုရာ၏၊ "ကပ္ပိယံ ဘန္တေ" ဟု လူ့သာမဏေက ဆိုဆို တို့တို့ ထိအောင် တို့ရာ၏။

**မှတ်ချက်။** ။လူ့သာမဏေလက်တွင် အုပ်ခွက်စသည်အတွင်း၌ ထိ စပ်၍ တည်ရှိသမျှ အလုံးသည် ကပ္ပိခြင်းမြောက်၏- ဟူ၍လည်း ဆို ကြ၏။

**ထားဖြင့်ကပ္ပိပုံ။** ။ထားဖြင့်ကပ္ပိရာ၌ အသွားထက်ခဲ့လျှင် အသွား နှင့်၊ အဦးထက်ခဲ့လျှင် အဦးနှင့်၊ ကပ္ပိယံ ဘန္တေ" ဆို၍ ခုတ်မှု, ထိုးမှု, ကြိတ်နှိပ်ထိုးဖေါက်မှုကို ပြုရာ၏။

**လက်သည်းဖြင့်ကပ္ပိပုံ။** ။လက်သည်းဖြင့် ကပ္ပိရာ၌အစွန်းထက်သော လက်သည်းဖြင့် ထိုးဆိတ်ရာ၏။

www.dhammaransi.com



၁၂၄။ ပြတ်ရာ, ပေါက်ရာ၊ ထင်မှသာ၊ မြောက်ရာ ထား,လက်ကံ။

**အဓိပ္ပါယ်။** ။ကံကား ကပ္ပိမှုကိုဆိုသတည်း၊ဤထား,လက်သည်းတို့ဖြင့် ကပ္ပိမှု၌ ပိမ့်ဝင့်ရုံမျှနှင့် မအပ်၊ ပေါက်ပြတ်ရာထင်မှ အပ်သည်၊ “ဆေဒံ ဝါ ဝေဓံ ဝါ ဒဿေန္တေန”ဟုလာသည်။ ။[အကြွင်းဆိုဘွယ်အကျယ်မှာ မီးဖြင့်ကပ္ပိနည်းအတိုင်းသိလေ။]

**မှတ်ချက်။** ။လူ,သာမဏေလက်မှာရှိစဉ်ကပ္ပိစေမှုအပ်ကြောင်းကို အုတ်ကျောင်း ဆရာတော်လည်း ဆုံးဖြတ်၏၊ သုဒ္ဓသဝိလာသနိ ဆန်းဋီကာကို ပြုစီရင်တော်မူသော ဆိတ်ဖြူဆရာတော်သည် ကျောင်းပေါ်ကနေ၍“ကပ္ပိယံ ကရောဟိ” ဟု ဆိုလိုက်၏၊ ကျောင်းအောက် မီးတင်းကုပ်၌နေလျက် သာမဏေ သည်“ကပ္ပိယံ ဘန္တေ” ဆို၍ မီးဖြင့်ထိပါးစေ၍ကပ်လာသည်ကို တွေ့မြင်ဘူးသည်-ဟု ငါတို့ကျေးဇူးရှင်စံကျောင်းဆရာတော်ဘုရားကြီးလည်း မိန့်ဘူး၏။

၁၂၅။ တခုမိက၊ တောင်ရှိများစေ၊ တိစပ်ပေ၊ မြောက်လေ ကပ္ပိယံ။
[သိသာပြီ။]

ကပ္ပိခြင်း ၅-ပါး အမြွက် ပြီး၏။

---

## ကျောင်းဟူသောမှီရာ နိဿယအမြွက်

၁၂၆။ ဂဟပတိ၊ သမ္မုတိ၊ ဂေါနိသာဒိကာ။

၁၂၇။ ဥဿာဝနန္တိ၊ အမည်ရှိ၊ ကုဋိလေးပါးဖြာ။

**ကုဋိ ၄-မျိုး။** ။ရဟန်းတို့နေရာကျောင်းကို ကုဋိဆိုသည်၊ ထိုကုဋိမျိုးကား—

၁။ ဂဟပတိကုဋိ,
၂။ သမ္မုတိကုဋိ,
၃။ ဂေါနိသာဒိကာကုဋိ,
၄။ ဥဿာဝနန္တိကာ ကုဋိ-ဟူ၍ ၄-မျိုးရှိ၏။

၁၂၈၊ ရဟန်းဥစ္စာ၊ နေ့ဘိုဉာ၊ ထောက်ရာသဟသေ့။

၁၂၉။ ကပ္ပိယမှု၊ ညီစွာပြု၊ ကုဋိအင်္ဂါလေး။

**ကပ္ပိယကုဋိအင်္ဂါ။** ၁။ ရဟန်း သံဃာတို့၏ အပိုင် ဥစ္စာလည်းဖြစ်စေ,

www.dhammaransi.com



၂။ ရဟန်းသံဃာတို့ အမြဲနေဘို့ရာ ကျောင်းလည်း ဖြစ်စေ,

၃။ သဟသေယျ အာပတ် သင့်လောက်သော အမိုး, အကာနှင့် ပြည့်စုံ သည်လည်း ဖြစ်စေ,

၄။ ကပ္ပိယဝေါဟာရနှင့် လှူဒါန်းခြင်း, ဥတ် ကမ္မဝါစာနှင့် သမုတ်ခြင်းစသည်ဖြင့် ထိုထို ကုဋိ အားလျော်စွာ ကပ္ပိယ အစီအရင်ကို နေရာကျ ပြုလုပ်သည်လည်း ဖြစ်စေ၊ ဤကား ကပ္ပိယကုဋိ၏ သာမည အင်္ဂါ ၄-ပါး။

**ကုဋိ တမျိုး။** ၁။ ပဌမအင်္ဂါမရှိသော လူတို့၏ အိမ်ရာတိုက်တာများသည်ငှင်း။

၂။ ဒုတိယအင်္ဂါမရှိသော ရဟန်းတို့နေဘို့ မဟုတ်၊ အခိုက်အတန့်မျှ သုံးဆောင်ဘို့ဖြစ်သော ဝစ္စကုဋိ, ပဿာဝကုဋိ, ဥပုသ်အိမ်, သိမ်, တန်ဆောင်း စသည်များသည်ငှင်း။

၃။ တတိယအင်္ဂါမရှိသော ရဟန်းတို့ နေဘို့ရာပင် ဖြစ်သော်လည်း သဟသေယျ အာပတ် သင့်လောက်အောင် အမိုးမရှိသောကျောင်း,အကာ မရှိသောကျောင်း, အမိုး အကာပျက်၍ နေသောကျောင်းများသည်ငှင်း၊ ကပ္ပိယကုဋိ ၄-ပါးမှ အလွတ်ဖြစ်သော ပဥ္စမကပ္ပိယ ကုဋိ-ဟူ၍ ဆိုအပ်၏။

**၁၄၀။ လူ့သန္တက၊ ကပ္ပိယဟူ၊ ဆို၍လှူ၊ မှတ်ယူဂဟပတိ။**

**ဂဟပတိကုဋိ။** ။မလှူမီရှေးအဘို့၌ လူတို့၏ အပိုင်ဥစ္စာလည်း ဖြစ်စေ၊ ကျောင်းပြီး၍ လှူဒါန်းသောအခါ၌ ကပ္ပိယစကားကို မြွက်ဆို၍ လှူဒါန်းသည်လည်း ဖြစ်စေ၊ ဤအင်္ဂါ ၂-ပါးရှိသော ကျောင်းကုဋိသည် ဂဟပတိကုဋိမည်၏။

www.dhammaransi.com



ဣမံ ဝိဟာရံ ကပ္ပိယကုဋိံ ကရောမ၊ သံယသ ဒေမ။ ॥ [သံဃိကဘို့။]

အာယသ္မတော ဒေမ၊ တိဿဿ ဒေမ။ ॥ [ပုဂ္ဂလိကဘို့။]

ဤကား ကပ္ပိယစကားတရပ်တည်း၊ ရေစက်ချ၍ ဤကပ္ပိယစကား ပါရှိမှ ကပ္ပိယကုဋိဖြစ်သည်။

## ၁၃၁။ ချီကြွမြွက်ကြား၊ ဆုံးပြိုင်ငြား၊ နက်သွားဥဿာမှာ။

**အဓိပ္ပါယ်။** ॥ဥဿာဝနန္တိကပုဒ်၌ ဥ-ကား ချီကြွခြင်းအနက်ရှိ၏၊ သာဝန-ကား မြွက်ကြားခြင်းအနက်ရှိ၏၊ အန္တိက-၌ အန္တ-ကားအဆုံးဟူသော အနက်ရှိ၏၊ ချီကြွမှု၊ ကပ္ပိယစကားမြွက်ကြားမှု၊ အမှု ၂-ပါးတို့၏ တပြိုင်နက်ပြီးဆုံးခြင်းရှိသော ကုဋိ-ဆိုလိုသည်။

## ၁၃၂။ ရဟန်းအပိုင်၊ ရှေးဦးတိုင်ကို၊ ပွေ့ကိုင်ချီချ၊ မြေအကျနှင့်၊ ကပ္ပိယစကား၊ ဆုံးပြိုင်ငြား၊ မှတ်သား ဥဿာဝနန္တိကာ။

**ဥဿာဝနန္တိကာကုဋိ။** ॥ရဟန်းသံဃာတို့၏ပုဂ္ဂလိကသံဃိကဖြစ်သော သစ်,ဝါး,အုတ်, ကျောက်တို့နှင့်ဆောက်လုပ်သည်လည်းဖြစ်စေ၊ ရှေးဦးစွာစိုက်ထူသောတိုင်,ရှေးဦးစွာတက်သော အုတ်ကျောက်တို့ကို ရဟန်းတို့ပွေ့ကိုင်၍ မြေသို့ကျသည်နှင့် ကပ္ပိယစကား အဆုံးပြိုင်မိသည်လည်းဖြစ်စေ၊ ဤအင်္ဂါနှင့်ပြည့်စုံသော ကုဋိသည် ဥဿာဝနန္တိကာ ကုဋိမည်၏။

**မှတ်ချက်။** ॥သစ်,ဝါးတို့ကို ဆောက်ရာ၌ရှေးဦးစွာစိုက်ထူသောတိုင်ကိုရဟန်းတို့ကိုယ်တိုင်ပွေ့ချီ၍ထားပြီးလျှင်“ကပ္ပိယကုဋိံ ကရောမ”ဟု ကပ္ပိယစကားကိုမြွက်ဆို၍ တိုင်ကျင်းသို့ချစိုက်ရမည်၊ မြေသို့တိုင်အကျနှင့်မ-အက္ခရာပြိုင်စေရမည်၊မပြိုင်မိအံ့ထင်လျှင် တဘန်ကြွချီ၍ ချရမည်၊ ပြိုင်မိပြီ-ဟုစိတ်ချရမှတန်။

တိုင်မပါဘဲ အုတ်နံရံ, ကျောက်နံရံတို့ကိုထစေ၍ ဆောက်လုပ်ရာ၌ အုတ်မြစ်ချသော ကျောက်,အုတ်တို့ကား မြေအလားရှိကုန်သည်ဖြစ်၍ အင်္ဂါမလောက်ကုန်၊ မြေမှအထက်သို့ ပေါ်တက်သောနံရံသည်သာ ကျောင်းအင်္ဂါ၌ပါဝင်၏၊ထို့ကြောင့်ရှေးဦးစွာနံရံကိစ္စနှင့် မြေမှအထက်သို့တက်သော တခုသောအုတ်ချပ်, တခုသောကျောက်ချပ်ကို ရဟန်းကိုယ်တိုင်ချီမ၍“ကပ္ပိယကုဋိံ ကရောမ”-ဟုဆို၍ချရမည်၊မြေအကျနှင့်

www.dhammaransi.com



ကပ်ဝိယစကားအဆုံး ပြိုင်မိစေရမည်၊ပေါ့ပေါ့ပါးပါးဖြစ်ခဲ့လျှင် ရဟန်းတပါးနှင့်ပင် ပြီးသင့်၏၊ အများချီကြွ၍ အများဆိုကြ၍မိုက်ခြင်းသည် တယောက်တယောက် စကားအဆုံးနှင့် ကျေနပ်ပြိုင်မိရန် ဂရုလုပ်မှုပေတည်း၊ ရဟန်းတို့မနိုင်နိုင်ခဲ့လျှင် လူတို့ကိုချီကြွစေ၍ ရဟန်းတို့က ကြက်ဆိုရမည်။

၁၃၃။ နွားတိုနေဘိ၊အနက်ရှိ၊ဂေါနိသာဒိကာ။

ဂေါနိသာဒိကာကုဋီ။ ။ဂေါနိသာဒိက သဒ္ဒါသည် နွားတို့နေရာဟူသောအနက်ရှိ၏၊ တိုက်တာကျောင်းကန် အရံအကာမရှိသည်ကို ကိုလိုရင်းဖြစ်သည်။

၁၃၄။ တိုက်တာအရံ၊ ကျောင်းအရံ၊ နှစ်တန်မရှိရာ။

၁၃၅။ အာရာမ,ဝိဟာရ၊ နှစ်ပါးပြ၊ရာမလိုရင်းသာ။

၁၃၆။ လုံးလုံးမရှိ၊ အနည်းရှိ၊တိုက်၏အရံမှာ။

ဂေါနိသာဒိကာ ၂–မျိုး။ ၁။ တိုက်တာအကာအရံမရှိလျှင် အာရာမ ဂေါနိသာဒိကာခေါ်၏။
၂။ တိုက်တွင်းရှိ ကျောင်းများမှာ အကာအရံမရှိခဲ့လျှင် ဝိဟာရဂေါနိသာဒိကာမည်၏။

**မှတ်ချက်။** ။ထို ၂-ပါးတွင် တိုက်တာအကာအရံမရှိမှုသာလိုရင်းဖြစ်၏၊ တိုက်တွင်းရှိကျောင်းများ၌ ကျောင်းအောက်မှာ နွားမဝင်နိုင်ရန် အကာအရံ ရှိမှု,မရှိမှုသည် လိုရင်းမဟုတ်။

အရံဆိုရာမှာလည်း နွားတို့ကို ကာဆီးနိုင်ရန် အမြင့် ၂-တောင့် ၆-သစ်ခန့်ရှိ၍ တကိုယ်လုံးကို ဝန်းပိုင်းမိအောင် ရှိခဲ့သော်လည်း၊ ထက်ဝက်ထက် များခဲ့သော်လည်း၊ ထက်ဝက်ခန့်ရှိခဲ့သော်လည်း၊ အရံသည် ထက်ဝက်အောက် နည်းခဲ့သော်လည်း၊ အရံမရှိသည်မည်၏၊ ဤအရံမရှိမှုသည် ဂေါနိသာဒိကာကုဋီ၏ အင်္ဂါပင်တည်း။

ဤကုဋီ၌အရံအမြင့်ပမာဏကို ကျမ်းဂန်တို့မှာမဆို၊ သဟသေယျအရာ၌ တတောင့်ထွာအမြင့်လာ၏၊ ဝိနိစ္ဆယဋီကာ၌ ၎င်းတတောင့်ထွာ

www.dhammaransi.com



ကို မဗ္ဗျုမပုရိသ တတောင့်ထွာဟုဆို၏၊ ပကတိပုရိသ ၂-တောင့် ၆-သစ် ရှိ၏၊ ထိုကိုနည်းမှီ၍ ဤ၌အမြင့် ၂-တောင့် ၆-သစ်ခန့်ဟု ဆိုလိုက်ပေ သည်။

**၁၃၇။ သမုတ်တုံဘိ၊ သမ္မုတိ၊ ဉတ္တိဒုတိယာ။**

**၁၃၈။ ပန်ကြားမှုလည်း၊ အပ်သတည်း၊ နှစ်နည်းအဆိုလာ။**

**၁၃၉။ အကပ္ပိယ၊ ဖြစ်နေက၊ မုချသမုတ်ရာ။**

**သမ္မုတိကုဋီ။** ။ကပ္ပိယကုဋိအင်္ဂါ ချို့တဲ့သဖြင့် အကပ္ပိယကုဋိဖြစ်၍ နေသောကျောင်းကို ကပ္ပိယကုဋိ ဖြစ်စေခြင်းငှာ ဉတ္တိဒုတိယ ကမ္မဝါ ဖြင့် သမုတ်ရသည်၊ ထိုကုဋိကိုသမ္မုတိကုဋိခေါ်သည်၊ အဋ္ဌကထာ၌ ကား ပန်ကြားမှု-ဟူသော အပလောကနကံဖြင့်လည်း သမုတ်အပ်၏- ဟုလာပေ၏။

**သမ္မုတိကုဋိတမျိုး။** ။ဝိနည်းမတတ်သော ရဟန်းတို့ အလှူခံ၍ ရှိ နေသော ကျောင်းဟောင်း, ဝိနည်းမတတ်သော ရဟန်းတို့ ဆောက် လုပ်သော ကျောင်းသစ်, ဝိနည်းမတတ်သော ရဟန်းတို့ အမိုးဟောင်း ကိုဖျက်၍ အသစ်မိုးသော ကျောင်းမျိုး၊ ဤကဲ့သို့သော ကျောင်းများ ကို နောက်ဆက်ခံ၍နေသော လဇ္ဇီပေသလ ရဟန်းသည် သမ္မုတိကပ္ပိယ ကုဋိဖြစ်အောင် ပြုလုပ်၍နေရမည်၊ ဉတ္တိဒုတိယ ကမ္မဝါစာ ဖြစ်သော် လည်း သမုတ်ရမည်၊အပလောကနကံဖြင့်သော်လည်း သမုတ်ရမည်- ဟူလို။

**သမုတ်ပုံ။** ။သမုတ်ပုံကား ၄-ပါး, ၄-ပါးထက် အလွန်ဖြစ်သော ရဟန်းတို့သည် ခဏ္ဍာသိမ်၌ စည်းဝေးကြ၍ မည်သည့်ကျောင်းကို အဘ ယဝိဟာရ-ဟူ၍ အမည်မှည့်ပါ၏-ဟု မထေရ်ကြီးက ထိုကျောင်းကို အမည်ပေး၊ ဉတ်ကမ္မဝါတို့၌ ထိုအမည်နှင့်ဘတ်။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော အဘယံ နာမ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ သံဃော အဘယံ နာမ ဝိဟာရံ ကပ္ပိယဘူမိံ သမ္မန္နတိ၊ ယဿာယသ္မတော ခမတိ

www.dhammaransi.com



အဘယဿ နာမ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတော သံဃေန အဘယော နာမ ဝိဟာရော ကပ္ပိယ-ဘူမိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

[သမ္မုတိကမ္မဝါ။]

ကျောင်းအမည် ထင်ရှားစေခြင်းငှာ နာမသဒ္ဒါထည့်ပေးသည်။

၍ကပ္ပိယဘူမိ သမ္မုတိကံသည် အသမ္မုခါကရဏီယကံ ၈-ပါး၌ မပါပြားသော်လည်း ကျောင်းမှခွါ၍ ခဏ္ဍသိမ်မှာပြုခြင်းငှာ အဝ်သည် သာမှတ်။

ယတ္ထ ယတ္ထ ကမ္မဝါစာယံ အယန္တိ ဝါ ဣမေတိ ဝါ သမ္မုခါ နိဒ္ဒေသနိယမော နတ္ထိ၊ သဗ္ဗံ တံ အသမ္မုခါ ကရဏီယံ။

ဟူသော ပရိဝါ ဝဇိရဗုဒ္ဓိဋီကာနှင့်အညီတည်း၊ ထိုတိုက်၌ ခဏ္ဍသိမ် မရှိခဲ့သော် တိုက်တပါး၌ရှိသော ခဏ္ဍသိမ်မှာလည်း ပြုရပါ၏။

"ကမ္မဝါစံ အဝတွာ အပလောကနေန ပိ ဝဋ္ဋတိ ယေဝ" ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် အပလောကနကံဖြင့်လည်း သမုတ်ရ လေ၏။

သမုတ်ပုံမှာ-ကမ္မဝါစာနှင့် သမုတ်နည်းအတိုင်းပင်၊ ကမ္မဝါစာ ဘတ်မည့်နေရာ၌ အပလောကနစာစီရေး၍ ဘတ်မှုမျှသာထူး၏။

သံဃံ ဘန္တေ အာပုစ္ဆာမိ၊ အဘယော နာမ ဝိဟာရော အကပ္ပိယဘူမိ ဇာတော၊ တဿ ဝိဟာရဿ ကပ္ပိယဘူမိယာ သမ္မုတိ ရုစ္စတိ သံဃဿ။ ဒုတိယမ္ပိ၊ တတိယမ္ပိ။

ခဏ္ဍသိမ်အပြင် သံဃာတ္တပါသ်၌ ၃-ကြိမ်ဘတ်ကြလေ။

### ၁၄၀။ ရှေးရှိတိုင်အုတ်၊ ကုန်ပယ်နုတ်၊ ဖြိမ်းချပ်ဘာဝနာ။

**အဓိပ္ပါယ်။** ။ပွေ့ချီ၍ ကပ္ပိယစကားနှင့် စိုက်ထူအပ်သော တိုင်နှင့် ရက်မ, ခါးပန်းတဆက်တည်း ဆက်လက်၍ ထိုအခါ၌ငင်း၊ နောက်မှ သော်ငင်း စိုက်ထူဆောက်လုပ်အပ်သော အလုံးစုံသော တိုင်စုသည် ကပ္ပိယချည်းဖြစ်လေ၏၊ ထိုတိုင်စုကို တခုမကျန် အကုန်ပယ်၍ပစ်သော

www.dhammaransi.com



အခါ၌ ဥဿာဝနန္တိကာ ကပ္ပိယကုဋိပျက်၏၊ ထပ်မံ၍ဆောက်လုပ်ပြန်သော် ကပ္ပိယဖြစ်အောင် အသစ်တဖန်ပြုရပြန်၏။

၁၄၁။ လုံးလုံးထက်ဝက်၊ ကာရံချက်၊ ပျက်၏ဂေါနိသာ။

အဓိပ္ပါယ်။ ။တိုက်အကာအရံမရှိ၍ ကပ္ပိယဂေါနိသာဒိကာ အရံဖြစ်၍ နေသော တိုက်တာကို အကုန်လုံး ရံပြန်သော်၎င်း၊ထက်ဝက်မျှ ရံပြန်သော်၎င်း ဂေါနိသာဒိကာကပ္ပိယကုဋိပျက်၏၊ ထိုတိုက်တွင်း၌ ရှိသမျှသော ကျောင်းတို့လည်း အကပ္ပိယကုဋိ ကျောင်းတွေဖြစ်ကုန်၏၊ သမ္မုတိကပ္ပိယကုဋိဖြစ်အောင် ပြုလုပ်ကြရာ၏။

၁၄၂။ အမိုးအကုန်၊ ဖျက်ပယ်တုံ၊ ပျက်ကုန်ကြွင်းနှစ်မှာ။

အဓိပ္ပါယ်။ ။ဂဟပတိကုဋိနှင့် သမ္မုတိကုဋိကို ကြွင်းနှစ်ဆိုသည်၊ထိုကုဋိတို့သည်မှုကား ဝမ်းဘဲတောင် ခေါင်ဖုံးမျှမကျန် အမိုးတို့ကိုအကုန်ဖျက်ခဲ့သော် ကပ္ပိယကုဋိ ပျက်ကုန်၏၊ မိုးပြန်သောအခါ အကပ္ပိယကုဋိဖြစ်ကြကုန်၏။

**မှတ်ချက်။** ။ထို့ကြောင့် လိုကျောင်းတို့၌ အသစ်မိုးရန် အမိုးဟောင်းတို့ကို ဖျက်ခဲ့သည်ရှိသော် အကုန်မဖျက်ရာ၊ သွပ်တချပ်,ပျဉ်တချပ်,ကပ်တချပ်, သက်ငယ်တချပ်မျှကိုသော်လည်း ချန်ထား၍ အသစ်ကို မိုးခိမှ ချန်ထားသည်ကို ပယ်ဖျက်ရာ၏၊ ဝမ်းဘဲတောင် ခေါင်ဖုံး များသည်လည်း အမိုးအရာ၌ တည်ကုန်၏၊ ထို့ကြောင့် ဝမ်းဘဲတောင် ခေါင်ဖုံးကျန်ရှိလျှင်ပင် မပျက်ပြီ။

အဆောင်များစွာရှိခဲ့ရာ အဆောင်ချင်းချင်း အမိုး ဆက်လက်သဖြင့် တခုသော သဟသေယျဉပစာဖြစ်ခဲ့အံ့၊ တဆောင်ကို အကုန်ဖျက်၍ မိုးသော်လည်း ကြွင်းသော အဆောင်တို့က စောင့်ရှောက်ကုန်၏-ဟုယူကြ၏။

၁၄၃။ ။အင်္ဂါမညီ၊ ကျောင်းကုဋိ၊ အကပ္ပိယသာ။

အဓိပ္ပါယ်။ ။ရှေး၌ပြဆိုခဲ့ပြီးသော သာမညအင်္ဂါ, အသီးအသီးသော ဝိသေသအင်္ဂါတို့နှင့် မညီညွတ်သော ကျောင်းများသည် အကပ္ပိယကုဋိမည်၏။

www.dhammaransi.com



**မှတ်ချက်။** ။အကပ္ပိယကုဋိဆိုသော်လည်း မနေအပ်,မထိုင်အပ်သော ကျောင်း-ဟု ဆိုလိုသည်မဟုတ်၊နောက်၌ပြဆိုလတ္တံ့သော ကာလိက ဝတ္ထုများနှင့် စပ်၍ အာပတ်အပြစ်ရှိသောကြောင့် ဆိုသတည်း။

**၁၄၄။ အန္တောဝုဋ္ဌ၊ အန္တောပက္က၊ သာမံပက္က၊ ဤသုံး၀၊ ယာဝ, ယာမမှာ။**

**ဒုက္ကဋ် ၃-မျိုး။** ၁။ အန္တောဝုတ္ထဒုက္ကဋ်,
၂။ အန္တောပက္ကဒုက္ကဋ်,
၃။ သာမံပက္ကဒုက္ကဋ်-
ဟူ၍ ဒုက္ကဋ်အာပတ် ၃-မျိုးရှိ၏၊ထို ၃-မျိုးသည် ယာဝကာလိက,ယာမကာလိက-ဟူသော ရှေကာလိက ၂-ပါး၌သာရှိ၏၊ နောက်ကာလိက ၂-ပါး၌မရှိ။

**၁၄၅။ သိုမှီးသည်ကို၊ ဝုဋ္ဌဆို၊ ကျိုချက်ပက္ကမှာ။**

**အဓိပ္ပါယ်။** ။ဝုတ္ထဆိုသည်ကား-သိုမှီးသည်ကို ဆိုသည်၊ပက္ကဆိုသည်ကား-ကျိုချက်သည်ကိုဆိုသည်။

**အန္တောဝုဋ္ဌ။** ။အကပ္ပိယကုဋိတွင်း၌ အရုဏ်တက်သည်တိုင်အောင် ညဥ့်သိပ်၍ထားအပ်သော ဝတ္ထုကို အန္တောဝုတ္ထခေါ်သည်။

**အန္တောပက္က။** ။အကပ္ပိယကုဋိတွင်း၌ ချက်ပြုတ်ကြော်လှော် အပ်သော ဝတ္ထုကို အန္တောပက္ကခေါ်သည်။

**သာမံပက္က။** ။ရဟန်းကိုယ်တိုင် ချက်အပ်သောဝတ္ထုကို သာမံပက္ကခေါ်သည်။

**၁၄၆။ ကုဋိပျက်တွင်း၊ သိုမှီးခြင်း၊ အလျှင်းမပြုရာ။**

**အဓိပ္ပါယ်။** ။ကုဋိပျက်ဆိုသည်ကား-အကပ္ပိယကုဋိဖြစ်သောကျောင်းမျိုးကိုဆိုသတည်း၊ ထိုအကပ္ပိယ ကုဋိတို့၌ သဟသေယျလောက်ကောင်းသော် အမိုးအရံတွင်း၌ ရှေကာလိက ၂-မျိုးတို့ကို အရုဏ်တက်သည့်တိုင်အောင် သိုမှီး၍ ညဥ့်သိပ် ထားခြင်းကို အလျှင်းမပြုရာ၊ ညဥ့်သိပ်ထားခြင်းကို ပြုခဲ့သော် ထိုဝတ္ထုသည် အန္တောဝုတ္ထဖြစ်၏၊ ထိုဝတ္ထုကို စားသောက်သော ရဟန်းအား အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်သင့်၏။

www.dhammaransi.com



**၁၄၇။ ထိုဌ်ချက်အပ်၊ ယင်းနှစ်ရပ်၊ မအပ်လေသည်သာ။**

**အဓိပ္ပါယ်။** ။ယိုအကပ္ပိယ ကျောင်းတွင်း၌ ထိုရှေ့ကာလိက ၂-မျိုးတို့ကို လူ,သာမဏေတို့ ချက်ပြုတ်ကြော်လှော် ခဲ့သည်ရှိသော် ထိုဝတ္ထုသည် အန္တောဝုတ္ထမည်၏၊ ထိုဝတ္ထုကို စားသောက်သောရဟန်းအား အန္တောဝုတ္ထ ဒုက္ကဋ်အာပတ်သင့်၏။

**၁၄၈။ ဘယ်၌မဆို၊ ယင်းနှစ်ကို၊ ကိုယ်တိုင်မချက်ရာ။**

**အဓိပ္ပါယ်။** ။ယိုရှေ့ကာလိက ၂-မျိုးတို့ကို အကပ္ပိယကျောင်းတွင်း၌ဖြစ်စေ၊ တပါးသော အရပ်ဌာန၌ဖြစ်စေ၊ ရဟန်းကိုယ်တိုင် ကြော်လှော် ချက်, ပြုတ်, ဖုတ်, ကင်, ပေါင်းနွေးခြင်းကို မပြုရာ၊ ပြုခဲ့သော် ထိုဝတ္ထုသည် သာမံပက္ကဖြစ်၏၊ ထိုဝတ္ထုကိုစားသောက်သော ရဟန်းအား သာမံပက္ကဒုက္ကဋ်အာပတ်သင့်၏။

**၁၄၉။ ကျက်ပြီးကိုလျက်၊ တဘန်ချက်၊ သက်သက်အပ်သည်သာ။**

**၁၅၀။ ရှေ့ကာလိနှစ်၊ ရောပြန်လစ်၊ အပြစ်ရှိပြန်လာ။**

**အဓိပ္ပါယ်။** ။လူ,သာမဏေတို့ ချက်၍ ကျက်ပြီးသော ကာလိက ၂-မျိုးတို့ကို တဘန်ချက်မှုသည် ပုနပက္ကမည်၏၊ ထိုတဘန် ချက်မှုကိုမူကား ရဟန်းကိုယ်တိုင်ပင် ပြုအပ်၏၊အပြစ်မရှိ၊ ကျက်ပြီးသောထမင်းအေး,ဟင်းအေးကို ရဟန်းကိုယ်တိုင်ပင် မီး၌နွေးအပ်၏။

ကျက်ပြီးသောထမင်းကို ယက်မန်းဖြစ်အောင် ရဟန်းကိုယ်တိုင်ကျိုအပ်၏၊ ရဟန်းကိုယ်တိုင်ကျိုချက်အပ်သောဝတ္ထုကိုမူကား ရှေ့ကာလိကဝတ္ထု ၂-မျိုးတို့နှင့် မရောမယှက်စေ၍ သက်သက်စားသောက်အပ်၏၊ ရှေ့ကာလိကဝတ္ထု ၂-မျိုးတို့နှင့် ရောနှော၍စားသောက်ခဲ့သော် အပြစ်ရှိပြန်၏၊ ဒုက္ကဋ်အာပတ်သင့်ပြန်၏။

[ရှေ့ကာလိက ၂-မျိုးတို့၌ အန္တောဝုတ္ထ၊ အန္တောပက္က၊ သာမံပက္က၊ ပုနပက္က၊ ၄-ချက်ပြီး၏။]

**၁၅၁။ သဗ္ဗာ,ဇီဝိ၊ ကိုယ်ချက်မိ၊ သုဒ္ဓိအပ်သည်သာ။**

**အဓိပ္ပါယ်။** ။နောက်ကာလိက ၂-မျိုးတို့ကိုမူကား အကပ္ပိယကုဋိတွင်း၌ ညဉ့်သိပ်၍ တသက်လုံးထားသော်လည်း အန္တောဝုတ္ထဒုက္ကဋ်မရှိ၊ ထိုအရပ်တွင်း၌ ကြော်လှော်ချက်ပြုတ်သော်လည်း အန္တောပက္ကဒုက္ကဋ်

www.dhammaransi.com



မရှိ၊အစိမ်းသက်သက်ကို ရဟန်းကိုယ်တိုင်ချက်သော်လည်း သာမံပက္က ဒုက္ကဋ်မရှိ၊ ဒုက္ကဋ် ၃-မျိုးကင်းလွတ်၏။

**မှတ်ချက်။** ။ကင်းလွတ်၏ဆိုသော်လည်း ထိုကဲ့သို့ အကပ္ပိယကုဋိ တွင်း၌ ညဥ့်သိပ်ခြင်း,ချက်ပြုတ်ခြင်း,ကိုယ်တိုင်ချက်ပြုတ်ခြင်းတို့ကို ပြုပြီး သည်ရှိသော် ထိုဝတ္ထုကို ရှေ့ကာလိက ၂-မျိုးတို့နှင့်ရောနှော၍ မစား မသောက်အပ်၊ စားသောက်ခဲ့သော် ဒုက္ကဋ် ၃-မျိုးသင့်ပြန်၏။

**၁၅၂။ အကပ္ပိယ၊ ကျောင်းဖြစ်က၊ များလှပြစ်ဆာနာ။**

**အဓိပ္ပါယ်။** ။ကပ္ပိယကုဋိအင်္ဂါလက္ခဏာမရှိသော အကပ္ပိယကုဋိ ကျောင်းဖြစ်ခဲ့သော် ထိုကျောင်းသည် ကာလိက ၄-ပါးနှင့်စပ်၍ အလွန် အပြစ်ဆာနာများလှ၏။

**၁၅၃။ ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်၊ အာပတ်မဆုံးရာ။**

**အဓိပ္ပါယ်။** ။ဝိနည်းမတတ်ပါဘဲနှင့် ကျောင်းထိုင် ပုဂ္ဂိုလ်လုပ်ခဲ့ သော် ကျောင်းသည် အကပ္ပိယကုဋိကျောင်းသာဖြစ်ရာ၏၊အလုံးစုံသော ကာလိကဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ ထားလေရာ၏၊ ဆန် သည်လည်း အန္တောဝုတ္ထဆန်ဖြစ်၏၊ ငါးပိ,ငါးခြောက် စသည်တို့သည် လည်း အန္တောဝုတ္ထတို့သာ ဖြစ်ကုန်၏၊ ညဥ့်သိပ်၍ထားအပ်ကုန်သော အုန်း, ငှက်ပျောစသည်တို့သည်လည်း အန္တောဝုတ္ထ တို့သာဖြစ်ကုန်၏။

ထောပတ်,ဆီဦး, သကာ,သကြား,ဆီ,ဆား,ဆေး,ကွမ်း-စသော နောက်ကာလိက ဝတ္ထုမျိုးတို့ကိုလည်း ထိုကျောင်းတွင်း၌ သိုမှီးပြီးလျှင် ထောပတ်,ဆီဦး, သကာ,သကြားတို့ကို သစ်သီးခဲဘွယ်,မုန့်ခဲဘွယ်တို့နှင့် ရောဘက်၍စားခြင်း၊ ဆီ,ဆားတို့ကို ဟင်းခပ်ခြင်း၊ အကြော်အလှော် ပြုလုပ်ခြင်း၊ သကာ, သကြား,ဆားတို့ကို ညနေအခါ၌ အဖျော်ရည် မှာထည့်ခြင်းအစရှိသည်တို့ဖြင့် သက်တော်ရှည်၍ နေ့ရက်တွေများသမျှ ကာလပတ်လုံး အန္တောဝုတ္ထဒုက္ကဋ်အာပတ်တွေ မဆုံးနိုင်ရှိလေရာ၏— ဟူလိုသည်။

ဠမံ ဝိဟာရံ ကပ္ပိယကုဋိံ ကာတုံ သံယ်ဿ ဒေမ၊ကာယ-. ကာယပဋိဗဒ္ဓေဟိ ဖုသိတွာ ယထာသုခံ ပရိဘုဉ္ဇထ။ ။[၃- ခေါက်ဆို။]

အနက်ကား။ ။ဂုဗ္ဗိဝိဟာရံ၌ကျောင်းကို။ကပ္ပိယကုဋိ ၊ရဟန်းတော်မြတ်ဗုဒ္ဓအား သင့်လျော်လျောက်ပတ် အလွန်အပ်သော ကပ္ပိယကုဋိကို။ ကာရာပယိ၊ ပြုမိပ္ပံသောသူ။ သံဃာ၊ အရပ်ဒိသာ ဂ-မျက်နှာမှ ရောက်လာသမျှ စပ္ပမွေချော် သံဃာတော်အား။ ဒေမ၊ လှူဒါန်းပါကုန်၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကာယကာယပဋိဗဒ္ဓေဟိ၊ ခြေဘဝါး, လက်ဘဝါး, ဝင်ပါး,ကျောက်ကုန်း အစရှိကုန်သောကိုယ်အင်္ဂါ၊ ဘိနှာ သင်္ကန်း အပေါ်ရုံမ်းအစရှိကုန်သော ကိုယ်နှင့်စပ်သောဝတ္ထု၊တို့ဖြင့်။ယလာသုခံ၊ အလိုတော်ရှိတိုင်း။ဖုသိတွာ၊ထိပါး၍။ ပရိဘုဥ္ဇထ၊ ရှုံ့ယာဥ္ဇထ ပျတ္တင်း သိတင်းသုံးကာ သုံးဆောင်တော် မူပါကုန်လော့။

မှတ်ချက်။ ။ကပ္ပိယကုဋိခြောက်အောင် ကျောင်းရေစက်ချနည်း, ခိုင်နေကျ ရေစက်ချ၍ လောင်းစွက်ထည့်သွင်း၍ဆိုရန် မိမိပုဂ္ဂလိကကျောင်းဖြစ်ခဲ့သော် "သံဃဿ"နေရာမှာ "အာယသ္မတော"ဟုထည့်လေ။ ။သူတပါးအိုရချ၍ပေးသူ ဖြစ်ခဲ့သော် "သံဃဿ" နေရာမှာ "အာယသ္မတော တိဿထေရဿ,အာယသ္မတော သုမနထေရဿ" စသည်ဖြင့် ကျောင်းရှင်ပုဂ္ဂိုလ်၏ ဘွဲ့အမည်ကို ထည့်လေ။

ကျောင်း-ဟူသော ဂိရာနိဿယအမြွက် ပြီး၏။

---

## ဆေး-ဟူသော ဂိရာနိဿယအမြွက်

၁၅၄။ သတ္တာ, ဧဝ၊ ကာလိက၊ ဥယဆေးပစ္စည်း။

ဆေးပစ္စည်း ၂-မျိုး။ ။ဆေးပစ္စည်းသည်—

၁။ ထောပတ်, ဆီဦး, ပျား, တင်လဲ-ဟူသော သတ္တာဟကာလိကမျိုး,

၂။ ရေယ်, ပိတ်ချင်း, ချင်း, ဇီးဖြူ,သျှိသျှား, သဖန်းခါး စသော ယာဝဇီဝိကမျိုး-ဟူ၍ ၂-မျိုးရှိ၏။

www.dhammaransi.com



**၁၅၅။ အနာကြီးငယ်၊ ရောဂါသယ်၊ မှီဘွယ်နိဿယည်း။**

**အဓိပ္ပါယ်။** ။ဆေးပစ္စည်းသည် နေလွဲသော အခါ၌ အနာ-ဟူသော ဝေလည္အကြောင်းရှိမှ သုံးဆောင်ရသည်၊ ဝေလည္အကြောင်းမှာလည်း လျော်ရာ လျော်ရာ သူ့အနာနှင့် သူ့ဆေးကိုသာ လိုအပ်၏၊ မိမိသန္တာန်၌ရှိသော အနာကို အမြွက်ထောင်၍ ထိုအနာနှင့်မဆိုင်ပါဘဲ စားလိုရာရာဆေးကို မစား,မသောက်အပ်။

**၁၅၆။ အတွင်းအပြင်၊ နှစ်မျိုးထင်၊ မျိုလျှင်အတွင်းကည်း။**

**၁၅၇။ အတွင်းဂရု၊ ပြင်လဟု၊ နှစ်ခုခွဲဝေနည်း။**

**တနည်းဆေးပစ္စည်း၂-မျိုး။** ။ဆေးပစ္စည်းသည်-

၁။ အတွင်း အသုံးအဆောင်မျိုး,

၂။ အပအသုံးအဆောင်မျိုး-ဟူ၍ ၂-မျိုး ထင်၏။

၁။ လည်ချောင်းတွင်းသို့ မျိုရန်ဝတ္ထုမျိုးသည် အတွင်း အသုံး အဆောင်မျိုး မည်၏။

၂။ လည်ချောင်းပေါက်မှ အပဖြစ်သော ကိုယ်အင်္ဂါတို့၌ လိမ်းကျံခြင်း စသည်ဖြင့် သုံးဆောင်အပ်သော ဝတ္ထုမျိုးသည် အပအသုံး အဆောင် မျိုး မည်၏။

**မှတ်ချက်။** ။ခံတွင်းသည်လည်း ဤအရာ၌ အပအင်္ဂါပင်ဖြစ်၏၊ ဝမ်းတွင်းသို့ မျိုရန်မဟုတ်ဘဲ ခံတွင်းထဲ၌သာ ဝါးရန်,ငုံရန် ဝတ္ထုမျိုးသည်လည်း အပအသုံးအဆောင်မျိုးပင်ဖြစ်၏၊ လည်ချောင်းတွင်းသို့ မဝင်အောင်တတ်နိုင်ပေမူကား အကပ်မခံသော ဝက်သား,ကြက်သား,ငါး, အမဲတို့ကိုပင် နေလွဲသောအခါ၌ ခံတွင်းမှာထည့်သွင်း၍ ငုံခြင်း,ဝါးခြင်း လျှာအရသာကို ခံစားခြင်းငှာအပ်၏၊ ဗာဟိရ သုံးဆောင်မှုဖြစ်သောကြောင့် အကပ်မခံသည့်အတွက် နေလွဲသည့်အတွက်နှင့် အပြစ်မရှိ။

www.dhammaransi.com



ဂရု,လဟု-ဝေဘန်ချက်။ ၁။ ထို ၂-မျိုးတို့တွင် အတွင်း အသုံး အဆောင်မျိုးသည် ဘောဇနဝဂ်၌ လာသော သန္နိဓိ, အဒိန္န ဝိကာလ ဘောဇန-စသော ပါစိတ် အာပတ်ကြီးတို့၏ အရာဖြစ်၍ ဂရုဖြစ်၏၊ လေး၏။

၂။ အပ အသုံးအဆောင် မျိုးသည် ထိုသိက္ခာပုဒ်ကြီး တို့၏ အရာ မဟုတ်သောကြောင့် လဟုဖြစ်၏၊ ပေါ့၏။

မှတ်ချက်။ ။ထိုအာပတ်တို့တွင်လည်း ဝိကာလဘောဇန အာပတ်သည် သန္နိဓိအာပတ်, အဒိန္နအာပတ်တို့ထက် ပေါ့၏၊ ရှေးရှေးနေ့က အကပ်ခံ၍ ထားသော ဒန်ပူကို နောက်နောက်နေ့၌ စားရာဒန်ပူရည်နှင့် ယာဝကာလိက ဝတ္ထုရောနှော၍ လည်ချောင်းသို့ ဝင်သည်ဖြစ်အံ့-သန္နိဓိ ပါစိတ်သင့်၏။

နေလွဲသောအခါ၌ အဖျော်ရည်နှင့်ရောနှော၍ လည်ချောင်းသို့ ဝင်သည်ဖြစ်အံ့-သန္နိဓိ ပါစိတ်သင့်၏၊ ဝိကာလဘောဇန အာပတ်မူကား မသင့်။

သွား,ခံတွင်းကို စင်ကြယ်စေခြင်းငှာ အရုဏ်မတက်မီအခါ၌ အကပ်မခံသော ဒန်ပူကိုစားကြရာ ဒန်ပူရည်သည် လည်ချောင်းသို့ ဝင်ခဲ့သော်-အဒိန္န အာပတ်သင့်၏၊ ဝိကာလဘောဇန အာပတ်မသင့်။

အဘယ်ကြောင့်နည်းဆိုသော် သွား,ခံတွင်းကို စင်ကြယ်စေရန် အကြောင်းအမြွက် ထင်ရှားရှိပေသောကြောင့် တည်း။

နောက်ကာလိက ၂-ပါးတို့၌ ထိုကဲ့သို့သော အကြောင်းအမြွက်ရှိပေလျှင်ပင် ဝိကာလဘောဇန အာပတ်သည် လွတ်ကင်းတတ်၏၊ အာဗာဓ-ဂေလည အကြောင်းရှိမှသာလွတ်ကင်းတတ်သည်မဟုတ်-ဟု အဋ္ဌကထာနည်းအားဖြင့် သိအပ်၏၊သက်သက်သော အခိုးမျိုး,အနံ့မျိုးတို့သည်ကား ကာလိက ၄-ပါးမှ လွတ်ကုန်၏။

www.dhammaransi.com



**၁၅၈။ ပစ္စုပ်, နာဂတ်၊ နာ, နှစ်ရပ်၊ ရအပ်ပါသည်ချည်း။**

**အနာ ၂-မျိုး။** ။ယခုကိုယ်ခန္ဓာ၌ ဖြစ်၍နေဆဲဖြစ်သော ပစ္စုပ္ပန်အနာ၊ ရှေ့သို့ ဖြစ်လာမည်ကို စိုးရိမ်ရသော အနာဂတ်အနာ ၂-မျိုးလုံးကိုပင် ရသင့်၏။

ပုတီးစိပ် ပါဠိ၌ ''ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိ-ဃာတာယ''ဟူသောပါဌ်ဖြင့် ဥပ္ပန္န-ဖြစ်သော ပစ္စုပ္ပန်အနာအတွက် စားသောက်ရသော ဆေးမျိုး၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံကို ပြတော်မူ၏။

''အဗျာပဇ္ဈပရမတာယ''ပါဌ်ဖြင့်ရှေ့သို့ဖြစ်လာမည် စိုးရိမ်ရသော အနာဂတ်အနာအတွက် စားသောက်ရသော ပါဒရက်ဆေး, အာယုဝဍ္ဎနဆေးတို့၌ ပစ္စဝေက္ခဏာဆင်ခြင်ပုံကို ပြတော်မူ၏။

**၁၅၉။ အကြွင်း ဆိုဘွယ်၊ အသွယ်သွယ်၊ ရှေးဝယ်ဆိုပြီးနည်း။**

**အဓိပ္ပါယ်။** ။ဤဆေးပစ္စည်းအရာ၌ အသွယ်သွယ် ဆိုဘွယ်အကြွင်းများကို ရှေးကာလိက ၄-ပါးအရာ၌ ဆိုခဲ့ပြီ။

**၁၆၀။ ဆေးကု, ဆေးပေး၊ ဆေးနည်းပေး၊ ရွေးလေ-အပ်, မအပ်။**

**အဓိပ္ပါယ်။** ။ဆေးကုမှု, မိမိ၌ရှိသော ဆေးကိုပေးမှု, ဆေးနည်းများကိုပြောကြားပေးမှုများ၌ အပ်,မအပ်ကို ရွေးချယ်ရာ၏၊ဘယ်ဟာကိုစားလော့၊ သောက်လော့၊ ရေချိုးလော့၊ ချွေးအောင်းလော့-စသည်ဖြင့် သူနာအား ဆေးဝါးခတ်စာကိုပြောကြားမှု၊ ယာယီယတြာ, ဂါထာ မန္တရား, အင်းအိုင်များနှင့် ကုစားမှုတို့ကို ဆေးကုမှုအသီးဆိုသည်။

**၁၆၁။ သီတင်း ဘော်-ငါး၊ နှစ်ပါး မိ,ဘ၊ ကပ္ပိယ၊ မိ,ဘလုပ်ကျွေးသူ။**

**၁၆၂။ ရှင်,ရဟန်းလောင်း၊ ကျောင်းမှီ,ကျောင်းကပ်၊ ဆဲ့နှစ်ရပ်ကုအပ်,ပေးအပ်သူ။**

**၁၆၃။ ဆွေမျိုးနွယ်စပ်၊ မကျန်းလတ်၊ကုအပ်,ပြောအပ်သူ။**

**၁၆၄။ ဆေးဝါးသူ့မှာ၊ မရှိရာ၊ပေးပါနိုက်တန်ဟူ။**

**၁၆၅။ ထိုမှကြွင်းငြား၊သူစိမ်းများ၊ သုံးပါးမအပ်ယူ။**

**အဓိပ္ပါယ်။** (က) သီတင်းသုံးဘော် ၅-ဦး,

(ခ) မိမိ၏ အမိ,အဘ ၂-ပါး,

www.dhammaransi.com



(ဂ) မိမိ၏ ကပ္ပိယကာရက,
(ဃ) မိမိ၏အမိ, အဘတို့ကို လုပ်ကျွေးတမူ ပြုပေသောသူ,
(င) ကျောင်း၌နေသော ရှင်လောင်း, ရဟန်းလောင်း,
(စ) ရဟန်းတို့ကိုမှီ၍ ကျောင်း၌နေသော ကျောင်းမှီကျောင်းကပ်။

ဤတကျိပ်တယောက်တို့ မကျန်းမမာရှိသော် ဆေးကုမှု, မိမိ၌ရှိသောဆေးကို ပေးမှုမရှိလျှင် ရှာကြံ၍ပေးမှု,ဆေးနည်းပေးမှု, ဆေးနည်းပြောမှု အလုံးစုံအပ်ပါ၏။

**မှတ်ချက်။** ။မိမိ၏ဆွေ ၇-ဆက် မျိုး ၇-ဆက်တွင် ပါဝင်သောသူဖြစ်အံ့-မိမိ၏ဆေးကိုမပေးအပ်၊ပါးစပ်ပြောနှင့်ကုရ၏၊ဆေးနည်းပြောရ၏၊သူ့မှာမရှိခဲ့သော် နောင်အနာပျောက်ငြိမ်းသောအခါ၌ အစားပေးရလိမ့်မည်ဆို၍ အခိုက်အတန့်အနေအားဖြင့် မိမိဆေးကို စိုက်ထုတ်၍ပေးနှင့်ရ၏၊ နောင်အခါမပေးသော်လည်း တောင်းဘွယ်ကိစ္စမရှိ။

ဤသူတို့မှကြွင်းသော သူစိမ်းပြင်ပဖြစ်သူတို့ မကျန်းမမာရှိရာ၌ကားကုလည်းမကုအပ်၊ ပေးလည်းမပေးအပ်၊ဆေးဝါးဓာတ်စာ နည်းလမ်းများကိုပင် မပြောအပ်၊ ပြောလိုက်သော် တစုံတယောက်သောသူကိုမိမိနေရာ၌တံပြက်လှည်းမှု, အမှိုက်ကျုံးမှု, ရေခပ်မှု-စသည်ကို ပြုစေ၍ဝေယျာဝစ္စကရအရာ၌ တည်သောအခါ ထိုသူအား ပေးရာ၏၊ ပြောရာ၏၊ ထိုသူကတဆင့်ပေးသော်,ပြောသော် ရဟန်းမှာအပြစ်မရှိ။

သူနာတင်းလင်းနှင့် ပဟုတ်ဘဲ မိမိမျက်မှောက်သို့ ရောက်လာသူတို့အား ကျန်းမာရန်အခွင့်အလမ်းများကို သင်ကြားဆုံးမသောအားဖြင့်နည်းကို ပြောကြားရာ၌ကား အပြစ်မရှိဟု-ငါတို့ယူ၏။

**၁၆၆။ ခွင့်မပြုပါ၊မလျော်ရာ၌၊ သဒ္ဓါလျှရေး၊ ပစ္စည်းလေး၊ ပေးလျှင်ဒုက္ကဋ်ဟူ။**

**အဓိပ္ပါယ်။** ။သဒ္ဓါဒေယျ ပစ္စည်းဝတ္ထုတို့ကို ဘုရားခွင့်မပြုသောသူအား ပေးခဲ့သော်ငင်း၊ ရဟန်းတော်တို့အား မလျော်သောအမှုတို့၌

www.dhammaransi.com



သုံးစွဲခဲ့သော်ငြား သဒ္ဓါဒေယျဝိနိပါတနဒုက္ကဋ်သင့်၏၊ အာပတ်ပင်ငယ်သော်လည်း သံသရာပြစ်ဆိုးဝါးလှ၏၊ ငါပိုင်သောဝတ္ထုဖြစ်သည်-ဟု မတော်ရာ၌ ဖြုန်းတီး၍မပစ်ရာ၊ သတိရှိကြစေကုန်။

ဆေး-ဟူသော မိုရာနိဿယအမြွက် ပြီး၏။

---

## အမှို ၄-ပါး

**၁၆၇။ နှစ်-ဝိညတ္တိ၊ ပရိကထာ၊ ဩဘာသာ၊ တဖြာ-နိမိတ္တ။**

**၁၆၈။ တောင်းမှုကား-ဝိ၊ ပရိ-ရိပ် ရည်၊ ချိတ်သည် ဩဘာ နိမိတ်မှာ၊ လိုရာလုပ်၍ပြ။**

**ပယောဂမှု ၄-ပါး။** ။ပစ္စည်း ၄-ပါး အတွက်နှင့် ပယောဂပြုမှုသည် ၄-ပါးရှိ၏။

၁။ ဝိညတ် ၁-ပါး,

၂။ ပရိကထာ ၁-ပါး,

၃။ ဩဘာသ ၁-ပါး,

၄။ နိမိတ် ၁-ပါး။

**အဓိပ္ပါယ်။** ၁။ တိုက်ရိုက် တောင်းသည်ကား-ဝိညတ်၊ ထိုဝိညတ်သည် ကာယဝိညတ်, ဝစီဝိညတ် ၂-ပါးရှိ၏။

၂။ စောင်းဘဲရိပ်ချည်ပြောဆိုသည်ကား-ပရိကထာ။

၃။ မရှောင်သာအောင် ချိတ်ငင်စကားပြောဆိုသည်ကား-ဩဘာသ။

၄။ လိုရာကိုပြုလုပ်၍ ပြသည်ကား-နိမိတ္တ။

**မှတ်ချက်။** ။အလိုရှိရာကို လက်နှင့်ပြ၍ တောင်းသည်ကား-ကာယဝိညတ်မှုတည်း၊ဘယ်သင်းကိုလှူပါ-ဟု နှုတ်မြွက်၍ တောင်းသည်ကား-ဝစီဝိညတ်တည်း။

**၁၆၉။ ဆွမ်း, သင်္ကန်းမှာ၊ တိုလေးဖြာ၊ ဝေးစွာကြဉ်အပ်စွ။**

**၁၇၀။ ကျောင်းပစ္စည်းမှာ၊ မပြုရာ၊ နှစ်ဖြာ-ဝိညတ္တ။**

**၁၇၁။ ဆေးပစ္စည်းမှာ၊ ဂိလာနာ၊ လေးဖြာကပ္ပိယ။**

**အဓိပ္ပါယ်။** ။ဆွမ်းပစ္စည်း, သင်္ကန်းပစ္စည်းတို့မှာ အဆွေ မတော်သောသူ, မဘိတ် မကြားသောသူတို့၌ ထို ၄-ပါးလုံးမအပ်၊ အလိုရှိမှု

www.dhammaransi.com



''ဥဒ္ဒိဿအရိယာ တိဋ္ဌန္တိ၊ သော အရိယယာစနာ-ဟူသော ပါဠိနှင့်အညီ လိုသူ့ဘိုရှေ့ရှုချာသွား၍ ကာယဝိညတ်ဖြင့် ရပ်ရာ၏၊ ဘာကို အလိုရှိတော်မူပါသနည်း-ဟု မေးမှ ဘာကိုအလိုရှိသည်-ဟု ဝစီဝိညတ်ကိုပြုအပ်၏။

ကျောင်းပစ္စည်းမှာ ဝိညတ် ၂-ပါးမအပ်၊ အကြွင်း ၃-ပါးအပ်၏၊ ဂိလာနပုဂ္ဂိုလ်အား ဆေးပစ္စည်းမှာ ၄-ပါးလုံးအပ်၏။

၁၇၂။ မှီရာ လေးသင်း၊ ပာရိကျော့ကွင်း၊ ဝဋ္ဋ်တွင်းနက်လေ့ဇ။

၁၇၃။ ရဟန်းပြီရေး၊ အမှီလေး၊ မှီရေးလိမ်ပာမှု။

အဓိပ္ပါယ်။ ။ဤမှီရာ-ဟူသော ပစ္စည်း ၄-ပါးကို မာရ်နတ်မင်းကျော့ကွင်း-ဟူ၍ ဟောတော်မူ၏၊ သာယာတွယ်ငြိ၍ ကျော့ကွင်း မိခဲ့လျှင် ဝဋ်ဒုက္ခတွင်း နက်လှ၏။ ။[ဤအမှီ ၄-ပါး၌ မှီရေးလိမ်မာကြမှ ရဟန်းကောင်း ဖြစ်ကြမည်-ဟူလိုသည်။]

အမှီ ၄-ပါး ပြီး၏။

## ပါရာဇိက

၁၇၄။ လူ, နတ်, တိရိတ်၊ ပြိတ်, ဘီလူးတုံ၊ ဤငါးစုံ၊ မေထုန် ဝတ္ထုချည်း။

မေထုန်ဝတ္ထု ၅-မျိုး။ ၁။ လူမျိုး,
၂။ နတ်မျိုး,
၃။ ဘီလူးမျိုး,
၄။ ပြိတ္တာမျိုး,
၅။ တိရိစ္ဆာန်မျိုး၊ မေထုန်မှု မြောက်လိုက်သောမေထုန် ဝတ္ထု ၅-မျိုး။

၁၇၅။ အယီး, အမ၊ ပဏ္ဍက၊ ဥဘယဥဘောဗျည်း။

အဓိပ္ပါယ်။ ။၁။ ယောက်ျား,
၂။ မိန်းမ,
၃။ ပဏ္ဍုက်,
၄-၅။ ဥဘတောဗျည်း ၂-မျိုး၊ ဣတ္ထိ ဥဘတောဗျည်း၊ ပုရိသ ဥဘတောဗျည်း။

www.dhammaransi.com



**၁၇၆။ ကျောင်းကြောင်းနှစ်ပါး၊ ခံတွင်းအား၊ သုံးပါးမဂ်ခေါ်နည်း။**

**မဂ် ၃-ပါး။** ။ကျောင်ကြီးကြောင်း-၁,
ကျောင်ငယ်ကြောင်း-၁,
ခံတွင်းပေါက်-၁၊ မဂ် ၃-ပါးမည်၏။

**၁၇၇။ မဂ်သုံးခုမှာ၊ စိုစွတ်ရာ၊ ပမာနှမ်းမျှတည်း။**

**၁၇၈။ နိမိတ်ရောက်ထိ၊ သာယာမိ၊ ပါရာဇိကချည်း။**

**အဓိပ္ပါယ်။** ။မဂ်အပေါင်းတို့တွင် တခုခုသောမဂ်၌ မိမိ၏ပယောဂနှင့်သော်ငှင်း၊ သူတပါး၏ ပယောဂနှင့်သော်ငှင်း၊ စိုစွတ်ရာ အရပ်တွင်းသို့ နှမ်းတစေ့ခန့်မျှ မိမိ၏အင်္ဂါနိမိတ်ရောက်သည်, ထိသည်ကို သာယာသောစိတ် ဖြစ်ငြားအံ့၊ ပါရာဇိကကျ၏၊ သာယာဆဲခဏ၌ ရဟန်းဘဝမှလည်း ရွေ့လျော၏၊ နောင်လည်း ရဟန်းတဘန် မပြုထိုက်ပြီ-ဟူလို။

**၁၇၉။ ရွှေစင်တမတ်၊ ငွေငါးကျပ်၊ ထိုက်လတ်လူ့ပစ္စည်း။**

**၁၈၀။ ခိုးခြင်းဆဲ့ငါးပါး၊ တပါးပါး၊ ခိုးငြားရှုံးခဲ့ပြီ။**

**အဓိပ္ပါယ်။** ။ရွှေစင်တမတ် ထိုက်တန်သောဝတ္ထုသည် ပါရာဇိကကျလောက်၏၊ငွေနှင့်တိုင်းတာမူ ငွေစင်ငွေကောင်း ၅-ကျပ်ထိုက်တန်လျှင်ပါရာဇိကကျလောက်၏၊ လူမျိုးဇာတိရှိသောသူ၏ဥစ္စာမှသာ ပါရာဇိကကျ၏၊ နတ်,ဘီလူး, ပြိတ္တာ, တိရစ္ဆာန်တို့၏ဥစ္စာ၌ ပါရာဇိကမကျ၊ ထိုဥစ္စာကို ၁၅-ပါးသော ခိုးခြင်းတို့တွင် တပါးပါးသော ခိုးခြင်းဖြင့် ခိုးယူငြားအံ့၊ ရှုံးခြင်းသို့ရောက်ပြီမှတ်။

ခိုးခြင်း ၂၅-ပါးရှိသည်တွင် နာနာဘဏ္ဍပဥ္စက,ဧကဘဏ္ဍပဥ္စက ၂-ပါးသည် ကြွင်းသောပဥ္စက ၃-ပါးတို့၌ အတွင်းဝင်လေသောကြောင့် ဤ၌ ၁၅-ပါးဆိုသည်။

**၁၈၁။ ကိုယ်တိုင်, စေနည်း၊ စွန့်လွှတ်နည်း၊ ကျိုးပြီး ဝန်ချငါး။**

**ခိုးနည်း ၅-ပါး။** ၁။ ကိုယ်တိုင်ခိုးနည်း,
၂။ စေခိုင်း၍ခိုးနည်း,
၃။ စွန့်လွှတ်၍ခိုးနည်း,

www.dhammaransi.com



၄။ မခိုးမီကပင် ခိုးခြင်းအကျိုးပြီးစီးနှင့်ရသော ခိုးနည်း,
၅။ ဝန်ချမှုနှင့် ပြီးစီးသောခိုးနည်း-ဟူ၍၅-ပါး။
[သာဟတ္ထိကပဉ္စကတည်း။]

၁၀၂။ ရှေးကျ,ပြိုင်ကျ၊ တိုင်ပင်ကျ၊ ချိန်းကျ,မှတ်ကျငါး။

ကျနည်း ၅-ပါး။ ၁။ ခိုးမှုပယောဂမပြီးမီ ရှေး၌ ပါရာဇိက ကျနည်း,
၂။ ခိုးမှုပယောဂနှင့် အတူတကွ ပြိုင်၍ကျနည်း,
၃။ မခိုးမီပင် တိုင်ပင်ရာ၌ကျနည်း,
၄။ မခိုးမီပင် အချိန်ပေးမှုချိန်းချက်မှု၌ကျနည်း,
၅။ မခိုးမီပင် အမှတ်သညာပေးမှု၌ ကျနည်း-ဟူ၍ ၅-ပါး။ ။[ပုဗ္ဗပယောဂ ပဉ္စကတည်း။]

၁၀၃။ ချောင်းလိမ်,နိုင်ထက်၊ကြံဘန်ချက်၊ဖုံးဖွက်,ပြောင်းကမ္ပည်း။

ယူနည်း ၅-ပါး။ ၁။ ချောင်းမြောင်းဖုံးကွယ် လိမ်လည်လှည့်စား၍ယူနည်း,
၂။ အနိုင်အထက်ကျင့်၍ယူနည်း,
၃။ ကြံဘန်မှန်းဆ၍ ယူနည်း,
၄။ ဝတ္ထုကိုဖုံးဖွက်၍ယူနည်း,
၅။ လိပ်ကမ္ပည်းဒဏ်ပြောင်းလဲ၍ ယူနည်း-ဟူ၍ ၅-ပါး။ ။[ထေယျာဝဟာရ ပဉ္စကတည်း။]

၁၀၄။ လူ့အသက်ကို၊သေစေလို၊ကိုယ်,နှုတ်စေ့ဆော်ဘိ။

၁၀၄။ စေ့ဆော်ချက်ကြောင့်၊အသက်ဇီဝ၊ သေဆုံးက၊ ကျပြီးပါရာဇိ။

အဓိပ္ပါယ်။ ။လူသတ္တဝါ၏ အသက်ကို သေစေလိုသော စိတ်ဖြင့် ကိုယ်ပယောဂ, နှုတ်ပယောဂကိုပြုသော် ထိုပယောဂကြောင့် ထိုလူသတ္တဝါသေခဲ့အံ့၊ ပါရာဇိက ကျ၏။

www.dhammaransi.com



**၁၀၆။ ကိုယ်တိုင်, နိုင်းစေ၊ပစ်လွှတ်ထွေ၊ ပုံသေ ထာဝရ။**

**၁၀၇။ ဝိဇ္ဇာမန္တန်၊ တန်းခိုးဘန်၊ ခြောက်တန်ပယောဂ။**

**ပယောဂ ၆-ပါး။** ၁။ ကိုယ်တိုင်သတ်ခြင်း,
၂။ သူတပါးကို ခိုင်းစေ၍ သတ်ခြင်း,
၃။ လက်နက်နှင့်ပစ်လွှတ်၍ သတ်ခြင်း,
၄။ ထာဝရပယောဂကိုပြု၍ သတ်ခြင်း,
၅။ မန္တန် မန္တရား, ဆေးဝါး, အင်းအိုင်-ဟူသော ဝိဇ္ဇာမယ အတတ်နှင့် သတ်ခြင်း,
၆။ ကမ္မဝိပါကဇိဒ္ဓိတန်ခိုးနှင့် သတ်ခြင်း-ဟူ၍ ပယောဂ ၆-ပါး ရှိ၏။

**၁၀၈။ ဝတ္ထု, ကာလ၊ ဩကာသ၊ သတ္ထ, ဣရိယာ။**

**၁၀၉။ အမှုထွေပြား၊ ဤခြောက်ပါး၊ သူ့အား စေခိုင်းရာ။**

**အဓိပ္ပါယ်။** ၁။ သတ်အပ်သောသူ-ဟူသော ဝတ္ထု,
၂။ အချိန်ကာလ,
၃။ အရပ်ဌာန,
၄။ လက်နက်,
၅။ ဣရိယာပုထ်,
၆။ ထိုးခြင်း,ခုတ်ခြင်း စသော သတ်မှုကြိယာအထွေအပြား၊ ဤကား သူတပါးအား စေခိုင်းရာ၌ စေခိုင်းသူ ကံမြောက်သည်, မမြောက်သည်ကို ဆုံးဖြတ်ကြောင်း ၆-ပါးတည်း။

**ကံမြောက်,မမြောက်။** ။ဤသူကို သတ်ချေ-ဟု စေရာ၌ ထိုသူကို သတ်မှ စေခိုင်းသူ ကံမြောက်သည်၊တပါးသူကိုသတ်လျှင် ကံမမြောက်၊ ဤအချိန်မှာ သတ်ချေ-ဟု စေရာ၌ ထိုအချိန်မှာသတ်မှ စေခိုင်းသူ ကံမြောက်သည်၊ အချိန်လွဲလျှင် စေခိုင်းသူ ကံမမြောက်။

**မှတ်ချက်။** ။ဤအတူ နေရာအရပ်ဌာနကိုမှတ်၍ စေခိုင်းရာ၌ဍင်း၊ မည်သည့်ဣရိယာပုထ်မှာသတ်လေ-ဟုဣရိယာပုထ်ကိုမှတ်၍စေခိုင်းရာ၌ဍင်း၊ထိုးခြင်း,ခုတ်ခြင်း စသည်တို့တွင် တခုခုကိုမှတ်၍ စေခိုင်းရာ၌ဍင်း၊

www.dhammaransi.com



စေခိုင်းတိုင်းကျမှ"စေခိုင်းသူ ကံမြောက်သည်၊ တခုခုလွဲလျှင် စေခိုင်းသူ လွတ်လေ၏။

### ၁၉၀။ တိုက်တွန်း, ချီးမွမ်း၊ သေဘိုညွှန်း၊ ၈ွန်းပြီထိုသူ့မှာ။

**အဓိပ္ပါယ်။** ။မသေတွဲနိုင်သောသူကိုသေတွဲနိုင်အောင်တိုက်တွန်းမှု၊ မသေချင်သောသူ, မသေဝံ့သောသူကို သေချင်အောင်, သေဝံ့အောင် သေမှုကိုချီးမွမ်းမှု၊သေလိုသောသူကို သေရန်နည်းလမ်း ပြညွှန်းမှုများ သည်လည်း ပယောဂစွန်းပြီးလျက်ရှိ၏၊ ထိုပယောဂကြောင့် သေခဲ့လျှင် ပါရာဇိက ကျ၏။

### ၁၉၁။ ဈာန်, မဂ်, ဖိုလ်ကို၊ ကိုယ်၌ရှိပြ၊ ပြောကြားမှု၊ မုသား ပါရာဇိ။

**အဓိပ္ပါယ်။** ။မိမိကိုယ်၌ မရှိသော ဈာန်,မဂ်,ဖိုလ်တို့ကို မိမိကိုယ်၌ အရှိပြု၍ လူ့ဘောင်၌ ရှိသောသူအား မုသားစိုက်၍ တိုက်ရိုက်ပြောကြား ခဲ့သည်ရှိသော် ပါရာဇိက ကျ၏။

### ၁၉၂။ ရဟန်းတော်များ၊ မပြောပြောဘဲ၊ လျောက်လျားကိုယ်စိုး၊ ရှင်လုပ်မျိုး၊ လိင်ခိုးပါရာဇိ။

**အဓိပ္ပါယ်။** ။ရဟန်းများထံ သက်န်းတောင်းမှု,သက်န်းပေးမှု မရှိ၊ မိမိအလိုအလျောက် ကိုယ်စိုးရ, စိတ်စိုးရ သင်္ကန်းကိုဝတ်၍ ရှင်သာ မဏေလုပ်သော အမှုမျိုးသည် လိင်ခိုးပါရာဇိက မည်၏၊ ဤသို့ဝတ် ပြီး၍နောက်၌ ရဟန်းကောင်း, ရှင်ကောင်းများနှင့် ပေါင်းဘော်ခြင်း ကိုပြုပြန်မှုကားလိင်ခိုးထေရ်ခိုး ၂-မျိုးဖြစ်၏၊[ဥဘယထေနက-ခေါ်၏။]

### ၁၉၃။ ကပ်, မင်း, ရန်သူ၊ ခိုးသူ-ထားပြ၊ ကန္တာရ၊ ရောဂ အပ်ကြောင်းရှိ။

**အဓိပ္ပါယ်။** ။ကပ်ဥပါဒ်ဘေး, မင်းဘေး,ရန်သူဘေး, ခိုးသူ-ထား ပြဘေး, ကန္တာရခရီးခဲဘေး,မိမိ၌စွဲရှိသော အနာရောဂါဘေး၊ဤဘေး စုမှ လွတ်ခြင်းငှာ သင်္ကန်းကို အလို အလျောက် ဝတ်သော်လည်း အ ပြစ်မရှိ။

www.dhammaransi.com



**၁၉၄။ အကြောင်းရှိ၍၊ ဝတ်မိပြီးခါ၊ သာမဏေကောင်း၊ ရဟန်း ကောင်းနှင့်၊ ပေါင်းဘော်သမျိုး၊ စိတ်မရိုး၊ ထေရ်နိုးပါရာဇိ။**

**အဓိပ္ပါယ်။** ။ကပ်ဘေး စသည်မှ လွန်မြောက်နိုင်ရန် မိမိအလိုလို သင်္ကန်းကို ဝတ်ပြီးသော အခါ၌ တပါးသော သာမဏေကောင်း, ရဟန်းကောင်းတို့နှင့် တွေ့ကြုံသောအခါ မိမိကိုယ်ကို ဟုတ်မှန်တိုင်း ပြောကြားရမည်ကို မပြောကြားဘဲ၊ ရှင်ကောင်း, ရဟန်းကောင်းတို့နှင့် ပေါင်းဘော် ဆက်ဆံခြင်းကို ပြုခဲ့အံ့၊မရိုးမဖြောင့်သောစိတ်ဖြင့် ပေါင်းဘော်ခြင်းကြောင့် ထေရ်နိုးပါရာဇိက ရောက်၏။

**၁၉၅။ သာမဏေစင်၊ ဖြစ်လျက် ပင်ကို၊ သဃ်ာနှင့်သာ၊ တွေ့သော ခါ၌၊ငါရဟန်းဟု၊ပြခန်းတမျိုး၊ စိတ်မရိုး၊ ထေရ်နိုးပါရာဇိ။**

**အဓိပ္ပါယ်။** ။သာမဏေကောင်းသည် ရဟန်းများနှင့် တွေ့ကြုံသော အခါ၌ မိမိကိုယ်ကို ရဟန်း-ဟု ပြောပြောအံ့၊ ထေရ်နိုး ပါရာဇိက ရောက်၏။

**၁၉၆။ ရဟန်းစင်ဘိ၊ တိတ္ထိအယူ၊ အသွင်ယူ၊ မှတ်ယူပါရာဇိ။**

**အဓိပ္ပါယ်။** ။ရဟန်းဖြစ်ပါလျက် တိတ္ထိတို့၏ အယူကို နှစ်သက်၍ တိတ္ထိတို့၏ အသွင်ကို ယူခဲ့အံ့၊ ပါရာဇိက ကျ၏။

**၁၉၇။ မိ, ဘ, ရဟန္တာ၊ သတ်သုံးဖြာ၊ သံဃာသင်းခွဲမှု။**

**၁၉၈။ သွေးစိမ်းတည်စေ၊ ဉာဏ်ငါးထွေ၊ ရှုံးလေရှင်ဖြစ်မှု။**

**အနန္တရိယကံ၅-ပါး။**
၁။ အမိကို သတ်သောသူ,
၂။ အဘကို သတ်သောသူ,
၃။ ရဟန္တာကို သတ်သောသူ,
၄။ သံဃာကို သင်းခွဲသောသူ,
၅။ မြတ်စွာဘုရား၌ သွေးစိမ်းတည်အောင် ပြုသောသူ။

www.dhammaransi.com



၁၉၉။ ဘိက္ခုနီအား၊မဂ်သုံးပါး၊ပြစ်မှား ကျူးလွန်ပြ။ [သိသာပြီ။]

၂၀၀။ ဥဘောဗျည်းပါ၊ ဤနှစ်ဖြာ၊ ပါရာဇိကစု။ [သိသာပြီ။]

ပါရာဇိကကျ ၃-မျိုး။ ၁။ လူပါရာဇိကကျ,

၂။ ရှင်သာမဏေပါရာဇိကကျ,

၃။ ရဟန်းပါရာဇိကကျ၊ ၃-မျိုး။

ပါရာဇိက ပြီး၏။

---

## သံဃာဒိသိသ်

၂၀၁။ သာယာစိတ်နှင့်၊ နိမိတ်၌မူ၊ လုံ့လကျူ၊ လွှတ်မူသံဃာဒိ။

အဓိပ္ပါယ်။ ။သုက်လွှတ်ခြင်း၌ သာယာသော စိတ်နှင့်ပယောဂ စသော ကိုယ်အင်္ဂါဖြင့်လွှတ်စေခြင်း၄ါ အင်္ဂါနိမိတ်၌လုံ့လနှင့်ပယောဂ ပြုသော ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

၂၀၂။ သာယာစိတ်နှင့်၊ ဣတ္ထိကာယ၊ တစေ၊ ထိကသံဃာဒိ။

အဓိပ္ပါယ်။ ။သုံးသပ်မှု၌ သာယာသောစိတ်ဖြင့် ဣတ္ထိတို့၏ ကိုယ် အင်္ဂါဖြစ်သော ဆံပင်,ခြေ,လက် အစရှိသည်ကိုမိမိကိုယ်အင်္ဂါဖြင့်ကိုင်မိ, ထိမိ,သုံးသပ်မိသော ရဟန်းအား သံဃာဒိသိသ်အာပတ်သင့်၏။

၂၀၃။ မ-ရုပ်, တန်းဆာ၊ ရတနာ၊ အစာစပါး-သတ်။

၂၀၄။ လက်နက်ကြိယာ၊ စည်ဘဏ္ဍာ၊ အနာမာသမှတ်။

အဓိပ္ပါယ်။ ။လူမိန်းမရုပ်, နတ်မိန်းမရုပ်,တိရစ္ဆာန်မိန်းမရုပ် အစ ရှိသော အမရုပ်မျိုး၊ မိန်းမတို့၏ ဝတ်ဆင်သော တန်းဆာမျိုး၊ ရွှေ, ငွေ, ပုလဲ, မြ, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တ မြားနီ,ပတ္တမြားပြောက်-ဟူသော ၁၀-ပါးသော ရတနာမျိုး၊ အစာ စပါး ၇-မျိုး၊ စစ်သည်တို့၏ဌင်း,သူခိုးဓားပြတို့၏ဌင်း,မုဆိုး တံငါတို့၏ ဌင်း-သတ္တဝါတပါးကို နှိပ်စက်ကြောင်းဖြစ်သော လက်နက် ကြိယာ ဘဏ္ဍာမျိုးကို ကိုင်တွယ်သုံးသပ်လျှင် ဒုက္ကဋ် အာပတ်သင့်ရာ အနာ မာသဝတ္ထုမျိုးမှတ်။

www.dhammaransi.com



**၂၀၅။ သာယာစိတ်နှင့်၊ ဣတ္ထိကိုတုံ၊ မေထုန်စကား၊ မဂ်စကား၊ ပြော ကြားသံဃာဒိ။**

**အဓိပ္ပါယ်။** ။သာယာသော စိတ်ဖြင့် ဣတ္ထိဖြစ်သူကို မေထုန်နှင့် စပ်ယှဉ်သောစကားမျိုး၊ဝစ္စ, ပဿာဝမဂ် ၂ ပါးနှင့် စပ်ယှဉ်သော စကားမျိုးတို့ကို ပြောဆိုငြားအံ့၊ သံဃာဒိသိသ်အာပတ်သင့်၏။

**၂၀၆။ သာယာစိတ်နှင့်၊ ဣတ္ထိကိုတုံ၊မေထုန်အရှု၊ချီးမွမ်းမှု၊ မှတ်ယူသံ ဃာဒိ။**

**အဓိပ္ပါယ်။** ။မိမိကို မေထုန်မှုဖြင့် ပြုစုလုပ်ကျွေးစေခြင်းငှါ ပြုစုလုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုငြားအံ့၊သံဃာဒိသိသ်သင့်၏။

**၂၀၇။ မိန်းမ,ယောကျ်ား၊ နှစ်ယောက် အားကို၊ ပယားလင်ဖြစ်၊ အောင်သွယ်လစ်၊စွန်းညစ်သံဃာဒိ။**

**အဓိပ္ပါယ်။** ။မိန်းမ,ယောကျ်ား ၂ ယောက်တို့၏ အလယ်၌ လင်မယား ဖြစ်ကြစေရန် အောင်သွယ်မှုကို ပြုသော ရဟန်းအား သံဃာဒိသိသ်သင့်၏။

**၂၀၈။ ရဟန်းအားကို၊ ကြား,မြင်, သက်ာ၊ မရှိပါဘဲ၊ သာသနာမှ၊ ရွေ့လျောကျအောင်၊အန္တိမဖြစ်၊စွပ်စွဲလစ်၊စွန်းညစ်သံဃာဒိ။**

**အဓိပ္ပါယ်။** ။ထိုအမှုကို မြင်ခြင်း,ကြားခြင်း, ယုံမှားခြင်း မရှိပါဘဲ လျက် သက်သက်အားဖြင့် သာသနာမှ ရွေ့လျောစေခြင်းငှါ တပါးသော ရဟန်းကို အန္တိမဝတ္ထုဖြင့် စွပ်စွဲစောဒနာသည် ရှိသော် သံဃာဒိသိသ်သင့်၏။

**၂၀၉။ အမျိုးအမည်၊ စသည်တူငြား၊ မှုတပါးကို၊ကြားမှု, မြင်မှု အရင်းပြုလျက်၊ ဝတ္ထုအန္တိ၊ စွပ်စွဲဘိ-စွန်းငြိ သံဃာဒိ။**

**အဓိပ္ပါယ်။** ။လူ,တိရစ္ဆာန်စသော တပါးသောသူ ပြုသည်ကို မြင်ခြင်း,ကြားခြင်း, ယုံမှားခြင်းရှိရာ၊ထိုသူ၏အမှုကိုထိုသူနှင့်အမျိုး,အမည် စသည်တူကြသော ရဟန်း တပါးအပေါ်၌ တင်စီး၍ ဤမည်သော ရဟန်းအန္တိမဝတ္ထုကိုကျူးလွန်မှုကိုငါမြင်သည်၊ငါကြားသည်၊ငါယုံမှား သက်ာရှိသည်-ဟု စွပ်စွဲစောဒနာသည်ရှိသော် သံဃာဒိသိသ်သင့်၏။

သံဃာဒိသိသ်ပြီး၏။

www.dhammaransi.com



## နိဿဂ္ဂိယ

### ၂၁၀။ သင်္ကန်းကာလ၊ တလမျှ၊ ငါးလ-ကထိန်ရှိ။

**သင်္ကန်းကာလ။** ။သင်္ကန်းကာလမည်သည် ကထိန်ခင်းမှု မရှိသော ရဟန်းမှာ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် ၁-လမျှသာရှိ၏၊ကထိန်ခင်းမှုရှိသောရဟန်းမှာ ထို ၁-လနှင့်တကွ ဆောင်း ၄-လအဆုံး တပေါင်းလပြည့်တိုင် ၅-လရ၏၊ အဓိဋ္ဌာန် ဝိကပ္ပနာနှင့် ကင်း၍ ထားခွင့်ရသော ကာလတည်း။

### ၂၁၁။ အကာလတွင်၊ ဆယ်ရက်စဉ်၊ လွန်လျှင်နိဿဂ္ဂိ။

**အဓိပ္ပါယ်။** ။ပြဆိုပြီးသော သင်္ကန်းကာလမှအပဖြစ်သော လ-စုကို အကာလဆိုသည်၊ ထိုအကာလအခါ၌ အဓိဋ္ဌာန်ဝိကပ္ပနာ လောက်သော အဝတ်သင်္ကန်းများကို မိမိကိုယ်ပိုင် ဥစ္စာအဖြစ်ဖြင့်ရသည်ရှိသော် ၁၀-ရက်တွင်း၌ အဓိဋ္ဌာန်မှု,ဝိကပ္ပနာမှု တခုခုကို ပြုရမည်၊ မပြုမူ၍ ၁၀-ရက်ကို လွန်ခဲ့သော် နိဿဂ္ဂိဖြစ်၏။

**မှတ်ချက်။** ။နိဿဂ္ဂိဖြစ်မှု ဆိုသည်ကား-သင်္ကန်းကိုလည်း ပုဂ္ဂိုလ်, ဂိုဏ်း,သံဃာတို့အား စွန့်ရ၏၊ ပါစိတ်အာပတ်ကိုလည်း ဒေသနာကြားရ၏-ဆိုလိုသည်။

စွန့်ပုံကား—

ထိုအဝတ်သင်္ကန်းကိုယူ၍ ဝိနည်းမိုရ်ရဟန်းထံသို့သွား၍အကြောင်းကို ပြန်ပြော၍—

> ''ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာတိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ—''

ဟု ဆို၍ ဝိနည်းမိုရ် ရဟန်းအား စွန့်ပြီးလျှင် ထိုအာပတ်ကို ထိုရဟန်းထံမှာ ဒေသနာကြား။

**ကြားပုံ။** ။''အဟံ ဘန္တေ ဧကံ နိဿဂ္ဂိယံ ပါစိတ္တိယံ အာပန္နော၊ တံ တုမှမူလေ ပဋိဒေသေမိ'' ဟု-ကြား။

''ပဿသိ အာဝုသော တံ အာပတ္တိံ'' ဟုဝိနည်းမိုရ်ကဆို။

''အာမ ဘန္တေ ပဿာမိ''ဟု-ဝန်ခံ။

www.dhammaransi.com



"အာယတိံ အာဝုသော သံဝရေယျာသိ" ဟု-ဆိုးမ။
"သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ" ဟု-ဝန်ခံ။
[ဒေသနာကြား အနက်လွယ်ပြီ။]
တဘန် ဝိနည်းမိုရ်က ထိုသက်န်းကို ထိုရဟန်းအား ပြန်၍ပေး။
**ပေးပုံ။** ။"ဣမံ စီဝရံ အာယသ္မတော ဒမ္မိ"ဟု ပေး ပြီးလျှင် အဓိဋ္ဌာန် ဝိကပ္ပနာတခုခု ဝိနည်းမိုရ်ရှေ့မှာပြု၍ထား၊ နိဿဂ္ဂိသက်န်း အများဖြစ်ခဲ့သော် ဗဟုဝုစ်နှင့်ဆို။
**ဆိုပုံ။** ။"ဣမာနိမေဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ"
ဒေသနာ ကြားရာ၌လည်း ၂-ထည် ဖြစ်အံ့–
"အဟံ ဘန္တေ ဒွေ နိဿဂ္ဂိယာနိ ပါစိတ္တိယာနိ အာပန္နော၊ တာနိ တုမှမူလေ ပဋိဒေသေမိ"ပဿသိ အာဝုသော တာ အာပတ္တိယော"ဟု ဆို။၃-ထည်မှစ၍အများဖြစ်ခဲ့သော်ဒွေ-နေရာမှာ"သမ္ဗဟုလာနိ"ဟုဆို။ [ဂိုဏ်း,သံဃာတို့၌ စွန့်နည်းကို ကျမ်းဂန်တို့မှာ ယူလေ။]

ဒေသနာကြားရာ၌ ပကတိ ကြားမြဲတိုင်း ကြားလိုသော် ထိုပါစိတ်ကိုပါအောင် နှလုံးသွင်း၍ ကြားလျှင်လည်း ပြီးပါ၏၊ နောက်၌လည်း ဤနည်းတူသိလေ။

**၂၁၂။ အမည်ဘော်ရင်း၊ ၃-ထည်တွင်း၊ ညဉ့်ကင်း နိဿဂ္ဂိ။**

**တိစီဝရိက်အဓိဋ္ဌာန်တင်ပုံ။** ။ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ။
ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
ဟု အမည်ကို ဘော်လျက် အဓိဋ္ဌာန်တင်၍ဆောင်သည်ကို ဝိနည်း တိစီဝရိက် ဆောင်နည်းခေါ်သည်၊ ထို ၃-ထည်အတွင်းတွင် တထည် ထည်နှင့်မျှ အရုဏ်တက်သည့် တိုင်အောင် ကင်းကွာ၍ မနေအပ်၊ နေခဲ့လျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ညဉ့်ကင်းမှု, မကင်းမှု၌ ရဟန်းနေရာဌာန အထွေအပြား၊သက်န်း ထားရာဌာန အထွေအပြားသို့လိုက်၍ ပြောဆိုဘွယ် အလွန်ကျယ်၏၊ [အဋ္ဌကထာမှာ ယူလေ။]

www.dhammaransi.com



"ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ၊အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" စွန့်ပုံ။

၂-ထည် ၃-ထည် ဖြစ်ခဲ့လျှင်—

"ဣမာနိ မေ ဘန္တေ စီဝရာနိ ရတ္တိဝိပ္ပဝုတ္ထာနိ၊ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆိုလေ။

**မှတ်ချက်။** ။ကထိန်ရှိခဲ့သော် ပလိဗောဓ ၂-ပါးမပြတ်မီ ကင်းရ၏၊ ဂိလာနဖြစ်၍ ဘိက္ခုသမ္မုတိကို ရသူဖြစ်လျှင်လည်း ကင်းရ၏၊ အကြောင်းမညီညွတ်၍ သက်န်းနှင့်ကင်းကွာ၍ အရုဏ်တက်အောင် နေရခွင့်ရှိခဲ့သော် အဝေးကနေ၍ပင် ပစ္စုဒ္ဓိုရ်ပြုရ၏၊ "တောနိ စီဝရာနိ ပစ္စုဒ္ဓရာမိ" ဟု သက်န်းရှိရာကို မှန်း၍ဆို၊ အဓိဋ္ဌာန်ကျလေ၏၊ ၁၀-ရက်မလွန်မီ တဘန်တင်ရမည်။

**၂၁၃။ ဆွေမတော်သူ၊ တောင်း၍ယူ၊ ရမှုနိဿဂ္ဂီ။**

**အဓိပ္ပါယ်။** ။မိမျိုး၇-ဆက်, ဘမျိုး၇-ဆက်မှ အလွတ်ဖြစ်၍ ဆွေမျိုးမတော်သောသူကို အဓိဋ္ဌာန် ဝိကပ္ပနာလောက်သောအဝတ်သက်န်းကိုတောင်း၍ ရခဲ့သည်ရှိသော် နိဿဂ္ဂိသင့်၏၊ခိုးသူလုယူ၍၎င်း,ပျောက်ပျက်၍၎င်း၊ သက်န်းဝတ်စရာမရှိသောအခါ ဝတ်လောက်, ရုံလောက်ရုံမျှ တောင်းရ၏။

**၂၁၄။ မဘိတ်သူက၊ လှူမည်ကြားလျှင်၊ ကောင်းစေချင်၍၊ စီရင်လေငြား၊ အတိုးပွား၊ စွန်ငြား-နိဿဂ္ဂီ။**

**အဓိပ္ပါယ်။** ။ရှေး၌ မဘိတ် မကြားဘူးသေးသောသူက မိမိကိုသက်န်းကပ်လှူလိမ့်မည်-ဟု ကြားသိလေရာ သက်န်းကို ကောင်းစေလိုလှ၍ ဘယ်လိုသက်န်းကို လှူပါ-ဟု ပြောဆိုငြားအံ့၊ လှူဒါန်းသူ ရည်မှန်းရင်းထက် အဘိုးငွေပိုမိုတိုးပွား၍ ကုန်ခဲ့သည်ရှိသော် ထိုသက်န်းနိဿဂ္ဂိဖြစ်၏၊ အဘိုးငွေ တိုးပွားမှုမရှိခဲ့လျှင် လိုရာကို ပြောဆိုရ၏။

သက်န်း၌သာ မဟုတ်၊ ကျောင်းဆောက် လှူဒါန်းရာ၌၎င်း, တပါးသောဝတ္ထုဘဏ္ဍာ လှူဒါန်းရာ၌၎င်း-အဘိုးတိုးပွားအောင် ရဟန်းက ကြောင့်ကြစိုက်ခြင်းငှာ မအပ်။

www.dhammaransi.com



**၂၁၅။ သင်္ကန်းဘိုးကို၊ ခံပါဆို၊ ကိုယ်, နှုတ်, ပယ်မြစ်ဘို။**

**၂၁၆။ ကပ္ပိယကို၊ ညွှန်းပါဆို၊ လိုရာညွှန်းအပ်၏။**

**အဓိပ္ပါယ်။** ။မလိမ်မာသောသူသည် သင်္ကန်းဘိုး ငွေဒင်္ဂါးကို ယူ၍ အရှင်ဘုရားအား သင်္ကန်းဘိုးလှူပါ၏၊သင်္ကန်းဘိုးကိုအလှူခံပါ-ဟုဆို ခဲ့လျှင် ငါတို့ရဟန်းမှာ ရွှေ,ငွေကိုအလှူမခံ၊ သင်္ကန်းကိုသာ ခံသည်-ဟု ဆို၍ ပယ်မြစ်ရမည်၊ ထိုအခါ ''ကပ္ပိယကာရကရှိပါသလော၊ ရှိလျှင် ညွှန်းပါ''ဟု ဆိုခဲ့သော်၊မည်သူရှိလေ၏-ဟု အလိုရှိရာ ညွှန်းအပ်၏။

**၂၁၇။ ရဟန်းညွှန်းလေး၊ လူညွှန်းလေး၊ ခွေ-မှာ မညွှန်းပေ။**

**ကပ္ပိယကာရက ၁၀-မျိုး။** (က) ကပ္ပိယ ကာရကသည် ရဟန်း ညွှန်း ၄-ယောက်,

(ခ) ပစ္စည်းရှင်ဖြစ်သူ လူညွှန်း ၄-ယောက်,

(ဂ) မညွှန်းရဘဲ အလိုလို ပြုလုပ်သူ ၂-ယောက် ဟူ၍ တကျိပ်ရှိ၏။

**၂၁၈။ မျက်မှောက်, မျက်ကွယ်၊ ညွှန်းနှစ်သွယ်၊ မျက်ကွယ် ၃-ယောက်ထွေ။**

**၂၁၉။ ရှေ့ဝယ် ဘိတ်သွား၊ ပြန်ဘိတ်ကြား၊ တပါးသူကိုစေ။**

**၂၀၀။ ရှုရစ်,ခံရစ်၊ အဆိုနှစ်၊ စင်စစ်—ပါကောင်းလေ။**

**အဓိပ္ပါယ်။** ။''မျက်မှောက်, မျက်ကွယ်၊ ညွှန်းနှစ်သွယ်'' ဆိုသည်ကား—

၁။ ရဟန်းညွှန်း၌ ပစ္စည်းရှင်က ကပ္ပိယကာရက ညွှန်းပါဆိုရာ ရဟန်းမျက်မှောက်မှာ ရှိသောသူကို ဤသူပင် ကပ္ပိယကာရက-ဟု မျက်မှောက် ညွှန်း၌ တယောက်,

၂။ ဝေးရာမျက်ကွယ်မှာ ရှိနေသောသူကို မည်သည့်နေရာဌာနမှာ မည်သူသည် ငါတို့၏ ကပ္ပိယကာရကဖြစ်သည်-ဟု မျက်ကွယ် ညွှန်းတယောက်,

www.dhammaransi.com



"မျက်ကွယ် ၃-ယောက်ထွေ" ဆိုသည်ကား—

ထိုရဟန်းညွှန်း ၂-ယောက်တို့တွင်မျက်ကွယ်ညွှန်းသည် ၃-ယောက် အထွေအပြားရှိပြန်၏၊ ပြားပုံကို နောက်သံပေါက်ဖြင့်ပြ၏။

၁။ မျက်ကွယ်မှာဖြစ်၍ ထိုသူ့ထံသို့ သွားမည်ရှိရာ ရဟန်းအား အပြီးဘိတ်ကြား၍ သွားသည်တရပ်,

၂။ ထိုသူ့ထံကပြန်၍ ရဟန်းအား ဘိတ်ကြားသည်တရပ်,

၃။ တပါးသူကို စေလွှတ်၍ ရဟန်းအား ဘိတ်ကြားစေသည် တရပ်-ဟူ၍ မျက်ကွယ်ညွှန်း ၃-ယောက်ဖြစ်ပြန်၏၊ ရဟန်းအား ဘိတ်ကြားပုံကို နောက်သံပေါက်ဖြင့်ပြ၏။

ထိုသူအား သင်္ကန်းဘိုးငွေမည်မျှကို အပ်ပေးခဲ့ပါမည်၊ အရှင်အလို ရှိသောအခါ ထိုသူ့ထံမှာ သင်္ကန်းကိုတောင်းခံရစ်ပါ-ဟု ဘိတ်ကြား၏၊ ထိုသူကိုလည်း ရဟန်းတော်အလိုရှိသောအခါ သင်္ကန်းဝယ်၍ လှူရစ်ပါ ဟု ပြောခဲ့၏။

**မှတ်ချက်။** ။မျက်မှောက်ညွှန်းတယောက်၊ မျက်ကွယ်ညွှန်း ၃-ယောက်၊ ရဟန်းညွှန်း ၄-ယောက်ဖြစ်၏၊ ၄-ယောက်လုံးမှပင် လှူရစ်, ခံရစ် အဆိုနှစ်ကို စင်စစ်ရကောင်း၏၊ ထိုအဆို ၂-ခုရှိမှ တောင်းအပ်သည်။

လူညွှန်း၄-မှာလည်း "မျက်မှောက်,မျက်ကွယ် ညွှန်းနှစ်သွယ်" ဆိုသည်ကား—

ကပ္ပိယကာရကကို ညွှန်းပြတော်မူပါ-ဟု လူကဆိုရာ ရဟန်းက ငါ့မှာ ကပ္ပိယကာရက မရှိ-ဟု ဆို၏၊ ထိုအခါ ပစ္စည်းရှင်ဖြစ်သူ လူက ရဟန်း မျက်မှောက်၌ ရှိနေသည့် လူတယောက်ကို အမောင်သည် ကပ္ပိယကာရကလုပ်ပါ-ဟု ပြောဆို၍ လုပ်ပါမည်-ဆိုသောအခါမှ ဤလူသည် အရှင်၏ ကပ္ပိယကာရကဖြစ်ပါသည်-ဟုညွှန်းပြ၏၊ မျက်မှောက်ညွှန်းတည်း။

အရပ်ထဲမှာမည်သူ ကပ္ပိယကာရက ပြုလုပ်ပါစေမည်၊ မျက်ကွယ်ညွှန်းတည်း။ ။[မျက်ကွယ် ၃-ယောက်ထွေပြားပုံ၊ လှူရစ်,ခံရစ်ဘိတ်ကြားပုံမှာ ရဟန်းညွှန်းနှင့်တူပြီ။]

www.dhammaransi.com



၂၂၁။ သုံးကြိမ်တောင်းအပ်၊ခြောက်ကြိမ်ရပ်၊ပြောအပ် ရဟန်းညွှန်းလေး။

၂၂၂။ အကြိမ်လွန်မိ၊ရတုံဘိ၊နိဿဂ္ဂိသင့်ရေး။

၂၂၃။ အတောင်း,အရပ်၊ကြိမ်မမှတ်၊ပြုအပ်လူညွှန်းလေး။

**အဓိပ္ပါယ်။** ။ရဟန်းညွှန်း ၄-ဦး၌ ထိုသူနှင့်တွေ့ဆုံ၍ ငါ့သင်္ကန်းအလိုရှိပြီ-ဟုနှုတ်ဖြင့်တောင်းခြင်း၊ ထိုသူ့အိမ်သို့သွား၍ ကိုယ်ဖြင့်ရပ်ခြင်းကိုပြုအပ်၏။

ထိုတွင် နှုတ်ဖြင့်တောင်းရာ၌ ၁-ကြိမ်နှင့်မလှူလျှင် ၂-ကြိမ်,၃-ကြိမ်ပင်တောင်းရ၏၊ ၃-ကြိမ်မှ*မလှူလျှင် ၆-ကြိမ်တိုင်အောင်ရပ်ရ၏၊ ၃-ကြိမ်တောင်း,၆-ကြိမ်ရပ်၍မှ မလှူခဲ့လျှင် တောင်းမှု, ရပ်မှုကို မပြုရပြီ၊ ပစ္စည်းရှင်ကိုသာ မည်သူ့ထံမှာ သင်အပ်နှံ၍ ထားသော သင်္ကန်းဘိုးသည် ငါတို့၌ အကျိုးမရှိဖြစ်နေပြီ၊ သင်တို့ဥစ္စာကို အချည်းနှီး မဖြစ်ကြစေနှင့်-ဟုပြန်ပြောရမည်၊မပြောလျှင် ဝတ္တဘေဒဒုက္ကဋ်သင့်၏၊ ၃-ကြိမ် ၆-ကြိမ်ထက်လွန်၍ တောင်းမှု,ရပ်မှုနှင့်ရခဲ့သော် နိဿဂ္ဂိသင့်၏။

လူညွှန်း၄-ဦး၌မူကား-အကြိမ်မည်မျှသာ တောင်းရသည်, ရပ်ရသည်-ဟု အရေအတွက် အမှတ်မရှိ၊ အကြိမ်တရာ, အကြိမ်တထောင်ပင်တောင်းရ၏၊ရပ်ရ၏၊ တောင်း၍,ရပ်၍မှမလှူဒါန်းနေခဲ့လျှင် ပစ္စည်းရှင်ကိုပြောဆို၍ ကပ္ပိယကာရကလွှဲပြောင်းရ၏။

**မှတ်ချက်။** ။ရဟန်းညွှန်းသည်ကြပ်၏၊လူညွှန်းသည် ချောင်၏၊လူဖြစ်သူတို့ လိမ်မာကြဘို့ကောင်းလှ၏။

၂၂၄။ မျက်မှောက်,မျက်ကွယ်၊ကျန်နှင့်သွယ်၊ရှောင်ပယ်တောင်းရပ်လေး။

**အဓိပ္ပါယ်။** ။အညွှန်းမရှိသော ကပ္ပိယကာရကသည်လည်း မျက်မှောက် တယောက်,မျက်ကွယ် တယောက်ဟူ၍ ၂-ယောက်ရှိ၏၊ရဟန်းက ကပ္ပိယမညွှန်းဘဲ ရှိနေသောအခါ ရဟန်းမျက်မှောက်ရှိသူ လူတယောက်က"ငါ့ကိုပေးပါ၊ငါကပ္ပိယကာရက ယုပ်ပါမည်"ဟုဆိုလေရာ ထိုသူ့လက်၌ သင်္ကန်းဘိုးကိုပေး၍သွား၏၊ ရွှေ,ငွေရှင် ထိုသူ ၂-ဦးတို့သည်ပင်လျှင် ရဟန်းအားဘိတ်ကြားမှုကို မပြုကြကုန်၊ ဤကားမျက်မှောက်တည်း။

www.dhammaransi.com



ရွှေ,ငွေရှင်သည်လွှတ်ရာ၌ တယောက်သောသူကို ရဟန်းတော်အား သက်န်းဝယ်မှု လှူလိုက်ပါ-ဟုအပ်နှံ၍ထား၏၊ ဘိတ်မှု,ကြားမှုမရှိ၊မျက်ကွယ်တည်း။ ။[ဤ ၂-ယောက်၌မူကား တောင်းမှု, ရပ်မှုမအပ်ပြီ၊ ကြောင့်ကြစိုက်ဘွယ်မရှိပြီ။]

၂၂၅။ ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ ဝမ်းတွင်းသာယာမိ။

၂၂၆။ ကြေး,ခဲ,ပိုက်ဆန်၊ ရွှေ,ငွေဘက်၊ အမှန်နိဿဂ္ဂိ။

**အဓိပ္ပါယ်။** ။ကြေးနီ ပိုက်ဆန်, ခဲပိုက်ဆန်တို့နှင့်တကွ ရွှေ,ငွေတို့ကိုဌင်း၊ ရွှေ,ငွေဖြင့်ပြုသော ထုံးဘူး, ဖလားအစရှိသော ဝတ္ထုဘဏ္ဍာမျိုးတို့ကိုဌင်း-ကိုယ်တိုင်ခံမှု,ယူမှု၊ သူတပါးကိုအခံ,အယူစေခိုင်းမှု၊ကိုယ်နှုတ်ဖြင့်ခံလည်းမခံ,ပယ်လည်းမပယ်မူ၍ဝမ်းထဲကသာစိတ်ဖြင့်သာယာခံယူမှုတို့ကို ပြုသည်ရှိသော် ထိုဝတ္ထုသည် နိဿဂ္ဂိဖြစ်၏၊ ဝတ္ထုကိုလည်းစွန့်အပ်၏၊ ပါစိတ်အာပတ်ကိုလည်း ဒေသနာကြားအပ်၏-ဟုလိုသည်။ [ပိုက်ဆန်ဖြစ်၍နေသော ကြေးနီပြား,ခဲပြားများသည် ရွှေ,ငွေနှင့်အတူတူပင်။]

ထိုဝတ္ထု တို့ကိုရဟန်းထံသို့ယူခဲ့၍ ကိုယ်ဖြင့်ဌင်း၊ နှုတ်ဖြင့်ဌင်း-လှူရာ၌ ကိုယ်ဖြင့်ခံယူမှု,ကောင်းပြီ ငါယူ၏-စသည်ကိုဆို၍ နှုတ်ဖြင့်ခံယူမှု,အရှင်မရှိသောထိုဝတ္ထုတို့ကို တွေ့မြင်ရာ ကိုယ်တိုင်ကိုင်ယူမှုမျိုးသည်ကိုယ်တိုင်ခံယူမှုမည်၏၊ သူတပါးတို့ကို ခံလိုက်,ယူလိုက်-ဟု စေခိုင်းမှုသည် ခံစေ, ယူစေမှု မည်၏။

မျက်မှောက်,မျက်ကွယ် အနီးအဝေး၌ ရှိနေသော ထိုဝတ္ထုမျိုးကို အရှင်ဘုရားအားလှူပါ၏၊ စွန့်ပါ၏၊ သုံးစွဲပါ-ဟုပေးအပ်လှူဒါန်းရာ၌ ကိုယ်,နှုတ်တို့ဖြင့်ခံလည်းမခံ၊ ပယ်လည်းမပယ်၊ဝမ်းထဲကသာကောင်း၏-ဟူ၍ သာယာမှုသည် စိတ်ဖြင့်သာယာခြင်းမည်၏။ ။[ရွှေ,ငွေအရာထား၍ သုံးကြသော နှုတ်ခေါ်သောစက္ကူများသည်လည်း ရွှေ,ငွေနှင့် အတူတူပင်။]

၂၂၇။ ဒွါရသုံးသွယ်၊ ခုနှမယ်၊ မတွယ်မဗြိဘိ။

**အဓိပ္ပါယ်။** ။ယိုသို့ ကိုယ်,နှုတ်တို့ဖြင့် ပေးမှု, အပ်မှု, လှူဒါန်းမှုတို့ကို ပြုနေဆဲအခါ၌ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးတို့တွင်

www.dhammaransi.com



တပါးပါးဖြင့် မအပ်ဘူး, မခံဘူး-ဟူသော အခြင်းအရာတို့ကို ပြုလိုက်သည်ရှိသော် အာပတ် ကြီး, ငယ် အတွယ်အငြိမရှိ၊ လွတ်ကင်းလေ၏၊ စိတ်ကပင် သာယာ၍နေသော်လည်း ကိုယ်, နှုတ် ၂-ပါးတွင် တပါးပါးဖြင့် ပယ်သော အခြင်းအရာကို ပြုထိုက်လျှင် အပြစ်ကင်းလွတ်တော့သည်။

ထိုကဲ့သို့ ကိုယ်ဖြင့် နှုတ်ဖြင့် ပေးမှု, အပ်မှု, လှူဒါန်းမှု တင်းလင်းမရှိမူ၍ အလိုအလျောက်တည်နေသော ရွှေ, ငွေတို့ကို စိတ်ဖြင့်ဘယ်လိုပင် သာယာမိသော်လည်း အာပတ်မရှိ။

စွန့်ပုံကား-သံဃာ့အလယ်၌ စွန့်ရသည်။

''အဟံ ဘန္တေ ရူပိယံ ပဋိဂ္ဂဟေသိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ''။

ဟု စွန့်၊ အာပတ်ကို ဒေသနာကြား၊ ပြန်ပေးမရှိ။

စွန့်ရာဌာနသို့ ဂဟဋ္ဌဖြစ်သူ လူများလာခဲ့သည်ရှိသော် ဥပါသကာကို သိလော-ဟုဆို၍ထိုဥပါသကာကိုယူ၍ ထောပတ်, ဆီဦး၊စသည်ကို ဝယ်ခြမ်း၍ လှူလာခဲ့လျှင် ရွှေ, ငွေရှင်ဖြစ်သော ရဟန်းကို ချန်လှပ်၍ တပါးသော ရဟန်းတို့ သုံးဆောင်အပ်၏။

ထိုသို့မပြုခဲ့လျှင် လွတ်ရာ၌ စွန့်ပစ်လိုက်လော့-ဟု ဆိုရမည်၊ စွန့်ပစ်သည်ဖြစ်စေ၊ ယူ၍သွားသည်ဖြစ်စေ၊ အနပေက္ခသာနေရသည်၊ ထိုသို့ ပြုလုပ်သူ လူမရှိခဲ့လျှင် လဇ္ဇီသဘောရှိသော ရဟန်း ၁-ပါးကို ဥတ်ကမ္မဝါစာဖြင့် ရူပိယဆဋ္ဋက သမ္မုတိကို ပေး၍ စွန့်ပစ်စေရသည်။

**၂၂၈။ အရာမ် ကျောင်းတွင်း၊ မေ့ရစ်လျှင်းဘိ၊ လူမရှိ၊ မိမိကိုယ်တိုင်ထား။**

**အဓိပ္ပါယ်။** ။ရဟန်းတို့အမြဲနေရာ ကျောင်းတိုက်တွင်း၌ သော်၎င်း၊ ရဟန်းတို့ တည်းခိုနေထိုင်ရာ စရပ်,တန်ဆောင်းတွင်း၌ သော်၎င်း၊ရွှေ, ငွေ ရတနာတို့ကို လူတို့မေ့ရစ်၍ သွားကြကုန်သည်ရှိသော် လူရှိခဲ့လျှင် လူကို သိမ်းယူစေ၍ လုံးရေ, ချပ်ပြား အမှတ်အသား ထားစေရသည်၊ လူမရှိလျှင် ရဟန်းကိုယ်တိုင် ကိုင်ယူ၍ သိမ်းထားရသည်။ [လူတို့ဥစ္စာဘဏ္ဍာ မိန်းမတို့ တန်းဆာ ဘဏ္ဍာတို့၌လည်း ထိုနည်းတူ။]

www.dhammaransi.com



**၂၂၉။ ရွှေ, ငွေ ဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင်နိဿဂ္ဂီ။**

**အဓိပ္ပါယ်။** ။ပြဆိုခဲ့သော ဒင်္ဂါးပိုက်ဆန်တို့ကို လဲလှယ် ရောင်းဝယ်မှုကို ပြုသည်ရှိသော် နိဿဂ္ဂီဖြစ်၏၊ ရွှေ, ငွေ နှင့် ရွှေ, ငွေ ချင်းသော်၎င်း၊ရဟန်းက ကပ္ပိယဝတ္ထုဖြစ်၍ သူတပါးက ရွှေ,ငွေ ဖြစ်ခဲ့သော်၎င်း၊ ရဟန်းကိုယ်တိုင် လဲလှယ်ခြင်းကို ပြုခဲ့သည်ရှိသော် ရဟန်းမှာရသော ဝတ္ထုသည် ရွှေ, ငွေ ပင်ဖြစ်စေ၊ ကပ္ပိယဝတ္ထုပင်ဖြစ်စေ၊ နိဿဂ္ဂီဖြစ်၏။ သံဃာ့အလယ်၌ စွန့်လေ။

**စွန်ပုံ။** ။''အဟံ ဘန္တေ ရူပိယသံဝေါဟာရံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ သံဃဿ နိဿဇ္ဇာမိ''။ [ပြန်ပေးမရှိ၊ ရှေးနည်းအတိုင်း ပြုလေ။]

**၂၃၀။ ခံသူရောင်းဝယ်၊ စီရင်ချယ်၊ ကိုင်တွယ်သုံးသပ်ဘိ။**

**၂၃၁။ အာပတ် ကြီး, ငယ်၊ မလွဲဘွယ်၊ လေးသွယ်မှုဖြစ်ရှိ။**

**အဓိပ္ပါယ်။** ၁။ ရွှေ,ငွေ ရတနာတို့နှင့် စပ်ဆိုင်ရာ ခံယူမှု ၁-ပါး,

၂။ လဲလှယ်မှု ၁-ပါး,

၃။ စီရင်မှု ၁-ပါး,

၄။ ကိုင်တွယ် သုံးသပ်မှု ၁-ပါး၊ အာပတ် ကြီး,ငယ် ကို ပြုတတ်သော အပြစ်ရှိသော အမှု ကြီး, ငယ် ၄-ပါး။

ထို ၄-ပါးတို့တွင် ခံယူမှုဆိုသည်ကား—

''ကိုယ်တိုင်ခံခြင်း၊ ခံစေခြင်း၊ဝမ်းတွင်းသာယာမှု''ဟူသော သံပေါက်အရကို ဆိုသည်၊

ရောင်းဝယ်မှု ဆိုသည်ကား—

''ရွှေ,ငွေ ဝတ္ထု၊ ရောင်းဝယ်မှု၊ ပြုလျှင်နိဿဂ္ဂီ'' ဟူသော သံပေါက်အရကို ဆိုသည်။

စီရင်ချယ်ဆိုသည်ကား—

ရွှေ, ငွေ ဘဏ္ဍာမျိုးကို သည်မှာထားလော့, ဟိုမှာထားလော့, ထုတ်လော့, သွင်းလော့, ပေးလိုက်, ယူလိုက်, ဤဝတ္ထုနှင့် ဘာကို ဝယ်လိုက်, ကုလိခ ပေးလိုက်, စာရေးခ ပေးလိုက်-စသည်ဖြင့် ရွှေ, ငွေ, ပိုက်ဆံ, ဒင်္ဂါးကို တိုက်ရိုက် စီရင်ချယ်လယ်မှုကို-ဆိုသည်။

www.dhammaransi.com



ကိုင်တွယ် သုံးသပ်မှု ဆိုသည်ကား—

ပကတိသော ရွှေ,ငွေ ကိုဂုဏ်း၊ ဖလား,ထုံးဘူး စသော ရွှေ,ငွေ ဖြင့် ပြုလုပ်သောဝတ္ထုများကိုဂုဏ်း ကိုင်တွယ်ထိပါးသုံးသပ်မှုတည်း၊ ရွှေချ၍ ထားသောဘုရားစေတီကိုပင် ရွှေ,ငွေကိုသာယာသောစိတ်နှင့်ကိုင်ခြင်း, တွယ်ခြင်း,သုံးသပ်ထိပါးခြင်းငှါ မအပ်။

၂၃၂။ **ကြေး, ခဲ-ဓိုက်ဆံ၊ ရွှေ,ငွေဘက်၊ ခံလျှင် အာပတ်ကြီး။**

[သိသာပြီ။]

၂၃၃။ **ရတနာဆယ်ပါး၊ စပါးခုနစ်၊ ခေတ္တ,ဝတ္ထု၊ နှစ်ခုရေကန်၊ အရံဥယျာဉ်၊ မြင်း, ဆင်, ကျွဲ, နွား၊ သားငါး,ခွေး,ဝက်၊ ကြက်, ငှက်, တိရစ္ဆာန်၊ အရှုံခံ၊ အမှန်ဒုက္ကဋ်ချည်း။**

**ခေတ္တ။** ။ရတနာ ၁၀-ပါး,စပါးမျိုး ၇-ပါးတို့ကို ရှေး၌ ဆိုခဲ့ပြီ၊ ကောက်လျှင်, ကောက်ကြီး, ပြောင်းလျှင်,ပြောင်းကြီး, လူး,ဆပ်, ဂျုံ အစရှိသောစပါးမျိုးတို့ကို စိုက်ပျိုးရာ မြေအရပ်သည် ခေတ္တမည်၏။ [လယ်-ဟုခေါ်၏။]

**ဝတ္ထု။** ။ပဲမျိုး, နှမ်းမျိုး, ကြံမျိုး, ဗူး, ဖရုံ, ဖရဲ, သခွါး အစရှိသည် တို့ကို စိုက်ပျိုးရာ မြေအရပ်သည် ဝတ္ထုမည်၏။ [ယာ-ဟုခေါ်၏။]

**နှစ်ခုရေကန်။** ။အခွန်ရသောတဘက်ဆည်ကန်,လေးထောင့်ကန် တို့ကို ၂-ခုရေကန်ဆိုသည်။

**အရာမ်ဥယျာဉ်။** ။အရာမ်ဥယျာဉ်ဆိုသည်ကား ငှက်ပျောခြံ,နာနတ် ခြံ, သရက်,ပိန္နဲ,ဒိန်ညင်း,ဒူးရင်းစသည်ထွက်သော သစ်သီး,ပန်းမာလ်, အရံဥယျာဉ်မျိုးတို့ကို ဆိုသည်၊အာရာမ-ဟူသော ဝေါဟာရနှင့် လှူလျှင် ခံအပ်၏။

ဤဒုက္ကဋ် ဝတ္ထုမျိုးတို့၌ ခံအပ်သော ကပ္ပိယနည်းလမ်းလည်း များ စွာရှိသေး၏၊ [အဋ္ဌကထာမှာ ယူလေ။]

၂၃၄။ **ပုဂ္ဂိုလ်, သံဃာ၊ ဂိုဏ်းအားသာ၊ ခံငှါ မအပ်သီ။**

**အဓိပ္ပါယ်။** ။ဤ ရွှေ,ငွေ ရတနာစသည်တို့ကို အရှင်ဘုရားအားလှူ ပါ၏၊ မည်သည့်ရဟန်းအား လှူပါ၏၊ မည်သည့်ဂိုဏ်းအား လှူပါ၏၊

www.dhammaransi.com



သံဃာအားလှူပါ၏-ဟု ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာကို သုံးသပ်၍ လှူလျှင် ခံခြင်းငှါမအပ်၊ ငါတို့မခံအပ်ဘူး-ဟု မြစ်ပယ်ရမည်။

၂၃၅။ ဘုရား,တရား၊ စေတီအားနှင့်၊ ကျောင်းအားတတန်၊ နဝကံ၊ ပယ်ရန်ခွင့်မရှိ။

အဓိပ္ပါယ်။ ။အဋ္ဌကထာ၌ စေတီအကျိုးငှါ မခံအပ်- ဆိုသည်မှာ စေတီ အကျိုးငှါ အရှင်ဘုရားအား လှူပါ၏-ဟုဆို၍ လှူသည်ကိုယူ၊ စေတီစသည်ကို သမ္ဗန္ဓါနှိထား၍-

"ဗုဒ္ဓဿ ဒေမ၊ ဓမ္မဿ ဒေမ၊ စေတိယဿ ဒေမ၊ နဝ-ကမ္မဿ ဒေမ"-

ဟု ဘုရား,တရား,စေတီ,ကျောင်း,ပြာသာဒ် နဝကမ္မအမှုတို့ကို သုံးသပ်၍ လှူခဲ့လျှင် ပယ်ခွင့်မရှိ၊ ပယ်ခြင်းငှါပင် မအပ်၊ ရေစက်ခံသော ပုဂ္ဂိုလ်အား အပြစ်မရှိ။

ရေစက်ခံမှု၌ အပြစ်မရှိသော်လည်း ထိုကဲ့သို့ လှူပြီးသော ရွှေ,ငွေ စသော နိဿဂ္ဂိဝတ္ထုမျိုး ရတနာ ၁၀-ပါး, စပါးမျိုးတို့ကိုမူကား စီရင်ခြင်း, ကိုင်တွယ်သုံးသပ်ခြင်းတို့ကို လွတ်စေ၍ ကပ္ပိယကာရက တို့အား ကပ္ပိယစကားဖြင့် ပြောကြားရ၏။

နဝကမ္မဆိုသည်ကား- ဘုရားတည်မှု, ဘုရားပြင်ဆင်မှု, စရပ် တန်ဆောင်း ကျောင်း ကန် ဆောက်လုပ်မှု, ပြင်ဆင်မှု, ရေတွင်း ရေကန် တူးဘော်မှု,ပြင်ဆင်မှု,ဘုန်းကြီးပျံ ပြာသာဒ်တလား ရထား လောင်တိုက် လုပ်ဆောင်မှု-စသည်တို့တည်း။

ထိုအမှုတို့ကို လုပ်ဆောင်ရန်ရည်စူး၍ ငွေဒင်္ဂါးတို့ကို ရွှေ၌ထားပြီး လျှင် ရေစက်ချတော်မူပါဘုရား-ဟုဆိုလျှင်-

"ဣမာနိ ကဟာပဏာနိ နဝကမ္မဿ ဒေမ"

ဟု ရေစက်ချ၍ ပေးခြင်းငှာ အပ်၏-ဟု ယူကြကုန်၏၊ ပြုလုပ်ကြကုန်၏။

၂၃၆။ ရွှေ,ငွေခြယ်လတ်၊ ကျောင်းနှင့်စပ်၊ မအပ်-သည်မရှိ။

အဓိပ္ပါယ်။ ။ရွှေ,ငွေရတနာ ခြယ်လယ်သော ကျောင်း ကြိယာမျိုး ဟူသမျှသည် မအပ်ဟူ၍မရှိ၊ အလှူခံကောင်း၏၊ ရွှေ,ငွေ ရတနာကို

ကိုင်မည်-ဟုနှလုံးမပြုမူ၍ တိုင်ကိုကိုင်မည်, နံရံ,ကဲလားကို ကိုင်မည်-နှလုံးပြု၍ ကိုင်တွယ်သုံးသပ်ခြင်း၌ါ အပ်၏၊ ညောင်စောင်း အင်းပျဉ် အိုးအင်အုတ်ခွက်,မျက်နှာကြက်,ကန့်လန့်ကာ,စာတိုက်,ဘီရို စသော ကျောင်းအသုံးအဆောင် မျိုးတို့၌လည်း ထို့အတူမှတ်။

၂၃၇။ အရောင်း,အဝယ်၊ လဲလှယ်,ငှါးရမ်း၊ စကားကြမ်းစွန်း၏ နိဿဂ္ဂိ။

**အဓိပ္ပါယ်။** ။သပိတ်, သင်္ကန်း အစရှိသော ကပ္ပိယဝတ္ထုမျိုးတို့၌ သီတင်းသုံးဘော် ၅-ဦးတို့မှတပါး လူဖြစ်သောသူတို့နှင့် ရှန့်ရင်းသော စကားကိုမြွက်ဆို၍ ရောင်းမှု,ဝယ်မှု, လဲလှယ်မှု, အဘိုးအခနှင့် လှည်း လှေကူလီငှါးရမ်းမှုတို့ကို ပြုသည်ရှိသော် နိဿဂ္ဂိပါစိတ်အာပတ်သင့်၏။

ကြမ်းသော စကားမျိုးဆိုသည်ကား-ရောင်းဝယ်,လဲလှယ်,ငှားရမ်းမှု တို့ကို လူဖြစ်သူတို့ ပြောဆိုကြသော စကားမျိုးတို့ကို ဆိုသတည်း။

ဤကပ္ပိယဝတ္ထုမျိုးတို့၌ ဤဝတ္ထုနှင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်ဟာကို ငှားရမ်းချေလော့-ဟု လူဖြစ်သောသူတို့ကို စေခိုင်းရ၏။

ရှေး၌ ပြဆိုခဲ့သော နိဿဂ္ဂိဝတ္ထု,ဒုက္ကဋ်ဝတ္ထုမျိုးတို့၌ ဤကဲ့သို့ဆို၍ စေခိုင်းခြင်းငှာ မအပ်၊ စေခိုင်းရန် လူမရှိခဲ့သော် မိမိကိုယ်တိုင်ပင် ကပ္ပိယစကားမျိုးနှင့် ပြုလုပ်ရ၏။

ကပ္ပိယစကားမျိုး ဆိုသည်ကား-ငါ့မှာ ဆန်ရှိ၏၊ ပိတ်ရှိ၏၊ သင့် လက်မှ ဘယ်ဟာကို အလိုရှိ၏-ဟု ပြောရ၏၊ လှည်းအလိုရှိသည်,လှေ အလိုရှိသည်,ဘယ်ဟာကို လုပ်ပေးလော့၊ဆန်ရလတ္တံ့,ပိတ်ရလတ္တံ့-ဟု ပြောရ၏၊အကပ္ပိယစကားဖြင့် ရောင်းဝယ် လဲလှယ်ခိုင်းစေခဲ့မှုဖြင့် ရရှိ သော ဝတ္ထုသည် နိဿဂ္ဂိဖြစ်၏၊ စွန့်၍ အာပတ်ကို ဒေသနာကြားအပ် ၏၊ လှည်းငှား,လှေငှားမှုစသည်တို့၌ ပါစိတ်အာပတ်ကိုသာ ဒေသနာ ကြားအပ်၏။

ဤကပ္ပိယ ဝတ္ထုမျိုး၌ကား- ဝိနည်းမိုရ်ပြန်၍ ပေးသောအခါ ကို ရဟန်း သုံးဆောင်ရ၏။

www.dhammaransi.com



ဋ္ဌန်ပုံ။ ။''အဟံ ဘန္တေ ကယဝိက္ကယံ သမာပဇ္ဇိံ၊ ဣဒံ မေ ဘန္တေ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ''။
စွန့်ပြီးလျှင် ဒေသနာကြား။
''ဣမံ ဝတ္ထုံ အာယသ္မတော ဒမ္မိ''။ ။[ပြန်ပေး။]

၂၃၀။ အဆင်းသဏ္ဌာန်၊ လောက်သည်မှန်လျက်၊ ဝိဌာန်, ဝိကပ်၊ မပြုလတ်ဘဲ၊ ဆယ်ရက်ကဲ၊ စွန့်မြဲ ထိုပတ္တ။

အဓိပ္ပါယ်။ ။အဝိဌာန်လောက်သော အဆင်း,အဝိဌာန် လောက်သော အကြီး, အငယ် သဏ္ဌာန်လုံလောက်လျက် အဝိဌာန်သော်လည်း မတင်၊ ဝိကပ္ပနာသော်လည်း မပြုဘဲ ၁၀-ရက်လွန်သော သပိတ်သည် နိဿဂ္ဂိဖြစ်၏။

အဝိဌာန်လောက်သော အဆင်းဆိုသည်ကား- ကောင်းစွာ ကျက်သည်ဖြစ်၍ မည်းနက်သော အဆင်းပေတည်း၊ အဝိဌာန်လောက်သော အကြီး, အငယ် သဏ္ဌာန်မှာ ရှေ့၌ပြဆိုခဲ့ပြီ။

ဋ္ဌန်ပုံ။ ။''အယံ မေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ''၊ [ဒေသနာကြား၊ ပြန်ပေး။]

အဋ္ဌကထာကြီး၌ မြေသပိတ်မှာ ၂-ကြိမ်၊ သံသပိတ်မှာ ၅-ကြိမ် ဖုတ်မှ အဝိဌာန်လောက်သည်-ဟူ၏၊ သာရတ္ထဒီပနီ၌ အကြိမ်သည် ပမာဏမဟုတ်၊ မည်းနက်သော အဆင်းရှိ၍ သမဏသာရုပ္ပဖြစ်သည်သာ ပမာဏ-ဟူ၏၊ ကခ်ါ၌လည်း သမဏသာရုပ္ပဖြစ်သည်ကိုသာ ဆို၏၊ အကြိမ်ကိုမဆို။

၂၃၉။ ငါးဘွဲ့မပြည့်၊ သပိတ်ရှိငြား၊ သူတပါး၊ တောင်းငြား နိဿဂ္ဂိ။

အဓိပ္ပါယ်။ ။အဝိဌာန်တင်သော သပိတ်သည် အထက်နခမ်းမှစ၍ ကွဲအက်သော အရေးအကြောင်းရှိလာခဲ့သော် အရေး၏ ၂-ဘက်၌ စူးနှင့်ဘောက်၍ ကြိုးနှင့်ဘွဲ့သည်ကို အဘွဲ့ဆိုသည်၊ ကွဲကြောင်းရှည်လျှင် လက် ၂-သစ်ခြား၍ အဘွဲ့များစွာ ဘွဲ့ရသည်၊ ၅-ဘွဲ့ရှိလျှင် ထိုသပိတ်ကိုစွန့်၍ ဆွေမတော်သောသူကိုပင် သပိတ်လှူပါ-ဟု တောင်းရ၏၊ ၅-ဘွဲ့မပြည့်မီ တောင်းခဲ့သော် ရသောသပိတ်သည် နိဿဂ္ဂိဖြစ်၏။

www.dhammaransi.com



**၂၄၀။ သတ္တာဟေ ါးတန်၊ သူ့ရက်လွန်၊ အမှန်နိဿဂ္ဂိ။**

**အဓိပ္ပါယ်။** ။"ထော,ဆီ,ဆီပျား၊တင်လဲအား၊ငါးပါးသတ္တာဟာ" ဟူ၍ ဆိုခဲ့ပြီးသော သတ္တာဟကာလိက ဆေး ၅-ပါးသည် အကပ် မခံ၍ ၇-ရက်ကို လွန်သည်ရှိသော် နိဿဂ္ဂိဖြစ်၏၊ စွန့်ပြီးကို ဝိနည်း မိုရ်ကပြန်ပေး၍ ရသော်လည်း ကိုယ်အင်္ဂါနှင့် စပ်ရာ၌ အသုံးမပြုရ။

**၂၄၁။ ဘော်ရဟန်းအား၊ သင်္ကန်းပေး၍၊ အရေးမလှ၊ ယူပြန်က၊ ရလျှင် နိဿဂ္ဂိ။**

**၂၄၂။ ကြွင်းပစ္စည်းကို၊ ထိုနည်းအတူ၊ ပေးပြီးယူ၊ ယူလျှင်ဒုက္ကဋ်သိ။**

**အဓိပ္ပါယ်။** ။အပေါင်းအဘော်ဖြစ်သော ရဟန်းအား ဝိကပ္ပနာ လောက်သော အဝတ်သင်္ကန်းကို ပေးကမ်းချီးမြှောက်ပြီးမှ စိတ်တိုင်း မကျ၍ တဘန်အတင်းတောင်းခံ လုယက်၍ ယူပြန်အံ့၊ရသောသင်္ကန်း သည်နိဿဂ္ဂိဖြစ်၏၊ မိမိဥစ္စာအမှတ်နှင့် လုယူသည်ကိုဆိုသည်။ [နောက် သံပေါက်လွယ်ပြီ။]

**၂၄၃။ သံဃာအားမှု၊ လှူမည်မြွက်ကြား၊ ညွတ်ပြီးသားကို၊ မိမိကိုယ် သို့၊ ညွတ်စေမှို့၊ စွန့်တိုနိဿဂ္ဂိ။**

**၂၄၄။ သံဃာတော်၌၊ ထုတ်ဘော်မြွက်ကြား၊ ညွတ်ပြီးသားကို၊ တပါး ပုဂ္ဂလ၊ ညွတ်စေက၊ သုဒ္ဓပါစိတ္တိ။**

**အဓိပ္ပါယ်။** ။သံဃိက အလှူ လှူမည်၊ သံဃိကကျောင်း ဆောက် မည်-ဟု နှုတ်မြွက်၍ သံဃာအား ညွတ်ပြီးသောလာဘ်ကို သိလျက်နှင့် ငါ့အားလှူပါ, ငါ့ဘို့ဆောက်ပါ-ဟု မိမိသို့ညွတ်စေသော ရဟန်းအား ထိုလာဘ်သည် နိဿဂ္ဂိဖြစ်၏။[စွန့်၊ ဒေသနာကြား၊ ပြန်ပေး။]

မိမိမှတပါး အခြားတဦးတယောက်သော ပုဂ္ဂိုလ်အား လှူပါ, ဆောက်ပါ-ဟု ပုဂ္ဂိုလ်သို့ညွတ်စေမူကား သုဒ္ဓပါစိတ် အာပတ်သင့်၏။

မည်သည့် တိုက်သံဃာအား လှူမည်-ဟု နှုတ်မြွက်၍ ညွတ်ပြီးသော ဝတ္ထုကို အခြားသော တိုက် သံဃာသို့သော်ငှင်း,စေတီတော်သို့သော် ငှင်း-ညွတ်စေအံ့၊ ဒုက္ကဋ်။

မည်သည့် စေတီတော်အား လှူမည်-ဟု နှုတ်မြွက်၍ ညွတ်ပြီးသော ဝတ္ထုကို အခြားစေတီတော်သို့ငှင်း, သံဃာတော်သို့ငှင်း, ပုဂ္ဂိုလ်သို့ သော်ငှင်း-ညွတ်စေအံ့၊ ဒုက္ကဋ်။

www.dhammaransi.com



မည်သည့်ပုဂ္ဂိုလ်အား လှူမည်-ဟု နှုတ်မြွက်၍ ညွှတ်ပြီးသော၀တ္ထု ကို အခြားပုဂ္ဂိုလ်သို့သော်၎င်း, သံဃာတော်သို့သော်၎င်း, စေတီတော် သို့သော်၎င်း-ညွှတ်စေအံ့၊ ဒုက္ကဋ်အာပတ်သင့်၏။

မှတ်ချက်။ ။ပစ္စည်းရှင်တို့က''အရှင်ဘုရား အလိုရှိရာ ညွှန်ပြရာ လှူ ပါမည်ညွှန်ပြတော်မူပါ''ဆိုလျှင် ထိုပစ္စည်း အသုံးကျမည့်နေရာ,အကျိုး များမည့်နေရာကို မြော်မြင်၍ ညွှန်ပြအပ်၏။

နိဿဂ္ဂိယ ပြီး၏။

---

## သုဒ္ဓပါစိတ်

၂၄၅။ ချွတ်ယွင်းစေလို၊ မုသားဆို၊ ထိုသူပါစိတ္တိ။

၂၄၆။ ပြက်ရယ်ပြုလို၊ ပြက်ချော်ဆို၊ ဆိုသူဒုဗ္ဘာသိ။

၂၄၇။ ဝန်ခံစကား၊ ပျက်စေငြား၊ သူအားပဋိဿဝ။

အဓိပ္ပါယ်။ ။သူတပါးစိတ်၌ ဟုတ်သည်ကို မဟုတ်-ဟူ၍ မဟုတ် သည်ကို အဟုတ်-ဟူ၍ အထင်အမှတ် လွဲချော်ချွတ်ယွင်း စေလိုသော စိတ်နှင့် မဟုတ်စကား မုသားပြောဆိုသော ရဟန်းအား ပါစိတ် အာပတ်သင့်၏။

ချွတ်ယွင်းစေလိုသော စိတ်မျိုးမရှိဘဲ အပြက်အချော် ကရော်, ကမည် ရယ်စရာ,ပြုံးစရာအလိုနှင့်မဟုတ်စကား ပြောဆိုသောသူအား ဒုဗ္ဘာသိအာပတ်သင့်၏။

ရှေးအဘို့၌ ဖြောင့်စင်းသောစိတ်နှင့် လာမည်,ပြုမည် စသည်ဖြင့် သူတပါးတို့အား ဝန်ခံပြီးသောစကားကို အချိန်ကျခါ မလာ မပြု နေ လျက် ပျက်ကွက်စေသော ရဟန်းအား ပဋိဿဝဒုက္ကဋ်သင့်၏၊ အချိန် မကျမီ တင်ကူး၍ ဝန်ခံမှုကိုပြောဆိုနုတ်သိမ်းလျှင် လွတ်ခွင့်ရှိ၏။

၂၄၈။ ဆဲခြင်းဆယ်ပါး၊ ရဟန်းအား၊ ဆဲငြားပါစိတ္တိ။

၂၄၉။ ဆဲခြင်းဆယ်ပါး၊ ပြက်ရယ်အား၊ ဆိုငြားဒုဗ္ဘာသိ။

၂၅၀။ မျိုး,မည်, နွယ်,ကံ၊ တတ်,နာ, သဏ်၊ ကိလံ,အာ,အက် ထိ။

အဓိပ္ပါယ်။ ။ဒေါသစိတ်ဖြင့် ရဟန်းဖြစ်သော သူတပါးကို ၁၀- ပါးသော ဆဲရေးခြင်းတို့တွင် တပါးပါးသော ဆဲရေးခြင်းဖြင့် ဆဲဆို

www.dhammaransi.com



ထိပါးသော ရဟန်းအား ထိုရဟန်းသည် ကြားသိခဲ့သော် ပါစိတ် အာပတ်သင့်၏။

**ဆဲရေးခြင်း ၁၀-ပါး။** ။၁၀-ပါးသော ဆဲရေးခြင်း ဆိုသည်ကား—

၁။ အမျိုးကိုထိခြင်း,

၂။ အမည်ကိုထိခြင်း,

၃။ အနွယ်ကိုထိခြင်း,

၄။ ထိုသူ ပြုလုပ်သောအမှုကို ထိခြင်း,

၅။ အတတ်ပညာကို ထိခြင်း,

၆။ ထိုသူ၌ရှိသော အနာရောဂါကို ထိခြင်း,

၇။ အနိမ့်, အမြင့်, အရှည်, အတို, အဖြူ, အမည်း-စသောထိုသူတို့၏ အဆင်းသဏ္ဍာန်ကို ထိခြင်း,

၈။ လောဘကြီးမှု, ဒေါသကြီးမှု, မိုက်မဲမှု, မာနဒိဋ္ဌိ, ဣဿာ, မစ္ဆေရ-စသော ကိလေသာကို ထိခြင်း,

၉။ ပါရာဇိကစသော ထိုသူမှာ ရှိနေသော အာပတ်ကို ထိခြင်း,

၁၀။ အမျိုးမျိုးသော ဆဲရေးတိုင်းထွာမှု၊ ဤကား ဆဲရေးခြင်း ၁၀-ပါးတည်း။

**မှတ်ချက်။** ။လက်ဝ၌ ကမ္မ-ကို ကံ-ဆိုသည်၊ အင်္ဂလိပ်ခေါ်သော အဆင်းသဏ္ဍာန်ကို သဏ်-ဆိုသည်၊ ကိလေသာကို ကိလံ-ဆိုသည်၊ အာပတ်ကို အာ-ဆိုသည်၊ အက္ကောသခေါ်သော လောကဆဲရေးမှုကို အက်-ဆိုသည်၊ထိကား-ထုတ်ဘော်ထိပါး၍ ပြောဆိုမှုတွေကို ဆဲရေးမှုခေါ်သည်-ဟု ပြသည်၊ ဒေါသစိတ်ဖြင့် သူတပါးမခံနိုင်မည့် အရာကိုရှာ၍ ဆိုသည်ကို ထိပါးမှုဆိုသည်။

လူ,သာမဏေတို့ကိုဆဲဆိုထိပါးခဲ့သော်ဒုက္ကဋ်အာပတ်သင့်၏၊ ဒေါသစိတ်မရှိဘဲ ပြက်ရယ်ပြုမှုဖြင့် လူ,ရှင်,ရဟန်းအား ထိပါးပြောဆိုခဲ့သော် ဒုဗ္ဘာသိအာပတ်သင့်၏။

www.dhammaransi.com



**၂၅၁။ ဆဲခြင်းဆယ်ပါး၊ ယူဆောင်ကြား၍၊ စကားကုန်းသွင်း၊ ရဟန်းချင်း၊ ဖျက်လျှင်းပါစိတ္တိ။**

**အဓိပ္ပါယ်။** ။ရဟန်းတပါးက ရဟန်းတပါးအား ၁၀-ပါးသော ဆဲရေးမှုတို့တွင် တခုခုဖြင့်ယိထိပါးပါး ပြောဆိုသည်ကို တယောက်သောရဟန်းကကြားသိလေ၍ ပြောဆိုသောရဟန်း၏အကျိုးမဲ့ကိုအလိုရှိသော်၎င်း၊ တဦးသောရဟန်းကို မျက်နှာလုပ်လို၍သော်၎င်း၊ သင့်ကို မည်သူက သည်လိုဆိုသည်, ပြောသည်-ဟု ရဟန်းချင်းချင်းကို ကုန်းတိုက်စကားဖြင့်ပြော၍ ဖျက်ဆီးသောရဟန်းအား ပါစိတ်အာပတ်သင့်၏၊လူ,သာမဏေတို့ကို ထိုသို့ဖျက်ဆီးလျှင်ဒုက္ကဋ်။

**၂၅၂။ သာမဏေ,လူ၊ နှစ်ဦးသူအား၊ ပြိုင်တူဆိုကာ၊ ပါဠိစာ၊ ချရာပါစိတ္တိ။**

**၂၅၃။ ပဒါ, နုပဒ၊ နွက္ခရဟု၊ အနုဗျဉ္ဇနံ၊ ဤလေးတန်၊ ခွဲရန်အာပတ္တိ။**

**အဓိပ္ပါယ်။** ။လူ,သာမဏေတို့အား သင်္ဂါယနာ ၃-တန်တင်သော ပါဠိတော်ပါဠ်, အဋ္ဌကထာပါဠ်များကို ပို့ချသင်ကြားသောအခါ ပါဠိကိုပြိုင်တူရွတ်ဆို၍ ပို့ချသင်ကြားသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။

ပါဠိတော်လာ ဂါထာပါဒ,စုဏ္ဏိယဝါကျတို့၌—

၁။ ပဒ,
၂။ အနုပဒ,
၃။ အန္ဝက္ခရ,
၄။ အနုဗျဉ္ဇန-
ဟူ၍ အစိတ် ၄-ပါးရှိ၏။

**ပဒပြိုင်မှု။** ။ဂါထာတို့၌ ပဌမပါဒကို၊ စုဏ္ဏိယတို့၌ ပဌမဝါကျကို ချပို့ရာ အချီ, အချပြိုင်မိကြရာ၌ ပဒပြိုင်မှုနှင့် အာပတ် ၁-ချက်သင့်၏။

**အနုပဒပြိုင်မှု။** ။ပဌမပါဒ,ပဌမဝါကျတို့၌မပြိုင်ကြမူ၍နောက်နောက်သောပါဒ,ဝါကျတို့၌ ပြိုင်မိကြမူ အနုပဒပြိုင်မှုနှင့် တပါဒ,တဝါကျလျှင် အာပတ် ၁-ချက်စီ သင့်၏။

www.dhammaransi.com



**အန္တရဒွါရပြိုင်ပုံ**။ ။ရဟန်းကသာ အတွင်းရှုတ်ဆို၍သွားရာ လူ,သာမဏေက မလိုက်ဘဲ တခုသောအကွဲရာကို အပြိုင်ရှုတ်၍ရပ်နေအံ့၊ အန္တရဒွါရပြိုင်မှုနှင့်အာပတ်သင့်၏။

**အနုဗျဥ္ဇနပြိုင်ပုံ**။ ။"ရူပံ အနတ္တာ, ဝေဒနာ အနတ္တာ"ကို နှုတ်တိုက်ချရာ၌ ရူပံအနတ္တာ-ပုဒ်ကို ချပြီး၍ ဝေဒနာအနတ္တာ-ပုဒ်ကို ချရာ၌ လူ, သာမဏေက ရူပံအနတ္တာ-ဟူသော ရှေ့ပုဒ်ပါ ချီ၍လာသဖြင့် ဝေဒနာအနတ္တာ-၌ ရဟန်းဆိုသောအနတ္တာ-နှင့် ရှေ့ပုဒ် အနတ္တာ-ပြိုင်မိကြအံ့၊ အနုဗျဥ္ဇနပြိုင်မှုနှင့် အာပတ်သင့်၏။

၂၃၄။ လူ,သာမဏေ၊ မေထုန်လောက်တန်၊ တိရစ္ဆာန်နှင့်၊ သုံးညဉ့် လွန်တူ၊ အိပ်မိမူ၊ မှတ်ယူပါစိတ္တိ။

၂၃၅။ ထက်ဝက်လွန်တုံ၊ မိုးကာဖုံ၊ လောက်လုံ ပါစိတ္တိ။

၂၃၆။ အမြင့်တောင့်ထွာ၊ ရှိခဲ့လာ၊ အကာဆိုလောက်၏။

၂၃၇။ တပြင်အောက်ထက်၊ အမိုးယှက်၍၊ ထွက်ဝင်တံခါး၊ တူကြ ငြား၊ ဆောင်ခြားမဟုတ်သိ။

**အနိပ္ပါယ်**။ ။လူ,သာမဏေနှင့်ငင်း၊ခွေး,ဝက်,ကြောင်,ကြက်အစရှိသော မေထုန်အမှုဖြင့် လောက်သော တိရစ္ဆာန်များနှင့်ငင်း၊ ၃-ညဉ့် ထက်လွန်၍ တမိုးတရံအတွင်း၌ အရုဏ်တက်အောင် အိပ်နေသော ရဟန်းအား ပါစိတ်အာပတ်သင့်၏။ ။တမိုးတရံဆိုရာ၌လည်း ထက်ဝက်ထက်များသောအမိုး, ထက်ဝက်ထက်များသော အကာရှိလျှင် ပါစိတ်အာပတ်သင့်လောက်ပြီ။

အမိုးထက်ဝက်, အကာထက်ဝက်သာရှိလျှင် ဒုက္ကဋ်။ ။အကာ၌လည်းရေတံစက်ကျရာအတွင်း၌ အယုတ်ဆုံးအမြင့်အားဖြင့် မဇ္ဈိမပုရိသ တတောင့်ထွာရှိမှ အကာလောက်သည်၊ ပကတိပုရိသ ၂-တောင့် ၆-သစ်တည်း။ ။[ဝိနိစ္ဆယဋီကာ။]

အဆောင်တွေများစွာ တပြင်တည်းဆက်၍ တည်ရာ၌ အမိုးချင်းယှက်လျက် တဆောင်နှင့်တဆောင် အမိုးတွင်း,အကာတွင်းမှ လျှောက်သွားနိုင်လောက်သော ထွက်ပေါက်, ဝင်ပေါက်, တူခဲ့ကြသော်ငင်း၊ ၃-ဆင့်တိုက်, ၄-ဆင့်တိုက်တို့၌ အမိုးတွင်းမှတဆင့်နှင့်တဆင့် တက်ကာ,

www.dhammaransi.com



ဆင်းကာ သွား,လာနိုင်ခဲ့သော်ငြားလည်း၊ အဆောင်ခြားသည်, အဆင့်ခြားသည်-ဟု မမှတ်လင့်၊ အလုံးစုံသော အဆောင်စု, အဆင့်စုသည် တခုသော ဥပစာ မျှကြသည်ဖြစ်၍ တဆောင်တည်းပင် မည်၏။

အဆောင်၌ငြင်း, အဆင့်၌ငြင်း အိပ်သော လူ,သာမဏေ စသည်သည် တပါးသောအဆောင်, တပါးသော အဆင့်၌ အိပ်သောရဟန်းအား ပါစိတ်,ဒုက္ကဋ်အာပတ်ကို ဖြစ်စေနိုင်၏။

မှတ်ချက်။ "ကုဋ္ဌ ၄-လုံးဘို့၌ ကပ္ပိယကုဋိအင်္ဂါတွင် ဤသဟသေယျလောက်သော အမိုး,အကာအင်္ဂါသည် ပါ၍၏၊ အကပ္ပိယကုဋိတို့၌ယာဝကာလိက,ယာမကာလိကဝတ္ထုတို့၏ အန္တောဝုတ္ထ, အန္တောပက္ကဖြစ်လိုက်ရာ ဌာနဟူသည်လည်း ဤသဟသေယျအာပတ် သင့်လောက်ရာ ဌာနကို ဆိုသတည်း၊ ကပ္ပိယကုဋိတို့၌ကား အန္တောဝုတ္ထ,အန္တောပက္က-ဟူ၍ မဆို၌။

၂၅၈။ အမနုဿူ၊ တည်ဥတာမျှ၊ ခွင့်မရ၊ အိပ်ကပါစိတ္တိ။

အဓိပ္ပါယ်။ ။လုပ်နှံးမ, မေထုန်လောက်သော ပါရာဇိကလောက်ကောင်းသော တိရစ္ဆာန်မတို့နှင့်မူကား သဟသေယျ လောက်သောနေရာ၌ တမိုးတရံတွင်းမှာ တည်ဥမျှပြိုင်၍ အိပ်ခွင့်မရ၊ နေဝင်သည့်နောက် ထိုဌာနအတွင်း၌ မာတုဂါမသည် အိပ်၍နေသော်၊ ရဟန်းသည်မာတုဂါမ ရှိမှန်းသိသည်ဖြစ်စေ, မသိသည်ဖြစ်စေ-ကိုယ်ကိုလှဲ၍ အိပ်သည်နှင့်တပြိုင်နက် အာပတ်သင့်၏၊ ထိုရာဌာန၌မှ၍ ထိုင်လျက် အိပ်မှုအာပတ်လွတ်၏။

၂၅၉။ ဆံ,နှစ်တောင်တွင်း၊ ယောကျ်ားကင်းလျက်၊ ခြောက်ခွန်းထက်များ၊ ဓမ္မသ်အား၊ ဟောငြားပါစိတ္တိ။

အဓိပ္ပါယ်။ "မျက်စိမြင်ကောင်းသော နေရာတွင် ၁၂-တောင်အတွင်း၌သိ,ကြားလိမ်မာသောယောကျ်ားဖြစ်သောသူမရှိဘဲ ဓမ္မတ္ထိတို့အား ၆-ခွန်းထက်လွန်၍ ပါဠိတော်ပါဠ်, အဋ္ဌကထာပါဠ်များကို ဟောသော ရဟန်းအားပါစိတ်အာပတ်သင့်၏၊ ၆-ခွန်းမျှကား ဟောရ၏။

တခွန်းဆိုသည်ကား-ဂါထာတို့၌ တပါဒသည် တခွန်းမည်၏၊ စုဏ္ဏိယတို့၌ ဝါကျတခုသည် တခွန်းမည်၏၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" သည်

www.dhammaransi.com



တခွန်းမည်၏၊ ''ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ'' သည် တခွန်းမည်၏။

**မှတ်ချက်။** ။သရဏဂုံပေးမှု, သီလဥပုသ် ပေးမှုများသည် တရားဟောမှု မဟုတ်သောကြောင့် အပ်၏-ဟူ၍လည်းယူကြကုန်၏၊ ဆင်ခြင်။

သရဏဂုံ,သီလဥပုသ်ပေးရာ၌ ၁၂-တောင်ဘွင်း၌ သိ,ကြား လိမ္မာသော ယောကျ်ားကို နေစေ၍ ပေးရမည်၊ ထိုယောကျ်ားသည် သရဏဂုံ,သီလ ဥပုသ်မခံသော်လည်း အနီး၌ရှိနေလျှင် အပ်တော့သည်။

**၂၆၀။ ဇာတိမြေကို၊ ကိုယ်တိုင်တူးဖြား၊ တူးစေဖြား၊ ၂-ပါး ပါစိတ်သင့်။**

**အဓိပ္ပါယ်။** ။ဤမဟာပထဝီ မြေကြီး၌ ဖြစ်မြဲပကတိတည်လျက် ရှိသောမြေမှုန့်မျိုး,မြေစိုင်ခဲမျိုး၊ထက်ဝက်အောက် နည်းသော ကျောက်, နည်းသော သဲတို့နှင့် ရောမိသော မီးမသင့်ဘူးသော မြေကို ဇာတိမြေဆိုသည်၊ ထိုမြေကို သိလျက်နှင့် ကိုယ်တိုင်တူးမှု, ဆွမှု,ပွန်းအောင် ပဲ့အောင် ပြုမှု,ထိုမြေပေါ်၌ ကိုယ်တိုင်မီးကိုထားမှု-စသည်ကို ပြုခဲ့သော်ငင်း၊ သူတပါးကို တူးလော့, ဆွလော့-အစရှိသော အကပ္ပိယစကားဖြင့် စေခိုင်းခဲ့သော်ငင်း-အမှု၂-ပါးအတွက် ပါစိတ် ၂-ချက်သင့်၏။

**၂၆၁။ ကပ္ပိယံကရောဟိ၊ ဒေဟိ, ဇာန၊ အာဟရ, အတ္ထော၊ ဤအမြော၊ အပ်သောပြုလုပ်ခွင့်။**

**အဓိပ္ပါယ်။** ။ဤမြေကို ကပ္ပိလော့, ဤနေရာ၌ တွင်း-ကပ္ပိလော့, ဤမြေကို ယူ၍ပေးလော့, ဤမြေကိုသိလော့, ဤမြေကိုဆောင်ခဲ့လော့, ဤမြေဖြင့်အလိုရှိသည်၊ ဤအလုံးစုံသည်ကပ္ပိယစကားချည်းသာတည်း။

**၂၆၂။ နွယ်, မြက်, သစ်ပင်၊ စိမ်းစိုစဉ်၊ ဖျက်လျှင်ပါစိတ်သင့်။**

**အဓိပ္ပါယ်။** ။ဗီဇဂါမ် ၅-မျိုးတို့မှ ပေါ်ထွက်ပေါက်ရောက်၍ ထိုအပင်၌စိမ်းစိုသောသဘောနှင့်တကွ ပွားမှု,ကြီးမှု,အရွက် အညွန့်ပေါက်ရောက်မှုရှိနေသော နွယ်, မြက်, သစ်ပင်-ဟူသော ဘူတဂါမ်ဝတ္ထုကို ကိုယ်တိုင် ဖြတ်ခုတ်, ချိုးဖဲ့ခြင်း စသည်ဖြင့် ဖျက်ဆီးခဲ့သော်ငင်း၊ သူတပါးအား ဤအပင်ကို ဖြတ်လော့၊ ဤအကိုင်းကို ချိုးလော့၊ ဤအရွက်, အပွင့်ကို ဆွတ်လော့၊ ဤအမြစ်ကို တူးလော့၊ဤသစ်ပင်ကို မီးရှို့လော့

www.dhammaransi.com



အစရှိသော အကပ္ပိယစကားတို့ဖြင့် စေခိုင်းခဲ့သော်ငင်း-ပါစိတ်သင့်၏၊ ဤ၌လည်း "ကပ္ပိယံ ကရောဟိ"-အစရှိသော စကားတို့သည် ကပ္ပိယ စကားတို့တည်း။ [ဗီဇဂါမ ၅-ပါးကို ရှေ့၌ ဆိုခဲ့ပြီ။]

၂၆၃။ မိုးရှိရေကို၊ မြေပေါ်, မြက်ပေါ်၊ လောင်းမိသော်၊ ချွတ်ချော်ပါစိတ္တိ။

၂၆၄။ မိုးရှိရေကို၊ သောက်လေ,ချိုးလေ၊ ဆေးကြောလေ၊ စွန်းချေပါစိတ္တိ။

အဓိပ္ပါယ်။ ။ဤကဲ့သို့လောင်းခြင်း,သောက်ခြင်း စသည်ကို ပြုလျှင် ဤပိုးတို့သည် သေကြေကုန်လိမ့်မည်-ဟု သိမြင်လျက် ပြုသည်ကို ဆိုသည်။

၂၆၅။ တိရစ္ဆာန်ကို၊ သေစေလိုမှု၊ သေကြောင်းပြု၊ သတ်မှုပါစိတ္တိ။

အဓိပ္ပါယ်။ ။ရှေ့ ၂-ပါးတို့၌ သေစေလိုမှု မဟုတ် သောကြောင့် သတ်မှုပါစိတ်မဟုတ်၊ ဤ၌သာ သေစေလိုမှုနှင့် ပြုသော ပယောဂမျိုး ဖြစ်၍ သတ်မှုပါစိတ်ဆိုသည်။

၂၆၆။ လင်နှင့်, မယား၊ နှစ်ပါးပျော်ခင်း၊ တိုက်ခန်းတွင်း၊ ချဉ်းနေပါစိတ္တိ။

၂၆၇။ မိန်းမနှင့်သာ၊ ပုန်းကွယ်ရာတွင်း၊ နှစ်ယောက်ချင်း၊ နေလျှင်းပါစိတ္တိ။

၂၆၈။ မကွယ်မကာ၊ လွင်ပြင်မှာလည်း၊ ဥပစာတွင်း၊ အဘော်ကင်း၊ နေလျှင်းပါစိတ္တိ။

၁၂-တောင်ကို ဥပစာဆိုသည်။ ။[အကြွင်းသိသာပြီ။]

၂၆၉။ မိန်းမနှင့်လျှင်၊ တိုင်ပင်နှောနှီး၊ ချိန်းချက်ပြီး၊ ခရီးပါစိတ္တိ။

အဓိပ္ပါယ်။ ။အမိရင်း, အစ်မရင်း,နှမရင်းနှင့်ပင် ဖြစ်သော်လည်း ရွာတပါးသို့ အတူသွားလာရန် တိုင်ပင်မှုကို မပြုရာ၊ ထွက်မိသည့်နောက် တွေ့ဆုံကြ၍ အတူတကွ သွားကြသော် အာပတ်လွတ်၏။

www.dhammaransi.com



၂၇၀။ သေရက်ငါးထွေ၊ သေရည်ငါးပါး၊ ယစ်မျိုးများ၊ မျိုခြား ပါစိတ္တိ။

၂၇၁။ ပိဋ္ဌ, ပူဝ၊ ဩဒန၊ ကိဏ္ဏ,သမ္ဘာရ။

သေရည် ၅-မျိုး။ ၁။ ပိဋ္ဌသုရာ,
၂။ ပူဝသုရာ,
၃။ ဩဒနသုရာ,
၄။ ကိဏ္ဏပက္ခိတ္တသုရာ,
၅။ သမ္ဘာရသံယုတ္တသုရာ။

အဓိပ္ပါယ်။ ၁။ ပိဋ္ဌသုရာ၊ ဆန်မှုန့်ကိုပြုလုပ်သော သေရည်။
၂။ ပူဝသုရာ၊မုယောမုံ့ကို ပြုလုပ်သော သေရည်။
၃။ ဩဒနသုရာ၊ ထမင်းကို ပြုလုပ်သော သေရည်။
၄။ ကိဏ္ဏပက္ခိတ္တသုရာ၊ တဆေးမှုန့်ကို ခပ်၍ ပြုလုပ်သော သေရည်။
၅။ သမ္ဘာရသံယုတ္တသုရာ၊ အဆောက်အဦအမျိုးမျိုးတို့ကို ပေါင်းစု၍ ပြုလုပ်သော သေရည်။

၂၇၂။ ပုပ္ဖ, ဖလ၊ မဓုက၊ ဂုဠ, သမ္ဘာရ။

သေရက် ၅-မျိုး။ ၁။ ပုပ္ဖါသဝ,
၂။ ဖလာသဝ,
၃။ မဓွါသဝ,
၄။ ဂုဠာသဝ,
၅။ သမ္ဘာရသံယုတ္တ။

အဓိပ္ပါယ်။ ၁။ ပုပ္ဖါသဝ၊ သစ်ပွင့်ရည်မှ ဖြစ်သောအရက်။
၂။ ဖလာသဝ၊ သစ်သီးရည်မှ ဖြစ်သောအရက်။
၃။ မဓွါသဝ၊ မုဒြက်ရည်မှ ဖြစ်သောအရက်။
၄။ ဂုဠာသဝ၊ ကြံရည်မှ ဖြစ်သောအရက်။
၅။ သမ္ဘာရသံယုတ္တ၊ အဆောက်အဦတို့ကို ပေါင်းစု၍ဖြစ်သော အရက်၊ ဤယစ်မျိုးများကို သောက်စားခဲ့လျှင် မျိုတိုင်း မျိုတိုင်း ပါစိတ်သင့်၏။

www.dhammaransi.com

၂၇၃။ မြောက်ကြွလှုပ်ယမ်း၊ ကူးသန်း ငုပ်,ပေါ၊ လှေလှော်ဘောင်ခတ်၊ ရေနှင့်စပ်ပြား၊ ပျော်ကစား၊ သင့်ငြားပါစိတ္တိ။
[သိသာပြီ။]

အဓိပ္ပါယ်။ ။အပျော်အပါး ကစားမြူးတူး လိုသော စိတ်ဖြင့် ပန်းကန်, ဇွန်း, ခွက်၌ရှိသော ရေကိုမျှ,ခံတွင်း၌ရှိသော ရေကိုမျှ လှုပ်ရှား ကစားခြင်းငှာ မအပ်။

၂၇၄။ ကိုယ်တွင်ထိလျင်း၊ ရဟန်းချင်းအား၊ ပျော်ကစား၊ သင့်ငြားပါစိတ္တိ။

၂၇၅။ လူ, ရှင်, တိရစ္ဆာန်၊ ရယ်မြူးရန်၊ ထိပြန်ဒုက္ကဋ်သိ။

အဓိပ္ပါယ်။ ။ရယ်မြူးလိုသောစိတ်ဖြင့် ရဟန်းဖြစ်သူကို ကိုယ်အင်္ဂါဖြင့် ထိပါးခဲ့သော် ပါစိတ်၊ လူ,သာမဏေ,တိရစ္ဆာန် သတ္တဝါများကို ထိပါးခဲ့သော် ဒုက္ကဋ်သင့်၏။

၂၇၆။ ရဟန်း ချင်းလျှင်၊ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မကျင့်လို၍၊ မရိုမသေ၊ ပြန်လှန်ချေ၊ သင့်လေ ပါစိတ်မှု။

အဓိပ္ပါယ်။ ။ဝိနည်းပညတ်တော်ကို ဘော်၍ ဆုံးမသည်-ဟူလို။

၂၇၇။ သုတ်, အဘိဓမ္မာ၊ ကျမ်းလာဘော်ပြ၊ ဆုံးမသည်ကို၊ မနာလို၍၊ မရိုမသေ၊ ပြန်လှန်ချေ၊ သင့်လေ ဒုက္ကဋ်မှု။

အဓိပ္ပါယ်။ ။ကျမ်းဂန်ပါဠိကိုပြ၍ ဆုံးမသော်လည်း ထိုပါဠိကိုပင် အမှန်အကန်ဟူ၍ မယုံကြည်ခဲ့သော်ငြားး, ပါဠိကိုပင် ယုံကြည်ခဲ့သော်လည်း ထိုသူယူသောအနက်အဓိပ္ပါယ်ကို မယုံကြည်ခဲ့သော်ငြားး, ပြန်လှန်သော်လည်း အာပတ်မသင့်။

၂၇၈။ ထိတ်လန့်, ကြောက်ရန်၊ ကြံဘန်ထွေပြား၊ ရဟန်းအား၊ ခြောက်ငြားပါစိတ္တိ။

အဓိပ္ပါယ်။ ။ကြောက်တတ်သော ရဟန်းကို တစ္ဆေလုပ်၍ ခြောက်ခြင်းစသည်တည်း၊ လူ,သာမဏေတို့ကိုခြောက်လျှင်ဒုက္ကဋ်။

www.dhammaransi.com



**၁၉၉။ ဆောင်းအခါ၌၊ အနာကင်းလျက်၊ မီးထင်းထည့်မှု၊ လှုံဘို့ပြု၊ သင့်မှုပါစိတ်တည်း။**

**အဓိပ္ပါယ်။** ။မီးတောက်အောင် ထည့်မှုကိုယူ၊ မီးလှုံဘို့သက်သက် ဖြစ်ခဲ့မူ- ကိုယ်တိုင်လည်းမပြုရ၊ လူ,သာမဏေတို့ကိုလည်း မခိုင်းရ၊ သူတို့အလိုအလျောက် တောက်အောင်ပြု၍ပေးလျှင် လှုံ၍မျှလှုံရ၏၊ လှုံ စဉ်အခါ၌လည်း မီးထင်းကိုတောက်အောင်မပြင်ဆင်ရ၊ မီးလှုံရန်မီးသိ လော့-ဟု ကပ္ပိယစကားနှင့် စေခိုင်းမှုအပ်၏-ဟု ယူကြ၏၊ဆင်ခြင်လေ၊ မီးကျီးသက်သက်၌ကားအပ်၏။

**၂၀၀။ ရယ်လို စိတ်နှင့်၊ သပိတ်,သင်္ကန်း၊ ဝါးပန်းကစ၊ မဟောက်ရ၊ ဝှက်က အာပတ်တည်း။**

**အဓိပ္ပါယ်။** ။တပါးသောရဟန်း၏ သပိတ်,သင်္ကန်း,ဝါးပန်း,အပ် ကျည်တောက်,နိသီဒိုင်တို့ကိုဝှက်လျှင် ပါစိတ်၊ထိုမှကြွင်းသော ပရိက္ခရာ တို့၌၎င်း,လူ, သာမဏေတို့၏ ဥစ္စာ၌၎င်း-ဒုက္ကဋ်။

**၂၀၁။ ဝိနည်းကြောင်းဖြင့်၊ ကောင်းစွာအမှန်၊ ပြီးပြီးကံကို၊ တဖန် လှုပ်ရှား၊ လှန်ပြန်ငြား၊ သူ့အားပါစိတ်တည်း။** ။[သိသာပြီ။]

**၂၀၂။ အာပတ်မှုကို၊ ပြုမှန်းသိလျက်၊ ငဲ့ကွက်သောအား၊ ဘော်မကြား ဖုံးထားအာပတ်တည်း။**

**အဓိပ္ပါယ်။** ။တပါးသောရဟန်း အာပတ်သင့်သည်ကို သိလျက် သူတပါးသိမည်ကို ညှာတာငဲ့ကွက်၍ တခြားသောရဟန်းအား မပြော မကြားမူ၍ ထိုရဟန်းနှင့် စိတ်တူ,သဘောတူ ဖုံး၍ထားသော ရဟန်း အား အာပတ်သင့်၏၊ သံဃာဒိသိသ်မှုကိုဖုံးလျှင် ပါစိတ်၊ ကြွင်းသော အာပတ်စုကို ဖုံးလျှင် ဒုက္ကဋ်။

**မှတ်ချက်။** ။သာမဏေတို့၏အပြစ်ကြီး,ငယ်ကိုဖုံးလျှင်လည်း ဒုက္ကဋ်၊ ဖုံးလိုသောစိတ်မရှိမူ၍ သူ့အမှုနှင့် သူထင်ရှားမည်-ဟု နေလျှင်မပြော ကြားသော်လည်း လွတ်၏။

**၂၀၃။ ရဟန်းခံနေ၊ မစေ့အသက်၊ သိလျက်သိမ်ဝင်၊ ကံဆောင်လျှင်၊ ထိုရှင်အာပတ်တည်း။**

**အဓိပ္ပါယ်။** ။ပဋိသန္ဓေနှင့်ယှဉ်၍မှ အသက် ၂၀-မစေ့သောသူကို သိလျက်နှင့်သိမ်ဝင်၍ ရဟန်းခံ ကံဆောင်သော ရဟန်းအား အာပတ်

သင့်၏၊ ဥပဇ္ဈာယ်ဆရာမှာ ပါစိတ်၊ကမ္မဝါဆရာ,ကာရကသံဃာတို့မှာ ဒုက္ကဋ်၊ လိုသူလည်း ရဟန်းမဖြစ်၊ ရဟန်းဖြစ်သည် ထင်မှတ်၍ ရဟန်းကောင်းတို့နှင့် ပေါင်းဘော်၍နေသော်လည်း အပြစ်မရှိ၊ သိသောအခါ လဝ်မိ၍ မရသည်။

၂၀၄။ ထားပြ,ခိုးသူ၊မင်းဘဏ်ယူ၊ခွန်ပု ရှောင်သမား။

၂၀၅။ သိလျက်တိုင်ပင်၊ခရီးနှင်၊ရွာစဉ်အာပတ်များ။

အဓိပ္ပါယ်။ ။သိလျက်နှင့် သဘောတူတိုင်ပင်၍ ခိုးသူ,ထားပြတို့နှင့်သော်၎င်း၊ မင်း၏ဘဏ္ဍာတော် အရာတော်များကို ခိုးယူထွက်သွားသောသူများနှင့်၎င်း၊ လမ်းစခန်း၌ ကင်းထား၍ ကောက်ခံသော အခွန်တော်များကို မပေးဆောင်ရအောင် ကြံဘန်စဉ်းလဲရှောင်လွှဲ၍ သွားသောသူများနှင့်အတူတကွတိုင်ပင်၍ ကုန်းကြောင်း,ရေကြောင်း ခရီးသွားသော ရဟန်းအား ရွာစဉ်ရှိသောလမ်း၌ သွားမှု တရွာလျှင် အာပတ်တချက်စီသင့်၏၊ မသိ၍တိုင်ပင်၍ အတူသွားရာ၌၎င်း, သိသော်လည်း မိမိက တိုင်ပင်မှုမပြုဘဲ အတူသွားရာ၌၎င်း-အာပတ်လွတ်၏။

၂၀၆။ ပညတ်တော်ပြ၊ ဆုံးမသည်ကို၊ မနာလို၍၊ ပုဂ္ဂိုလ်လူမြတ်၊ ဝိနည်းတတ်ဝယ်၊ မေးဦးမယ်ဟု၊ လွှဲဖယ်မှု၊ သူ့အား အာပတ်တည်း။

အဓိပ္ပါယ်။ ။ရဟန်းချင်းချင်း ဝိနည်းပညတ်တော်ကိုဘော်ပြ၍ ဆုံးမ မြစ်တားရာ၌ လွှဲဖယ်လျှင် ပါစိတ်၊ သုတ္တန်,အဘိဓမ္မာကို ဘော်ပြ၍ ဆုံးမြစ်တားရာ၌ လွှဲဖယ်လျှင် ဒုက္ကဋ်၊ ဝိနည်း, သုတ္တန်, အဘိဓမ္မာနှင့် လူ, သာမဏေတို့က ဆုံးမြစ်တားရာ၌ လွှဲဖယ်လျှင် ဒုက္ကဋ်။

၂၀၇။ ဝိနည်းတရား၊ သင်သူအားကို၊ မသင်လိုအောင်၊ ပြစ်ပို ကျိုးမဲ့၊ ပြောဆိုခဲ့၊ ဘွဲ့ပြီးပါစိတ်တည်း။

အဓိပ္ပါယ်။ ။ဝိနည်းတော်ကို သင်အံလေ့ကျက်၍နေသော ရဟန်းများထံ ဝိနည်းတတ်သည့်အတွက် ကုက္ကုစ္စတရား ပွားများရန် အပြစ်ပိုရှိသာရှိသည်၊တစုံတခု အကျိုးမရှိ-ဟု ပြစ်ပိုကျိုးမဲ့ ကဲ့ရဲ့ရှုတ်ချပြောဆိုခဲ့သော် အာပတ်ဘွဲ့မိ၏၊ အာပတ်သင့်၏ဆိုလိုသည်၊ သုတ္တန်တရား,အဘိဓမ္မာတရားများကို ကဲ့ရဲ့ရာ၌ ဒုက္ကဋ်။

www.dhammaransi.com



ကျမ်းဂန်ကို ကဲ့ရဲ့လိုသော စိတ်မရှိမူ၍ ဤစာနှင့်ဤသူ အခါမတန် သေးထင်၍ သဒ္ဒါကို သင်ဦး၊ ဝိနည်းကိုနောင်မှ သင်ရမည်–စသည်ဖြင့် ဆိုရာ အာပတ်လွတ်၏။

၂၈၈။ **လွှန်ကျူးမှုသိ၊ ကေန်ဘိလျက်၊ မသိလေယောင်၊ ဟန်ဆောင် လေက၊ မောဟတင်ထား၊ နောက်ဆောင်ငြား၊ သူ့အားပါစိတ်တည်း။**

**အဓိပ္ပါယ်။** ။သိလျက်နှင့် လွှန်ကျူးပြီးနောက် သံဃာများက မသိ၍ လွှန်ကျူးမိရှာသည်–ဟု မှတ်ထင်ကြလေအောင် ဥပုသ်နေ့တွင် သိမ်အပြင်မှာ ပါတိမောက်နာသော အခါ၌ ဤအမှု များသည် ပါတိမောက်မှာ လာသည်-ဟု၊ယခုမှသိပေသည်-ဟု ဟန်ဆောင်မှုကို ပြုသော ရဟန်းအား မောဟာရောပနက တင်ထားရသည်၊ တင်ထား ပြီးနောက် ထို့အတူ မသိလေယောင် ဟန်ဆောင်မှုကို ပြုပြန်သော ရဟန်းအား ပါစိတ်သင့်၏။

၂၈၉။ **ဒေါသထွက်၍၊ ရိုက်နှက်ထောင်းထု၊ ပစ်ခတ်မှု၊ ပြုတိုင်း အာပတ်တည်း။**

**အဓိပ္ပါယ်။** ။ရဟန်းကိုပြုလျှင် ပါစိတ်၊ ရဟန်းမှတပါး လူ, သာမဏေ, ခွေး, ဝက်, ကြက်, ငှက်-အစရှိသော ခပ်သိမ်းသော သတ္တဝါတို့အား ပြုခဲ့လျှင် ဒုက္ကဋ်။

**မှတ်ချက်။** ။မိမိကိုယ်ကို ထိပါးမည်စိုး၍ ကာဆီးမှုနှင့် ခုခံရိုက်နှက်ထောင်းထု ပစ်ခတ်ပြုရာ၌ကား သေစေလိုသောစိတ် မရှိခဲ့သော် ရန်သူတပါးသေ၍ပင် သွားသော်လည်း အနာပတ္တိ။

၂၉၀။ **ဒေါသထွက်၍၊ ရိုက်နှက်မည်လား၊ လက်ဝါး,လက်အုပ်၊ ကြိမ်,တုတ်,တံပြာ၊ ဖိုးခဲ့ရာ၊ သင့်လာအာပတ်တည်း။**

**အဓိပ္ပါယ်။** ။မိမိကိုယ်ကိုကွယ်ကာရန်မိုးရာ၌အနာပတ္တိ၊
[သိသာပြီ။]

၂၉၁။ **သူတပါးကို၊ မြင်, ကြား, သင်္ကာ၊ မရှိပါဘဲ၊ အာပတ်ခြောက်ထွေ၊ စွပ်စွဲချေ၊ သင့်လေအာပတ်တည်း။**

**အဓိပ္ပါယ်။** ။မြင်ခြင်း, ကြားခြင်း, မသင်္ကာခြင်း အရင်းမရှိဘဲ လျက် သူတပါးကို ပါရာဇိကမှတပါးသော အာပတ်အပြစ်နှင့် စွပ်စွဲ

www.dhammaransi.com



စောဒနာပြောအံ့၊ ရဟန်းကို သံဃာဒိသိသ်နှင့် စွပ်စွဲလျှင် ပါစိတ်၊ ကြွင်းသော အာပတ် ၅-မျိုးနှင့် စွပ်စွဲလျှင် ဒုက္ကဋ်၊ သာမဏေကို လိင်အမှု၊ ဒဏ်အမှုနှင့် စွပ်စွဲလျှင် ဒုက္ကဋ်။

၂၉၂။ အမျက်ကြုတ်၍၊ ကုက္ကုစ္စဖြစ်၊ ပြောဆိုလစ်၊ ဝွန်းညစ် အာပတ်တည်း။

အဓိပ္ပါယ်။ ။အမျက်ဒေါသရှိ၍ တပါးသောသူအား ကုက္ကုစ္စ နှိပ်စက်၍ စိတ်စက်မချမ်းသာရှိလေအောင် သင်သည်ရဟန်းဖြစ်မည်မထင်-အစရှိသည်ဖြင့် ပြောဆိုရာ၌ ရဟန်းအား ပြောဆိုလျှင် ပါစိတ်၊ သာမဏေအား ပြောဆိုလျှင် ဒုက္ကဋ်။

၂၉၃။ အမျက်ရှိ၍၊ မိမိဝကား၊ ပြောဆိုငြားလျှင်၊ ကြားဘိုတစောင်း၊ ကပ်နိုအောင်း၊ ချောင်းမြောင်း အာပတ်တည်း။

အဓိပ္ပါယ်။ ။ရဟန်းကို ချောင်းလျှင် ပါစိတ်၊ လူ, သာမဏေကို ချောင်းလျှင် ဒုက္ကဋ်။

၂၉၄။ ဓမ္မိကမှန်၊ သံဃာ့ကံ၌၊ ညီရန်ဆန္ဒ၊ ပေးပြီးမှ၊ ရှုတ်ချပါစိတ်တည်း။

အဓိပ္ပါယ်။ ။တခုခုသော သံဃာ့ကံ၌ စိတ္တသာမဂ္ဂီ အညီအညွတ်ဖြစ်စေရန် ဆန္ဒပေးပြီးမှ လိုက်ကံကိုမကြိုက်သံပြော၍ ရှုတ်ချသော ရဟန်းအား ပါစိတ်သင့်၏။

၂၉၅။ ဆုံးဖြတ်မှုရေး၊ ကံပြုရေးနှင့်၊ စည်းဝေးဝင်ပြီး၊ မှုမပြီးမီ၊ ပျက်ဆီးလိုရေး၊ မပေးဆန္ဒ၊ ထွက်သွားက၊ သင့်ထ ပါစိတ်တည်း။

အဓိပ္ပါယ်။ ။ထိုအမှု ထိုကံကို ပျက်စီးစေလို၍ ဆန္ဒ မပေးဘဲ သံဃာ့ဘောင်မှ ထွက်သွားသည်-ဟူလို။

၂၉၆။ ရဟန်းအားကို၊ အများသံဃာ၊ ညီညာကျေအေး၊ သင်္ကန်းပေး၍၊ အရေးတဘန်၊ ရှုတ်ချပြန်၊ ဝွန်းရန်ပါစိတ်တည်း။

အဓိပ္ပါယ်။ ။သံဃာများသည် ဆန္ဒာဂတိသို့လိုက်၍ သံဃိကသင်္ကန်းကို သူတို့မေတ္တာရှိရာ ပေးကြဘိသည်-ဟု ရှုတ်ချမှုတည်း။

www.dhammaransi.com



၂၉၇။ ထိန်းပါ အပ်နှံ၊ လူတို့ဘဏ်၊ လက်ခံပါစိတ်တည်း။

၂၉၈။ ကျပျောက်, မေ့ကျန်၊ တွေ့ရှိဘဏ်၊ ယူပြန်ပါစိတ်တည်း။

၂၉၉။ ရဟန်း ဥပစာ၊ မေ့ကျန်ရာ၊ ကောင်းစွာ ယူသိမ်းဆည်း။

**အဓိပ္ပါယ်။** ။လူတို့၏ ဥစ္စာဘဏ္ဍာကို ရဟန်းပုဂ္ဂိုလ်အား ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံသည်ရှိသော် အဓိ၏ဥစ္စာကိုသော်လည်း လက်မခံရ၊ လက်ခံလျှင် ပါစိတ်သင့်၏။

လူတို့လက်မှကျ၍ နေရစ်သောဝတ္ထု, ပျောက်ကွယ်၍နေသောဝတ္ထု, မေ့ကျန်၍နေသောဝတ္ထု များကို ရဟန်းတို့၏ ဥပစာ မဟုတ်သော အရပ်ဌာနများ၌ တွေ့ရှိခဲ့သော် ပံသုကူ သညာမရှိဘဲ ထိန်းသိမ်း၍ ထားခြင်းငှာ အယူမခိုင်းရ။

ရဟန်းတို့နေရာ တိုက်တာတွင်း၌သော်၎င်း၊ တိုက်တာ၏ အနီးအစပ်ဖြစ်သော တိုက်တာဥပစာ အတွင်း၌ သော်၎င်း၊ တိုက်တာမှ အလွတ်ဖြစ်သော ခဏခေတ္တ တည်းခိုနေထိုင်ရာ စရပ်, တန်ဆောင်း စသည်တို့၌သော်၎င်း၊ မေ့ကျန်ရစ်သောသူတို့၏ ဥစ္စာဘဏ္ဍာဝတ္ထုများကို တွေ့ရှိခဲ့သော် ကပ္ပိယရှိလျှင် ကပ္ပိယကိုကောက်ယူ သိမ်းထားစေရာ၏၊ ကပ္ပိယမရှိသော် ရွှေထုပ်, ငွေထုပ်ပင် ဖြစ်သော်လည်း ဥစ္စာရှင်ပေါ်လျှင် ပေးအပ်ရန် ရဟန်းကိုယ်တိုင်ပင် ကိုင်ယူသိမ်းထားအပ်၏။

**မှတ်ချက်။** ။ဤအရပ်မှာ အခြားသူမရှိ၊ ရဟန်းများပင် ရလိမ့်မည်ဟု ရဟန်းများကို ယုံမှားသင်္ကာ ဖြစ်လောက်သောအရပ်ဌာန၌ တွေ့ရှိခဲ့သော်လမ်းခရီးသွားရာ,နားနေရာမှာပင် ဖြစ်သော်လည်း ကောက်ယူသိမ်းဆည်း၍ ထားရာ၏၊သတင်းပေးရာ၏၊ပစ္စည်းရှင်ပါ-ဆို၍ ပေါ်လာလျှင် သေချာအောင် မေးဆေး၍ အပ်ပေးရာ၏။

ရွာတွင်း၌ ကြောင့်ကြမကင်းရှိ၍ လူတို့အလိုအလျောက် ကျောင်းမှာထား၍ သွားခဲ့သော် မပျောက်မပျက်အောင် ကြောင့်ကြစိုက်ရာ၏။

မငြင်းသာသောသူတို့က အပ်နှံလာသော် လက်မခံအပ်-ဟု ပယ်ပြီးလျှင် ကျောင်းတွင်းမှာ ဤနေရာဌာနသည် လုံခြုံပါ၏-ဟု လုံခြုံရာဌာနကိုမူကား ပြအပ်၏၊ ဤနေရာမှာထားလော့-ဟူ၍ မဆိုအပ်၊ ထား၍သွားလျှင် ကောင်းစွာစောင့်ရှောက်ရသည်။

www.dhammaransi.com



၃၁၀။ ဆံ့နှစ်တောင်တိ၊ ရဟန်းရှိငြား၊ မပန်ကြားဘဲ၊ နေလွဲရွာဝင်၊ ပြုခဲ့လျှင်၊ ရွာဝင်ပါစိတ်တည်း။

**အဓိပ္ပါယ်။** ။၁၂-တောင်မှအပ၌သာ ရှိနေခဲ့မူ ပန်ဘွယ်မရှိ၊ ၁၂-တောင်တွင်း၌ ရဟန်းရှိငြားသော်လည်း ပန်ကြား၍ နေခဲ့လျှင် လွန်နှင့်ရန်အခွင့်ရှိသော အရေးတကြီး ဖြစ်ခဲ့သော် မပန်ကြားဘဲ ဝင်သော်လည်း အာပတ်မသင့်။

၃၀၁။ ရိုး,ဈွယ်,ဦးချို၊ အပ်ကျည်ကိုလျှင်၊ ကိုယ်တိုင်ပြုလျှင်း၊ ပြုစေလျှင်း၊ ခွဲခြင်းပါစိတ္တိ။

**အဓိပ္ပါယ်။** ။အရိုး,အစွယ်,ဦးချိုတို့ကိုအပ်ကျည်တောက်ပြုမိ,ပြုစေမိလျှင် ခွဲဖျက်ပြီးမှ အာပတ်ကိုဒေသနာကြားရသည်၊ အပြီးကိုရသော်လည်း အပ်ထည့်၍မဆောင်ရ။

၃၀၂။ အပေါင်အောက်မှာ၊ တတောင့်ထွာ၊ ရှည်ရာညောင်စောင်းခြေ။

၃၀၃။ ထိုထက်ရှည်မူ၊ လွန်၍ပြု၊ ဖြတ်မှုပါစိတ်ပေ။

**အဓိပ္ပါယ်။** ။ညောင်စောင်းခြေ, အင်းပျဉ်ခြေကို အပေါင်မှအောက်၌ ဘုရားလက် ၈-သစ်၊မဇ္ဈိမ တတောင်၊ပကတိ တတောင့်ထွာသာရှည်ရ၏၊ ထိုထက်ရှည်စွာပြုသော်၎င်း, ပြုစေသော်၎င်း၊ ဖြတ်ခြင်းရှေးရှိသောပါစိတ်သင့်၏။

၃၀၄။ ညောင်စောင်းလဲမွေး၊ ပြုမိရေး၊ ဆုတ်ရှေးပါစိတ္တိ။

**အဓိပ္ပါယ်။** ။မွေးသောလဲကို ဆုတ်ခွါဖျက်ဆီးပြီးမှ အာပတ်ကိုဒေသနာကြားရမည်၊၍ညောင်စောင်း,အင်းပျဉ်တို့၌ရှည်သောအခြေကိုတိုအောင်ဖြတ်မှု၊ မွေးသောလဲကို ဆုတ်ခွါမှုကိုပြု၍ အာပတ်ကို ဒေသနာကြားပြီးသော် ထိုရဟန်းကား မသုံးဆောင်ရ။

၃၀၅။ မိုး,မာ,နိသိ၊ လွန်တုံဘိ၊ ဖြတ်ရှိပါစိတ်တည်း။

**အဓိပ္ပါယ်။** ။နိသီဒိုင်သက်န်း, အမာလွှမ်းသက်န်း, မိုးရေခံသက်န်းတို့၌ ပမာဏကိုလွန်ခဲ့သည်ရှိသော် ဖြတ်ခြင်းရှေးရှိသောပါစိတ်တည်း၊ဖြတ်ပြီးမှ ဒေသနာကြားရသော ပါစိတ်အာပတ်မျိုး-ဟူလို။

www.dhammaransi.com



**၃၀၆။ ဘုရားသုံးထယ်၊ မှီရာဝယ်၊ ပြတ်ပယ်ပါစိတ်တည်း။**

**အဓိပ္ပါယ်။** ။သင်းပိုင်, ကိုယ်ရုံ, ဒုဂုဋ်သက်နိုးတို့မှာ မြတ်စွာဘုရား၏ သင်းပိုင်တော်, ကိုယ်ရုံတော်, ဒုဂုဋ်တော်ကို မှီအောင်ပြုခဲ့သော် ဖြတ်ခြင်းရှေးရှိသော ပါစိတ်သင့်၏၊ ဤသက်နိုး ၆-ထည်တို့၌ ဖြတ်၍ဒေသနာကြားပြီးသော် ဗိတန်မျက်နှာကြက် စသည်ပြု၍သုံးဆောင်ရ၏။

သုဂ္ဂပါစိတ်ပြီး၏။

---

## သေခိယ

**၃၀၇။ ဝတ်ရုံနှစ်ဖြာ၊ ဝန်းညီစွာနှင့်၊ ရွာမှာကြွတောင်း၊ ကောင်းစွာဖုံးလွှမ်း၊ မယမ်းခြေ,လက်၊ မျက်လွှာလည်းချ၊ ခါးမှာထက်ရောက်၊ မမြှောက်ကိုယ်ရုံ၊ ဆယ်ပါးတုံ၊ လုံစေအသီးသီး။**

**အဓိပ္ပါယ်။** ။ဝတ်ရုံနှစ်ဖြာ၊ ဝန်းညီစွာဆိုသည်ကား-သင်းပိုင်ကို အဝန်းညီစွာဝတ်ရမည်၊ ကိုယ်ရုံကိုအဝန်းညီစွာ ရုံရမည်-ဆိုလိုသည်။

**မှတ်ချက်။** ။ဤ၌သင်းပိုင်ဝတ်သောအခါ အထက်၌ ချက်အဝန်း, အောက်၌ ပုဆစ်ဒူးဝန်းကို ဖုံးမိအောင်ဝတ်ရမည်၊ ပုဆစ်ဒူးစွန်းမှ အောက်၌ လက် ၈-သစ်ခန့်ချ၍ ဝတ်ရမည်-ဟုလာ၏။

လက်ကန်တော့တင်သော ကိုယ်ရုံကို ရုံသောအခါ အစွန်း ၂-ခုကို ညီမျှအောင်ပြု၍ ရုံရမည်-ဟုလာ၏။

အချို့ဆရာတို့ကား အောက်အစွန်း ၂-ခုကိုယူကြ၏၊ အချို့ဆရာတို့ကား အထက်စွန်း ၂-ခုကို ညီစွာပြု၍ လိပ်၍လက်ဝဲလက်သို့တင်၍ ရုံသည်ကိုယူကြ၏။

ဝိနိစ္ဆယ ဋီကာ၌ကား-ရင်အပြင်, ကျောက်ကုန်းအပြင် ၂-ဘက်၌ ကျသောအစွန်း ၂-ဘက်ကို ဘွင့်ဆို၏၊ "ဥဘော ကဏ္ဏေ သမံ ကတွာ" ဟူသောပါဌ်၏ ပြန်ဘက်ဖြစ်သော "ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေန္တော ပါရုပတိ"ဟူသောပါဌ်နှင့် ဝိနိစ္ဆယဋီကာညီသကဲ့သို့ရှိ၏။

www.dhammaransi.com



သင်းပိုင်ဝတ်မှု၌ ''နာဘိမဏ္ဍလံ ဇာဏုမဏ္ဍလံ ပဋိစ္ဆာဒေန္တေန'' ဟူသောပါဠိဖြင့် သင်းပိုင်ဝတ်မှုဖြင့် လုံခြုံစေထိုက်သော ကိုယ်အစိတ်ကို လုံခြုံစေမှုကိုပြ၏။

''ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေန္တော နိဝါသေတိ''-ဟူသော ပါဠိဖြင့် အာပတ်ဝတ္ထုကိုပြ၏။

ဤပါဠိဖြင့် သလုံးမြင်းခေါင်း၌ ဝဲ,ယာ,နောက်,ရှေ့ ဝန်းပိုင်း၍ကျသော သင်္ကန်း၊ အနားစွန်းချင်းမညီမညာရှိလျှင်သာ အာပတ်သင့်၏၊ ညီညာလို့ရှိလျှင် အပြစ်မရှိ-ဟု သိအပ်၏။

ကိုယ်ရုံ ရုံမှု၌လည်း ''ဥဘော ကဏ္ဏေ သမံ ကတွာ''-ဖြင့် ဝတ်ရုံရသော အစီအရင်ကိုပြ၏။

''ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေန္တော နိဝါသေတိ''-ဖြင့် အာပတ်ဝတ္ထုကိုပြ၏။

ဤပါဠိဖြင့် သင်းပိုင်ဝတ်မှု၌ ပြဆိုခဲ့ပြီးသည်အတိုင်း အောက်၌ ကျသော သင်္ကန်း အနားစွန်းချင်း မညီမညာရှိလျှင်သာ အာပတ်သင့်၏။ ညီညာလို့ရှိလျှင် မသင့်-ဟု သိအပ်၏။

ဤဝတ်မှု, ရုံမှု ၂-ပါးတို့၌ ဝတ်ခြင်း,ရုံခြင်းကိုပြုသောအခါ၌ သိက္ခာပုဒ်ကို ရိုသေသောစိတ်ဖြင့် ပရိမဏ္ဍလဖြစ်အောင်ကြည့်ရှု၍ မဝတ်,မရုံလျှင်သာ အာပတ်၊ ကြည့်ရှု၍ ဝတ်ရုံပြီးနောက် မညီမညွတ်ဖြစ်၍သွားသော်လည်း အာပတ်မရှိ။

ဘုရားစေတီရှေ့,ဆရာသမား, ထေရ်ကြီး ဝါကြီးများရှေ့, သံဃာတော်အစည်းအဝေးရှိရာ ရွာကျောင်းသို့ ဝင်သောအခါတို့၌ကား မညီ မညွတ်ရှိခဲ့လျှင် ပြင်ဆင်၍ ဝတ်ရုံခြင်းသည် အထူးသင့်မြတ်၏။

ထို့ကြောင့် ဥပုသ်ကံ,ပဝါရဏာကံ ထိုထိုသံဃကံ အစည်းအဝေးတို့၌–''ဧကံသံ စီဝရံ ကတွာ ဥက္ကုဋိကံ နိသီဒိတွာ'' -ဟူ၍ရှင်း။

ရွာတွင်းဝင်မှုတို့၌''အန္တရဝါသကံနိဝါသေတွာ''-ဟူ၍ရှင်းပြင်ဆင်၍ ဝတ်ရုံမှုများသည် ထင်ရှားစွာ လာရှိပေသတည်း၊''ဗုဒ္ဓုပဋ္ဌာနာဒိ-ကာလံ သန္ဓာယ ဝုတ္တံ'' ဟူသော ဋီကာများ၌လည်း ဤအဓိပ္ပါယ်ကိုယူ။

www.dhammaransi.com



ဗုဒ္ဓုပဋ္ဌာန,ထေရုပဋ္ဌာန,သံဃသန္နိပါတမှတပါး အလွတ်နေရာတို့မှာ ဝတ်ရုံမှုကိုပြုသောအခါ၌ မညီမညွတ် ဝတ်ချင်တိုင်း ဝတ်ရုံအပ်၏-ဟု မယူလင့်။

ရွာမှာကြိုတောင်း၊ ကောင်းစွာဖုံးလွှမ်းဆိုသည်ကား—ရွာတွင်းသို့ သွားမည်, ရွာတွင်း၌ နေထိုင်မည်ရှိရာ၌ သုပ္ပဋိစ္ဆန္နကိစ္စဖြင့် ရုံမှုကိုဆိုသတည်း၊ လည်ပင်းကိုဖုံးခြင်း, လက်လိပ်ကိုဖြေ၍ လက်ကောက်ဝတ်တိုင်အောင် ဖုံးခြင်း,ခါးပတ်သီးတပ်ခြင်းတို့ကိုပြု၍ ရွာတွင်းသို့ သွားရာ၏။

ထိုင်သောအခါ၌ ဦးခေါင်းအင်္ဂါကိုငင်း, လက်ကောက်ဝတ်မှ စ၍ လက်ဝါးအင်္ဂါကိုငင်း, သလုံးသားမှ အောက်ဖြစ်သော ခြေအင်္ဂါတို့ကိုငင်း ထုတ်ဘော်၍ ကြွင်းသော ကိုယ်အင်္ဂါအလုံးကိုဖုံး၍ နေရမည်-ဟု လာ၏။

**မှတ်ချက်။** ။ဤသုပ္ပဋိစ္ဆန္နကိစ္စ၌ "ကာယံ ဝိဝရိတွာ အန္တရဃရေ ဂစ္ဆတိ နိသီဒတိ"—ဟူ၍ ပါဠိတော်၌လာသောကြောင့် ကိုယ်အင်္ဂါကို ဘွင့်ခြင်းသည်သာ အာပတ်ဝတ္ထုဖြစ်၏၊ လက်, ခြေ အင်္ဂါကိုဘွင့်သော်လည်း အာပတ်ဝတ္ထုမဟုတ်-ဟု မှတ်။

မယမ်းခြေ,လက်ဆိုသည်ကား—ရွာတွင်း၌ သွား,လာ နေထိုင်သောအခါ၌ လက်,ခြေတို့ကိုထိန်းသိမ်းသောသတိမရှိဘဲပေါက်လွှတ်ထားသဖြင့် လက်,ခြေကစား လှုပ်ရှားခြင်း,ထိုင်နေသောအခါ၌ လက်,ခြေ မငြိမ်သက်ခြင်းတို့ကို မပြုရာ။

မျက်လွှာမှာ ရှေ့သို့ လေးတောင်ခန့်အတွင်း၌သာ စိုက်၍ ကြည့်ရှုရာသည်၊ ကိုယ်ရုံသင်္ကန်းကို ခါးမှအထက်သို့ ပင့်မြှောက်ခြင်းကို မပြုရ။

ပရိမဏ္ဍလဝဂ် ပြီး၏။

---

ဥဇ္ဇဂ္ဃိကဝဂ်

**၃၀၈။ ပြောသံမကျယ်၊ ရယ်သံမထွက်၊ ကိုယ်, လက်, ဦးခေါင်း၊ မလှုပ်ရှောင်း၊ ကောင်းစွာ ချီစောင့်စည်း။**

**အဓိပ္ပါယ်။** ။စကားသံကို ကျယ်စွာလွှတ်၍ မပြောရ၊ ၁၂-တောင်ခန့်သာ အသံထွက်စေရမည်၊ တရားဟောမှု၌ကား-တရားနာသူရှိသမျှ

www.dhammaransi.com



ကြားနိုင်ကြရန် အသံလွှတ်ရ၏၊ ရယ်ခွင့်ရှိသော်လည်း ပြုံးရုံမျှ ပြုံးရသည်၊ အသံထွက်အောင် မရယ်ရ၊ ကိုယ်အင်္ဂါ, လက်မောင်းအင်္ဂါ, ဦးခေါင်းအင်္ဂါတို့ကို တောင့်တင်းစွာပြု၍ ထားရမည်၊ ငိုက်မျဉ်းသောသူကဲ့သို့ ရော့ရဲစွာလွှတ်ပုံ၍ တိမ်းတီးတိမ်းပါး မထားရ၊ ရွာတွင်း၌ သွားခြင်း, ထိုင်နေခြင်း ၂-ပါးစီယူလေ။

ဥဇ္ဇဂ္ဃိကဝဂ် ပြီး၏။

ခမ္ဘကတဝဂ်

၃၀၉။ ခါးထောက်,ခေါင်းခြုံ၊နင်းတုံခြေစွန်၊နှစ်တန်ဒူးဗန်း၊ဆွမ်းခံရိုသေ၊ မလေငြိမ်စိတ်၊ သပိတ်မှာထား၊၊ဟင်းအားမျှရုံ၊ ညီတုံနားရေး၊ သတိရှေး၊ ကျင့်ရေးဆယ်မျိုးတည်း။

အဓိပ္ပါယ်။ ။ခါး၌လက်ထောက်ခြင်း၊ ဦးခေါင်းခြုံခြင်း၊ ခြေ၌ ခြေဘဝါးကို အညီအမျှမနင်းမူ၍ ဖနောင့်နှင့်သော်ငင်း, ခြေဖျားနှင့်သော်ငင်း, ဘဝါးစောင်းနှင့်သော်ငင်း, နင်းခြင်းများကို မပြုရ။

နှစ်တန်ဒူးဗန်း ဆိုသည်ကား-လက် ၂-ဘက်ကိုဆက်၍ဒူး ၂-ဘက်ကိုပွေ့ပိုက်၍ထိုင်ခြင်း,သင်္ကန်းဖြင့် ဒူး ၂-ဘက်ကိုပွေ့ပိုက်၍ ထိုင်ခြင်းကိုဆိုသည်၊ လက်အာယောဂပတ္ထုံခြင်း၊ ပုဆိုးအာယောဂပတ္ထုံခြင်း ခေါ်သည်။

ဆွမ်းခံရိုသေဆိုသည်ကား-လောင်းသောဆွမ်းကို မခံလိုဘိသကဲ့သို့ လောင်းဆဲအခါ၌ ပေါ့ပေါ့ဆဆမပြုမူ၍ ဆင်းရဲစွာသော ယောက်ျားအား ရွှေ, ငွေ ရတနာကို ပေးလာသော် မဘိတ်မယိုစေဘဲ ရိုသေစွာခံဘိသကဲ့သို့ ခံရမည်-ဟုလိုသည်။

မလေငြိမ်စိတ်၊ သပိတ်မှာထား ဆိုသည်ကား-ဆွမ်းလောင်းသောအခါ၌ တခြားတပါးသို့ မကြည့်မရှု၊ တခြားတပါးသို့ စိတ်မသွားမူ၍ တည်ငြိမ်သောစိတ်ကို သပိတ်၌စိုက်ထား၍ လောင်းမှု, ပြီးမှုကို အာရုံပြု၍ ဂရုစိုက်ရမည် ဆိုလိုသည်။

ဟင်းအားမျှရုံ ဆိုသည်ကား-ပဲဟင်းတို့ကို ဆွမ်း၏ လေးဘို့-တဘို့ထက် ပိုမို၍ မခံရ၊ ဆွမ်းနှင့်မျှလောက်ရုံ လေးဘို့-တဘို့ခန့်မျှ ခံရမည် ဆိုလိုသည်။

www.dhammaransi.com



ညီတုံနားရေး ဆိုသည်ကား-သပိတ်နခမ်းနှင့် ညီမျှရုံသာ ခံရမည် မို့မောက်အောင် မခံရ။

ခမ္ဘကတဝဂ် ပြီး၏။

---

သက္ကစ္စဝဂ်

၃၁၀။ ရိုသေဆွမ်းစား၊ စိတ်ထားခွက်တွင်၊ အစဉ်ယူလျင်း၊ ဟင်းအားမျှချိန်၊ မနှိမ်ဆွမ်းဦး၊ အထူးများလို၊ ဟင်းကိုမဖုံး၊ ကျန်းမာလျက်နှင့်၊ သက်သက်ကိုယ်ဘို့၊ တောင်းလို့မစား၊ သပိတ်များကို၊ စိတ်ထားမကောင်း၊ ကဲ့ရဲ့ကြောင်းနှင့်၊ စောင်း၍မရှု၊ ဒေါင်းဥနှယ်မှီး၊ မကြီးမရှည်၊ ဝန်းညီဆွမ်းလုပ်၊ သရုပ်ဆယ်ပါး၊ သိက္ခာများ၊ မှတ်သားကျင့်ဘိုတည်း။

အဓိပ္ပါယ်။ ၁။ ရိုသေဆွမ်းစား ဆိုသည်ကား-မစားလိုဘိသကဲ့သို့ မပြုမူ၍ နတ်သုဓာဘုတ်ကို စားဘိသကဲ့သို့ ရိုသေစွာ စားရမည်။

၂။ စိတ်ထားခွက်တွင် ဆိုသည်ကား-တပါးတခြားကို မေ့၍မစားရ၊ဆွမ်းစားခွက်,ဆွမ်းစားပန်းကန်, ဆွမ်းစားသပိတ်၌ စိတ်ကိုငြိမ်သက်စွာကြည့်ရှု စိုက်ထား၍စားရမည်- ဆိုလိုသည်။

၃။ အစဉ်ယူလျင်းဆိုသည်ကား—ဆွမ်းကို တလုပ်,တနေရာမယူမူ၍ယူမိရာက အစဉ်အတိုင်းယူ၍ စားရမည်-ဆိုလိုသည်။

၄။ ဟင်းအားမျှချိန် ဆိုသည်ကား—ပဲဟင်းကို ဆွမ်းလေးဘို့-တဘို့ထက်ပိုမို၍ မစားရ၊လေးဘို့-တဘို့ မျှနှိုင်းချိန်၍ စားရမည်-ဟူလိုသည်။

၅။ မနှိမ်ဆွမ်းဦးဆိုသည်ကား-သပိတ်၌ တည်ရှိသော ဆွမ်းကို အလယ်တည့်တည့်ကဖြိုနှိမ်၍ မစားရ၊ အစွန်းအနားကစ၍ စားရမည်-ဆိုလိုသည်။

၆။ ပဲဟင်း,စမဲဟင်းလျာတို့ကို များများလိုက်စေလို, လောင်းစေလိုသဖြင့် ဆွမ်းနှင့်ဖုံးဖုံး၍မထားရ။

www.dhammaransi.com



၇။ ကျန်းမာလျက်နှင့် ဆွမ်း, ပဲဟင်း,စမဲဟင်းလျာတို့ကို ကိုယ့်ဘို့တောင်း၍ မစားရ။
၈။ အတူဆွမ်းစား၍ နေကြစဉ် ကဲ့ရဲ့လိုသောစိတ်ဖြင့် သူ တပါးတို့၏ သပိတ်ကိုမကြည့်ရ။
၉။ ဥဒေါင်းဥမျှကြီးသော ဆွမ်းလုပ်ကိုလည်းမပြုရ။
၁၀။ ရှည်လည်းမရှည်စေမူ၍ အဝန်းညီစွာပြု၍ စားရမည်။

သတ္တဝဂ် ပြီး၏။

---

ကဗဠဝဂ်

၃၁၁။ ဆွမ်းလုပ်မလာ၊ တင်ကာဘွင့်ခြင်း၊ ခံတွင်းလက်ထည့်၊ ဆွမ်းပြည့်လျက်သား၊ စကားပြောဆို၊ ဆွမ်းကိုမြှောက်လတ်၊ ဆွမ်းလုပ်ဖြတ်ငြား၊ ပါးစောင်ထားနှင့်၊ လက်ဖျားတွက်ကာ၊ ဆွမ်းကြကာတည်၊ လျှာကိုထုတ်လတ်၊ တစပ်စပ်၊ မအပ်ကြဉ်ရှောင်ရေး။

အဓိပ္ပါယ်။ ၁။ ခံတွင်းဝသို့ ဆွမ်းလုပ် မရောက်မီ တင်ရင်၍ ခံတွင်းကိုဘွင့်မှု,
၂။ ဆွမ်းလုပ်ကို ခွံ့သောအခါ လက်ပါ ခံတွင်းသို့ သွင်းမှု,
၃။ ခံတွင်း၌ စကားမပြီသလောက်အောင် ဆွမ်းပြည့်၍နေစဉ် စကားပြောမှု,
၄။ ဆွမ်းခဲကို မြှောက်ကြဲမှု,
၅။ လက်၌တည်ရှိသော ဆွမ်းလုပ်တခုကို သွားဖြင့်ကိုက်ဖြတ်၍ စားမှု,
၆။ ဆွမ်းကို ပါးစောင်၌ ထား၍ စားမှု,
၇။ ဆွမ်းကပ်သော လက်ချောင်းတို့ကို ခါတွက်၍ စားမှု,
၈။ ဆွမ်းလုံးတို့ကို ဆွမ်းစားရာဌာန၌ ပစ်ကြဲ၍စားမှု,
၉။ လျှာကိုထုတ်၍ ဆွမ်းလုပ်ကိုခံမှု,

www.dhammaransi.com



၁၀။ စပ်စပ်-စပ်စပ်အသံပြု၍စားမှု၊ ဤ ၁၀-ခုကိုမပြုအပ်။

ကဗဠဝဂ်ပြီး၏။

---

## သုရုသုရုဝဂ်

၃၁၂။ မြည်သံရှပ်ရှပ်၊ နှုတ်, သပိတ်, လက်၊ လျက်၍ တခန်း၊ ဆွမ်းရှိ လက်နှင့်၊ ရေခွက်ကိုင်ထွေ၊ ဆွမ်းရှိရေကို၊ သွန်လေအိမ်ကြား၊ ထီး, တား, တောင်ဝှေး၊ လေးလက်ရှိအား၊ တရားဟောမှု၊ ဤဆယ်ခု၊ မပြုကြဉ်ရှောင်ရေး။

အဓိပ္ပါယ်။ ၁။ ရှပ်ရှပ်-ဟူသောအသံ, ရှူးရှူး-ဟူသောအသံကိုပြု၍မစားအပ်။

၂။ နှုတ်ခမ်းကို လျှာနှင့်လျက်မှု,

၃။ သပိတ်ကိုလက်နှင့်လျက်မှု,

၄။ လက်ဝါး၌ကပ်သော အာမိသကိုလျှာနှင့်လျက်မှု,

၅။ ဆွမ်းအာမိသရှိသောလက်နှင့်ရေခွက်, ရေဖလားကိုကိုင်မှု,

၆။ ဆွမ်းလုံးရှိသော သပိတ်ဆေးရေကို အိမ်ကြို,အိမ်ကြား ဆွမ်းစားရာဌာန၌သွန်မှု,

၇။ လက်၌ထီးကိုင်လျက်ရှိသောသူ,

၈။ ထား, သံလျက်, သေနပ်လက်နက် ကိုင်လျက်ရှိသောသူ,

၉။ မဇ္ဈိမပုရိသ ၄-တောင်ပမာဏ ရှိသော လှံတံ, တောင်ဝှေး ကိုင်လျက်ရှိသောသူ,

၁၀။ လေး-လက်နက် ကိုင်လျက် ရှိသော သူတို့အား တရားဟောမှု၊ ဤ ၁၀-ပါးတို့ကိုလည်းမပြုအပ်။

သုရုသုရုဝဂ်ပြီး၏။

## ပါဒုကဝဂ်

၃၁၃။ ခြေနင်း,ဘိနပ်၊ ယာဉ်စီးလတ်ထွေ၊ အိပ်လျက်နေနှင့်၊ ဘွဲ့နေ ဒူးနှစ်၊ဦးရစ် ခေါင်းမြီး၊မြေကြီးနေရာ၊နိမ့်,မြင့်ရာဆိုင်၊ရပ်, ထိုင်နှစ်ပါး၊ နောက်,ရှေ့သွားပြီး၊ ခရီးမဲ့ရှိ၊ မနာဘိလျက်၊ ပါဠိဟောလတ်၊ မတ်တတ်နှစ်ကျင်၊ သစ်ပင်,မြက်,ရေ၊ နှစ်ထွေကျင်ရေး၊နှပ်,တံတွေးမှု၊ဆဲ့ငါးခု၊ မပြုရှောင်ကြဉ်ရေး။

အဓိပ္ပါယ်။ ၁။ အသီးမတပ်သော ခြေနင်းစီးလျက်ရှိသောသူ,

၂။ အသီးတပ်သော ဘိနပ်စီးလျက်ရှိသောသူ,

၃။ ယာဉ်စီးလျက်ရှိသောသူ,

၄။ အိပ်ရာ၌အိပ်လျက်နေသောသူ,

၅။ လက်နှင့်ဝင်း,ပုဆိုးနှင့်ဝင်း ဒူးပိုက်၍နေသောသူ,

၆။ ဆံစွန်းမျှမပေါ်ရအောင် ခေါင်းလုံးအုပ်၍ ဦးထုပ် ဦးရစ်ပေါင်းသောသူ,

၇။ ခေါင်းမြီးခြုံသောသူ– ဤသူများကိုလည်း အနာရောဂါရှိခိုက်မဟုတ်ကြသောအခါ၌တရားမဟောအပ်။

၈။ မြေကြီး၌နေလျက် ဖျာ,ရိုင်,သင်ဖြူးစသော နေရာ၌ နေသောသူအား တရားမဟောအပ်။

၉။ နိမ့်ရာ၌နေလျက် မြင့်ရာ၌နေသောသူအား တရားမဟောအပ်။

၁၀။ မတ်တတ်ရပ်လျက် ထိုင်၍နေသော သူအား မဟောအပ်။

၁၁။ ရှေ့,နောက်သွား၍ နေကြရာ၌ နောက်နေသောရဟန်းသည် ရှေ့သွားသောသူအား မဟောအပ်။

၁၂။ ခရီးမဲ့ရှိဆိုသည်ကား-ခရီးမဲ့သောသူ,ခရီးရှိသောသူဆိုလိုသည်၊ လမ်းခရီးမှအပ၌ နေသောရဟန်းသည် လမ်းခရီး၌နေသောသူအား မဟောအပ်။

မှတ်ချက်။ ။မနာဘိလျက် ဆိုသည်ကား-ပြဆိုခဲ့ပြီးသော သူတို့အား အနာရောဂါရှိခိုက်ဖြစ်ကြလျှင် ဟောအပ်၏-ဟူလို။

www.dhammaransi.com



ပါဠိတရားဆိုသည်ကား-မဟာဝါအဋ္ဌကထာနှင့်တကွသော ပိဋကတ်၃-ပုံ ပါဠိဘာသာတရားကိုသာ ဟောခဲ့လျှင် အာပတ်သင့်သည်၊ မြန်မာစကား ဘာသာတပါးနှင့်ဟောလျှင် အာပတ်မသင့်၊ အာပတ်မသင့်သော်လည်း ဟောခြင်းငှာမလျော်။

၁၃။ မတ်တတ်နှစ်ကျင်ဆိုသည်ကား- ပကတိကျန်းမာလျက် ကျင်ကြီး,ကျင်ငယ် ၂-ပါးကို မတ်တတ်ရပ်လျက်မစွန့်အပ်။

၁၄။ သစ်ပင်,မြက်,ရေ၊ နှစ်ထွေကျင်ရေး၊ နှပ်တံတွေးဆိုသည်ကား-စိမ်းရှင်သော သစ်ပင်, သစ်ခက်ပေါက်တို့၌၎င်း၊စိမ်းရှင်သော ကောက်,ပဲ,မြက်ပင်စသည်တို့၌၎င်း၊

၁၅။ သောက်မှု၊ချိုးမှု, ဆေးကြောမှုတို့ဖြင့် လူတို့အသုံးပြုကြသော ကန်ရေ,တွင်းရေ,အင်းရေ,အိုင်ရေ, ချောင်းရေ, မြောင်းရေတို့၌၎င်း၊ ကျင်ကြီး ကျင်ငယ်စွန့်ရေး,နှပ်,တံတွေးစွန့်ရေးများကိုမပြုအပ်။

ပါဒုကဝဂ်ပြီး၏။
သေခိယ ပြီး၏။

---

## သမုဋ္ဌာနာဒိ

**၃၁၄။ ကိုယ်, နှုတ်,ကိုယ်နှုတ်၊ စိတ်ယှဉ်ထုတ်၊သမုဋ္ဌာန်ခြောက်ပါး။**

**သမုဋ္ဌာန် ၆-ပါး။** ။ကာယော,ဝါစာ,ကာယဝါစာ, ကာယစိတ္တံ, ဝါစာစိတ္တံ, ကာယဝါစာစိတ္တံ-ဟူ၍ အာပတ်ကို ဖြစ်စေတတ်သော သမုဋ္ဌာန် ၆-ပါးလာ၏။

၁။ ကိုယ်အမူအရာ သက်သက်နှင့် သင့်သော အာပတ်,

၂။ နှုတ်အမူအရာ သက်သက်နှင့် သင့်သောအာပတ်,

၃။ ကိုယ်, နှုတ် ၂-ပါးနှင့် သင့်သောအာပတ်၊ ဤ ၃-ပါးကား-အစိတ္တက အာပတ်မျိုးတည်း။

စိတ်ယှဉ်ထုတ်ဆိုသည်ကား--ထို ၃-ပါးကို စိတ်နှင့်ယှဉ်၍ ထုတ်ဘော်ပြန်သော် ၃-ပါးပွားပြန်၏၊၆-ပါးဖြစ်၏။

www.dhammaransi.com



၃၁၅။ ပြု, မပြုနှင့်၊ နှစ်ခုအစုံ၊ မပြုတုံနှင့်၊ ပြုတုံရံခါ၊ ပြုခါသင့်မှု၊ ပြု,မပြု၊ငါးခု-ကြိပြား။

ကြိယာအပြား ၅--ပါး။ ၁။ ကိုယ်, နှုတ် အမှုအရာကိုပြု၍ သင့်သောအာပတ်,
၂။ မပြု၍ သင့်သောအာပတ်,
၃။ ပြု, မပြု ၂-ပါးစုံ၍ သင့်သော အာပတ်,
၄။ ရံခါပြု၍ သင့်သည်၊ ရံခါမပြု၍ သင့်သည်-ဟု ၂-မျိုးရှိသောအာပတ်,
၅။ ရံခါပြု၍ သင့်သည်၊ ရံခါပြု, မပြု ၂-ပါးစုံ၍ သင့်သည်-ဟု ၃-မျိုးရှိသော အာပတ်-ဟူ၍ ကြိယာအပြား အားဖြင့် ၅-ပါးရှိ၏။

၃၁၆။ သညာမောက္ခ၊ နောမောက္ခ၊ ဒွယသညာပြား။

ဝိမောက္ခ ၂--ပါး။ ၁။ ထိုအမှုကို ပြုလိုသောစိတ်မရှိလျှင် ပြုမိသော်လည်း အာပတ်လွတ်၏၊ သညာဝိမောက္ခတည်း။
၂။ ထိုအမှုကို ပြုလိုသောစိတ်မရှိသော်လည်း ပြုမိလျှင် အာပတ်မလွတ်၊ နောသညာဝိမောက္ခတည်း၊ဤသို့ သညာအပြားအားဖြင့် ၂-ပါးရှိ၏။

၃၁၇။ လောကဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇ၊ သစိတ္တက၊ အစိတ္တက၊ ဤနှစ်ဝ၊ ဝဇ္ဇစိတ္တပြား။

အာပတ် ၂-မျိုး။ ၁။ လောကဝဇ္ဇအာပတ်,
၂။ ပဏ္ဏတ္တိဝဇ္ဇအာပတ်,
၁။ သစိတ္တက အာပတ်,
၂။ အစိတ္တကအာပတ်-ဟူ၍ဝဇ္ဇအပြားအားဖြင့် ၂-ပါး၊ စိတ္တအပြားအားဖြင့် ၂-ပါးရှိ၏။

www.dhammaransi.com



အဓိပ္ပါယ်။ ၁။ ပါရာဇိကအာပတ် စသည်ကဲ့သို့ အကုသိုလ်စိတ်နှင့်ပြုမှ သင့်သောအာပတ်မျိုးသည် လောကဝဇ္ဇ အာပတ်မျိုးမည်၏။

၂။ သဟသေယျ အာပတ် စသည်ကဲ့သို့ ဘုရားပညတ်၍သာ အပြစ်အာပတ်ဖြစ်ရသော အာပတ်မျိုးသည် ပဏ္ဏတ္တိဝဇ္ဇ အာပတ်မျိုး မည်၏။

၁။ သညာဝိမောက္ခမျိုးသည် သစိတ္တက အာပတ်မျိုး မည်၏။

၂။ နောသညာဝိမောက္ခမျိုးသည် အစိတ္တက အာပတ်မျိုးမည်၏။ ။[အကျယ်ကိုအဋ္ဌကထာမှာယူလေ။]

သမုဋ္ဌာနာဒိပြီး၏။

---

## အဓိကရုဏ်း ၄-ပါးအဖွင့်

အဓိကရုဏ်း ၄-ပါး။ ၁။ ဝိဝါဒါဓိကရုဏ်း,
၂။ အနုဝါဒါဓိကရုဏ်း,
၃။ အာပတ္တာဓိကရုဏ်း,
၄။ ကိစ္စာဓိကရုဏ်း၊ အဓိကရုဏ်း ၄-ပါး။

၃၁၈။ ဝိဝါ, နုဝါ၊ အာပတ္တာ၊ ကိစ္စာဓိကရ။ ။[သိသာပြီ။]

၃၁၉။ ဓမ္မာဓမ္မ၊ စသည်အစုံ၊ ငြင်းခုံဖြစ်ပွား၊ ဆံ့ရှစ်ပါး၊ မှတ်သား ဝိဝါဒ။

၃၂၀။ ဓမ္မ,ဝိနယ၊ ဘာသိတ၊ ဝိဏ္ဏပညတ္တံ။

၃၂၁။ အာပတ်, ဂရုက၊ ဒုဋ္ဌုလ္လ၊ သာဝသေသမှန်။

၃၂၂။ ပဋိပက္ခ၊ ပွားတုံက၊ ဝါဒဆံ့ရှစ်တန်။

အဓိပ္ပါယ်။ ။ဓမ္မ, ဝိနယ, ဘာသိတ, အာစိဏ္ဏ, ပညတ္တ,အာပတ္တိ, ဂရုက, သာဝသေသ, ဒုဋ္ဌုလ္လ၊ ဤ ၉-ပါးကို မူတည်ပြီးလျှင် ပဋိပက္ခ အစုံပြု၍ ပွားသည်ရှိသော် ဝိဝါဒဝတ္ထု ၁၈-ပါး ဖြစ်၏။

www.dhammaransi.com



ဝိဝါဒဝတ္ထု ၁၈-ပါး။ ၁။ ဓမ္မ,
၂။ အဓမ္မ,
၃။ ဝိနယ,
၄။ အဝိနယ,
၅။ ဘာသိတ,
၆။ အဘာသိတ,
၇။ အာစိဏ္ဏ,
၈။ အနာစိဏ္ဏ,
၉။ ပညတ္တ,
၁၀။ အပညတ္တ,
၁၁။ အာပတ္တိ,
၁၂။ အနာပတ္တိ,
၁၃။ ဂရုက,
၁၄။ လဟုက,
၁၅။ သာဝသေသ,
၁၆။ အနဝသေသ,
၁၇။ ဒုဋ္ဌုလ္လ,
၁၈။ အဒုဋ္ဌုလ္လ,

**မှတ်ချက်။** ။တခုသောအမှုကို တဦးကဓမ္မ-ဟူ၍ဆို၏၊ တရားလမ်းမှန်ဖြစ်၏-ဟုဆိုလိုသည်၊ တဦးက အဓမ္မ-ဟူ၍ဆို၏၊ တရား လမ်းမှန်မဟုတ်-ဆိုလိုသည်၊ဝိဝါဒဖြစ်ကြ၏။ ။[အကြွင်း ၈-စုံတို့၌လည်း ဤနည်းတူ။]

၃၂၃။ စောဒနာမှု၊ စွပ်စွဲမှု၊ အနုဝါဒတည်း။

၃၂၄။ ပါ, သံ, ထု, ပါ၊ ဒုက်, ဒုဗ်, ပါ၊ သတ္တာနုဝါဒ။

**အနုဝါဒါဓိကရုဏ်း။** ။ရဟန်းချင်းချင်း အာပတ်ဖြင့် စောဒနာမှု, စွပ်စွဲမှုကို အနုဝါဒါဓိကရုဏ်းခေါ်သည်။

**အနုဝါဒဝတ္ထု။** ။၁။ ပါရာဇိက,
၂။ သံဃာဒိသိသ်,
၃။ ထုလ္လစ္စဥ်း,

www.dhammaransi.com



၄။ ပါစိတ်,
၅။ ဒုက္ကဋ်,
၆။ ဒုဗ္ဘာသိ,
၇။ ပါဋိဒေသနီ—

ဤအာပတ် ၇-ပုံကို အနုဝါဒဝတ္ထု ၇-ပါးခေါ်သည်။

၃၂၅။ အာပတ် ခုနစ်ဖြာ၊ သင့်တုံလာ၊ အာပတ္တာဓိတည်း။

**အာပတ္တာဓိကရုဏ်း**။ ။ရဟန်းတို့၌ အာပတ် ၇-ပုံတို့တွင်တခုခုသော အာပတ်သင့်မှုကို အာပတ္တာဓိကရုဏ်းခေါ်သည်။

၃၂၆။ ဥတ္တိသုံးတန်၊ ပလောကံ၊ လေးတန်ကိစ္စာဓိ။

**ကိစ္စာဓိကရုဏ်း**။ ။အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ၊ ဤကံ ၄-မျိုးကို ကိစ္စာဓိကရုဏ်းခေါ်သည်။

အဓိကရုဏ်း၄- ပါးအမြွက်ပြီး၏။

---

## သမထ ၇-ပါး

၃၂၇။ သမ္မု,သတိ၊ အမုဠ္ဟ၊ ပဋိ,ယေဘုယျ။
၃၂၈။ ပါပိသိက၊ တိဏဝတ္ထာ၊ ခုနစ်ဖြာ၊ ငြိမ်းငှါသမထ။

**သမထ ၇-ပါး**။ ၁။ သမ္မုခါဝိနယ,
၂။ သတိဝိနယ,
၃။ အမုဠှဝိနယ,
၄။ ပဋိညာတကရဏ,
၅။ ယေဘုယျသိက,
၆။ တဿပါပိယသိက,
၇။ တိဏဝတ္ထာရက—

ဤကား အဓိကရုဏ်း ၄-ပါးတို့ကို ပြေငြိမ်းစေနိုင်သော သမထကြီး ၇-ပါးတည်း။

၃၂၉။ ခန္ဓကမှာ၊ အကျယ်သာ၊ ဤမှာအကျဉ်းမျှ။ ။[သိသာပြီ။]

သမထ ၇- ပါးပြီး၏။

---

www.dhammaransi.com



## ပါရာဇိကအာပတ်ကုစားနည်း

၃၃၀။ ပါရာဇိက၊ သင့်တုံက၊ ကုသ လမ်းမရှိ။ ။ [သိသာပြီ။]

၃၃၁။ လူ,သာမဏေ၊ လုပ်၍နေ၊ စင်လေအာပတ္တိ။ [သိသာပြီ။]

၃၃၂။ ချွန်, မဂ်အန္တရာယ်၊ မငြိဘွယ်၊ စင်ကြယ်ဝိသုဒ္ဓိ။
[သိသာပြီ။]

၃၃၃။ မပျောင်မွေ့ဘဲ၊ လူးလဲခံကာ၊ မနေရာ၊ သိက္ခာချလေဘိ။

အဓိပ္ပါယ်။ ။သာသနာတော်၌ ဂန္ထဓုရ,ဝိပဿနာဓုရ-ဟူ၍ ဓုရ ၂-ပါးရှိ၏၊ စာပေကျမ်းဂန်သင်ကြားမှုသည် ဂန္ထဓုရမည်၏၊ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းမှုသည် ဝိပဿနာ ဓုရမည်၏။

သာသနာတော်၌ ရဟန်းဖြစ်သော သူသည် ဓုရ ၂-ပါးတွင် တပါးပါးသော ဓုရ၌ ပျော်မွေ့ရာ၏၊ တပါးပါးသော ဓုရ၌ မပျော်မွေ့ဘဲ သက်မွေးဝမ်းကျောင်းမှုနှင့် ကိစ္စကုန်၍ သိက္ခာသီလနည်းပါး စတုပစ္စယ တဏှာလွန်ကဲလျက် အလူးအလဲခံကာမနေရာ၊ သိက္ခာချ၍ လူထွက်ရာ၏။

၃၃၄။ သိက္ခာတင်က၊ ပဉ္စင်၊ ချမှုဆဋ္ဌင်ါ။

အဓိပ္ပါယ်။ ။ရဟန်းဖြစ်ရန် သိက္ခာတင်သောအခါ၌ ဝတ္ထုသမ္ပတ္တိ, ဉတ္တိသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ, သီမာသမ္ပတ္တိ,ပရိသာသမ္ပတ္တိ-ဟူသော သမ္ပတ္တိအင်္ဂါ ၅-ပါးနှင့် ပြည့်စုံလျှင် ရဟန်းဖြစ်၏၊ လူဖြစ်လို၍ တင်ပြီး သိက္ခာကို ချသောအခါ၌မူကား အင်္ဂါ ၆-ပါး စုံလင်မှ ကျ၏။

၃၃၅။ စိတ်, ခေတ်, ကာလ၊ ပယောဂ၊ ဇာန, ပုဂ္ဂလာ။

[အင်္ဂါ ၆-ပါးတည်း။]

၃၃၆။ ချလိုစိတ်သန်၊ ခေတ်ပုဒ်မှန်၊ ပစ္စုပ္ပန်နှင့်သာ။

၃၃၇။ ဝစီမြွက်ဆို၊ လူပုဂ္ဂိုလ်၊ ဆိုခြင်းသိမှသာ။

[အင်္ဂါ ၆-ပါးအကျယ်။]

www.dhammaransi.com



**သိက္ခာကျအင်္ဂါ ၆-ပါး။**

၁။ သိက္ခာချလိုသောစိတ် ရှိသည်လည်း ဖြစ်စေ,

၂။ "ဗုဒ္ဓံ ပစ္စက္ခာမိ"အစရှိသောသိက္ခာကို ကျစေနိုင်သော ခေတ်ပုဒ်လည်း မှန်စေ,

၃။ ပစ္စုပ္ပန်ကာလနှင့် ယှဉ်သော ဝတ္တမာန်ဝိဘတ်,ပဉ္စမီဝိဘတ်များလည်း ဖြစ်စေ,

၄။ မြွက်ဆိုခြင်း ဝစီပယောဂကို ပြုသည်လည်းဖြစ်စေ,

၅။ နားထောင်သူ ကလည်း လူပုဂ္ဂိုလ် မှန်စေ,

၆။ ထိုခေတ်ပုဒ်ကို ရွတ်ဆို၍ ဆုံးလျှင်ဆုံးခြင်း ဤသူသည်ရဟန်းသိက္ခာကို စွန့်ပါသည် တကား -ဟု သိသည် လည်းဖြစ်စေ၊ အင်္ဂါ ၆-ပါးစုံလင်ခဲ့လျှင် ထိုခဏ၌ သိက္ခာကျလေ၏။

**မှတ်ချက်။** ။ပစ္စုပ္ပန်ကာလဆိုရာ၌ "အလံ မေ ဗုဒ္ဓေန" စသည်ကိုလည်း သင်္ဂြိုဟ်လေ။

ဗုဒ္ဓံ ပစ္စက္ခာမိ၊ဓမ္မံ ပစ္စက္ခာမိ၊ သံဃံ ပစ္စက္ခာမိ၊သိက္ခံ ပစ္စက္ခာမိ-စသည်,

ဂိဟီတိ မံ ဓာရေဟိ၊ဂဟဋ္ဌောတိ မံ ဓာရေဟိ၊ဥပါသကောတိ မံ ဓာရေဟိ၊သာမဏေရောတိ မံ ဓာရေဟိ"စသည်—

ခေတ်ပုဒ်အများရှိသည်တွင် တခုသောခေတ်ပုဒ်နှင့်ပင် သိက္ခာကျ၏။

ဗုဒ္ဓံပစ္စက္ခာမိ၊ဘုရားကိုစွန့်ပါ၏-ဆိုသော်လည်းဘုရားကို မကိုးကွယ်လို၍ ဆိုသည်မဟုတ်၊ သိက္ခာကျရုံမျှ ဆိုသည်ဖြစ်၍ အကုသိုလ်မဖြစ်၊ သိက္ခံ ပစ္စက္ခာမိ-နှင့် ဂိဟီတိ မံ ဓာရေဟိ-ကို ဆိုကြ၏။

www.dhammaransi.com



မဆိုမီရှေ့အဘို့၌ အနက်အဓိပ္ပါယ်ကိုငင်း, လူဖြစ်ရန်ပြုလုပ်မှုကိုငင်း- သိနိုင်သော ပုဂ္ဂိုလ်ကို ရွေးချယ်၍ ထိုပုဂ္ဂိုလ်ထံ၌ ချရာ၏၊ ချသောအခါ ၌လည်း အကြိမ်များစွာ ရွတ်ဆို၍ချရာ၏၊ ဤပုဂ္ဂိုလ်ထံမှာ ၃-ကြိမ် ၄-ကြိမ်၊ ထိုပုဂ္ဂိုလ်ထံမှာ ၃-ကြိမ် ၄-ကြိမ်သော်လည်း ချရာ၏။

အင်္ဂါ ၆-ပါး ညီညွတ်ပြီ-ဟု စိတ်ချရမှ တန်လေ၊ သိက္ခာချပါလျက် အင်္ဂါမညီမညွတ်၍ သိက္ခာမကျ ရှိနေခဲ့သော် လူ့ဘောင်သို့ ရောက်ကာလ ပါရာဇိကမှုကို ကျူးလွန်မိလျှင် ထိုအခါမှ ပါရာဇိက ကျမှု ရောက်လေရာ၏၊ သံဃာဒိသိသ်မှုကို ကျူးလွန်ခဲ့သော် သံဃာဒိသိသ် သင့်လေရာ၏။ ။ [သတိမူကြလေကုန်။]

ပါရာဇိကအာပတ် ကုစားနည်း ပြီး၏။

---

## သံဃာဒိသိသ် အာပတ် ကုစားနည်း

၃၃၈။ သင့်တုံအာပတ်၊ ပကတတ်၊ ကင်းလတ်အန္တရာယ်။

၃၃၉။ ကြား၄ာစွမ်းငြား၊ သညီပွား၊ ရှစ်ပါးသရုပ်ချယ်။

၃၄၀။ ဖုံးလွှမ်းလိုငြား၊ ဖုံးလွှမ်းငြား၊ ဆယ်ပါးဖုံးလွှမ်းဘွယ်။

အာပတ်ဖုံးလွှမ်းမှုအင်္ဂါ။

၁။ သညီပွား ဆိုသည်ကား—အာပတ်သင့်သည်လည်းဖြစ်စေ,

၂။ အာပတ်သင့်ပြီ-ဟူသော အမှတ်ရှိသည်လည်းဖြစ်စေ,

၃။ ဥက္ခိတ္တက ရဟန်းမဟုတ်၊ ပကတတ်ရဟန်း မှန်သည်လည်းဖြစ်စေ,

၄။ ငါကား ပကတတ်ရဟန်းဘဲ-ဟု အမှတ်ရှိသည်လည်း ဖြစ်စေ,

၅။ ထိုအခါ၌ အန္တရာယ် ၁၀-ပါး မရှိသည်လည်း ဖြစ်စေ,

၆။ မရှိ-ဟု သိသည်လည်းဖြစ်စေ,

၇။ ဒေသနာ ကြားရန် တပါးသော ရဟန်းထံသို့ သွားနိုင်, ဒေသနာ ကြားနိုင်သည်လည်းဖြစ်စေ,

www.dhammaransi.com



၈။ သွားနိုင်, ကြားနိုင်၏-ဟု သိသည် လည်းဖြစ်စေ၊ ဤသို့ ရှေ့ ၄-ပါးကို အမှတ်အသိနှင့် အသီးသီး ပွား၍ ၈-ပါး ဖြစ်အောင် ဝေဘန်ရမည်။

၉။ ၎င်း ၈-ပါးကို ဖုံးလွှမ်း လိုသော စိတ်ရှိသည်လည်း ဖြစ်စေ,

၁၀။ ဒေသနာ မကြားမူ၍ အရုဏ်တက် စေသဖြင့် ဖုံးလွှမ်းသည်လည်း ဖြစ် စေ၊ ဤ၂-ပါးကိုထည့်သော် အာ ပတ်ဖုံးလွှမ်းကြောင်းအင်္ဂါ၁၀-ပါး ဖြစ်၏။

ပါရာဇိကမှတပါး ခပ်သိမ်းသော အာပတ်တို့နှင့် ဆက်ဆံသော အင်္ဂါစုပေတည်း၊ ဤအင်္ဂါ ၁၀-ပါးနှင့် ညီညွတ်စွာ ဖုံးလွှမ်းခဲ့လျှင် ခပ်သိမ်းသောအာပတ်တို့၌ပင် အရုဏ်တက်သည်နှင့်တပြိုင်နက် ပဋိစ္ဆာ ဒနဒုက္ကဋ် ထပ်မံ၍သင့်၏၊ သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းခဲ့သော် ထိုသံဃာဒိသိသ်အာပတ်သည် ပဋိစ္ဆန္နအာပတ်မည်၏။

သံဃာဒိသိသ်အာပတ်-ဟူ၍ မသိသော်လည်း ယခုငါပြုသော အမှု သည် အာပတ်သင့်သောအမှု ဖြစ်သည်-ဟု ဝတ္ထုကိုသိလျက်နှင့် ဖုံး လွှမ်းလျှင်ပင် ပဋိစ္ဆန္နဖြစ်ပြီ၊ တပါးသော အာပတ်-ဟု ထင်မှတ်ခဲ့ သော်၎င်း, သံဃာဒိသိသ် ဟုတ်မည်လော-ဟု ယုံမှားမိခဲ့သော်၎င်း-ဖုံး လွှမ်းသော်လည်း ပဋိစ္ဆန္နမဖြစ်။

**၃၄၁။ မဖုံးလွှမ်းမှု၊ မာနတ်ယူ၊ ဖုံးမှုပရိဝါသ်။** ။[သိသာပြီ။]

**၃၄၂။ အပဋိစ္ဆန်၊ ပဋိစ္ဆန်၊ နှစ်တန်မာနတ်မှတ်။**

**မာနတ် ၂-မျိုး။** ၁။ အပဋိစ္ဆန္နမာနတ်,

၂။ ပဋိစ္ဆန္နမာနတ်-ဟူ၍ မာနတ်ကျင့်မှု ၂-မျိုး ရှိ၏။

**ကြားမုံ။** ။အာပတ်သင့်၍ ထိုနေ့ အရုဏ်မတက်မီအတွင်း၌ တပါး သောရဟန်းထံ၌—

www.dhammaransi.com



''အဟံ ဘန္တေ သံဃာဒိသေသံ အာပန္နော၊တံ တုမှမူလေ အာဝိ-ကရောမိ''-ဟူ၍၎င်း၊ ''အာရောစယာမိ''-ဟူ၍၎င်း ကြားခဲ့လျှင် ဖုံးလွှမ်းခြင်းမရှိပြီ၊ဒေသနာဂါမိအာပတ်မဟုတ်သောကြောင့်''ပဋိဒေ-သေမိ''-ဟူ၍ မဆိုရ။

**အပဋိစ္ဆန္နမာနတ်။** ။ထို အပဋိစ္ဆန္နအာပတ်အတွက် ကျင့်ရသော မာနတ်သည် အပဋိစ္ဆန္နမာနတ်မည်၏။

**ပဋိစ္ဆန္နမာနတ်။** ။ဖုံးလွှမ်းသော ပဋိစ္ဆန္နအာပတ်အတွက် ဖုံးလွှမ်းသောရက်အရေအတွက်စေ့အောင်ပရိဝါသ်နေပြီးမှ ထိုပရိဝါသ်၏ အဆုံး၌ကျင့်ရသောမာနတ်သည် ပဋိစ္ဆန္နမာနတ်မည်၏။

**၃၄၃။ ပဋိစ္ဆန္န၊ သမောဓာန်၊ သုဒ္ဓန်ပရိဝါသ်။**

**ပရိဝါသ် ၃-မျိုး။** ။ပရိဝါသ်သည်-

၁။ ပဋိစ္ဆန္နပရိဝါသ်,
၂။ သမောဓာနပရိဝါသ်,
၃။ သုဒ္ဓန္တပရိဝါသ်-ဟူ၍ ၃-မျိုးရှိ၏။

**၃၄၄။ ဩဓာန်,အဂ္ဃံ၊ မိဿကံ၊ သုံးတန်သမောမှတ်။**

**ပရိဝါသ်အပြား။** ။ပဋိစ္ဆန္နပရိဝါသ်သည် အပြားမရှိ။

သမောဓာနပရိဝါသ်သည်-

၁။ ဩဓာန သမောဓာန်,
၂။ အဂ္ဃ သမောဓာန်,
၃။မိဿက သမောဓာန်-ဟူ၍ ၃-ပါးပြား၏။

**၃၄၅။ ဝတ်တင်းလင်းရှိ၊ သံဃာဒိ၊ သင့်ဘိအန္တရာ။**

**၃၄၆။ ကျင့်ပြီးရက်တွင်း၊ပျက်တုံလျှင်း၊ အရင်းငင်ဘို့ရာ။**

**၃၄၇။ အန္တရာပတ်၊ မဖုံးလတ်၊ မာနတ်မှာထည့်ပါ။**

**၃၄၈။ ဖုံးလွှမ်းခဲ့လျှင်း၊ မူလတွင်း၊ ပေါင်းသွင်းဩဓာနာ။**

**ဩဓာနသမောဓာန်။** ။ဝတ်ကိုမချမီအတွင်း ဝတ်တင်းလင်းရှိနေစဉ် သင့်လာသောသံဃာဒိသိသ်အာပတ်သည် အန္တရာပတ်မည်၏၊အန္တရာ ပတ်သင့်သည်ရှိသော် ကျင့်ပြီးသော ရက်စုသည် ပျက်၍ကုန်၏၊ထိုပုဂ္ဂိုလ်

www.dhammaransi.com



ကို ဥတ်ကမ္မဝါစာဖြင့် အရင်းသိုင်ဝင်ရ၏၊ ထိုအန္တရာပတ်ကိုမဖုံးလွှမ်းခဲ့လျှင် ဩဓာနပရိဝါသ်ကိုမပေးရ၊ ထိုအန္တရာပတ်ကိုမာနတ်၌ ထည့်သွင်းရသည်၊ဖုံးလွှမ်းခဲ့သည်ရှိသော် ထိုအန္တရာပတ်ကို မူလအာပတ်၌ ပေါင်း၍ ပရိဝါသ်အသစ်ပေးရသည်၊ ဤပရိဝါသ်ကို ဩဓာနသမောဓာန် ခေါ်သည်။

**မှတ်ချက်။** ။ဝတ်ကိုချ၍ထားဆဲအခါ၌ သင့်သောသံဃာဒိသိသ်ကို မူကား အန္တရာပတ်-ဟူ၍ မဆိုအပ်၊ မဖုံးလွှမ်းခဲ့လျှင် မာနတ်၌ထည့်သွင်းရမည်၊ဖုံးလွှမ်းခဲ့လျှင် နောက်မှ အသီးအခြား ပရိဝါသ်နေရမည်။

အန္တရာပတ်သင့်မှုသည်—

၁။ ပရိဝါသ်ကျင့်ဆဲ၌ သင့်သည်လည်းရှိ၏။

၂။ ပရိဝါသ်ရက်စေ့ပြီးသော မာနတ္တာရဟ အခိုက်၌ သင့်သည်လည်းရှိ၏။

၃။ မာနတ်ကျင့်ဆဲ၌ သင့်သည်လည်းရှိ၏။

၄။ မာနတ်ရက်စေ့ပြီးသော အဗ္ဘာနာရဟ အခိုက်၌ သင့်သည် လည်းရှိ၏၊ အဗ္ဘာနာရဟအခိုက်၌ပင် သင့်သော်လည်း ပရိဝါသ်ကျင့်ပြီးသောရက်တို့ပါ အကုန်ပျက်ကုန်၏၊ အစ, အလယ်တို့၌ သင့်မှု ဆိုဘွယ်မရှိ။

**၃၄၉။ ရှည်,တို ထွေလာ၊ အာပတ်အများ၊ ရှိခြားတထုံး၊ အရှည်ဆုံး၌၊ ပေါင်းရုံး၍သာ၊ ကျင့်ဆောင်ရာ၊ မှတ်ပါအဂ္ဃတည်း။**

**အဂ္ဃသမောဓာန်။** ။ရက်ရှည် ဖုံးလွှမ်းသောအာပတ်,ရက်တို ဖုံးလွှမ်းသောအာပတ်-ဟူ၍ အထွေအလာ သံဃာဒိသိသ် အာပတ်အများ ရှိနေခဲ့သော် အရှည်ဆုံးသော အာပတ်၌ အလုံးစုံကို ပေါင်းရုံး၍ပေးအပ်,ကျင့်အပ်သော ပရိဝါသ်သည် အဂ္ဃသမောဓာန်မည်၏။

**၃၅၀။ မတူအမှု၊ ဝတ္ထုထွေပြား၊ အာပတ်များ၊ ပေါင်းခြားမိဿက။**

**မိဿကသမောဓာန်။** ။တချို့သောအာပတ်ကား-သုက္ကဝိဿဋ္ဌိမှုနှင့် သင့်သည်၊အချို့ကား-ကာယသံသဂ္ဂမှုနှင့်သင့်သည်၊ဤသို့စသည်ဖြင့် အမှု

www.dhammaransi.com



ဝတ္ထု မဟုတ်ကြသော အာပတ်အများတို့ကို ပေါင်းရုံး၍ ပေးအပ်, ကျင့်အပ်သော ပရိဝါသ်သည် မိဿကသမောဓာနမည်၏။

၃၅၁။ ဖုံးလွှမ်းရက်ကို၊ သက်သက်မသိ၊ မမှတ်မိပြား၊ ယုံမှားရှိရာ၊ ကျင့်အပ်ဖွာ၊ သုဒ္ဓန္တ။

၃၅၂။ စူဠ,မဟာ၊ သုဒ္ဓန်မှာ၊ နှစ်ဖြာအပြားရ။

**သုဒ္ဓန္တပရိဝါသ်။** ။သံဃာဒိသိသ်အာပတ် အနည်း,အများ သင့်ပြီး၍ ရက်ပေါင်းမည်မျှ ဖုံးလွှမ်းမိသည်-ဟူ၍ သက်သက်မသိသောသူ, မမှတ်မိသောသူ, ယုံမှားခြင်းဖြစ်ရှိ၍ နေသောသူအား ပေးအပ်, ကျင့်အပ်သော ပရိဝါသ်သည် သုဒ္ဓန္တပရိဝါသ်မည်၏။

ထိုသုဒ္ဓန်သည်–
၁။ စူဠသုဒ္ဓန်,
၂။ မဟာသုဒ္ဓန်-ဟူ၍ ၂-ပါးရှိ၏။

**စူဠသုဒ္ဓန်။** ။ရဟန်းခံသောနေ့မှစ၍ မည်သည့်ရက်, မည်သည့်လတိုင်အောင် ငါသည်စင်ကြယ်ခဲ့၏၊ သည်ကနောက်ကို သံဃာဒိသိသ်မှ စင်ကြယ်သည်-ဟူ၍ မထင်ရှိနေရာ၌ စင်ကြယ်သည်မထင်သော နေ့,ရက်စုကိုရေတွက်၍ ထိုနေ့,ရက်စု အရေအတွက်စေ့အောင် ကျင့်ရသောသုဒ္ဓန်သည်စူဠသုဒ္ဓန်မည်၏။

**မဟာသုဒ္ဓန်။** ။ရဟန်းခံသောနေ့မှစ၍ ယနေ့တိုင်အောင်ပင် သံဃာဒိသိသ်အာပတ်မှ တနေ့,တရက်မှစင်ကြယ်သည်မထင် ရှိနေရာ၌ရဟန်းခံသောနေ့မှစ၍ ပရိဝါသ်ယူနေသော နေ့တိုင်အောင် နေ့,ရက်တို့ကို ရေတွက်၍စေ့အောင်ကျင့်ရသော သုဒ္ဓန်သည် မဟာသုဒ္ဓန်မည်၏။

၃၅၃။ အနိက္ခိတ္တ၊ နိက္ခိတ္တ၊ ပြားထ ဝတ်နှစ်မျိုး။

**အနိက္ခိတ္တဝတ်။** ။ရဟန်းသံဃာနည်းပါး၍ စောင့်ရှောက်ခြင်းငှာလွယ်သောအရပ်ဒေသ၌ အနိက္ခိတ္တဝတ်လျော်၏။

**မှတ်ချက်။** ။ သိမ်အပြင်၌ ဆောက်တည်၍ တကြိမ်ကြားပြီးနောက် အဇ္ဈာန်သွင်းသည့်တိုင်အောင် မချဘဲ ကျင့်ရသော ဝတ်ကို အနိက္ခိတ္တဝတ် ခေါ်သည်။ ။[နိက္ခိတ္တဝတ်ကား-သိသာပြီ။]

www.dhammaransi.com



**၃၅၄။ အနာရောစ၊ သဟဝါသာ၊ ဝိပ္ပဝါ၊ သုံးဖြာဝတ်ပျက်ကြောင်း။**
**ရတ္တိစ္ဆေဒ ၃-မျိုး။** ။၁။ အနာရောစန ၁-ပါး,
၂။ သဟဝါသ ၁-ပါး,
၃။ ဝိပ္ပဝါသ ၁-ပါး၊ကျင့်ဆောက်တည်၍ နေသောဝတ်ပျက်ကြောင်း ၃-ပါးတည်း။ ။ ရတ္တိစ္ဆေဒ ၃-ပါးခေါ်သည်။

**၃၅၅။ တိုက်တွင်းနေခါ၊ တိုက်လုံးသာ၊ ပြင်မှာတောင်ဆယ့်နှစ်။**

**၃၅၆။ ဒိဋ္ဌ,သုတ၊ ရှိချေက၊ ဥာနမရွေ့ခေတ်။**

**အဓိပ္ပါယ်။** ။တိုက်တွင်း၌သာနေ၍ကျင့်သူမှာ တိုက်တာ ဥပစာရ သိမ်တခုလုံးသည် အာရောစနခေတ်ပေတည်း၊ တိုက်ပြင်၌ ထွက်၍ကျင့်သူမှာ မိမိနေရာမှ ၁၇-တောင်တွင်းအရပ်သည် အာရောစနခေတ်ပေတည်း။

နိက္ခိတ္တဝတ်သားတို့မှာ တိုက်တွင်း၌လည်း ၁၂-တောင်သာ အာရောစနခေတ်ရှိ၏-ဟုလာသော ဋီကာဝါဒကို မယူအပ်။

ထိုခေတ်အတွင်းသို့ ရောက်လာသမျှသော ရဟန်းတို့ကို မကြားဘဲ မနေရ၊ ရဟန်းသစ် ရောက်လာမှန်းသိ၍ မကြားမိသော်လည်း ထိုဝတ်ပျက်၏၊ သိလျက်နှင့်မကြားလျှင် ညဉ့်လည်းပြတ်၏၊ ဝတ္တဘေဒဒုက္ကဋ်လည်းသင့်၏။ ။မသိ၍မကြားမိလျှင် ညဉ့်သာပြတ်၏၊ဝတ္တဘေဒ ဒုက္ကဋ်လွတ်၏။

ရဟန်းတို့၏ အဆင်းကိုမြင်ရမှု, ရဟန်းတို့၏ အသံကိုကြားရမှု, ရဟန်းတို့၏တီးနှက်သောကုလားတက်သံ,ကြေးစည်သံ, ခေါင်းလောင်းသံစသော အသံကြားမှု ရှိရာတို့၌ကား အနီး, အဝေး ဥာနမရွေးပြီ၊ တယူဇနာ ကွာဝေးရာ၌ပင် ဖြစ်ငြားသော်လည်း ရဟန်းမှန်းသိခဲ့သော် ရဟန်းပြုလုပ်သော အသံမှန်းသိခဲ့သော် သွား၍ကြားရမည်၊ မကြားခဲ့လျှင် ညဉ့်လည်းပြတ်၏၊ ဒုက္ကဋ်လည်းသင့်၏။

မသိ၍ မကြားမိခဲ့လျှင် ညဉ့်သာပြတ်၏၊ ဒုက္ကဋ်အာပတ်လွတ်၏၊ အကယ်မသိ၍ မကြားမိလျှင် ၂-ပါးစုံမှလွတ်၏-ဟု ဆိုကြ၏၊ ဆင်ခြင်ကြလေ။

www.dhammaransi.com



၃၅၇။ ရဟာန်းနှင့်မှု၊အမိုးတူ၊အိပ်မှုသဟာဖြစ်။

အဓိပ္ပါယ်။ ။အမိုးတခုလုံး၌ ဝတ်သားချင်းဖြစ်စေ, တပါးသော ရဟာန်းနှင့်ဖြစ်စေ ညဥ့်အခါ၌ အတူအိပ်မိသည်ကို သဟာဝါသဆိုသည်၊ လိုညဥ့်ပြတ်၍-ရတ္တိစ္ဆေဒဖြစ်၏။

၃၅၈။ ပကတတ် ကင်းလျက်၊ အရုဏ်တက်၊ ဝတ်ပျက်ဝိပ္ပဝါသဖြစ်။

အဓိပ္ပါယ်။ ။အရုဏ်တက်ဆဲအခါ၌ ၁၂-တောင်အတွင်းပကတတ် ရဟာန်းနှင့်ကင်း၍ အရုဏ်တက်စေခဲ့သော် ဝိပ္ပဝါသဖြစ်၏၊ လိုညဥ့် ပြတ်၏၊ တိုက်တွင်း၌ပင် အရုဏ်တက်ဆဲအခါ၌ ပကတတ်ရဟာန်းနှင့် ၁၂-တောင်မကင်းရ-ဟူကြကုန်၏။

၃၅၉။ ဥဒ္ဒေဂဏော၊ဒေဝသိက၊သဟာဝါသ၊ဝိပ္ပဝါ၊လေးပြာမာနတ် ၌။

မာနတ် ရတ္တိစ္ဆေဒ ၄-ပါး။ ။မာနတ်ကျင့်သောအခါ၌ကား—

၁။ ဦနေဂဏော,

၂။ ဒေဝသိက အနာရောစန,

၃။ သဟာဝါသ,

၄။ ဝိပ္ပဝါသ - ဟူ၍ ရတ္တိစ္ဆေဒ အ ကြောင်း ၄-ပါးရှိ၏။

ဆောက်တည်၍ ရှေးဦးစွာ ကြားစဉ်အခါ၌ ပကတတ် ရဟာန်း ၄-ပါးအောက် မလျော့စေရ၊လျော့ခဲ့လျှင် ဦနေဂဏော စရတိ-ဟူသော ရတ္တိစ္ဆေဒဖြစ်၏။

ကြားမှုမှာလည်း ပရိဝါသ်သားမှာ ဝတ်ကိုမချဘဲ ကျင့်ခဲ့သော် တကြိမ်ကြားအပ်ပြီးသော ရဟာန်းကို တဘန်ကြားဘွယ်ကိစ္စမရှိ၊ မာနတ်၌မူကား ကြားအပ်ပြီးသော ရဟာန်းကိုပင်သော်လည်း ထပ်မံ၍ နေ့စဉ်ကြားရသည်၊ မကြားခဲ့လျှင်လိုနေ့ပျက်၏၊ ရတ္တိစ္ဆေဒဖြစ်၏၊ နောက် ၂-ပါးကား ရှေးအတိုင်းပင်။

သံဃာဒိသိသ်အာပတ်ကုစားနည်းပြီး၏။

# ဒေသနာဂါမ်အာပတ်ကုစားနည်းအဖြွက်

၃၆၀။ ဒေသနာဂါမ်၊ ကြွင်းငါးတန်၊ ကြားရန်အနည်းနည်း။။

၃၆၁။ စွန်ခြင်းရှေးရှိ၊ နိဿဂ္ဂိ၊ ကြားဘိနောက်မှတည်း။။

၃၆၂။ အခွဲအဖြတ်၊ ရှေးရှိလတ်၊ အပ်ကျည်ပါစိတ်စသည့်တည်း။။

၃၆၃။ ပါဠိဒေသနိယာ၊ လေးမျိုးမှာ၊ ကြားရာတမျိုးတည်း။။

၃၆၄။ အာယတိံသံဝရ၊ ရှိမှထ၊ ဆိုကြဆရာနည်း။။

အဓိပ္ပါယ်။ ။ဒေသနာဂါမ်အာပတ်ကို ဒေသနာ ကြားပါ သော်လည်း ''အာယတိံ အာဝုသော သံဝရေယျာသိ''-ဟုဆိုပေရာ ''သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ''-ဟု ပဋိညာပြုသည့်အတိုင်း ဤအမှုကို နောင် ငါမပြုပါပြီ-ဟု,နောင်ရှောင်ကြဉ်မည်-ဟူသော စိတ်နှင့်ကြားမှ ထိုအာပတ်ထသည်။

ဒေသနာလည်းကြား၏၊ နောင်ထိုအမှုကို ပြုလိုလျက်လည်း ရှိနေ၏ဆိုလျှင် ထိုအာပတ်မထ-ဟု အချို့ဆရာတို့ ယူကြ၏၊ ဘိက္ခုနီတို့၏ အဋ္ဌဝတ္ထုကပါရာဇိကဉ်သာ အာယတိံသံဝရ မရှိလျှင် မထသည်၊ ကြွင်းသော အာပတ်တို့၌ ထပါ၏-ဟူ၍လည်း ဆိုကြ၏။

နိဿဂ္ဂိအာပတ် ခွဲခြင်း, ဖြတ်ခြင်းရှေးရှိသော အာပတ်တို့၌ ရှိသော ဝတ္ထုကိုမစွန့်,မခွဲ,မဖျက်မူ၍ ဒေသနာကြားသော်လည်း မထ၊ ဒေသနာကြားရိုးကြားစဉ်၌–

''အဟံ ဘန္တေ သဗ္ဗာအာပတ္တိယော အာဝိကရောမိ၊အာ-ရောစေမိ၊ အာရောစယာမိ''။

တိုကား ဒေသနာကြားမှုမဟုတ်၊ ပုဂ္ဂလဇ္ဈန်ဂတိဖြစ်၍ ယခုနေ့၌သင့် သော် သင့်ခဲ့ရာသော သံဃာဒိသိသ် အာပတ်စုကိုရည်၍ အာဝိကရဏ ပြုမှုသာတည်း။

အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိ-ယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ''။

သည်သာ ဒေသနာဂါမ် အာပတ်တို့ကို ဒေသနာ ကြားမှုတည်း။

www.dhammaransi.com



ပဿသိ အာဂုသော တာ အာပတ္တိယော။ ။အာမ ဘန္တေပဿာမိ-

တို့ကား-ပဋိညာမှုတို့ပေတည်း။

အာယတိံ အာဂုသော သံဝရေယျာသိ၊ သာဓုသုဋ္ဌုဘန္တေ သံဝရိဿာမိ-

တို့ကား - ပဋိညာယ ကာရေတဗ္ဗော-ဟူသော သမထအရ ပဋိညာတကရဏမှုတို့ ပေတည်း။

ဤဒေသနာကြားမှုသည် အာပတ္တာဓိကရုဏ်းကို ငြိမ်းစေမှု ပေတည်း။ ။သမ္မုခါဝိနယသမထ, ပဋိညာတကရဏသမထဟူ၍ ၂-ပါးရ၏၊အနက်ကိုသိကြ၍ကြားမှလျော်မည်။

၃၆၅။ စေ့ဆော်သမှု၊ ဖုံးလွှမ်းမှု၊ လေးခုအဂတိ။

၃၆၆။ လဇ္ဇကာညီ၊ အလဇ္ဇီ၊ ဖြစ်ပြီဟောချက်ရှိ။

၃၆၇။ ဆန္ဒာဘယာ၊ မျက်ဒေါသာ၊ မောဟာလေးဂတိ။

**အာလဇ္ဇီအင်္ဂါ။** ။သဉ္စိစ္စ အာပတ္တိံ အာပဇ္ဇတိ၊အာပတ္တိံ ပရိဂူဟတိ။ အဂတိဂမနဉ္စ ဂစ္ဆတိ၊ ဧဒိသော ဝုစ္စတိ အလဇ္ဇီ-ပုဂ္ဂလော။

၁။ ဤပါဠိတော်နှင့်အညီ ပညတ်တော်ကို သိလျက်နှင့် စေ့ဆော်၍ အာပတ်မှုကို ပြုကျင့်သော ရဟန်း,

၂။ ပြဆိုခဲ့ပြီးသော ၁၀-ပါးသော ဖုံးလွှမ်းကြောင်းနှင့်အညီ အရုဏ်တက်သည့်တိုင်အောင် ဒေသနာမကြားဘဲ အာပတ်ကို ဖုံးလွှမ်း၍ ထားသော ရဟန်း,

၃။ ရဟန်းဖြစ်လျက် ဆန္ဒာဂတိ, ဘယာဂတိ, ဒေါသာဂတိ,မောဟာဂတိတို့သို့လိုက်သောရဟန်းများသည် အလဇ္ဇီလက္ခဏာသို့ ရောက်၏၊ထိုပုဂ္ဂိုလ်နှင့် အာမိသသမ္ဘောဂ,ဓမ္မသမ္ဘောဂကိုမပြုအပ်၊ဥပုသ် ပဝါရဏာ ကံကြီး, ကံငယ် အတူပြုမှု-ဟူသော

www.dhammaransi.com



သံဝါသကိုမူကား မပြုအပ်-ဟု ပညတ်တော်မရှိ။
[မဟာဝါ၊ ဝဇိရဗုဒ္ဓိ။]
ဒေသနာဂါမ်အာပတ် ကုစားနည်းအဖွင့် ပြီး၏။

## ရှင်ပြုခဏ်းအဖွင့်

၃၆၈။ သျှ့မိ, သျှ့ဘ၊ ခွင့်ပြုမှ၊ ပြုရပဗ္ဗဇ္ဇာ။ ။[သိသာပြီ။]
၃၆၉။ ဆံရိတ်တခန်း၊သင်္ကန်းပေးတုံ၊သရဏဂုံပေးပြော၊ ဤသုံးပါး၊ ခေါ်ပြောပဗ္ဗဇ္ဇာ။

ပဗ္ဗဇ္ဇာ ၃-မျိုး။ ။ရှင်ပြုမှုသည်—
၁။ ဆံရိတ်ခြင်း ၁-ပါး,
၂။ သင်္ကန်းပေးခြင်း ၁-ပါး,
၃။ သရဏဂုံပေးခြင်း ၁-ပါး-ဟူ၍ ၃-ပါးရှိ၏။

၃၇၀။ တိုက်တွင်းဝယ်ဘိ၊ သံဃာရှိ၊ ပန်ဘိဆံရိတ်မှာ။

**အဓိပ္ပါယ်။** ။မိမိနေရာ ကျောင်းတိုက်တွင်း၌ ရဟန်းသံဃာ အများရှိခဲ့လျှင် သံဃာကို အပလောကနကံဖြင့် ပန်ကြားပြီးမှ ရှင်လောင်းကို ရဟန်းများကိုယ်တိုင် ဆံရိတ်အပ်သည်၊ သို့မဟုတ်လျှင် ဆံပင်ရှည်နှင့် ရှင်ပြု၍ပေးပါ-ဟု လာခဲ့သော် ဦးခေါင်းရိတ်ပြီးကိုမှ ငါတို့ရှင်ပြု၍ပေးသည်-ဟု ပြောရမည်၊ လူတို့အလိုအလျောက် ဆံရိတ်၍လာလျှင် ကောင်းလှ၏၊ဆံရိတ်ခြင်းအဖွင့်ပြီး၏။

၃၇၁။ ဥပဇ္ဈာယ်ဆရာ၊ အင်္ဂါညီလှ၊ ဆယ်ဝါရ၊ ပေးကြသင်္ကန်းမှာ။

**အဓိပ္ပါယ်။** ။ဥဘတော ဝိဘင်းကို ရခြင်းအစရှိသော ဗဟုဿုတ အင်္ဂါနှင့် ပြည့်စုံ၍ ၁၀-ဝါရပြီးသော ဥပဇ္ဈာယ်ဆရာသည် သာလျှင် သာမဏေလောင်းအား သင်္ကန်းပေးခြင်း-ဟူသော ပဗ္ဗဇ္ဇာအမှုကို အစိုးတရ ပြုထိုက်သည်၊ ၁၀-ဝါမရသေးသော ရဟန်းဝယ်, အဝါ ၆၀-ပင် ရသော်လည်း ဗဟုဿုတ အင်္ဂါနှင့် မပြည့်စုံသော ရဟန်းသည် သာမဏေလောင်းအား သင်္ကန်းပေးခြင်းအမှုကို အစိုးတရမပြုအပ်။

www.dhammaransi.com



### ၃၇၂။ ခိုင်းစေတုလတ်၊ ကိုယ်စားမှတ်၊ ပြုအပ်ထေရ်ငယ်မှာ။

**အဓိပ္ပါယ်။** ။ဥပဇ္ဈာယ် အဂ်ါနှင့် ပြည့်စုံသောဆရာက ဤရှင်လောင်းကို သင်္ကန်းပေးလိုက်လော-ဟု စေခိုင်းလျှင် ရဟန်းငယ်ပင် ပေးရ၏၊ မခိုင်းသော်လည်း ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စား ရည်မှတ်၍ ပေးလျှင်လည်း ပေးအပ်၏။

ယခုအခါ၌လည်း ဥပဇ္ဈာယ်အဂ်ါနှင့် မပြည့်စုံကြကုန်သော ရဟန်းတို့သည် မိမိတို့ကျောင်း၌ မိမိတို့၏ တပည့်ဖြစ်သူ ရှင်လောင်းများကို မိမိတို့ကိုယ်တိုင် သင်္ကန်းပေး၍ ရှင်ပြုကြသောအခါ ဤလောက၌ ယခုအခါ ဥပဇ္ဈာယ်အဂ်ါနှင့် ပြည့်စုံကြပေကုန်သော ရဟန်းတော်,သံဃာတော်, ဆရာတော်မြတ်တို့သည် ရှိကြပေကုန်ရာ၏၊ ထိုဆရာမြတ်တို့၏ ကိုယ်စားလည်း ကိုယ်စားပြု၍ ငါသည် ဤရှင်လောင်းအား သင်္ကန်းပေးမည်၊ ငါ၏အလိုအလျောက် အပိုးတရပေးမည်မဟုတ်-ဟု စိတ်ကိုဖြစ်စေ၍ ပေးကြကုန်ရာ၏၊ ''သကလဝဋ္ဋ'' ကို ဆိုစေ၍ တောင်းနည်း,ပေးနည်း အမျိုးအစဉ်၌လေ၏။

''သကလဝဋ္ဋ''ကို မဆိုသော်လည်း မိမိလက်ဖြင့် သင်္ကန်းတို့ကိုကိုင်ယူ၍ ဤသင်္ကန်းတို့ကို သင့်အား ရှင်ပြုခြင်းငှာ ငါပေး၏၊ ဝတ်ချေ,ရုံချေလော့-ဟူ၍ ဆိုလျှင်ပင်ယူ၍ ဝတ်ရ, ရုံရ၏၊ ရဟန်းကိုယ်တိုင် ဝတ်ရုံ၍ပေးလျှင် ဆိုဘွယ်မရှိ၊ ကိုယ်တိုင်မပေးမူ၍ ဤသင်္ကန်းတို့ကိုယူ၍ ဤရှင်လောင်းအား သင်္ကန်းဝတ်ရုံ၍ ပေးလိုက်လော့-ဟု ရဟန်း, ရှင်,လူတို့ကိုစေခိုင်း၍ ဝတ်ရုံစေခြင်းငှာအပ်၏။ ။သင်္ကန်းပေးခြင်းအမြွက် ပြီး၏။

### ၃၇၃။ ဥပဇ္ဈာယ်ဆရာ၊ အဂ်ါညီမှ၊ ဆယ်ဝါရ၊ ပေးကြသရဏာ။

**အဓိပ္ပါယ်။** ။သရဏဂုံ ပေးမှု၌ကား ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ပေးမှုသည်သာ ကျမ်းဂန်တို့၌လာ၏၊ သင်္ကန်းပေးမှုကဲ့သို့ ဥပဇ္ဈာယ် ဆရာက စေခိုင်းသော်ငှင်း, ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားပြု၍သော်ငှင်း-ပေးခြင်းငှာအပ်ရာပါ၏။

www.dhammaransi.com



**၃၇၄။ နိဂ္ဂဟိတန်၊ မကာရန်၊ နှစ်တန်ပေးနည်းလာ။**

**အဓိပ္ပါယ်။** ။"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"အစရှိသည်ဖြင့် သရဏဂုံကို ပေးရာ၌ နိဂ္ဂဟိတန္တနှင့်လည်းပေးအပ်၏၊ မကာရန္တနှင့်လည်း ပေး အပ်၏။

နိဂ္ဂဟိတန္တဆိုသည်ကား-သေးသေးတင်နှင့် ရှိနေသော အက္ခရာတို့၌ ခံတွင်း,နှုတ်ခမ်းတို့ကို ပိတ်ခြင်းအဆုံးရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းတည်း။

မကာရန္တဆိုသည်လည်း ထို့အတူ ခံတွင်း,နှုတ်ခမ်းတို့ကိုပိတ်ခြင်းအ ဆုံးရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းပင်ဖြစ်သည်။

**မှတ်ချက်။** ။အထူးမှုကား-နိဂ္ဂဟိတ်မည်သည် ရှေ့သရကို မှီသော ဗျည်းအထူးဖြစ်ပေ၍ ဗုဒ္ဓံ-၌ ဓ-ဗျည်းနှင့် မှီရာတူကြ၏၊ထို့ကြောင့် နိဂ္ဂဟိ တန္တနှင့် ရွတ်ဆိုသောအခါ၌ ဓ-ဗျည်းနှင့်နိဂ္ဂဟိတ်၏အကြားမှာ အသံ တချိုးအခြားမရှိစေမူ၍ တစပ်တည်းပြု၍ ရွတ်ဆိုရာ၏၊ဓ-ဗျည်းပြီးသည် နှင့်တပြိုင်နက် ခံတွင်းပိတ်မှုကိုပြုရာ၏၊ ခံတွင်းပိတ်မှု နောက်ကျ၍မနေ စေရာ-ဟူလိုသည်။

မ-အက္ခရာသည်မူကား-ဤ၌ သရမရှိသော်လည်း နောက်သရကို မှီသော ဗျည်းမျိုးဖြစ်ပေ၍ ဗုဒ္ဓံ-၌ ဓ-ဗျည်းနှင့် မှီရာကွဲပြားကြ၏ ၊ထို့ ကြောင့် မကာရန္တနှင့်ရွတ်ဆိုသောအခါ၌ ဓ-ဗျည်းနှင့် မ-အက္ခရာ၏ အကြားမှာ အတန်ငယ်ခြားပြီးမှ ပိတ်မှုကိုပြုရာ၏။

"ဣမာနိ စ ပန ဒဒမာနေန ဗုဒ္ဓံ သရဏံ ဂစ္ဆာမိတိ ဧဝံ ဧကသမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ၊ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိ ဝါ ကတွာ ဒါတဗ္ဗာနိ"။ ။[အဋ္ဌကထာ။]

**၃၇၅။ ဌာန်,ကရဏ၊ ပယတ်ကျ၊ ပြီးသလိုလှစွာ။**

**၃၇၆။ ဆံရာလည်းပြီး၊ တပည့်ပြီး၊ စုံညီကြမှသာ။**

**အဓိပ္ပါယ်။** ။တလုံးတလုံးသော အက္ခရာ၌ ဌာန်,ကရိုဏ်း,ပယတ်, ၃-ပါး အပြီးအသ အကျ အန အလွန်လိုလှစွာ၏။ ။ပေးသူဆရာက ကျကျနနပြီးသပါမှ,လိုက်သူတပည့်ကလည်း ကျကျနနပြီးသပါမှ သရဏ

www.dhammaransi.com



ဂုံမြောက်သည်၊ တဦးဦးကပြိုရုံမျှနှင့် မမြောက်-ဟုလာ၏၊သရဏဂုံပုဒ်၌ ရကြီး,ဏကြီး ၂-လုံးသည် ဗုဒ္ဓချည်းဖြစ်ကြ၏၊ အာခေါင်အရပ်မှဖြစ်ကြ၏၊လျှာဖျား၏အနီးဖြစ်သော လျှာအရပ်သည် ထို၂-လုံး၏ကရိဏ်းဖြစ်၏၊ လျှာကိုအထက်သို့ ခေါက်လိပ်၍ရွတ်မှ အထက်အာခေါင်ကို ထိနိုက်၏၊ သွားသံပါခဲ့လျှင် ဏကြီးမဟုတ်ပြီ၊ ဒန္တဇ နငယ်ဖြစ်လေ၏။

ဌာန်,ကရိုဏ်း,ပယတ်တို့နှင့် ပြည့်စုံစွာရွတ်ဘတ်မှုမည်သည် ဆရာနည်းကောင်းလှမှ နေရာကျနိုင်သည်၊ သရဏဂုံ ဌာန်ကရိဏ်းမကျ၍ သာမဏေအစစ် မဖြစ်သော်လည်း ဖြစ်သည်မှတ်၍နေလျှင် အပြစ်မရှိ၊ မဖြစ်မှန်းသိလျက် သာမဏေကောင်းတို့နှင့် ပေါင်းဘော်၍နေသော် ၎င်း သင်္ဃိန်း ယူမှုက စောင့်ရှောက်လျက်ရှိသောကြောင့် ထေနက မဖြစ်။

သရဏဂုံအောင်မြင်ခဲ့လျှင် "တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ"၌ မိမိအက္ခရာအဆုံးတွင် ရှင်သာမဏေအစစ်ဖြစ်လေ၏၊ သာမဏေတို့ကျင့်အပ်သော ၁၀-ပါးသီလ,လိင် ၁၀-ပါး, ဒဏ် ၁၀-ပါးတို့မှစ၍ အလုံးစုံသော ကျင့်ဝတ်တရားတို့ကို ဆောက်တည်မှုကိစ္စ တချက်တည်းပြီးလေ၏၊ သီလခံဘွယ်ကိစ္စမရှိ၊ ခံသော်လည်းအပြစ်မရှိ၊ ကျေပြွန်ရခြင်းအကျိုးရှိ၏၊ သာမဏေဖြစ်ပြီးလျှင် ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံသော ဆရာရှိခဲ့လျှင် ထိုဆရာထံ၌ ဥပဇ္ဈာယ်ယူစေရမည်။

"ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ"-ဟု ၃-ခေါက်ဆို၍ယူ။ ။ ၁၀-ပါးသီလကို၎င်း၊ လိင် ၁၀-ပါး, ဒဏ် ၁၀-ပါးတို့ကို၎င်း၊ အမြဲဆောင်စေရမည်။

လိင် ၁၀-ပါးတို့တွင် တပါးပါးကိုပြုမိသော် သရဏဂုံပျက်၏၊ သင်္ကန်းပေးမှုကားမပျက်၊ လူဖြစ်သည်မဟုတ်၊ နောင်ကြဉ်ရှောင်ပါမည်ဆိုလျှင် ရေဒဏ်,သဲဒဏ်ပေး၍ သရဏဂုံကိုသာထပ်မံ၍ပေးအပ်၏၊ နောက်လွန်ကျူးပြန်၍ နောင်ကြဉ်ရှောင်ပါတော့မည်ဆိုလျှင် ၃-ကြိမ်တိုင်အောင်ပင် သရဏဂုံကိုသာ ထပ်မံ၍ပေးအပ်၏၊ နောက်လွန်ကျူးပြန်၍ ရှေ့သို့လည်း ကြဉ်ရှောင်မည့်သူမဟုတ်-ဟု သိခဲ့လျှင် လူဝတ်လဲ၍ တခါတည်းသွားစေရသည်၊ ဤကား လိင်ပေးမှု အစီအရင်တည်း။

www.dhammaransi.com



လိင်အမှုကိုပြုမိတိုင်း လူဝတ်လဲ၍ လိင်ပြန်ရသည်ချည်း မှတ်ထင်ကြကုန်၏၊ အချို့ဆရာတို့ကား-ကျူးလွန်မှု ထင်ရှားမရှိဘဲနှင့်ပင် စင်ကြယ်စေခြင်းငှာ ဆို၍ ဝါဝင်, ဝါကျွတ်တို့၌ လိင်ဆေးသည်-ဟု တနှစ်လျှင် ၂-ကြိမ် လူဝတ်လဲစေကြကုန်၏၊ ကျမ်းဂန်မရှိ။ ။သရဏဂုံပေးခြင်းအမြွက်ပြီး၏။

ရှင်ပြုခဏ်းအမြွက် ပြီး၏။

---

## ရဟန်းခံအမြွက်

**၃၇၇။ ဝတ်, ဥတ်, ကမ္မဝါ၊ သိမ်, ပရိသာ၊ ငါးဖြာသမ္ပတ္တိ။**

**၃၇၈။ ပဉ္စင်းမမြောက်ရန်၊ အင်ငါးတန်၊ ပြန်လေဝိပတ္တိ။**

**သမ္ပတ္တိ ၅-ပါး။** ၁။ ဝတ္ထုသမ္ပတ္တိ,
၂။ ဉတ္တိသမ္ပတ္တိ,
၃။ ကမ္မဝါစာ သမ္ပတ္တိ,
၄။ သီမာသမ္ပတ္တိ
၅။ ပရိသာသမ္ပတ္တိ-ဟူ၍ ရဟန်း ပဉ္စင်း အဖြစ်ထမြောက်ရန် အင်္ဂါ ၅-ပါး။

ထိုမှပြန်သော် ရဟန်း ပဉ္စင်းအဖြစ် မမြောက်ရန် ဝိပတ္တိ ၅-ပါးဖြစ်၏။

**ဝိပတ္တိ ၅-ပါး။** ၁။ ဝတ္ထုဝိပတ္တိ,
၂။ ဉတ္တိဝိပတ္တိ,
၃။ ကမ္မဝါစာ ဝိပတ္တိ,
၄။ သီမာ ဝိပတ္တိ,
၅။ ပရိသာ ဝိပတ္တိ။

**၃၇၉။ ပဉ္စင်းလောင်းကို၊ ဝတ္ထုဆို၊ ထိုမှာ သံ, ဝိပ်ရှိ။**

**အဓိပ္ပါယ်။** ။ပဉ္စင်းလောင်းကို ဝတ္ထုဆို၏၊ ထိုပဉ္စင်းလောင်းမှာ သမ္ပတ္တိ, ဝိပတ္တိ ၂-ပါးရှိ၏။

www.dhammaransi.com



၃၈၀။ ဥနဝီသ၊ အန္တိမ၊ အဘဗ္ဗတဆဲ့တစ်။

၃၈၁။ ဆဲ့သုံးဝိပတ်၊ ကင်းစင်လတ်၊ အမြတ်သမ္ဗုတ္တိ။

အဘဗ္ဗပုဂ္ဂိုလ်။ (က) အသက် ၂၀-မပြည့်သေးသူ,
(ခ) ပါရာဇိကကျပြီးသောသူ,
(ဂ) ပဏ်, ထေ, ပက်, ဆန်၊ ပဉ္စာနန်၊ ဒူသံ, ဥဘော ဗျည်း- ဟူ၍ ဆိုလတ္တံ့ သော ပဏ္ဍုက် အစရှိသော အဘဗ္ဗပုဂ္ဂိုလ် တကျိပ်တယောက်။

ဤ ၁၃-ယောက်တို့သည် ရဟန်းမဖြစ်ထိုက်ကုန်၊ ထိုသူတို့ကို ပဉ္စင်းခံခဲ့သော် ဝတ္ထုအတွက်နှင့် ထိုကံပျက်၏၊ ထိုသူတို့ကိုကြဉ်၍ သမ္ဗုတ္တိကို သိအပ်၏။

၃၈၂။ သန္ဓေတည်နေ၊ စတုံရွေ့၊ပြေ့စေ ဝီသတိ။

အဓိပ္ပါယ်။ ။"အနုဇာနာမိ ဘိက္ခဝေ ဂဗ္ဘဝီသံ ဥပသမ္ပာဒေတုံ"။

ဘိက္ခဝေ၊တို့။ဂဗ္ဘဝီသံ၊အမိဝမ်း၌ ကိန်းနေသော ပဋိသန္ဓေ လ,ရက်တို့ကို ထည့်တွက်၍ အသက် ၂၀-ပြည့်သောသူကို။ ဥပသမ္ပာဒေတုံ၊ ရဟန်းပဉ္စင်းခံစေခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြု၏-ဟူ၍ လာသောကြောင့် ပဋိသန္ဓေ တည်နေသော နေ့မှစ၍ အနှစ် ၂၀-ပြည့်စေရာ၏။

၃၈၃။ ခုနစ်လဘွား၊ ဆယ်လဘွား၊ ထင်ရှားလူဝယ်ရှိ။

လောက၌ ၇-လဘွား, ၁၀-လဘွား၊ ၂-မျိုးသာထင်ရှား၏။

၃၈၄။ ဘွားသက္ကရာဇ်၊ ဆဲ့ကိုးနှစ်မှ၊ ငါးလ, နှစ်လ၊ စွန်းတုံက၊ ဂဗ္ဘဝီသပြည်။

ဂဗ္ဘဝီသ။ ။ဘွားသက္ကရာဇ်ကို တွက်စစ်၍ ၁၉-နှစ်လုံးလုံး ပြည့်သည်မှ ၇-လဘွားသူမှာ ၅-လစွန်းလျှင် ဂဗ္ဘဝီသပြည့်၏၊ ၁၀-လဘွားသူမှာ ၂-လစွန်းလျှင် ဂဗ္ဘဝီသပြည့်၏။ ။[အဋ္ဌကထာနည်း။]

၃၈၅။ ရက်သုံးဆယ်လ၊ ဆဲ့နှစ်လ၊ ဝဿအမှန်သိ။

အဓိပ္ပါယ်။ ။အဋ္ဌကထာ၌လာသော အာစရိယဝါဒ အလိုကား "တိံသရတ္တိဒိဝေါမာသော- ဟူ၍ ဟောတော်မူသောကြောင့် ရက်

www.dhammaransi.com



ပေါင်း ၃၀-ပြည့်မှ တလအမှန်ဖြစ်သည်။ ။ဒွါဒသမာသာ ကော် သံဝစ္ဆရံ''-ဟူ၍ ဟောတော်မူသောကြောင့် ၁၂-လသည်သာ တနှစ် အမှန်ဖြစ်သည်၊ တနှစ် တနှစ်အဘို့တွင် ရက် ၃၀ မပြည့်သော ရက် မစုံ လပေါင်း ၆-ယပါရှိ၍၊ ဝါထပ်သည့်အတွက် တနှစ်တွင် ၁၃-လ ရှိသော နှစ်-မျိုးသည် ၃-နှစ်လျှင်တကြိမ်တကြိမ် လာ၏။

၃၀၆။ ဆဲ့ကိုးနှစ်ကို၊ ခြောက်လပို၊ ဝါဆိုထပ်သည်တွက်။

၃၀၇။ လေးလမျှတုံ၊ ယုတ်လျော့ကုန်၊ မစုံလအတွက်။

**အဓိပ္ပါယ်။** ။ဘွားသည့်နေ့မှစ၍ ၁၉-နှစ်ပြည့်ပြီ-ဟု ဆိုရသော အခါဝါဆိုထပ်သည့်အတွက် ၆-လအပိုထွက်လာ၏၊ရက်မစုံလအတွက် ရက်ပေါင်း ၁၁၄-ရက် ယုတ်လျော့လျက်ရှိ၏၊ ထိုရက်ပေါင်းကို ၄-လ မျှဆိုသည်၊ ၃-လနှင့် ၂၄-ရက်တည်း။

၃၀၈။ ယုတ်ပိုညှိက၊ ကျန်သေသ၊ နှစ်လခြောက်ရက်ထွက်။

**အဓိပ္ပါယ်။** ။ဝါထပ်အတွက် ၆-လပိုသည်တွင် ရက်မစုံ အတွက် ယုတ်ခဲ့သော ရက်တို့နှင့် ပယ်နုတ်နှိုင်းညှိသည် ရှိသော် အကျန် ၂-လ ၆-ရက်အပိုထွက်သည်။

၃၀၉။ သုံးလစွန်းက၊ ခုနစ်လ၊ ဂဗ္ဘဝီသပြည့်။

**အဓိပ္ပါယ်။** ။၇-လဘွားသူမှာ ၁၉-နှစ်မှ ၃-လစွန်းခဲ့လျှင်ဂဗ္ဘဝီသ ပြည့်၏၊ ရဟန်းခံရပြီ၊ ၁၀-လ ဘွားမှာကား ပဋိသန္ဓေ ၁၀-လနှင့် ထိုအပို ၂-လ ၆-ရက်ကို ပေါင်းသော် တနှစ်ပြည့်လျက် ရှိသောကြောင့် ဘွားသက္ကရာဇ်နှစ် ၁၉-နှစ် ပြည့်ခဲ့လျှင် ဂဗ္ဘဝီသပြည့်၏၊ ၁၉-နှစ် လုံး လုံး ရှိလျှင် ရဟန်းခံရပြီ။

ရဟန်းလောင်း၏ အမိဖြစ်သူက သူ၏သားသည် ၁၀-လဘွား ဖြစ်ပါ သည်-ဟု အတပ်ပြောသော်လည်း အမှန်မုချအယုံရခက်လှသော အရာ မျိုး ဖြစ်ခဲ့၍ အယုတ်ဆုံးအားဖြင့် ၇-လဘွားကို အတည်ပြု၍ ၁၉-နှစ် နှင့် ၃-လအောက် မယုတ်စေရ၊ ပိုလျှင်သာ ပိုစေရမည်-ဟု ငါတို့ကျေး ဇူးရှင် စံကျောင်းဆရာတော်ဘုရားကြီးမိန့်တော်၏။ ။ဝတ္ထုသမ္ဘတ္တိပြီး၏။

www.dhammaransi.com



၃၉၀။ ဝတ်, သံ, ပုဂ်, ဥတ်၊ မသုံးသပ်၊ ဥတ်ကိုနောက်မှထား။

၃၉၁။ ဉတ္တိဝိပတ်၊ အင်ငါးရပ်၊ သမ္ပတ်အပြန်ငါး။

ဉတ္တိဝိပတ္တိ ၅-ပါး။ ၁။ ဥတ်တွင်း၌ ဝတ္ထုကိုမသုံးသပ်ခြင်း,
၂။ သံဃာကို မသုံးသပ်ခြင်း,
၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း,
၄။ ဥတ်ကိုမသုံးသပ်ခြင်း,
၅။ ဥတ်ကိုကမ္မဝါစာ၏နောက်မှထားခြင်း
ဟူ၍ဉတ္တိဝိပတ္တိ ၅-ပါးရှိ၏၊ ဝတ္ထုကို သုံးသပ်ခြင်းစသည်ဖြင့် ထိုမှပြန်၍ဉတ္တိ သမ္ပတ္တိ ၅-ပါးကို သိအပ်၏။

၃၉၂။ ကမ္မဝါလဲ၊ ဥတ္တိနဲ၊ ခွဲလေ, ဝိပ်, သံ,ငါး။

၃၉၃။ အက္ခရပဒ်၊ ယုတ်လျော့ကျန်၊ ဆယ်တန်သဒ္ဒါမှား။

၃၉၄။ ကမ္မဝါမှာ၊ ကံပျက်ရာ၊ ဥတ်မှာထိုနည်းလား။

**ကမ္မဝါစာသမ္ပတ္တိ,ဝိပတ္တိ။** ။အနုသာဝနာခေါ်သော ကမ္မဝါ၌လည်း ဥတ်မှာကဲ့သို့ ဝတ္ထု, သံဃာ, ပုဂ္ဂိုလ်, ကမ္မဝါစာတို့ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာကို ဥတ်၏ရှေ့၌ဘတ်ခြင်း၊ ဥတ်၏နောက်၌ဘတ်ခြင်း-ဟူ၍ ဝိပတ္တိ ၅-ပါး၊ သမ္ပတ္တိ ၅-ပါးရှိ၏။

**မှတ်ချက်။** ။ကမ္မဝါစာတွင်း၌ အက္ခရာပုဒ်ကိုယုတ်လျော့ကြွင်းကျန်ခြင်း၊ ဖျူနဗုဒ္ဓိခေါ်သော သဒ္ဒါ ၁၀-ပါး တိမ်းပါး ချွတ်ယွင်းခြင်းတို့သည် ကမ္မဝါစာဝိပတ္တိအတွက် ကံပျက်ရန် အမှုတို့ ဖြစ်ကုန်၏။

ဥတ်၌လည်း ဤအက္ခရာပုဒ် ယုတ်လျော့ခြင်း၊ သဒ္ဒါ ၁၀-ပါး တိမ်းမှားခြင်းတို့သည် ကမ္မဝါစာနည်းတူ ကံပျက်ရန်အမှုတို့ပင်တည်း။

အက္ခရပဒံ-ဟူသော နောက် သံပေါက် ၂-ခုသည် ပါဠိတော်၌ ''သာဝနံ ဟာပေတိ''-ဟူသော စတုတ္ထဝိပတ္တိအရကိုဘော်ပြသော သံပေါက်စုသာတည်း၊ အသီးအခြားမဟုတ်။

ဥတ္တိဝိပတ္တိ၌ ဉတ္တိံ နပရာမသတိ-နှင့် အနုသာဝနာဝိပတ္တိ၌ ''သာဝနံ ဟာပေတိ'' သည် အတူတူပင်၊ ''ပစ္ဆာဉတ္တိံ ထပေတိ'' နှင့် ''အကာလေဝါ သာဝေတိ'' သည် အတူတူပင်။

www.dhammaransi.com



ထို့ကြောင့် ဥတ္တိဝိပတ္တိ,ကမ္မဝါစာဝိပတ္တိ ၂-ပါးကို တပေါင်းတည်း ပြ၍ပြဆိုပေအံ့။

**ဝတ္ထုပရာမသန**။ "ဝတ္ထုကိုမသုံးသပ်ခြင်း ဆိုသည်ကား ဉတ်၌ငှင်း, ကမ္မဝါစာ ၃-ချက်တို့၌ငှင်း-ရဟန်းလောင်း၏အမည်ကို မသုံးသပ်ခြင်း တည်း၊ မဘတ်ခြင်းတည်း။

**သံဃပရာမသန**။ "သံဃပုဒ်တို့ကို မဘတ်ခြင်းသည် သံဃာကို မသုံး သပ်ခြင်းမည်၏။

**ပုဂ္ဂလပရာမသန**။ "ဥပဇ္ဈာယ်ဆရာ၏ အမည်နာမ မပါခြင်းသည် ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်းမည်၏။

**သာဝနဟာပန**။ "ဉတ်နေရာ၌ဉတ်ကိုလုံးလုံးမဘတ်ဘဲ ကမ္မဝါစာ သက်သက်ကိုသာ ဘတ်ခြင်း၊ ကမ္မဝါစာနေရာ၌ ကမ္မဝါစာကို လုံးလုံး မဘတ်ဘဲ ဉတ်ကိုသာ ၄-ကြိမ်ဘတ်ခြင်းသည် ဉတ်ကို မသုံးသပ်ခြင်း၊ ကမ္မဝါစာကို ယုတ်လျော့စေခြင်းမည်၏။

**မှတ်ချက်**။ "ဉတ်၌ အကျုံးဝင်သော အချို့အချို့သော အက္ခရာ တို့ကိုစွန့်ခြင်း၊ မကောင်းသဖြင့်ရွတ်ဆိုခြင်း၊ ကမ္မဝါစာတို့၌ အကျုံးဝင် သော အချို့အချို့သော အက္ခရာပုဒ်တို့ကို စွန့်ခြင်း၊ မကောင်းသဖြင့် ရွတ်ခြင်းများသည်လည်း ဉတ်ကိုမသုံးသပ်ခြင်း ကမ္မဝါစာကိုယုတ်စေ ခြင်းမည်၏၊ဉတ်ကိုကမ္မဝါစာတို့၏နောက်၌ထားခြင်း၊ ကမ္မဝါစာတို့ကို ဉတ်၏ရှေ့၌ ဘတ်ခြင်းထင်ရှားပြီ။

ဝတ္ထု,ပုဂ္ဂလတို့ကိုသုံးသပ်မှု၌ သိမ်အပြင်၌ သံဃာစုံလင်၍ ကမ္မဝါ ဘတ်တော့မည်ရှိရာ မဘတ်မီတင်ကူး၍ ဥပဇ္ဈာယ်ဆရာက သံဃာ အများကြားသိကြစေရန် ရဟန်းလောင်းကိုလည်း နာဂ-ဟူ၍အမည် ပေးရမည်၊ မိမိကိုယ်ကိုလည်း တိဿ-ဟူ၍ အမည်ပေးရမည်။

ရဟန်းလောင်း မောင်မည်သူကို နာဂ-ဟူ၍အမည်ပေးပါ၏၊ဉတ် ၌ငှင်း၊ကမ္မဝါစာတို့၌ငှင်း၊နာဂ-ဟူ၍ရွတ်ဆိုသည်ရှိသော်ရဟန်းလောင်း မောင်မည်သူကို ဆိုသည်ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။

ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကိုလည်း တိဿ-ဟူ၍အမည်ပေးပါ ၏၊ ဉတ်၌ငှင်း၊ ကမ္မဝါစာတို့၌ငှင်း၊ တိဿ-ဟူ၍ ရွတ်ဆိုသည်ရှိသော်

www.dhammaransi.com



ဥပဇ္ဈာယ်ဆရာဖြစ်သူ အကျွန်ုပ်ကို ဆိုသည်ဟူ၍ သံဃာတော်တို့က သိတော်မူကြပါကုန်။ ။[အမည်ပေးပုံ။]

ရဟန်းခံကမ္မဝါသို့ မရောက်မီ ဆုံးမခန်း, စစ်မေးခန်းတို့၌လည်း သမ္မုတိဥတ်ပါရှိသည်၊ ထိုဥတ်၌လည်း ဝတ္ထု,ပုဂ္ဂလတို့ပါရှိကြသည် ဖြစ်၍ အမည်ကို တင်ကူး၍မှည့်မှ သင့်လျော်သည်၊ ရှေးဦးစွာ အမည် ပေးမှုကိုမပြုမူ၍ ဥတ်,ကမ္မဝါစာတို့၌သာ နာဂ-အမည်,တိဿ-အမည် တို့ကို ရွတ်ဆို၍ သွားသည်ရှိသော် ယခုရှိနေကြသောရဟန်းလောင်း၏ အမည်မဟုတ်၊ဥပဇ္ဈာယ်ဆရာ ပြုလုပ်သူ၏အမည်မဟုတ်သဖြင့် ရဟန်း လောင်းဖြစ်သူ,ဥပဇ္ဈာယ်ဖြစ်သူတို့ကို မထိမငြိသည်ဖြစ်၍ ဝတ္ထု, ပုဂ္ဂလ တို့ကို မသုံးသပ်ရာပင်ကျ၏။ ။[ဝိမတိဋီကာအဆို။]

သာဝနံ ဟာပေတိ ၌—

ဌာန် ၇-ပါး။ ၁။ ဥရ၊ ရင်,

၂။ ကဏ္ဍ၊ လည်ချောင်း,

၃။ တာလု၊ အာစောက်,

၄။ မုဒ္ဓ၊ အာခေါင်,

၅။ ဒန္တ၊ သွား,

၆။ ဃာန၊ နှတ်ခမ်း,

၇။ နာသိကာ၊ နှာခေါင်း။ ။ဌာန် ၇-ပါး ဆောင်ပုဒ်။

ကရိုဏ်း ၄-ပါး။ ၁။ ဇိဝှါမဇ္ဈ၊ လျှာလယ်,

၂။ ဇိဝှောပဂ္ဂ၊ လျှာဖျား၏အနီး,

၃။ ဇိဝှဂ္ဂ၊ လျှာဖျား,

၄။ သကဋ္ဌာန၊ မိမိတို့၏ဌာန်။ ။ကရိုဏ်း ၄-ပါး ဆောင်ပုဒ်။

ပယတ် ၄-ပါး။ ၁။ သံဝုဋ၊ ပိတ်မှု,

၂။ ဝိဝဋ၊ ဘွင့်မှု,

၃။ ဖုဋ္ဌ၊ ထိမှု,

၄။ ဤသံဖုဋ္ဌ၊ စဉ်းငယ်ထိမှု။ ။ပယတ် ၄-ပါး ဆောင်ပုဒ်။

www.dhammaransi.com



**မှတ်ချက်။** ။အထက်သွား၏ အတွင်းဖြစ်သော အာခေါင်အရပ်မှစ၍ လည်ချောင်းပေါက်ဝသို့ဆိုက်အောင် ခံတွင်း၏ အထက်အပြင်ကို ၂-ဘို့ပြု၍ အတွင်းအဘို့ကို အာစောက်ခေါ်သည်၊ အပြင်အဘို့ကို အာခေါင်ခေါ်သည်၊ လျှာထိပ်ဟူ၍လည်းဆိုကြ၏။

ခံတွင်းမှ နှာခေါင်းသို့ ထွက်သွားသော အပေါက်တလျှောက်လုံးကို နာသိကဌာန်ဆိုသည်။

သံဝုဋ၊ ပိတ်ခြင်းဆိုသည်ကား-ဘွင့်၍မလွှတ်ဘဲ ချုပ်အုပ်၍ရွတ်ခြင်းကိုဆိုသည်။ ။ပတ်ဝိုင်းကိုလက်ဖြင့် တီးကြရာ၌ စီတန်း၍နေသော ပုံတော်ကြီး,ငယ်စုနှင့် ဌာန် ၇-ပါးတူသည်၊ အလိုရှိရာ လှည့်လည်၍ တီးခေါက်သောလက်နှင့် ကရိုဏ်း ၄-ပါးတူသည်။

တခုသောပုံကိုတီးခေါက်ရာ၌ တခုသောပုံမျက်နှာအပြင်မှအသံတို, အသံရှည်, အသံမာ,အသံပြော့ အမျိုးမျိုးဖြစ်လေအောင် ပြုပြင်သော အမူအရာအထွေအပြားတို့နှင့် ပယတ်မှု ၄-ပါးတူသည်။

၃၉၅။ ရင်,လည်,အာ,အာ၊ သွား,နှုတ်,နှာ၊ ဖြစ်ရာဌာန်ခုနစ်။ ။[သိသာပြီ။]

၃၉၆။ လျှာလယ်,လျှာဖျား၊နီးအပါး၊ဌာန်အား ကရိုဏ်းလေး။ ။[သိသာပြီ။]

၃၉၇။ ပိတ်,ဘွင့်,နိုက်,ထိ၊စဉ်းငယ်ထိ၊ပြုဘိပယတ်လေး။ ။[သိသာပြီ။]

၃၉၈။ က,ခ,ဂ,ဃ, င၊ အ,အာ,ဟ၊ အဋ္ဌ-လည်ချောင်းဖြစ်။ ။[ကဏ္ဍဇ ၈-လုံး။]

၃၉၉။ စ,ဆ,ဇ,ဈ,ည၊ဣ,ဤ,ယ၊အဋ္ဌ-အာစောက်ဖြစ်။ [တာလုဇ ၈-လုံး။]

၄၀၀။ ဋ,ဌ,ဍ,ဎ,ဏ၊ရ,နှင့်ဠ၊သတ္တ-အာခေါင်ဖြစ်။ ။[မုဒ္ဓဇ ၇-လုံး။]

၄၀၁။ တ,ထ,ဒ,ဓ,န၊လ,နှင့်သ၊ သတ္တ-သွားမှာဖြစ်။ ။[ဒန္တဇ ၇-လုံး။]

၄၀၂။ ပ,ဖ,ဗ,ဘ,မ၊ဥ,ဦ,မှ၊ သတ္တ-နှုတ်ခမ်းဖြစ်။ ။[ဩဋ္ဌဇ ၇-လုံး။]

www.dhammaransi.com



**၄၀၃။ ဝဂ္ဂန်ပဉ္စ၊နိဂ္ဂဟိတ၊ဆ-မှာနှာခေါင်းဖြစ်။**

**အဓိပ္ပါယ်။** ။င,ဉ,ဏ,န,မ ဤဝဂ္ဂန္တ ၅-လုံးကို ဝဂ္ဂန်ပဥ္စဆိုသည်၊ သေးသေးတင်ခေါ်သော ဗိန္ဒု(ငယ်တခုကို နိဂ္ဂဟိတခေါ်သည်။

**၄၀၄။ လည်,နှုတ်,ဩ သာ၊ ဧ,လည်,အာ၊ ဝ-မှာသွား,နှုတ်ဖြစ်။**

ဩ-သည် လည်ချောင်း, နှုတ်ခမ်း၌ ဖြစ်၏၊ ဧ-သည် လည်ချောင်း, အာစောက်၌ ဖြစ်၏၊ ဝ-သည် သွား, နှုတ်ခမ်း၌ ဖြစ်၏။

**၄၀၅။ ဝဂ္ဂန်,ယ,ဝ၊ ယှဉ်သည်ဟ၊ ဥရဌာန်၌ဖြစ်။**

**အဓိပ္ပါယ်။** ။ဝဂ္ဂန္တ ၅-လုံး ယ,ရ,လ,ဝ, ၄-လုံး၊ ဤ ၉-လုံးနှင့် ယှဉ်သော ဟ-အက္ခရာသည် ရင်၌ဖြစ်သည်-ဟု လာ၏၊ ဠကြီးနှင့် ယှဉ်လျှင်လည်း ထို့အတူယူလေ။ ။ငှ,ဉှ,ဏှ,နှ,မှ,ယှ,ရှ,လှ,ဝှ,ဠှ။

**၄၀၆။ အာစောက်-မဇ္ဈ၊ ခေါင်-ပဂ္ဂ၊ဒန္တ-လျှာဖျားစပ်။**

**အဓိပ္ပါယ်။** ။အာစောက်ဌာန်နှင့် ဇိဝှါမဇ္ဈကရိုဏ်း တွဲဘက်။
အာခေါင်ဌာန်နှင့် ဇိဝှေါပဂ္ဂကရိုဏ်း တွဲဘက်။
သွားအရပ်နှင့် ဇိဝှဂ္ဂကရိုဏ်း တွဲဘက်။

**မှတ်ချက်။** ။တာလုဇအက္ခရာတို့ကိုဖြစ်စေလိုသော် လျှာလယ်အရပ်၌ လှုံ့ဆော်၍ပေးမှဖြစ်နိုင်ကြကုန်သည်၊ ''စဝဂ်ပဥ္စ၊ဣ,ဤ,ယ'' တို့ကို ရွတ်ဆို၍ကြည့်လေ။ ။မဇ္ဈိမသား,သီဟိုဠ်သားတို့သည် စဝဂ် ၅-လုံး တို့ကို အစဉ်အတိုင်း ကျ,ချ,ဂျ,ဃျ,ဉျ,-ဟု ရွတ်ကြကုန်၏။

မုဒ္ဓဇအက္ခရာတို့ကို ဖြစ်စေလိုသော် လျှာဖျား၏အနီးဖြစ်သော လျှာအရပ်နှင့် လှုံ့ဆော်၍ပေးမှ ဖြစ်နိုင်ကြကုန်သည်၊ ''ဋဝဂ်ပဥ္စ၊ ရနှင့်ဠ'' တို့ကိုရွတ်ဆို၍ကြည့်လေ။

ရကြီးကို ပြီသအောင် ရွတ်လိုသော် လျှာကိုအထက်သို့ ခေါက်လိပ်၍ အထက်အာခေါင်အရပ်ကို ထိခိုက်၍ပေးမှ လျှာလိပ်သံပေါ်၍ရကြီး အက္ခရာပြီသစွာ ဖြစ်နိုင်သည်၊ ဋ,ဌ,ဍ,ဎ,ဏ,ဠကြီးတို့ကို ရွတ်လိုသောအခါ၌လည်း လျှာကိုအထက်သို့ခေါက် လိပ်၍ပေးရမည်၊ရကြီးနှင့် ဌာန်တူ, ကရိုဏ်းတူ ဖြစ်ကြသည်၊ လျှာကိုအထက်သို့ ခေါက်လိပ်၍ မပေးခဲ့လျှင် တ,ထ,ဒ,ဓ,န,လ-ဟူသော ဒန္တဇတွေဖြစ်ကုန်၏၊ မုဒ္ဓဇတွေ မဖြစ်လာကုန်။

www.dhammaransi.com



သုဏာတု မေ-၌ ဏာ-ကိုရွတ်မည်-ဟု ရွတ်ပါသော်လည်း လျှာကို တန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-နာ အက္ခရာသာဖြစ်လေ၏။ ။ ပဋိစ္ဆန္နာနဉ္စ-၌ ဋိ-ကို,အနုသိဋ္ဌော-၌ ဋ္ဌော-ကိုရွတ်မည်-ဟုရွတ်ပါသော် လည်း လျှာကို တန်းတန်းထား၍ ရွတ်ခဲ့သော် ဒန္တဇ-တိ,ဒန္တဇ-ထော, တို့သာဖြစ်၍သွားကုန်၏၊ဤမုဒ္ဓဇ ၇-လုံးတို့နှင့်ဒန္တဇ ၇-လုံးတို့သည်ဌာန် လည်း တခြားစီဖြစ်ကြကုန်၏၊ ကရိဏ်းလည်း တခြားစီဖြစ်ကြကုန်၏။

ဋ-သံနှင့် တ-သံ ကွဲအောင် ရွတ်ရလိမ့်မည်။
ဌ-သံနှင့် ထ-သံ ကွဲစေရမည်။
ဍ-သံနှင့် ဒ-သံ ကွဲစေရမည်။
ဎ-သံနှင့် ဓ-သံ ကွဲစေရမည်။
ဏ-သံနှင့် န-သံ ကွဲစေရမည်။
ရ-သံနှင့် ယ-သံ ကွဲစေရမည်။
ဠ-သံနှင့် လ-သံ ကွဲစေရမည်။

ကွဲအောင်မရွတ်တတ်လျှင် ကမ္မဝါဘတ်ခြင်း၌ာ မထိုက်၊သုဏာတု- ၌ပင်လျှင် အလွဲလွဲအချော်ချော် ဖြစ်လိမ့်မည်၊ သတိကြီးကြီး ထားသင့် လှ၏။

ဒန္တ-လျှာဖျားစပ် ဆိုသည်ကား-ဒန္တဌာန်နှင့် လျှာဖျားကရိဏ်းတွဲ ဘက်၊ ဒန္တဇအက္ခရာတို့ကို ဖြစ်စေလိုသော် လျှာပြင်နှင့် အထက်သွား ကို လှုံ့ဆော်၍ပေးမှ ဖြစ်နိုင်သည်၊“တဝဂ်ပဉ္စ၊လနှင့် သ”တို့ကိုရွတ်ဆို၍ ကြည့်လေ၊ လျှာကအထက်သို့ခေါက်လိပ်၍ ရွတ်ဆိုခဲ့လျှင် မုဒ္ဓဇတွေဖြစ် ၍လာလိမ့်မည်၊ သုဏာတု-၌ တု-ကို လျှာလိပ်သံနှင့် ရွတ်ဆိုခဲ့လျှင် ဋု၊ ဖြစ်၍သွား၏၊ နာဂေါ-၌ နာကိုလျှာလိပ်သံနှင့် ရွတ်ခဲ့လျှင် ဏာ-ဖြစ်၍ သွား၏။ ။အကြွင်းသိသာပြီ။

ဆိုပြီးသည်မှ ကြွင်းကုန်သော ကဏ္ဌဇ ၈-လုံး,ဩဋ္ဌဇ ၇-လုံးတို့၌ ဌာန်နှင့် ကရိဏ်းအခြားမရှိ၊ဌာန်သည်ပင်လျှင် ကရိဏ်းဖြစ်၏၊“က-ဝဂ် ပဉ္စ၊ အ,အာ,ဟ”တို့၌ လည်ချောင်းသားချင်းလှုံ့ဆော်သည်၊“ပ-ဝဂ် ပဉ္စ၊ဥ-ဝဏ္ဏ”တို့မှာ နှုတ်ခမ်းသား ၂-ခုချင်း လှုံ့ဆော်သည်၊ ကရိဏ်း အသီးအခြားမရှိပြီ၊ နှာခေါင်းဖြစ် အက္ခရာ ၆-လုံးတို့၌ နှုတ်ခမ်းကို

www.dhammaransi.com



ကရိုဏ်းဆိုသင့်၏၊ နှုတ်ခမ်းကိုပိတ်၍ပေးမှ နှာခေါင်းသို့ လေနှင့်တကွ အသံလုံး၍သွားသဖြင့် နှာခေါင်းသံ ပြီးစွာပေါ်လေသည်။

၄၀၇။ အ-သံဝုဋ္ဌ၊ ကြွင်းသရ၊ သ, ဟ-ဝိဝဋ္ဋာ။

၄၀၈။ ဝဂ်မှာဖုဋ္ဌ၊ ယ, ဝ, မှန်၊ ဤသံဖုဋ္ဌသာ။

**အဓိပ္ပါယ်။** ။အသရသည် သံဝုဋ္ဌပယတ်ရှိ၏၊ လည်ချောင်းကို ပိတ်သော အခြင်းအရာထင်၏၊ ပိတ်လေ-ပြီသလေဖြစ်၏။

ကြွင်းသောသရ ၇-လုံး၊ သ,ဟ တို့သည် ဝိဝဋ္ဋပယတ်ရှိကြကုန်၏၊ အာ-ကိုရွတ်သောအခါ လည်ချောင်းပေါက်ကို ပွင့်ပွင့်ပြု၍ရွတ်။ ။ဣ, ဤကိုရွတ်သောအခါ အာစောက်ဌာန်နှင့် လျှာလယ်ကရိုဏ်းကို ပွင့်ပွင့်ပြု၍ရွတ်၊ ေ,ဩ,သ,ဟ တို့မှာလည်း သူတို့ဆိုင်ရာဌာန်,ကရိုဏ်းတို့နှင့် နွဲလေ။

ကဝဂ် ၅-လုံး, စဝဂ် ၅-လုံး, ဋဝဂ် ၅-လုံး, တဝဂ် ၅-လုံး, ပဝဂ် ၅-လုံးတို့ကို ရွတ်သောအခါ သူ့ဌာန်တို့နှင့် သူ့ကရိုဏ်းတို့ကို နာနာ ထိခိုက်စေ၍ရွတ်။

ယ,ရ,လ,ဝ တို့ကိုရွတ်သောအခါ သူတို့ဌာန်နှင့် ကရိုဏ်းတို့ကို စဉ်းငယ်သာထိခိုက်စေ၍ရွတ်။

ပဝဂ် ၅-လုံးတို့သည် နှုတ်ခမ်း၌ဖြစ်ကုန်၏၊ ဥ,ဦ ၂-လုံးတို့လည်း နှုတ်ခမ်း၌ ဖြစ်ကုန်၏၊ ပယတ်မူကား ကွဲကြ၏၊ ပဝဂ်မှာ ဖုဋ္ဌပယတ်ရှိ၏၊ နှုတ်ခမ်းချင်းနာနာထိခလ-ပြီသလေဖြစ်ကုန်၏။

ဥ,ဦ ၂-လုံးတို့မှာ ဝိဝဋ္ဋပယတ်ရှိကြကုန်၏၊ နှုတ်ခမ်းချင်းဘွင့်၍ရွတ်မှပြီသကုန်၏၊ ထိ၍ရွတ်လျှင် မပြီသကုန်ပြီ။

ဤနည်းကိုအမှီပြု၍ ကြွင်းသောဌာန်တူ,ကရိုဏ်းတူ,ပယတ်ကွဲအက္ခရာတို့၌ ရွတ်ပုံအထူးအပြားတွေကို အကုန်ဝေဘန်၍ ရှင်းလင်းစွာသိလေ မြင်လေ။ ။ဌာန်,ကရိုဏ်း,ပယတ်ပြီး၏။

**မူလဋီကာ ၁၀-ပါး။** ။သိထိလံ ဓနိတဉ္စေဝ၊ ဒီဃံ ရဿံ ဂရုံ လဟုံ။
နိဂ္ဂဟီတံ ဝိမုတ္တဉ္စ၊ သမ္ဗန္ဓဉ္စ ဝဝတ္ထိတံ။

သိထိလံ၊ လျော့လျော့ရွတ်အပ်သော အက္ခရာဝုဏ်း၊ ဓနိတဉ္စေဝ၊ တင်းတင်းရွတ်အပ်သော အက္ခရာဝုဏ်း။ ဒီဃံ၊ ရှည်ရှည်ရွတ်အပ်သော

www.dhammaransi.com



အက္ခရာငင်း။ ရဿံ၊ တိုတိုရွတ်အပ်သော အက္ခရာငင်း။ ဂရုံ၊ လေးလေး ရွတ်အပ်သော အက္ခရာငင်း။ လဟုံ၊ ပေါ့ပေါ့ရွတ်အပ်သော အက္ခရာ ငင်း။ နိဂ္ဂဟီတံ၊ ခံတွင်းကိုပိတ်၍ ရွတ်အပ်သော ဗိန္ဒုအက္ခရာငင်း။ ဝိမုတ္တဥ္စ၊ ခံတွင်းကို မပိတ်မူ၍ ရွတ်အပ်သော အက္ခရာငင်း။ သမ္ဗန္ဓဥ္စ၊ သန္ဓိစပ်၍ ရွတ်အပ်သော အက္ခရာငင်း။ ဝဝတ္ထိတံ၊ သန္ဓိမစပ်ပုဒ်ဖြတ်၍ ရွတ်အပ်သော အက္ခရာငင်း။ ။သဒ္ဒါ ၁၀-ပါးဆောင်ပုဒ်၊ဗျဥ္စနဗုဒ္ဓိ ၁၀-ပါးလည်းခေါ်၏။

၄၀၉။ လျော့,တင်း,ရှည်,တို၊ လေး,ပေါ့ကို၊ မိတ်သို,လွှတ်,စပ်, ဖြတ်။

၄၁၀။ ပ,တ,သိထိ၊ ဝဂ်တွင်ရှိ၊ ဓနိ,ဒု,စမှတ်။

**သိထိလ။** ။ဝဂ် ၂၅-လုံးတွင်ရှိသော ပထမက္ခရာ ၅-လုံး,တတိယက္ခ ရာ ၅-လုံးသည် သိထိလမည်၏၊ က,ဂ,စ,ဇ,ဋ,ဍ,တ,ဒ,ပ,ဗ-၅ ၁၀- လုံးကို ဆိုသတည်း။

**ဓနိတ။** ။ဒုတိယက္ခရာ ၅-လုံး, စတုတ္ထက္ခရာ ၅-လုံးသည် ဓနိတ မည်၏။ ခ,ဃ,ဆ,ဈ,ဌ,ဎ,ထ,ဓ,ဖ,ဘ- ၅ ၁၀ လုံးကိုဆိုသတည်း။

၄၁၁။ ငါးလုံးဒီဃ၊ သုံးရဿ၊ ဂ,လနှစ်မည်ထပ်။

**ဒီဃ-ဂရု။** ။အာ,ဤ,ဦ,ေ,ဩ- ၅ ၅-လုံးသည်ဒီဃလည်းမည်၏၊ ဂရုလည်းမည်၏။

**ရဿ-လဟု။** ။အ,ဣ,ဥ-၅၃-လုံးသည် ရဿလည်းမည်၏၊ လဟု လည်းမည်၏၊ဂ,လ ဆိုသည်ကား- ဂရု,လဟု ဆိုလိုသည်။

**မှတ်ချက်။** ။၅အရာ၌ ဒီဃသရနှင့် ယှဥ်သော ဗျည်းတို့သည်လည်း ဒီဃပင်မည်ကုန်၏။ရဿသရနှင့်ယှဥ်သော ဗျည်းတို့သည်လည်း ရဿ ပင်မည်ကုန်၏။

၄၁၂။ သံယုဂ်,နိဂ္ဂဟိတ၊ နှောင်းပြန်က၊ ရဿ-ဂရုမှတ်။

**အဓိပ္ပါယ်။** ။ရဿပင် ဖြစ်သော်လည်း နောက်၌သံယုဂ် ရှိခဲ့သော် ငင်း, နိဂ္ဂဟိတ်ရှိခဲ့သော်ငင်း ဂရုမည်ပြန်၏။

[အတ္ထ,ဓမ္မ,ဇုဋ္ဌ,ယိဋ္ဌ,ဥဒ္ဓ,မုဒ္ဓ,သံဃ-စသည်တည်း။]

www.dhammaransi.com



### ၄၁၃။ ဗိန္ဒုနိဂ္ဂဟိတ်၊ ခံတွင်းပိတ်၊ မပိတ်ဝိမုတ်မှတ်။

**နိဂ္ဂဟိတ်။** ။ခံတွင်းကိုပိတ်၍ ရွတ်အပ်သော ဗိန္ဒုတခုသည် နိဂ္ဂဟိတ်မည်၏။

**ဝိမုတ္တ။** ။ခံတွင်းကိုမပိတ်မူ၍ ရွတ်အပ်သော အက္ခရာစုသည် ဝိမုတ္တမည်၏။

က။ နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟိတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ။

ခ။ ဝိမုတ္တ န္တိ ယံကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ ဝိဝဋေန မုခေန သာနုနာသိကံ အကတွာ ဝုစ္စတိ။ ။[အဋ္ဌကထာပါဠိ။]

### ၄၁၄။ သမ္ဗန္ဓသန္ဓိ၊ ပုဒ်ဖြတ်ဘိ၊ ဝဝတ္ထိတမှတ်။

**သမ္ဗန္ဓ-ဝဝတ္ထိတ။** ။ယဿာယသ္မတောခမတိ၊ယဿ အာယသ္မတော ခမတိ။ ၂-ချက်သင့်။

### ၄၁၅။ သိ,ဓ, နိဂ်-ဝိ၊ ပြန်လှန်ဘိ၊ ပျက်၏ဥတ်ကမ္မဝါ။

**အဓိပ္ပါယ်။** ။သိထိလ,ဓနိတ-တစုံ၊ နိဂ္ဂဟိတ-ဝိမုတ္တ-တစုံ၊၍သဒ္ဒါ အစုံ၂-ခုသည် ပြန်၍ ရွတ်ဆိုခဲ့သော် ဥတ္တိဝိပတ္တိ, ကမ္မဝါစာဝိပတ္တိ ဖြစ်၏။

### ၄၁၆။ ဒီ-ရဿ, ဂ-လ၊ ဝဝတ်-သံ၊ ကံကိုမဖျက်ရာ။

**အဓိပ္ပါယ်။** ။ဒီဃ,ရဿ-တစုံ၊ ဂရု,လဟု-တစုံ၊ သမ္ဗန္ဓ,ဝဝတ္ထိတ-တစုံ၊၍၃-စုံတို့သည်ပြန်လှန်၍ ရွတ်ဆိုမိသော်လည်း ကံကိုမဖျက်တတ်ကုန်။

ဝိမတိဋီကာ၌မူကား– သိထိလချင်း ဖြစ်သော်လည်း ဝဂ်တပါး၌ သိထိလအရာကို ဝဂ်တပါး၌ သိထိလပြု၍ ရွတ်ဆိုမိခဲ့သော် ကံပျက်၏-ဟု ဆို၏။

**မှတ်ချက်။** ။သုဏာတု-၌ဏာ-သည် မုဒ္ဓဇဏာ-ကြီး၏အရာသာဖြစ်၏၊ဒန္တဇ န-ငယ်၏ အရာမဟုတ်၊ဏာကြီးဖြစ်အောင် လျှာကိုပြုပြင်မှု၌ မလိမ်မာသောသူအား ဏာကြီးကို ရွတ်ဆိုမည်-ဟု ကမ္မဝါစာကို ကြောင်ကြောင်ကြည့်၍ ရွတ်ဆိုသော်လည်း နှုတ်,လျှာမှာ နငယ်သာ ဖြစ်နေ

www.dhammaransi.com



တတ်၏၊ဤသို့ဌာန်,ကရိုဏ်း အစီအရင်တို့၌ မလိမ်မာသည့်အတွက် ပျက်ကွက်မှားယွင်းမှုတို့ကိုရည်၍ ငိုကာရှင်ဆိုပေသည်။

ဥတ်,ကမ္မဝါ ဘတ်ရွတ်သောသူသည် ဌာန်, ကရိုဏ်း, ပယတ်တို့၌ ၎င်း၊ သဒ္ဒါ ၁၀-ပါးတို့၌၎င်း-ကောင်းစွာလိမ်မာရာ၏၊ လိမ်မာသောသူမှသာလျှင် ဘတ်ရွတ်ခြင်းငှာထိုက်၏၊ထို့ကြောင့် မဟုတ်လော-ဥတ်, ကမ္မဝါစာတို့နှင့် စပ်လျဉ်းရာတို့၌ "ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော"ဟူ၍ဗျတ္တ-ပဋိဗလကိုအထူးထုတ်ဘော်၍ ဟောတော်မူပေသတည်း။

ထိုအစီအရင်တို့ကို သိတတ်ရုံမျှနှင့်လည်း မဖြစ်သေး၊ သိမ်အပြင်၌ ကမ္မဝါ ဘတ်ခွင်သို့ မဝင်မီရှေးအဘို့ကပင် ထိုထိုအက္ခရာတို့၌ ဌာန်,ကရိုဏ်းကျနှုတ်,လျှာကျိုးပြီးသောသူမှသာ ကမ္မဝါဘတ်ခွင်သို့ ဝင်သင့်သည်၊ စိတ်ကပင် သိသော်လည်း နှုတ်,လျှာ မကျိုးဘူးချေက သံဃာအလယ်၌ ဘတ်သောအခါ နှုတ်, လျှာ အချော်အချွတ်များ၍ နေတတ်လှ၏၊ထို့ကြောင့် ရဟန်းပြုပြီးသောအခါမှစ၍ ကမ္မဝါဘတ် သင်ကြားမှုများကို အထူးကြောင့်ကြ စိုက်ကြကုန်ရာ၏။

ငါတို့မုံရွာမြို့ လယ်တီတိုက်တွင်း၌ရှိသောရဟန်းငယ်တို့သည် သီတင်းနေ့တို့၌ ကမ္မဝါဘတ် တတ်မြောက် လိမ်မာပြီးသော မထေရ်ကြီးတို့ကျောင်း၌ စည်းဝေး၍ ကမ္မဝါဘတ် သင်ကြားမှုကို အမြဲပြုကြရကုန်၏၊ သတိရှိကြစေကုန်။ ။သာဝနံဟာပေတိ-အရကို ပြဆိုချက်ပြီး၏။

၁၁-ပါးသော ဝိပတ္တိသိမ်တို့မှ ကင်းလွတ်၍ နိမိတ္တသမ္ပတ္တိ, ပရိသာသမ္ပတ္တိ,ကမ္မဝါစာ သမ္ပတ္တိ-ဟူသော ၃-ပါးသော သမ္ပတ္တိအင်္ဂါနှင့် ပြည့်စုံသောသိမ်၌ ဆောင်ရွက်သော ထိုကံသည် သီမာသမ္ပတ္တိနှင့်ပြည့်စုံသော ကံမည်၏၊ သိမ်အကြောင်းအရာကိုမူကား—နောက်မှအသီးအခြားဆိုလတ္တံ့။

၄၁၇။ ကမ္မပတ္တ၊ မလာကြ၊ ဆန္ဒမဆောင်ဘိ၊

၄၁၈။ မျက်မှောက်မြစ်တား၊ ဤသုံးပါး၊ ပျက်ငြားဝိပတ္တိ။

ဝိပတ္တိ ၃-ပါး။ ၁။ ကမ္မပတ္တသံဃာ- သိမ် အပြင်သို့ မလာမရောက်ခြင်း,

www.dhammaransi.com



၂။ ဆန္ဒလိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း,
၃။ သိမ်သို့ရောက်၍ မျက်မှောက်၌ ရှိကုန်သောသူတို့၏ တားမြစ်ခြင်း။ ။ပရိသတ်မှ ဖြစ်သောဝိပတ္တိ ၃-ပါး။

၄၁၉။ နာနာသံဝါသက၊ နှစ်မျိုးပြ၊ ကမ္မ, လဒ္ဓိဒွိ။

နာနာသံဝါသက ၂-မျိုး။ ၁။ ကမ္မနာနာ သံဝါသက ပုဂ္ဂိုလ် တမျိုး,
၂။ လဒ္ဓိနာနာ သံဝါသက ပုဂ္ဂိုလ် တမျိုး,

၄၂၀။ ဥက္ခိတ်-ကမ္မ၊ နုဝတ္တ၊ လဒ္ဓနာနာသိ။

အဓိပ္ပါယ်။ ။ဥက္ခိတ္တကပုဂ္ဂိုလ် ၃-ယောက်သည် ကမ္မနာနာ သံဝါသက ပုဂ္ဂိုလ်မည်၏။

ဥက္ခိတ္တာနုဝတ္တက ပုဂ္ဂိုလ် ၃-ယောက်သည် လဒ္ဓိနာနာ သံဝါသက ပုဂ္ဂိုလ်မည်၏။

၄၂၁။ မရှု, မကု၊ မစွန့်မှု၊ သုံးခုဥက္ခိတ်ရှိ။

၄၂၂။ အယူကြိုက်ကာ၊ အစဉ်ပါ၊ သုံးဖြာနုဝတ္တိ။

အဓိပ္ပါယ်။ ။''ပဿသိ အာဝုသော တံ အာပတ္တိံ''ဟုဆိုသည်ရှိသော် ''အာမ ဘန္တေ ပဿာမိ'' ဟု ဝန်မခံလိုသော ရဟန်းသည် အာပတ်ကို မရှုသောရဟန်းမည်၏။

သင့်ပြီးသော အာပတ်ကို ထင်စွာမပြု ဒေသနာမကြား နေ့လွန်ပြေးအောင် ဖုံးဖွက်၍ထားသော ရဟန်းသည် အာပတ်ကို မကုစားသော ရဟန်းမည်၏။

အရိဋ္ဌ ရဟန်းတို့ကဲ့သို့ ပါပဒိဋ္ဌိကိုယူ၍ ၃-ကြိမ်တိုင်တိုင် ဉတ်,ကမ္မဝါစာတို့ဖြင့် ဆုံးမပါသျက်မစွန့်သောရဟန်းသည် ဒိဋ္ဌိကိုမစွန့်သောရဟန်းမည်၏၊ ထိုအကြောင်းတို့ကြောင့် ဥက္ခေပနိယကံ အပြုခံရသော ရဟန်း ၃-ပါးတို့သည် ဥက္ခိတ္တကရဟန်းမည်ကုန်၏၊ ထိုရဟန်းတို့ကို ကမ္မနာနာ သံဝါသက ရဟန်းတို့-ဟူ၍ ခေါ်ကြကုန်၏။

www.dhammaransi.com



ထိုရဟန်းတို့၏ အလိုအယူကို ကြိုက်၍ အသင်းအပင်း ပြုလုပ်ကြကုန်သော ရဟန်းတို့သည် ဥက္ခိတ္တာနုဝတ္တက မည်ကုန်၏၊ လဒ္ဓိနာနာသံဝါသက-ဟူ၍လည်း ခေါ်၏။

၄၂၃။ နာနာသံဝါသက၊ အန္တိမ၊ အပကတတ္တသိ။

၄၂၄။ ထိုမှကြွင်းလတ်၊ ပကတတ်၊ အမြတ်သီလရှိ။

အဓိပ္ပါယ်။ ။ပြဆိုခဲ့ပြီးသော နာနာသံဝါသကရဟန်းမျိုး,အန္တိမဝတ္ထုသို့ ရောက်ပြီးသော ရဟန်းတို့သည် အပကတတ် ရဟန်းတို့မည်ကုန်၏၊ ထိုမှကြွင်းသော ရဟန်းတို့သည် ဤဥပသမ္ပဒကံ၌ ပကတတ်ရဟန်းတို့မည်ကုန်၏၊ ပကတိသီလရှိသော ရဟန်းဆိုလိုသည်။

၄၂၅။ ငါးပါးပကတတ်၊ ဂိုဏ်းပြည်လတ်၊ ကမ္မပတ္တသိ။ ။[သိသာပြီ။]

၄၂၆။ ဂိုဏ်းမပြည့်လာ၊ ဝိပတ်သာ၊ ဖြည့်လာသမ္ပတ္တိ။

အဓိပ္ပါယ်။ ။တခုသော သိမ်တွင် ၂-တောင့်ထွာ ဟတ္ထပါသ်တွင်း၌ ပဉ္စဝဂ္ဂဂိုဏ်း ပြည့်မလာလျှင် ဝိပတ္တိဖြစ်၏၊ ဂိုဏ်းပြည့်လာလျှင် သမ္ပတ္တိဖြစ်၏။

၄၂၇။ ထိုမှကြွင်းတွေ့၊ သိမ်တွင်းနေ၊ ထိုက်လေဆန္ဒသာ။

၄၂၈။ ဆန္ဒမလာ၊ ဝိပတ်သာ၊ လာလျှင်သမ္ပတ်ငြား။

အဓိပ္ပါယ်။ ။ပကတတ် ၅-ပါးတို့မှ တပါး ထိုသိမ်တွင်း၌ ကြွင်းကျန်သမျှသော ရဟန်းတို့သည် ထိုကံ၌ ဆန္ဒပေးထိုက်သော ပုဂ္ဂိုလ်တို့မည်ကုန်၏၊ ထိုပုဂ္ဂိုလ်တို့၏ ဆန္ဒသည် ကံပြုသံဃာတို့၏ အထံသို့ မရောက်လာသည် ဖြစ်အံ့၊ထိုကံသည် ဝဂ္ဂကံဖြစ်၍ ဝိပတ္တိဖြစ်၏၊ ရောက်လာသည်ဖြစ်အံ့၊ သမ္ပတ္တိဖြစ်၏၊ ဆန္ဒပေးနည်း, ဆန္ဒဆောင်နည်း, ဆန္ဒကြားနည်းတို့ကို ဥပုသ်အခန်း၌ ဆိုလတ္တံ့။

၄၂၉။ မျက်မှောက်တားမြစ်၊ ဝိပတ်ဖြစ်၊ မမြစ်သမ္ပတ်ငြား။

အဓိပ္ပါယ်။ ။သုဏာတုမေ-အစရှိသည်ဖြင့် ဘတ်မှု, ရွတ်မှု ကံပြုဆဲအခါ၌ ထိုပရိသတ်၌ အကျုံးဝင်သော သံဃာတပါးပါးက ထိုထိုကံကို တားမြစ်ခဲ့ပြန်သော် ဝိပတ္တိဖြစ်၏၊ တားမြစ်သူမရှိဘဲ ချောမောစွာ ပြီးစီး၍သွားလျှင် သမ္ပတ္တိဖြစ်၏။

www.dhammaransi.com



တားမြစ်ဆိုသည်ကား—
၁။ ဤကံကို မပြုကြပါနှင့်-ဟူ၍၎င်း,
၂။ ပြု၍မတော်-ဟူ၍၎င်း,
၃။ ပြုသည်ကို ငါတို့မကြိုက်,ငါတို့သဘောမတူ,ငါတို့သဘောမကျ-ဟူ၍၎င်း,
၄။ ကမ္မဝါ ဘတ်ပုံကို ငါတို့သဘောမကျ-ဟူ၍၎င်း—

ဤသို့ အစရှိသည်ဖြင့် တားမြစ်ကြငြားအံ့၊ ကွဲရှဲပြစ်တင်စကားပြောဆိုငြားအံ့၊ အများကြားအောင်ပင် မပြောသော်လည်း မိမိအနီး၌ ရှိသောသူ အချင်းချင်းအား တိုးတိုးစကား ပြောဆိုငြားအံ့၊ ကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ၊ မကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ၊ ထိုကံပျက်၏။

ကံပျက်၏ဆိုသည်ကား-တားမြစ်မှုနှင့် တိုက်ဆိုင်မိသော ဉတ်,ကမ္မဝါစာ အကြိမ်ပျက်၏၊ဆုံးအောင်ဘတ်၍သွားသော်လည်း ကံမမြောက်ပြီ၊ ထိုတွင်ရပ်တန့်၍ တားမြစ်သူနှင့် ပြောဆိုပြီးငြိမ်းမှ "သုဏာတုမေ" ကပြန်၍ ဘတ်ရပြန်၏။

၂-ပါး,၃-ပါးပြိုင်၍ ဘတ်ကြရာ၌ တပါးပါးက နောက်ကျ၍ နေခဲ့သော်၎င်း၊စာပျောက်၍ နေခဲ့သော်၎င်း၊ ရပ်ပါဦး,ဆိုင်းပါဦး-ဟု ဆိုကြသည်များကိုတားမြစ်ရာရောက်သည်-ဟုငါတို့ကျေးဇူးရှင်စံကျောင်းဆရာတော်ဘုရားကြီးအယူရှိတော်မူ၏၊ သတိပြုပါကုန်။ ။ပရိသတ်အတွက်နှင့် ကံပျက်မှုပြီး၏။

ဤသို့လျှင် ပြဆိုခဲ့ပြီးသော အလုံးစုံသော ဝိပတ္တိတို့ကို ကင်းလွတ်စေ၍,အလုံးစုံသော သမ္ပတ္တိတို့ကို ပြည့်စုံစေ၍ ပြုလုပ်အပ်သော ဥပသမ္ပဒကံသည်—

၁။ ဝတ္ထုသမ္ပတ္တိအင်္ဂါ,
၂။ ဉတ္တိသမ္ပတ္တိအင်္ဂါ,
၃။ အနုဿာဝနသမ္ပတ္တိအင်္ဂါ,
၄။ သီမာသမ္ပတ္တိအင်္ဂါ,
၅။ ပရိသာသမ္ပတ္တိအင်္ဂါ။

www.dhammaransi.com



ဤအင်္ဂါ ၅-ပါးတို့နှင့် ပြည့်စုံသည်ဖြစ်၍ ကံမြောက်၏၊ ရဟန်းကောင်း စင်စစ်ဖြစ်၏၊ ပဥ္စအင်္ဂါနှင့် ပြည့်စုံစွာ ဖြစ်ပေသောကြောင့် ပဥ္စင်း-ဟူသော စကားအနက်ပြည့်စုံ၏။

စတုတ္ထကမ္မဝါတွင်''သော ဘာသေယျ''၌ ယျ-အက္ခရာကို ရွတ်ဆို၍ ပြီးဆုံးသည်နှင့်တပြိုင်နက် မြတ်စွာဘုရား၏ အမွေခံ သားတော်အဖြစ်သို့ ရောက်လေ၏။

**မှတ်ချက်။** ။ဒဠှီကမ္မဖြစ်စေခြင်းငှါ ၁၀-ဝါမရမီအတွင်း၌ ဆရာကောင်း အမျိုးမျိုးတို့နှင့် အကြိမ်ကြိမ် အခါခါ ရဟန်းထပ်ခြင်းသည် အလွန်ကောင်းမြတ်သော အမှုဖြစ်ပေ၏၊ ငါတို့ တပည့်တပန်းများမှာ ၃-ကြိမ်အောက် မနည်းစေရ၊ ရဟန်းထပ်ရိုးပြု၍ ထား၏။

ရဟန်းခံခန်း အမြွက်ပြီး၏။

---

## နိဿယမုတ္တကအင်္ဂါ

**၄၃၀။** ။**ငါးဝါတွင်းဝယ်၊ ဥပဇ္ဈာယ်၊ မှီတွယ်မကင်းရာ။**

**အဓိပ္ပါယ်။** ။ရဟန်းဖြစ်ပြီးသည်မှ ၅-နှစ်အတွင်း၌ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာ ၂-ပါးတို့တွင် ၁-ပါးပါးကို မှီတွယ်၍သာနေရသည်၊ မိမိဥပဇ္ဈာယ်ဆရာနေသော တိုက်တာမှ တပါးသော တိုက်တာ၌ နေသောအခါ နိဿယည်းဆရာ အင်္ဂါမြောက်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်ထံမှာ နိဿယည်းယူ၍ နေရသည်။

''အာစရိယော မေ ဘန္တေ ဟောဟိ အာယသ္မတော နိဿာယ ဝစ္ဆာမိ''။ ။[နိဿယည်းယူပုံ။]

''ပတိရူပံ''ဟူ၍သော်၎င်း,

''ပါသာဒိကေန သမ္ပာဒေဟိ'' ဟူ၍သော်၎င်း–ဝိနည်းဓိုရ်ဆရာ ဆိုလိမ့်မည်။

''အာမ ဘန္တေ''ဆိုလေ။

www.dhammaransi.com



၄၃၁။ ။မဲ့,ပြောင်း,ထွက်,သေ၊နှင်ထုတ်ချေ၊ငြိမ်းလေနိဿယည်း။

နိဿယငြိမ်းပုံ။ ၁။ ဥပဇ္ဈာယ်ဆရာ အရပ်တပါးသို့ အပြီးဖဲသွားခဲ့သော်ငြင်း,
၂။ တိတ္ထိဘောင်သို့ ပြောင်းသွားခဲ့သော်ငြင်း,
၃။ လူထွက်ခဲ့သော်ငြင်း,
၄။ သေဆုံးခဲ့သော်ငြင်း,
၅။ တပည့်ဖြစ်သူရဟန်းငယ်ကိုဥပဇ္ဈာယ်ဆရာက နှင်ထုတ်ခဲ့သော်ငြင်း-ဥပဇ္ဈာယ်နှင့် စပ်သော အမှိုပျက်၏။

နိဿယည်းယူ၍ နေရာမှာလည်း နိဿယည်းဆရာဖဲသွားခြင်းစသည် ၅-ပါးတွင် မိမိဥပဇ္ဈာယ်ဆရာရင်းနှင့် တွေ့ဆုံမှုကိုထည့်၍ အမှိုပျက် အင်္ဂါ ၆-ပါးရှိ၏။

၄၃၂။ ။ငါးဝါ ပြည့်မြောက်၊ ပါတိမောက်နှုတ်၊ ဥပုသ်, ပဝါရဏာ၊ ကမ္မာ ကမ္မ၊ ကျေလည်က၊ လွတ်ထ နိဿယည်း။

နိဿယမုတ္တက အင်္ဂါ။ ၁။ ရဟန်း ဖြစ်သည်မှ ၅-ဝါ ရသည်လည်း ဖြစ်စေ,
၂။ ပါတိမောက် ၂-စောင်ကို နှုတ်တက်ရွရွ ရဘူးသည်လည်းဖြစ်စေ,
၃။ ဥပုသ်ပဝါရဏာမှု, ပရိဝါသ် မာနတ်စသော အချို့သော ကံကြီး,ကံငယ်မှုတို့၌ ကျေလည်ပွန်းတီး ရှိသည်လည်း ဖြစ်စေ၊ ဤအင်္ဂါစုနှင့် ပြည့်စုံလျှင် နိဿယည်း လွတ်၏၊ နိဿယမုတ္တက ပုဂ္ဂိုလ်ဖြစ်၏၊ ဥပဇ္ဈာယ်ဆရာ, နိဿယည်း ဆရာကို လွှတ်၍ နေလိုရာ၌ ပေါက်လွှတ်နေရပြီ။

**မှတ်ချက်။** ။အဋ္ဌကထာတို့၌ သုတ္တန်မှ ၄-ဘာဏဝါရမျှ အရ ဆောင်ရမည်၊ အန္တကဝိန္ဒသုတ်, အမ္ဗဋ္ဌသုတ်, မဟာရာဟုလော ဝါဒ သုတ်-အစရှိသည်တို့နှင့် တူမျှသော တခုခုသော ဓမ္မကထာအစဉ်ကို ပြောဟောတတ်စေရမည်။

www.dhammaransi.com



၁။ မင်္ဂလာတရား,
၂။ ဆွဲမ်းသက်န်းအလှူ အနုမောဒနာတရား,
၃။ အသုဘတရား-ဟူ၍ တရား ၃-ပုဒ်ကို ရစေရမည်။

အရဟတ္တဖိုလ်သို့ ရောက်အောင် လမ်းပေါက်သော တခုသော သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်း-အစီအရင်ကို တတ်စေရမည်-ဟူ၍ ဆိုသေး၏၊ အလျော်အားဖြင့် ဆိုသည်-ဟုမှတ်၊ ရှေးအင်္ဂါစုသာ လိုရင်းတည်း။

ဒွေမာတိကာကို နှုတ်တက်ရွရွ ရစေရမည်-ဟူသော စကားမှာလည်း ယခုအခါ၌ ဘိက္ခုနီမတို့မရှိကြကုန်ပြီဖြစ်၍ ဘိက္ခုနီပါတိမောက်ကို အရမလိုပြီ၊ ဘိက္ခုပါတိမောက် တစောင်ရလျှင်ပင် သင့်လျော်ပြီဆိုကြ၏။

ပရိသုပဋ္ဌာပက အင်္ဂါ၌ ဥဘတောဝိဘင်းကို ရစေရမည်-ဟု ပါရှိသည်ကို ဋီကာကြီးတို့၌ "အတ္ထဝသေနပိ ယောဇေသုံ"-ဟု ပါဠိကိုပင် မရသော်လည်း စာကိုကြည့်ရှု၍ အနက်အဓိပ္ပါယ် ထင်မြင်နိုင်လျှင်ပင် သင့်လျော်ပြီ-ဟူသော ရှေးဆရာများအယူကို ပြဆိုသည်နှင့်အညီ ဤနိဿယမုတ္တက အင်္ဂါမှာလည်း ဒွေမာတိကာ ပါဠိကိုပင် မရသော်လည်း စာကိုလက်ကိုင်လက်စွဲပြု၍ ကြည့်ရှုဆင်ခြင်သောအခါ အနက်အဓိပ္ပါယ်ကို အစုံအလင် သိမြင်မှတ်မိခဲ့လျှင်ပင် သင့်လျော်ပြီ-ဟူ၍လည်း ဆိုကြ၏။

ပါဠိတော်၌—

ဥဘယာနိ ခေါပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ။

ဟူ၍ ဥဘတော ဝိဘင်းကို အလွန်ကျေပွန်စွာ ရစေရမည်-ဟု လာရှိလျက်"အသက္ကောန္တေနပိ တိဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ"-ဟူ၍ ဥဘတောဝိဘင်းကို တပါးချင်းနှင့် ချောမောစွာမရနိုင်ရှိခဲ့ပါလျှင် ၃-ပါးတွဲ၍ပြန်သော် ချောမောနိုင်လောက်အောင် ရစေရမည်-ဟု ကာလသို့လိုက်၍အဋ္ဌကထာဆရာတို့လျော့ပေါ့၍ ပြခန်းကြ

www.dhammaransi.com



သောအချက်များနှင့် အနက်အဓိပ္ပါယ်ထင်မြင်နိုင်လျှင်ပင်သင့်လျော်ပြီ- ဟု ယခုကာလနှင့်တိုင်းတာ၍ ယူကြသော အရာသည်သင့်လျော်သကဲ့သို့ ရှိ၏။

နိဿယမုတ္တကအင်္ဂါပြီး၏။

## ဥပဇ္ဈာယ်,နိဿယည်းအမြွက်

၄၃၃။ ဆယ်ဝါရလျှင်း၊ ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်ဖွာ၊ ကမ္မာကမ္မသိ။
၄၃၄။ ဝတ်ခန္ဓက၊ ကျေပွန်လှ၊ မြောက်ထဥပဇ္ဈီ။
၄၃၅။ နိဿယည်းဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါထူးမရှိ။

ဥပဇ္ဈာယ်အင်္ဂါ။ ၁။ ရဟန်းဖြစ်သည်မှစ၍ ၁၀-ဝါ ရပြီးသည်လည်းဖြစ်စေ,
၂။ ဘိက္ခုဝိဘင်း,ဘိက္ခုနီဝိဘင်း-ဟူသော ဥဘတော ဝိဘင်းကို နှုတ်တက်ရွရွ ရဘူးသည်လည်း ဖြစ်စေ,
၃။ စူဠဝါ ကမ္မခန္ဓက,ပရိဝါကမ္မဝဂ်တို့၌ လာသော ကံကြီး, ကံငယ်တို့၌ ကျေလည်တတ်သိရှိသည်လည်းဖြစ်စေ,
၄။ ဥပဇ္ဈာယ်ဝတ်, သဒ္ဓိဝိဟာရိကဝတ် အစရှိသော ခန္ဓကဝတ်တို့၌ တတ်သိလိမ်မာ ရှိသည်လည်းဖြစ်စေ၊ ဤအင်္ဂါစုနှင့် ပြည့်စုံလျှင် ဥပဇ္ဈာယ်ဆရာမြောက်၏၊ ဥပဇ္ဈာယ်ပေးထိုက်၏၊ နိဿယည်းပေးထိုက်၏။ ။ နိဿယည်းဆရာ,ဥပဇ္ဈာယ်ဆရာ အင်္ဂါအထူးမရှိကြ။

၄၃၆။ ဝိနယဓရ၊ ပါမောက္ခ၊ ဂဏာဓိပတိ။

ဝိနယဓရ။ ။ထိုအင်္ဂါစုပြည့်စုံပေလျှင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်မြောက်၏၊ ဝိနည်းအရာ၌ ဒိသာပါမောက္ခကြီးဖြစ်၏၊ ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ် လုပ်ထိုက်၏၊ ဂဏာဓိပတိ,ဂဏာစရိယ,ဂဏပါမောက္ခလုပ်ထိုက်၏။

www.dhammaransi.com



၄၃၇။ ရှင်ပြုတတန်၊ ရဟန်းခံနှင့်၊ ကံငယ်, ကံကြီး၊ ဝိနည်းအရာ၊ အမြာမြာ၊ သူသာစိုးရဘိ။

**အဓိပ္ပါယ်။** ။ရှင်ပြုခဏ်း၌ ပြဆိုခဲ့ပြီးသော ဆံရိတ်ခြင်း,သင်္ကန်းပေးခြင်း, သရဏဂုံပေးခြင်း-ဟူသော ရှင်ပြုမှု, ရဟန်းခံရာ သိမ်အပြင်၌ ဥပဇ္ဈာယ်ဆရာပြုလုပ်မှု, ဥပုသ်ပဝါရဏာ အစရှိသော ကံကြီး, ကံငယ်ဆောင်ရွက်မှု, ဝိနည်းနှင့်စပ်သောအဓိကရုဏ်း ဆုံးဖြတ်စီရင်မှု တို့၌ ဤသူသည်သာ အစိုးရ၏။

၄၃၈။ ရှင်, ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏။

**အဓိပ္ပါယ်။** ။ဥပဇ္ဈာယ်ပေး၍ နိဿယည်းပေး၍ ရှင်သာမဏေမွေးထိုက်၏၊ ရဟန်း ပဉ္စင်းမွေးထိုက်၏၊ ရဟန်းသာမဏေတို့၏ အခြံအရံမှု, ဝတ်ကြီး,ဝတ်ငယ် ပြုစုမှုကို ခံထိုက်၏။

ဤ၌လည်း ဥဘတော ဝိဘင်းကို ရစေရမည်-ဟူသော ဒုတိယအင်္ဂါ၌ ဘိက္ခုနီဝိဘင်းကို အရမလိုလှပြီ၊ ကြည့်ရှုချပို့မှုပင် ပြီးသင့်ပြီ၊ ဘိက္ခုဝိဘင်းသည်သာ ယခုအခါ လိုရင်းဖြစ်တော့သည်၊ ဘိက္ခုဝိဘင်းကို တယောက်အားနှင့် ချောမောစွာရအောင် မတတ်နိုင်ခဲ့လျှင် ၃-ယောက်စပ် ချောမောလျှင်သင့်လျော်ပြီ-ဟုဆိုကြ၏။

ဝိဘင်း ၂-စောင်ကို ပါဠိအာဂုမ် မရသော်လည်း အနက်ထင်၍ အဓိပ္ပါယ်သိလျှင် ပြီး၏-ဟု ဋီကာကြီးများနည်းအတိုင်းလည်းယူကြ၏။

ဥပဇ္ဈာယ်အင်္ဂါ, နိဿယည်းအင်္ဂါတို့နှင့်ပင် မပြည့်စုံငြားသော်လည်း နိဿယနံစောင်နှင့်ကြည့်ရှု၍ စာပေကျမ်းဂန် ချပို့နိုင်လျှင်ပင် ဓမ္မာစရိယအနေနှင့် ရဟန်းသာမဏေ မွေးရ၏၊ ဝတ်ကြီး, ဝတ်ငယ် အပြုအစု ခံရ၏။

သာမဏေတို့ကို ရဟန်းခံမည်ရှိသော အခါ၌မူကား ဥပဇ္ဈာယ်အင်္ဂါ,နိဿယည်းအင်္ဂါနှင့် ပြည့်စုံသော ဆရာထံအပ်နှံ၍ ပြုရာ၏၊ ကမ္မဝါစာကို ဌာန်,ကရိုဏ်းမှန်စွာနှင့်နေရာကျ ဘတ်တတ်သော ဆရာကိုရှာကြံ ပင့်ဆောင်ရာ၏၊ ကုသိုလ်ပါရမီ အစအနကောင်းသော ရဟန်းလောင်းများ ဖြစ်ခဲ့လျှင် တော်ကာလျော်ကာ ဥပဇ္ဈာယ်,တော်

www.dhammaransi.com



ကာလျော်ကာ ကမ္မဝါဆရာနှင့် မပြီးသင့်၊ မလွဲသာ၍ ပြီးခဲ့ရလျှင် ဆရာကောင်းများထံမှာ အမြန်ထပ်ရမည်။

ဥပဇ္ဈာယ်,နိဿယည်းအမြွက်ပြီး၏။

---

## သိမ်ခဏ်းအမြွက်

သိမ်ပျက် ၁၁-လုံး။ ၁။ အတိခုဒ္ဒကာ,
၂။ အတိမဟတီ,
၃။ ခဏ္ဍနိမိတ္တာ,
၄။ ဆာယာနိမိတ္တာ,
၅။ အနိမိတ္တာ,
၆။ ဗဟိသီမေဌိတသမ္မတာ,
၇။ နဒိယံသမ္မတာ,
၈။ သမုဒ္ဒေသမ္မတာ,
၉။ ဇာတဿရေသမ္မတာ,
၁၀။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ,
၁၁။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ။ ။ဝိပတ္တိ သိမ်ပျက် ၁၁-ပါး ဆောင်ပုဒ်။

၁။ အတိခုဒ္ဒကာ၊ ၂၁-ကျိပ် ၁-ယောက် မထိုင်လောက်ဘွယ် အလွန်ငယ်သောသိမ်ပျက်။
၂။ အတိမဟတီ၊ ၃-ယူဇနာထက် ကျယ်ပြီး အလွန်ကြီးသော သိမ်ပျက်။
၃။ ခဏ္ဍနိမိတ္တာ၊ နိမိတ်ကျိုးပြတ်သောသိမ်ပျက်။
၄။ ဆာယာနိမိတ္တာ၊ တောရိပ်,တောင်ရိပ်, သစ်ပင်ရိပ်ကိုနိမိတ်ပြု လုပ်သော သိမ်ပျက်။
၅။ အနိမိတ္တာ၊ နိမိတ်လုံးလုံးမရှိဘဲ သမုတ်သော သိမ်ပျက်။
၆။ ဗဟိသီမေဌိတသမ္မတာ၊ သိမ်ပဉ္စတည်၍ သမုတ်သော သိမ်ပျက်။

www.dhammaransi.com



၇။ နဒိယံသမ္မတာ၊ မြစ်ပြင်၌ သမုတ်သော သိမ်ပျက်။
၈။ သမုဒ္ဒေသမ္မတာ၊ သမုဒ္ဒရာအပြင်၌ သမုတ်သော သိမ်ပျက်။
၉။ ဇာတဿရေသမ္မတာ၊ ဇာတဿရအိုင်အပြင်၌ သမုတ်သော သိမ်ပျက်။
၁၀။ သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ၊ သိမ်ဟောင်းနှင့် စပ်နဘောထပ်၍ သမုတ်သော သိမ်ပျက်။
၁၁။ သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာ၊ သိမ်ဟောင်းကို ခြုံငုံ၍သမုတ်အပ်သော သိမ်ပျက်။ ။[အနက်။]

**၄၃၉။ ကြီး,ငယ်,ကျိုး,ရိုင်၊ အနိမိတ်၊ ဗဟိဒ်တည်သမုတ်။**
**၄၄၀။ အိုင်,သမုဒ်,မြစ်၊ စပ်,လွှမ်းလစ်၊ ဆဲ့တစ်သိမ်ပျက်ထုတ်။**

လက်ာဖြစ်၍ အချို့ရှေ့,နောက်ပြန်သည်။

**၄၄၁။ ဗဒ္ဓါ,ဗဒ္ဓ၊ သိမ်နှစ်ဝ၊ ဗဒ္ဓ ခဏ်,မဟာ။**

**သိမ် ၂-မျိုး။** ၁။ သမုတ်၍ဖြစ်သော ဗဒ္ဓသိမ်,
၂။ သမုတ်မှုမရှိသော အဗဒ္ဓသိမ် ဟူ၍ ၂-မျိုးရှိ၏၊ ထိုတွင် ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်,မဟာသိမ် ဟူ၍ ၂-မျိုးရှိပြန်၏။

**၄၄၂။ တိုက်ထောင့်ခဏ္ဍ၊ တိုက်လုံးကျ၊ ဗဒ္ဓသိမ်မဟာ။**

**ခဏ္ဍသိမ်။** ။ကျောင်းတိုက် တခုလုံးကို မခြုံမငုံမူ၍ ကျောင်းတိုက်၏ တပိုင်း,တစိတ်, တထောင့်,တကွက်၌ သမုတ်သော ဗဒ္ဓသိမ်သည် ခဏ္ဍသိမ်မည်၏။

**မဟာသိမ်။** ။ကျောင်းတိုက် တခုလုံးကိုဖြစ်စေ၊ အနီးအစပ် ဖြစ်သော ကျောင်းတိုက် အများကိုဖြစ်စေ ခြုံ၍သမုတ်သော ဗဒ္ဓသိမ်သည် မဟာသိမ်မည်၏။

**မှတ်ချက်။** ။ဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်မှာ ၁၈-ရပ်သော ကျောင်းတိုက်ကြီးတို့ကို တသိမ်တည်းပြု၍ သမုတ်၏။ ။သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒထေရ်သည် အနုရာဓမြို့ပါခြုံ၍သမုတ်၏၊အနုရာဓမြို့သည် သိမ်တွင်းကျ၏။ ။ယခုကာလ၌ကား-သိမ်ဆိုလျှင် လူများ

www.dhammaransi.com



မဝင်ရ-ဟု ထင်မှတ်ကြ၏၊ မာတုဂါမများ မဝင်ဝံ့ရှိကြ၏၊ အနုရာဓမြို့သူတို့ကား သိမ်တွင်း၌ နေကြရကုန်၏။

**၄၄၃။ နိမိတ်ကမ္မဝါ၊ ပရိသာ၊ သုံးဖြာ, သံ, ဝိပ် လာ။**

**အဓိပ္ပါယ်။** ။လိုဗ္ဗသိမ် ၂-ပါး၌ နိမိတ္တသမ္ပတ္တိ-ဝိပတ္တိ, ကမ္မဝါစာ သမ္ပတ္တိ-ဝိပတ္တိ,ပရိသာ သမ္ပတ္တိ-ဝိပတ္တိဟူ၍ သမ္ပတ္တိ ၃-ပါး,ဝိပတ္တိ ၃-ပါးစီလာရှိ၏။

**မှတ်ချက်။** ။သိုတွင်ကမ္မဝါစာသမ္ပတ္တိ-ဝိပတ္တိ၊ပရိသာသမ္ပတ္တိ-ဝိပတ္တိတို့မှာ ရဟန်းခံရာ၌ ပြဆိုခဲ့ပြီးသော နည်းကိုမှီ၍ သိအပ်၏၊ ဤ၌''ဝတ်, ဥတ်, ကမ္မဝါ၊ သိမ်, ပရိသာ၊၅-ဖြာသမ္ပတ္တိ''ဟူ၍ ဆိုခဲ့သော ၅-ပါးတို့၌ ဥတ်,ကမ္မဝါ, ပရိသတ် ၃-ပါးတို့ကိုယူလေ။

သမုတ်ဆဲဖြစ်သော သိမ်ကိုပင် ဝတ္ထုပြု၍ ဆိုလိုမှုကား အတိခုဒ္ဒက, အတိမဟန္တ,နဒိယံသမ္မတ, သမုဒ္ဒေသမ္မတ,ဇာတဿရေ သမ္မတ-တို့ကို ဝတ္ထုဝိပတ္တိသိမ်ဆိုလေ၊ ဆာယာနိမိတ္တ, ခဏ္ဍနိမိတ္တ, အနိမိတ္တတို့ကား နိမိတ္တ ဝိပတ္တိတို့တည်း၊ ပဟိသီမေ ဌိတသမ္မတ ကား ကမ္မဝါစာဝိပတ္တိ၌ လျော်၏။

**၄၄၄။ တောင်, ကျောက်, တော, သစ်၊ မဂ်, ရေ, မြစ်၊ တောင် ရှစ်-နိမိတ်လာ။**

**နိမိတ် ၈-ပါး။** ၁။ တောင်နိမိတ်,
၂။ ကျောက်နိမိတ်,
၃။ တောနိမိတ်,
၄။ သစ်ပင်နိမိတ်,
၅။ ခရီးနိမိတ်,
၆။ ရေနိမိတ်,
၇။ မြစ်နိမိတ်,
၈။ တောင်ပို့နိမိတ်-ဟူ၍ နိမိတ် ၈-ပါးလာ၏။

**၄၄၅၊ ဗာတ္တိံပလ၊ တင်လဲမျှ၊ လောက်လကျောက်နိမ္မာ။**

**ကျောက်နိမိတ်။** ။ချိန်ဝန်ဖြစ်သောပိုလ်ကို ပလ-ဆိုသည်၊၃၂-ပိုလ်ရှိသော တင်လဲခဲမျှသဏ္ဌာန်ပမာဏရှိသော ကျောက်တုံးသည်ကျောက်နိမိတ်၌ အယုတ်ဆုံးအားဖြင့် နိမိတ်လောက်၏၊ ထိုထက် ကြီးမှုကား

www.dhammaransi.com



၇-တောင့်ထွာရှိသော ဆင်ကောင်ပမာဏ အောက်ယုတ်သည့်တိုင်အောင် ကြီးစေရ၏၊ ထိုထက်ကြီးမူ ကျောက်နိမိတ်မကြားရ၊ တောင်နိမိတ်ပြု၍ ကြားရ၏။

၄၄၆။ ထွက်ရေ, လောင်းရေ၊ ဤနှစ်ထွေ၊ လောက်လေ-ရေနိမှာ။

၄၄၇။ ကံပြီးရုံမျှ၊ တည်နေက၊ လောက်ထ-ရေနိသာ။

**ရေနိမိတ်။** ။ရေနိမိတ်သိမ်၏ပတ်လည်အရပ် ၈-မျက်နှာ ၈-ဌာနတို့မှာတူး၍ ထားသောတွင်းတို့၌ ထိုတွင်းမှထွက်သော ရေဖြစ်စေ, အခြားတပါးမှ ခပ်ဆောင်၍ လောင်းသောရေဖြစ်စေ၊ရေနိမိတ်လောက်သည်ချည်းဖြစ်၏။

**မှတ်ချက်။** ။အနည်း,အများမှာလည်းနိမိတ်ကြားခါနီးမှသည်,သိမ်သမုတ်ကမ္မဝါ ပြီးဆုံးသည့်တိုင်အောင် မကုန်မခန်းဘဲ တည်နေလောက်အောင်ရှိလျှင်ပင် နိမိတ်လောက်၏၊ ကြွင်းသော နိမိတ်တို့ကိုမူကား ယခုကာလ၌ လုပ်ရိုးမပြုကြ၍ မဆိုလိုက်ပြီ၊ အဋ္ဌကထာမှာယူလေ။

**ဗဒ္ဓအချင်းချင်း၊အဇ္ဈောတ္ထရဏ,သမ္ဘေ့,သင်္ကရဖြစ်ပုံ**

၄၄၈။ ဗဒ္ဓသိမ်ချင်း၊ လွှမ်း, စပ်ခြင်း၊ အလျှင်းမပြုရာ။

**အဓိပ္ပါယ်။** ။အဇ္ဈောတ္ထရဏကို လွှမ်းဆိုသည်၊ သမ္ဘေ့ကိုစပ်ဆိုသည်၊ သိမ်ဟောင်း၌ သိမ်သစ်က လွှမ်းမိုးမှု, ထိစပ်မှုတို့ကိုဆိုသည်။

၄၄၉။ သိမ်နှိထိက၊ ကံပျက်ရ၊ သီမသင်္ကရာ။

**အဓိပ္ပါယ်။** ။သိမ်မှီဆိုသည်ကား–သိမ်တွင်းမှာ ဆောက်သော စရပ်တန်ဆောင်း စသည်,သိမ်တွင်းမှပေါက်သော သစ်ပင် ချုံနွယ် စသည်, သိမ်တွင်းမှာရှိသော တုံး, တိုင်,သစ်, ဝါး စသည်တို့ကို သိမ်မှီဆိုသည်။

**သီမာသင်္ကရ။** ။ဗဒ္ဓသိမ်တခုမှ ပေါက်သောသစ်ပင်,ချုံ,နွယ်သည် တပါးသော ဗဒ္ဓသိမ်၌ ထိ၍တည်အံ့၊ တပါးသော ဗဒ္ဓသိမ်၌ ပေါက်သော သစ်ပင်,ချုံ,နွယ် တို့ကို ထိစပ်ရောယှက်၍ တည်အံ့၊သီမာသင်္ကရဖြစ်၏။

**ဖြစ်ပုံ။** ။ဤသိမ်၌ ကံပြုလိုလျှင် ထိုသိမ်တွင်းရှိ သံဃာကိုလည်း ဟတ္ထပါသ်တွင် ပါဝင်စေရ၏။

www.dhammaransi.com



ထိုသိမ်၌ ကံပြုလျှင် ဤသိမ်တွင်းရှိ သံဃာကိုလည်း ပါဝင်စေရ၏၊ မပါဝင်ခဲ့လျှင် ထိုကံပျက်၏။

ထိစပ်ရောယှက်သော အကိုင်းအခက်တို့ကိုသော်လည်းဖြတ်တောက် ရှင်းလင်းပြီးမှပြုရ၏၊ မြေ၌ နွယ်၍သွားသော မြက်နွယ်ကူးယှက်သည် ကိုပင် သုတ်သင်ကြကုန်ရာ၏။

သိမ်နုတ်ဆဲအခါ၊သိမ်သမုတ်ဆဲအခါ တို့၌လည်း သိမ်တွင်းနှင့်သိမ် ပြင်မှ ဝတ္ထုကူးယှက်ခြင်းများကို သုတ်သင်ကြကုန်ရာ၏။

သိမ်ပြင်အရပ်သည် ဗဒ္ဓသိမ်ဟောင်း ရှိနေသောဌာန ဖြစ်ခဲ့သော် ထိုသိမ်ဟောင်းအတွင်း၌ ရှိနေသော သံဃာကိုမသိမ်းမိလျှင် သိမ်နုတ် ကံပျက်ရာ၏။

၄၅၀။ သိမ်ဟောင်းတစ်၊ရှိ,မရှိ၊အသိခက်လှစွာ။

၄၅၁။ သိမ်မှိရောထ၊ သက်ရ၊ ကြောင့်ကြစိုက်ဘိုရာ။

**အဓိပ္ပါယ်။** ။တော၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ၊ သာသနာတော် အခွန့် ရှည်ကြာလှပြီဖြစ်၍ဤနေရာ၌ကား သိမ်ဟောင်းရှိသည်,မရှိသည်ကိုပိုင် နိုင်စွာသိခြင်းငှာခဲခက်လှ၏၊ထိုကြောင့်ရဟန်းခံမှု,ဥပုသ်ပဝါရဏာပြုမှု, ပရိဝါသ် မာနတ် အဗ္ဘာန်ကံဆောင်မှုတို့၌ ငါမိတို့ကံဆောင်ရာ သိမ်နှင့် သိမ်၏အပြင်ပအရပ်တို့၌တုံး,တိုင်,ကန့်လန့်ကာ,ဖျာရိုင်သင်ဖြူး,မဏ္ဍပ် ကန္တား,သစ်ကိုင်း သစ်ခက်,နွယ်မြက်စသည် ကူးယှက်မည်ကို သုတ်သင် ခြင်းငှာ အထူးကြောင့်ကြ စိုက်ကြကုန်ရာ၏။

**မှတ်ချက်။** ။အချို့သူတို့ကား သိမ်ပြင်အရပ်သည် ဗဒ္ဓသိမ်မဟုတ်၊ ဂါမသိမ်ဖြစ်၍ ကူးယှက်သော်လည်း အပြစ်မရှိဆိုကြ၏၊ ဗဒ္ဓသိမ်မဟုတ် ဟု အတတ်မသိနိုင်ရှိ၏၊ ထိုနေရာမှာ သိမ်သမုတ်လိုလျှင် သိမ်နုတ်မှုကို ပြုရမည်ပင်ဖြစ်၏၊ ထို့ကြောင့် သုတ်သင်ခြင်းသည်သာသင့်၏။ ။ဗဒ္ဓသိမ် အမြွက်ပြီး၏။

ဂါမသိမ်,သတ္တဗ္ဘန္တရသိမ်,ဥဒကုက္ခေပသိမ် ၃-မျိုး

၄၅၂။ ရွာနယ်,မြို့နယ်၊ နိဂုံးနယ်၊သိမ်နယ်သီးသီးသာ။

**အဓိပ္ပါယ်။** ။ထိုထိုတိုင်းပြည်အတွင်း၌ သူကြီးတယောက် ကြီးစိုးရာ ဖြစ်ကြသော ရွာနယ်အသီးသီး, မြို့နယ်အသီးသီး, နိဂုံးနယ်အသီးသီး

www.dhammaransi.com



သည် တခုတခုစီသော ဂါမသိမ်အသီးသီးဖြစ်ကြ၏၊ အသီးသီးသော ဗဒ္ဓသိမ်စုနှင့်တူ၏။

တခုသော ရွာနယ်တွင်ရှိသော သံဃာကို အကုန်သိမ်းရုံးနိုင်ခဲ့သည် ရှိသော် ထိုနယ်ရွာအတွင်းမှာ ဘယ်နေရာ၌မဆို ဥပသမ္ပဒစသော ကံကြီး, ကံငယ်တို့ကို ပြုရ၏။

အနီးအစပ် ဖြစ်ကုန်သော တပါးသော ရွာနယ်တို့နှင့် သစ်ပင်,ချုံ, နွယ်စသည် ကူးယှက်သော်လည်း အဋ္ဌကထာတို့၌ သင်္ကရဖြစ်မှုကို ပြဆို ချက်မရှိ။

**၄၅၃။ ဂါမကြီး၌၊ နယ်သီးကွက်မှု၊ မင်းစိုးပြု၊ ဝိသုံဂါမသာ။**

**ဝိသုံဂါမသိမ်။** ။တခုသော ရွာနယ်ကြီးအတွင်း၌ တခုသောမြေအကွက်ကို အရပ် ၄-မျက်နှာတို့၌ သတ်မှတ်ပိုင်းခြား၍ ဤမြေအရပ်သည် နယ်သီးဖြစ်စေ-ဟု မြေ,ရေကိုပိုင်သော မင်းစိုးရာဇာတို့က နယ်သီးပြု လုပ်ခဲ့သည်ရှိသော် ထိုအရပ်အကွက်သည် အသီးသော ဂါမသိမ်တခု ဖြစ်ပြန်၏၊ ဝိသုံဂါမသိမ်ဟူ၍ခေါ်၏။

> ယမ္ပိ ဧကသ္မိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ အယမ္ပိ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊သောပိ ဝိသုံ ဂါမသီမာ ဟောတိ ယေဝ။

ဟူသော အဋ္ဌကထာ၌ ယခုကာလ၌ကဲ့သို့ သိမ်သမုတ်ရန် အမိန့်ခံ သော ဝိသုံဂါမကိုပြဆိုရင်းမဟုတ်၊တဦးတယောက်သောသူအား အထူး ချီးမြှောက်သောအားဖြင့် နယ်စား,ပယ်စား ကွက်ခြား၍ ပေးမှုကိုဆိုသ တည်း၊ကဿစိ ဒေတိ-ဟူ၍ ဆိုပေသည်၊ ဤကဲ့သို့ပေးအပ်သော အရပ် သည်လည်း ဝိသုံဂါမတမျိုး။

ယခုကာလ၌ ဗဒ္ဓသိမ်သမုတ်လောက်ရုံ အနည်းအကျဉ်းမျှ ဖြစ်သော မြေကွက်ကို သိမ်သမုတ်ရန် အမိန့်ခံရာမျိုး၌မူကား နယ်စား,ပယ်စား အဖြစ်နှင့် တစုံတယောက်သောသူအား မပေးဘဲနှင့်ပင်လျှင် ဤအရပ် သည် နယ်သီး,ပယ်သီးဖြစ်စေ-ဟူ၍ ရေ,မြေကိုပိုင်သော မင်းစိုးရာဇာ တို့က ပြုလုပ်၍ ပေးခဲ့သည်ရှိသော် ဝိသုံဂါမ ဖြစ်တော့သည်သာတည်း၊

ထိုအရပ်အကွက်သည် ရွာကြီးနယ်မဟုတ်ပြီ၊ ရွာကြီး သူကြီးပိုင် မဟုတ်ပြီ။

www.dhammaransi.com



ဘယ်သူပိုင်သနည်း-ဟူမူ နယ်သီးပြုလုပ်သော မင်းစိုးရာဇာပိုင်၏၊ ထိုအရပ် အကွက်သည် ဥယျာဉ်,လယ်,ယာ လုပ်ကိုင်စားသောက်သူ မြေရှင်၏ မြေပင်ဖြစ်၏၊ လုပ်ကိုင်စားသောက်ရ၏၊ ဝိသုံဂါမအဖြစ်နှင့် ကံကြီး,ကံငယ်လည်း ဆောင်ရ၏၊ ပဒ္ဓသိမ် သမုတ်လိုလျှင် ဂါမကြီးကို မသိမ်းဘဲပင် သမုတ်ရ၏။

ဤဝိသုံဂါမ၏ အကြောင်းအရာတို့ကိုပြည့်စုံစွာသိလိုသည်ရှိသော် ငါတို့စီရင်သော ဝိသုံဂါမဝိနိစ္ဆယ,မဟာဝိသုဒ္ဓါရာမ ဆရာတော် စီရင်သော ဝိသုံဂါမဝိနိစ္ဆယတို့မှာကြည့်လေ။ ။ဂါမသိမ်အမြွက်ပြီး၏။

၄၅၄။ ရွာနယ်လွတ်လေ၊ တော,တောင်,မြေ၊ ယူလေသတ္တဗ္ဘန္တရာ။

သတ္တဗ္ဘန္တရသိမ်။ ။လူတို့နေရာ ရွာနယ်, မြို့နယ်, နိဂုံးနယ်တို့မှ အလွတ်ဖြစ်၍ ဤအရပ်ကား မည်သည့်ရွာနယ် ဖြစ်သည်-ဟု ပြောဆိုခွင့် မရှိသော တောအရပ်, တောင်အရပ်များ၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်၏။

အဂါမကေစေတိ ဂါမ နိဂမ နဂရ သီမာဟိ အပရိစ္ဆိန္နေ

အဋဝိပဒေသေ—

ဟူသော မဟာဝါအဋ္ဌကထာနှင့်အညီတည်း။

၄၅၅။ တောင်နှစ်ဆဲ့ရှစ်၊ အဗ္ဘန်တစ်၊ ခုနစ် ဆ နော ဧ။

၄၅၆။ ထုတ်ချင်းခတ်မူ၊ နှစ်ပြန်ယူ၊ တောင်မူ ၁၉၆,နော,တေး။

၄၅၇။ သံဃာစွန်းမှ၊ ခုနစ်အန္တရာ၊ ယူမြဲသာ၊ သံဃာ ပွားတိုင်းပွား။

အဓိပ္ပါယ်။ ။၂၈-တောင်သည် အဗ္ဘန္တရတခုမည်၏၊ အဗ္ဘန္တရ ၇-သည် အတောင် (၁၉၆)ရှိ၏၊ တဘက်အဘို့တည်း။ ။အရှေ့, အနောက်ဖြစ်စေ၊ တောင်,မြောက်ဖြစ်စေ၊ ထုတ်ချင်းခတ် တိုင်းတာသည်ရှိသော်အတောင်(၃၉၂)ဖြစ်၏၊ ဤကား-သတ္တဗ္ဘန္တရသိမ်တခု၏ အကျယ်ပမာဏတည်း။

ဥပုသ်,ပဝါရဏာပြုသောအခါ၌ဖြစ်စေ၊ ဥပသမ္ပဒအစရှိသော ကံကြီး, ကံငယ် ပြုသောအခါ၌ဖြစ်စေ၊ ထိုမျှလောက်သော အရပ်အဘို့သည် တခုသော မဟာသိမ်နှင့် အလားတူ၏။

www.dhammaransi.com



သံဃာအများ စည်းဝေးရာ၌ သံဃာပရိသတ်၏ အစွန်းမှပြင်ဘက်၌ သတ္တဗ္ဘန္တရသွား၏၊ ထို့ကြောင့်သတ္တဗ္ဘန္တရသိမ်မည်သည် သံဃာပွားတိုင်း သိမ်နယ်ကျယ်ပွား၏၊ နောက်ဥဒကုက္ခေပသိမ်မှာလည်း ဤနည်းတူ။

၄၅၈။ မြစ်သမုဒြာ၊ ဇာတဿရ၊ ရေနယ်ကျ၊ ဥဒကုက္ခေပါ။

ဥဒကုက္ခေပ။ ။မြစ်ကြီး,မြစ်ငယ်, ပင်လယ်,သမုဒြာ ဇာတဿရ ခေါ်သော အင်းကြီး,အင်းငယ်, အိုင်ကြီး,အိုင်ငယ် ရေနယ် ရေခေတ် ဟူသမျှတို့၌ ဥဒကုက္ခေပသိမ်ကိုရအပ်၏။

၄၅၉။ မိုးမှန်ရွာက၊ မိုးလေးလတွင်း၊ သင်းပိုင်စွတ်လောက်၊စီးတုံမြောက်၊လောက်ပြီးမြစ်အင်္ဂါ။

၄၆၀။ မိုးခေါင်သော်ငြား၊ ဆော_င်း,နွေရောက်ဘိ၊ ရေမရှိ၊သဲတိမြစ်ပင်သာ။

အဓိပ္ပါယ်။ ။မိုးမှန်ဆိုသည်ကား မင်းစိုးရာဇာတို့ တရားစောင့်သောအခါ၌ မိုးဥတုမှာ ၅-ရက်တကြိမ်, ၁၀-ရက်တကြိမ် မလွန်မူ၍ ရွာသောမိုးကို မိုးမှန်ဆိုသည်၊ ထိုကဲ့သို့ရွာသောအခါ၌ မိုး ၄-လပတ်လုံး အဝန်းညီစွာ ဝတ်ရုံ၍ကူးသော ရဟန်း၏သင်းပိုင်စွန်းကို စွတ်လောက်အောင် မပြတ်စီးသော ရေရှိသော ချောင်း,မြောင်းသည် အယုတ်ဆုံးအားဖြင့် မြစ်အင်္ဂါလောက်၏။

မိုးမှန်မရွာမူ၍ မိုးပါးသောအခါ၌ မိုးလအတွင်းမှာပင် ရေပြတ်ခဲ့သော်ငြား ဆောင်းလ,နွေလတို့၌ ရေမရှိခဲ့သော်ငြား သဲသောင်ပြင် အတိဖြစ်၍ နေသော်လည်း မြစ်ပင်သာတည်း၊ မြစ်အင်္ဂါ မပျက်၊ သဲပြင်,သောင်ပြင်ပေါ်၌ပင် ကံကြီး,ကံငယ်ပြုရ၏။

၄၆၁။ လူမပြုဘဲ၊ သူ့အလိုဇာ၊ အင်း,အိုင်-ဖြစ်၍၊ မိုးခေတ်လေးလ၊ ရေတည်က၊လောက်ထ ဇာတဿာ။

၄၆၁။ ဆောင်း,နွေရောက်ဘိ၊ရေမရှိ၊ပကတိအပြင်သာ။

ဇာတဿရ။ ။မိုးမှန်ရွာသောအခါ၌ လူတို့၏တူးမှု, ဆွမှု,ဆယ်မှု,ဖို့မှုတို့ဖြင့် ပြုလုပ်ခြင်းမရှိဘဲ ရေ၏အစွမ်းသက်သက်အားဖြင့် အင်း,

www.dhammaransi.com



အိုင် ကြီး,ငယ်ဖြစ်၍ မိုယ်း ၄-လပတ်လုံး လက်,ခြေ ဆေးလောက် အောင် ရေမပြတ်တည်နေသော ဌာနသည် ဇာတသဿရအင်္ဂါလောက်၏။

မိုယ်းပါးရှားသောအခါ မိုယ်း ၄-လအတွင်း၌သော်၎င်း၊ဆောင်း, နွေတို့၌သော်၎င်း-ရေမရှိသော်လည်း ထိုနေရာ၌ လူတို့သည် ဖူး, ဖရုံ, ဂျုံ, မုရင်း-စိုက်ပျိုးမှုကို မပြုကြသည် ဖြစ်ကုန် မူကား ဇာတဿရ ပကတိအတိုင်းပင်၊ ရေမရှိသော အိုင်အပြင်၌ ကံကြီး, ကံငယ်ဆောင်ရ၏။

၄၆၃။ အားကုန်လွှဲ၍၊ ရေ, သဲ, ကြပစ်၊ ကျရာခေတ်၊သိမ်ဖြစ် ရေ, သောင်မှာ။

**အဓိပ္ပါယ်။** ။ရေရှိရာ၌ ရေကို၎င်း, သဲသောင်ပြင်၌ သဲတို့ကို၎င်း အားကုန်လွှဲ၍ ပစ်ကြသည်ရှိသော် ထိုရေ, ထိုသဲတို့၏ ကျရာအရပ် အတွင်းဖြစ်သော ရေပြင်, သောင်ပြင် အရပ်သည် ဥဒကုက္ခေပသိမ်ဖြစ်၏။

**မှတ်ချက်။** ။ရေကြမှု, သဲပစ်မှုတို့မှာ သိမ်ရောက်ရာဌာနကို မှန်းထားလိုသော်သာ ကြဲခွင့်, ပစ်ခွင့်ရှိသည်၊ ရေ, သဲ ပစ်ကြမှ ဥဒကုက္ခေပသိမ်ဖြစ်သည်-ဟု ဆိုလိုရင်းမဟုတ်၊ ထိုနေရာ၌ ကံပြုဆဲအခါမှာ သံဃာ၏ထက်ဝန်းကျင်အရပ် ၈-မျက်နှာတို့၌ ရေတလှမ်း, သဲတလှမ်း အတွင်းသည် အလိုလို သိမ်ဖြစ်၏၊ ဝဂ္ဂကမ္မကို စောင့်ရှောက်ရသော ကံဆောင်မှုနှင့်စပ်၍ ဖြစ်လေသောကြောင့် ကံပြုဆဲအခါ၌သာ ထိုသိမ်သည် တည်ရှိသည်၊ ကံမပြုမီ ရှေးအဘို့၌၎င်း ကံပြုပြီးသည်မှ နောက်အဘို့၌၎င်း ထိုနေရာမှာ သိမ်ရှိသည်မဆိုရ၊ သတ္တဗ္ဘန္တရ သိမ်၌လည်း ဤနည်းတူ၊ငါတို့အလို-ဤနေရာ၌ ဝါဒအလွန်များ၏၊စဉ်းစား၍ယူလေ။

၄၆၄။ ရေပြင်,ဣရပြင်၊ဖြစ်ခဲ့လျှင်၊ ထိုတွင်သိမ်ငြမ်းထား။

**အဓိပ္ပါယ်။** ။မြစ်အင်္ဂါ ဇာတဿရ အင်း, အိုင် အင်္ဂါညီညွတ်ရာ အရပ်တိုင်း၌ သိမ်ငြမ်းဆောက်၍ ပြုအပ်၏ဟူလို။

၄၆၅။ လှေ, ဘောင်နှင့်သာ၊ ပြုကြရာ၊ ကမ်းမှာမချည်ရ။

**အဓိပ္ပါယ်။** ။လှေဘောင်တို့နှင့် ကံပြုကြရာ၌ လှေကြိုး, ဘောင်ကြိုး များကို၊ မြစ်ကမ်း၌ လှမ်း၍မချည်ရ၊ ထိုနေရာ၌သာ ဝါးစိုက်၍ ကျောက်ချ၍ပြုရမည်။

www.dhammaransi.com



**အဗဒ္ဓချင်း- အဇ္ဈောတ္ထရဏ,သမ္ဘိန္န, သင်္ကရဖြစ်ပုံ**

**အဇ္ဈောတ္ထရဏ ဖြစ်ပုံ။** ။ပြဆိုခဲ့ပြီးသော တောအရပ်၌ သံဃာ၂-သင်းတို့သည် တဥ္စာနနှင့်တဥ္စာန သတ္တဗ္ဘန္တရ ၂-ပြန်စာအတွင်း၌ ကံပြုကြကုန်အံ့၊ နှစ်ကိုပ်တယောက် စည်းဝေးလောက်သည့်မှစ၍ ထိုထက်အလွန် သိမ်နယ်ချင်း ထပ်မိကြအံ့၊ အဇ္ဈောတ္ထရဏဖြစ်၏။

**သမ္ဘိန္နဖြစ်ပုံ။** ။နှစ်ကိုပ်တယောက် စည်းဝေးလောက်သည့်မှ ယုတ်လျော့၍ ထပ်မိကြအံ့၊ သမ္ဘိန္နဖြစ်၏။

**သင်္ကရဖြစ်ပုံ။** ။သိမ်နယ်တွင်း၌ ပေါက်ရောက်သော သစ်ပင်,ချုံ,နွယ် ကူးယှက်ထိပါးခဲ့အံ့၊ သင်္ကရဖြစ်၏။ ။ကံပြုမှုတပြိုင်နက်ကျခဲ့လျှင် ၂-သိမ်လုံးပျက်၏၊ရှေ့,နောက်ကျခဲ့လျှင် နောက်သိမ်ပျက်၏၊ဥဒကုက္ခေပ သိမ်ချင်းလည်း ဤနည်းတူ။

**မှတ်ချက်။** ။သတ္တဗ္ဘန္တရနှင့် ဥဒကုက္ခေပဖြစ်မှုကား တည်ရာဌာနချင်းတခြားစီဖြစ်ကြ၍ အဇ္ဈောတ္ထရဏ,သမ္ဘိန္န ၂-ပါးမရ၊ သစ်ပင်,ချုံ,နွယ် စသည်ကူးယှက်မှုအတွက်နှင့် ကံပျက်သင်္ကရကိုသာ ရထိုက်၏။

ထိုကြောင့် သံဃာတသင်းနှင့် တသင်းသည် တောနယ်မှာဖြစ်ခဲ့အံ့၊ အတောင် ၃-ရာခန့်ထက် မနည်းစေမူ၍ ပြုကြရာ၏၊ ရေနယ်မှာ ဖြစ်အံ့၊ အတောင်တရာထက် မနည်းစေမူ၍ ပြုကြရာ၏၊ အဘယ်ကြောင့်နည်းဟူမူ သိမ်နယ်နိမိတ်ကို အမှန်အကန်သိခြင်းငှာ ခက်ခဲလှ၏၊ သံဃာပွားတိုင်းလည်း သိမ်ပွားတတ်၏၊ ကျယ်၍ကား မလွန်နိုင်၊ ထို့ကြောင့်ပေတည်း။

**၄၆၆။ ဂါမနှင့်, သတ်၊ ဥ-ရောလတ်၊ မအပ်ကံပျက်ကြ။**

ဂါမနှင့် သတ္တဗ္ဘန္တရ၊ ဂါမနှင့် ဥဒကုက္ခေပတို့၌ အဇ္ဈောတ္ထရဏ, သမ္ဘိန္န ၂-ပါးမရှိ၊ သစ်ပင်,ချုံ,နွယ် စသည် ကူးယှက်ထိစပ်မှုအတွက် ကံပျက် သင်္ကရကိုသာ ရအပ်၏။

**ဗဒ္ဓနှင့်အဗဒ္ဓ၊ အဇ္ဈောတ္ထရဏ၊ သမ္ဘိန္န, သင်္ကရဖြစ်ပုံ။**

**၄၆၇။ ဂါမနှင့် ဗဒ်၊ လွှမ်းစပ်ရောဘိ၊ ဖြစ်မရှိ၊ နိဿိ-နိဿယ။**

**အဓိပ္ပါယ်။** ။ဂါမသိမ်နှင့် ဗဒ္ဓသိမ် ၂-ပါးသည် နိဿယ,နိဿိတ ဖြစ်ကြ၍အဇ္ဈောတ္ထရဏအပြစ်လည်းမရှိ၊သမ္ဘိန္နအပြစ်လည်းမရှိ၊သစ်ပင် ချုံ,နွယ်စသည်ကူးယှက်သော်လည်းကံပျက်ရန်သင်္ကရအပြစ်လည်းမရှိ။

www.dhammaransi.com



၄၆၀။ ဗဒ္ဓနှင့်သတ်၊ ဥဒကုလတ်၊ သုံးရပ်အပြစ်ရ။

**အဓိပ္ပါယ်။** "သတ္တဗ္ဘန္တရ အပိုင်းအခြားနှင့် တသင်းသောသိမ်ဃာ ကံ ပြု၍နေဆဲအခါ၌ အတောင် ၃-ရာကျော်မျှ ကွာဝေးရာဌာနက ထိုသတ္တဗ္ဘန္တရသိမ်ကိုခြံ၍ စပ်၍ သစ်ပင်စသည် ရောယှက်၍ ဗဒ္ဓသိမ် သမုတ်ခဲ့သော် ၃-ပါးလုံးအတွက်ပင် ထိုဗဒ္ဓသိမ်ပျက်ရာ၏။

ရှေးအခါ၌ ဗဒ္ဓသိမ်ရှိဘူးသောရွာသည် နောက်အခါ၌ ပျက်ပြား၍ တောနယ်ဖြစ်လေ၏၊ ထိုသိမ်ရှိရာအရပ်၌ သတ္တဗ္ဘန္တရသိမ်နှင့် ကံ ပြုရာ၌လည်း ၃-ပါးပင်ရသင့်၏၊ ဤ၌သက်ရမှုမှာ ထိုဗဒ္ဓသိမ်ဟောင်း ၌ သံဃာရှိလျက် မသိမ်းခဲ့မှသာ ကံပျက်ရာ၏။

ဥဒကုက္ခေပလည်း ဗဒ္ဓသိမ်အရပ်သည်ရေလွှမ်းကမ်းပြိုမှုနှင့် မြစ်ပြင် ဖြစ်၍သွားရာ၌ မြစ်ပြင်မှာ ဥဒကုက္ခေပသိမ်အဖြစ်နှင့် ကံပြုကြရာ၌ ဥဒ ကုက္ခေပအပိုင်းအခြားသည် ဗဒ္ဓသိမ်အရပ်ကို လွှမ်းမိုးမှု,စပ်မှု၊ ထိုဗဒ္ဓ သိမ်အရပ်၌ ကျောက်ချ၍, ထိုးဝါးစိုက်၍ ပြင်ပ၌ကံပြုမှုစသည်ဖြင့် အပြစ် ၃-ပါးကို ထိုက်သည်အားလျော်စွာသိလေ။

သီဟိုဠ်ကျွန်း ကလျာဏီမြစ်၌ မြစ်ကိုဖြတ်သန်းသော တံတားကြီး တခုရှိ၏၊ မြစ်လယ်မှာ ထိုတံတား၏ အနီး၌ ဥဒကုက္ခေပသိမ် တန်ဆောင်းငယ် ဆောက်လုပ်လျက်ရှိ၏။

ကံပြုသောအခါ တံတားပေါ်မှ နင်းကြမ်းထိုး၍ သိမ်,တန်ဆောင်း သို့ကူးကြ၏၊ သိမ်,တန်ဆောင်း၌ သံဃာစုံ၍ ကံပြုမည်ရှိသောအခါ၌ ထိုနင်းကြမ်းကို နုတ်ယူ၍ထား၏၊ ကံပြုပြီးလျှင် ထိုနင်းကြမ်းခင်းပြန်၍ တံတားသို့လျှောက်ကူးကြ၏၊ တံတားခြေဖြစ်သော တိုင်တို့သည် ကံပြု ရာဌာနမှ ရေတကျအတွင်း၌ ကျကုန်၏၊ အာပ်,မအာပ်အဓိကရဏ်း ကြီးစွာဖြစ်ကြ၏၊ဂိုဏ်းပင်ကွဲကြ၏။

ခမည်းတော်မင်းတုန်း ရှင်ဘုရင်လက်ထက်၌ သီဟိုဠ်မှ အဆုံးအ ဖြတ်ခံယူရန် ၂-ကြိမ်လာရောက်၏၊ ပဌမအကြိမ်မှာ ထိုသိမ်မအာပ် ကြောင်းကို သာသနာပိုင် ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယ စကား ရေးသားဆုံးဖြတ်၍ ပေးလိုက်သည်၊ ဒုတိယအကြိမ်မှာ ထိုသိမ်

www.dhammaransi.com



အပ်ကြောင်းကို ခင်မကန်ဆရာတော်ကြီးက ပါဠိဘာသာနှင့် ဝိနိစ္ဆယ စကားရေးသားဆုံးဖြတ်၍ပေးလိုက်သည်၊ ဂိုဏ်း၂-ဂိုဏ်းသည် ဝိနိစ္ဆယ စာတမ်းကြီး ကိုယ်စီလက်ကိုင် ရှိကြသဖြင့် ရှေးကထက် တိုးတက်၍ အခိုင်အမြဲ ကွဲပြားကြ၏၊ သာသနာပိုင်ဆရာတော်ကြီး၏ ဝိနိစ္ဆယကို ချီးမွမ်းသူများကြ၏။

သိမ်အရာမည်သည် အလွန်ခဲခက်လှ၏၊ နက်နဲ၏၊ ကျမ်းဂန်လည်း တတ်ပါမှ, အာစရိယလဒ္ဓေါပဒေသလည်း ကောင်းလှပါမှ,ဝိနည်း ဓိုရ်ပုဂ္ဂိုလ်ကြီးများ ပြုလုပ်သည်ကိုလည်း တွေ့ဘူး ကြုံဘူးပါမှ နေရာကျ စီရင်တတ်သည်၊ တော်ကာလျော်ကာဆရာနှင့်ထိုက်တန်သော အမှုပင် မဟုတ်။

သိမ်ခဏ်းအမြွက်ပြီး၏။

---

## ပုဗ္ဗကရဏ ၄-ပါး

**၄၆၉။ တံမြက်,နေရာ၊ရေနှစ်ဖြာ၊ ဥဇ္ဇီမှာဆီမီးလေး။**

**၄၇၀။ ပုဗ္ဗကရဏ၊ အမည်ရ၊ မဆွပြုအပ်သေး။**

**ပုဗ္ဗကရဏ။** ။ဥပုသ်နေ့, ပဝါရဏာနေ့တို့မှာ ညအခါဥပုသ်ပြုကြ ရန်,ပဝါရဏာပြုကြရန် နေမဝင်မှီကပင်သိမ်အပြင်၌—

၁။ တံမြက်လှည်းခြင်း,

၂။ နေရာခင်းခြင်း,

၃။ ခြေဆေးရေ, သောက်ရေတည်ခြင်း,

၄။ နေဝင်သောအခါ၌ ဆီမီးထွန်းခြင်း၊ဤကား-သိမ်အတွင်းသို့ သံဃာမရောက်မီ ရှေးမဆွကပြုနှင့်ရသော ပုဗ္ဗကရဏ ၄-ပါးတည်း။

ပုဗ္ဗကရဏ ၄-ပါးပြီး၏။

---

## ပုဗ္ဗကိစ္စ ၅-ပါး

**၄၇၁။ ဆန္ဒ,ပါရိ၊သုဒ္ဓိ,ဥတု၊ဘိက္ခုဂဏန၊ဩဝါဒ၊ပုဗ္ဗကိစ္စရေး။**

**၄၇၂။ ဥပုသ်,ပဝါရဏာ၊ ရှေ့၌သာ၊ ဆိုက်ရာပြုအပ်သေး။**

**အဓိပ္ပါယ်။** ။နေဝင်၍ သိမ်အပြင်၌ သံဃာစုံညီစွာစည်းဝေးမိသော အခါ၌ ဥပုသ်,ပဝါရဏာမပြုမီ ဤပုဗ္ဗကိစ္စ ၅-ပါးကို ထိုက်သည်အား လျော်စွာပြုရသည်၊ ယခုအခါ၌ ဘိက္ခုနီ မရှိ၊ထို့ကြောင့် သံဃဥပုသ် ၌ပင် ဘိက္ခုနီဩဝါဒကို ကြားဘွယ်မရှိ။

www.dhammaransi.com



**မှတ်ချက်။** ။ဂဏ,ပုဂ္ဂလ ဥပုသ်ပဝါရဏာတို့၌ ဆန္ဒ,ပါရိသုဒ္ဓိ ၂-ပါး ကြားဘွယ်မရှိ၊ ရဟန်း ၁-ပါး, ၂-ပါး, ၃-ပါး နေသော တိုက်တာ အတွင်း၌ သံဃာရေတွက်မှု ဘိက္ခုဂဏနကို ပြုဘွယ်မရှိ၊ဥတု,မာသ,ပက္ခ, နေ့,ရက်များကို သိမ်အပြင် သံဃာအစည်းအဝေး၌ ကြားရမည်-ဟု ပါဠိတော်မလာ၊အဋ္ဌကထာ၌လာ၏။

ပါဠိတော်ကား တိုက်တာရှိ ရဟန်းအလုံးစုံသည် ပက္ခဂဏန ကို သိအောင် ပြုကြရမည်-ဟု လာ၏။

ပက္ခဂဏနဆိုသည်ကား ထိုလဆန်းပက္ခ,လဆုတ်ပက္ခတို့၌ ရောက်ဆဲ သော နေ့ရက်ကိုဆိုသည်၊လူတို့က ယနေ့လဆန်း ဘယ်နှစ်ရက်ပါလဲ-ဟု မေးလျှင် ဘယ်အခါမဆို ပြောတတ်စေရမည်-ဟူလိုသည်။

သို့သော်လည်း အဋ္ဌကထာ၌ လာလျက်ရှိသောကြောင့် အဋ္ဌကထာ ကို အလေးပြုသောအားဖြင့် အလုံးစုံကိုပင် ပြုခွင့်ရှိလျှင် ရှိလျောက်,မရှိ လျှင် မရှိလျောက် မေး,ဖြေ ဘော်ကြားမှုကိုပြုရာ၏။

ပါဠိတော်၌ ဥပုသ်နေ့ပြောကြားမှု လာသေး၏၊ ဥပုသ်နေ့ပြောကြား မှုဆိုသည်ကား လကွယ်,လပြည့်,ဥပုသ်နေ့တိုင်ရောက်လျှင် ဥပုသ်နေ့မှန်း မသိမရှိကြစေရန်၊ နေ့အဘို့ကပင် တိုက်တာရှိ ရဟန်း သံဃာတို့အား မထေရ်ကြီးက ကြောင့်ကြစိုက်၍ ပြောကြားမှုတည်း။

### ၄၇၃။ ဆန္ဒ, ပါရိ၊ သုဒ္ဓိနှစ်ပါး၊ ပေးဆောင်ကြား၊ ကံအား လျော်ကန် စွာ။

**ဆန္ဒ,ပါရိသုဒ္ဓိ။** ။ဆန္ဒပေးခြင်း, ဆန္ဒဆောင်ခြင်း, ဆန္ဒကြားခြင်း၊ ပါရိသုဒ္ဓိပေးခြင်း, ပါရိသုဒ္ဓိဆောင်ခြင်း,ပါရိသုဒ္ဓိကြားခြင်း၊ ၃-ပါးစီရှိ ၏။ ။ပါရိသုဒ္ဓိဖြင့် ပဝါရဏာပေးခြင်း,ပဝါရဏာဆောင်ခြင်း,ပဝါရ ဏာကြားခြင်း ကိုလည်းယူ။

ကျောင်းတိုက် တခုလုံးကို တသိမ်တည်း သမုတ်၍ထားသော မဟာ သိမ်ကျောင်းတိုက်များ၌ ပြုကြရသော ပုဗ္ဗကိစ္စမျိုးတည်း။

ဆန္ဒပေးမှု, ဆန္ဒဆောင်မှု, ဆန္ဒကြားမှုသည်ကား ယခုအခါမှာ သိမ်သမုတ်ရာ၌ ပြုလုပ်ကြ၏။

www.dhammaransi.com



ကံအားလျော်ကန်စွာဆိုသည်ကား ပါရိသုဒ္ဓိဆောင်မှုသည် သံဃဥပုသ်နှင့်သာဆိုင်၏၊ ပဝါရဏာဆောင်မှုသည် သံဃပဝါရဏာနှင့်သာဆိုင်၏၊ ဆန္ဒဆောင်မှုကား သံဃာ့ကံ အများနှင့်ဆိုင်၏။

၄၇၄။ သိမ်အပြင်၌၊ သဃာ္ဘရိက၊ ထိုကိစ္စ၊ ပြုကြစဉ်အလာ။

အဓိပ္ပါယ်။ ။မဟာသိမ် ကျောင်းတိုက်၌ ဥပုသ်အိမ်တွင် ဥပုသ်ပဝါရဏာ ကိစ္စနှင့်သံဃာ ၄-ပါး စည်းဝေးမိသောအခါ၌ ဆန္ဒဆောင်ခြင်း, ပါရိသုဒ္ဓိဆောင်ခြင်း, ပဝါရဏာဆောင်ခြင်းဟူသော ထိုပုဗ္ဗကိစ္စ ၃-ပါးကို ပြုကြမြဲ အစဉ်အလာဖြစ်သည်၊ ဥပုသ်ကံမှာ ၄-ပါး၊ ပဝါရဏာကံမှာ ၅-ပါးခွဲ၍ယူ။

၄၇၅။ သံဃဟတ္ထပါသ်၊ မဝင်လတ်၊ ပေးအပ်ထိုသုံးဖြာ။

အဓိပ္ပါယ်။ ။သံဃာစည်းဝေးရာဌာနနှင့် တသိမ်တည်းဖြစ်ကြသော တိုက်တာအတွင်းမှာနေလျက် သံဃာ၏ ၂-တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ မဝင်သောသူသည် ဆန္ဒ,ပါရိသုဒ္ဓိ,ပဝါရဏာ ထိုက်ရာပေး၍သာ နေအပ်၏။

၄၇၆။ ဥပုသ်မိမိ၊ မပြီးရှိ၊ ပါရိသုဒ္ဓိပေး။

အဓိပ္ပါယ်။ ။ဥပုသ်ကံပြုဆဲအခါ၌ သံဃဟတ္ထပါသ်သို့ မဝင်ဘဲနေသော ရဟန်းသည် မိမိမှာ ဥပုသ်မပြုရသေးသူဖြစ်ခဲ့သော် ပါရိသုဒ္ဓိကို ပေးရမည်။

၄၇၇။ ပဝါရဏာ၊ လိုလေပါ၊ ပဝါရဏာပေး။

အဓိပ္ပါယ်။ ။ပဝါရဏာကံပြုဆဲအခါ၌ သံဃဟတ္ထပါသ်သို့ မကပ်လိုသော ရဟန်းသည် မိမိမှာပဝါရဏာ မပြုသေးသူဖြစ်ခဲ့သော် ပဝါရဏာကို ပေးရမည်။

၄၇၈။ ဥပုသ်ပဝါရဏ်၊ ပြုပြီးမှန်၊ ဆန္ဒံကိုသာပေး။

အဓိပ္ပါယ်။ ။ထိုရဟန်းသည် ဥပုသ်ပြုပြီး, ပဝါရဏာပြုပြီးဖြစ်ခဲ့သော် ဆန္ဒကိုသာပေး။

၄၇၉။ ဆန္ဒပေးမှာ၊ သူ့ဘို့သာ၊ ကြွင်းမှာနှစ်ပါးရေး။

အဓိပ္ပါယ်။ ။ဆန္ဒပေးမှုမှာ ကိုယ်ဘို့မဟုတ်၊ သူ့ဘို့သာ ဖြစ်သည်၊ ဆန္ဒမပေးဘဲ ထိုသိမ်ထဲမှာ နေခဲ့သော် သံဃာတို့ ဆောက်ရွက်သော

www.dhammaransi.com



ကံသည် ဝဂ္ဂကံဖြစ်၍ ပျက်၏၊ ထို့ကြောင့် သူ့ဘို့ဆိုသည်၊ပါရိသုဒ္ဓိပေး, ပဝါရဏာပေး ၂-ပါးမှာ သံဃာဥပုသ်ကံ, ပဝါရဏာကံလည်း ချော မောလေ၏၊ မိမိမှာ ဥပုသ်ပြုမှု, ပဝါရဏာပြုမှုလည်း ပြီးစီး၏၊ ထို့ ကြောင့် ကြွင်းမှာ နှစ်ပါးရေး-ဆိုပေသည်။

**၄၀၀။ ဆန္ဒ, ပါရိ၊ ဆန္ဒ, ပဝါရဏာ၊ အစုံမှာ၊ နှစ်ဖြာစိတ်ချရေး။**

**အဓိပ္ပါယ်။** ။သံဃဥပုသ်ကံမှာ ဆန္ဒနှင့် ပါရိသုဒ္ဓိ အစုံပေးခြင်း၊ သံဃပဝါရဏာကံမှာ ဆန္ဒနှင့် ပဝါရဏာအစုံပေးခြင်းသည် မိမိအ ကျိုး, သံဃာ့အကျိုး ၂-ပါးအတွက်ပင် စိတ်ချရတော့သည်၊ သိမ်အ ပြင်၌ သံဃာ ၄-ပါး,၅-ပါး ၂-တောင့်ထွာ ဟတ္ထပါသ်စပ်မိအောင် စည်းဝေး၍ ရှိနေသောအခါ၌ သံဃာ့ဘောင်သို့ မဝင်လိုသော ရဟန်း သည် သံဃဟတ္ထပါသ်မှ အပ၌ တည်နေသော တပါးပါးသော ရဟန်း ထံသို့သွား၍ ဆန္ဒပါရိသုဒ္ဓိ အစုံပေးရမည်။

**ပေးပုံကား။** ။ရှေးဦးစွာ ဒေသနာကြားရာ၏၊ကြားပြီးမှ—

"ဆန္ဒံ ဒမ္မိ၊ဆန္ဒံ မေ ဟရ၊ဆန္ဒံ မေ အာရောစေဟိ"ဟု၃-ကြိမ်ဆို။

တဦးသောရဟန်းက-"အာမ ဘန္တေ"-ဆို။ ။ဆန္ဒပေးပြီး၏။

"ပါရိသုဒ္ဓိံ ဒမ္မိ၊ပါရိသုဒ္ဓိံ မေ ဟရ၊ပါရိသုဒ္ဓိံ မေ အာရောစေဟိ" ဟု ၃-ကြိမ်ဆို။

တဦးသောရဟန်းက-"အာမ ဘန္တေ"-ဟုဆို။ ။ပါရိသုဒ္ဓိ ပေး ပြီး၏။

**၄၀၁။ ဆောင်သူမှာလည်း၊ သံဃာဟတ္ထပါသ်၊ ချော့စွာကပ်၊ ကြား အပ် မနှောင့်နှေး။**

**အဓိပ္ပါယ်။** ။လက်ခံသောရဟန်းက ထိုနေရာမှ အခြားတပါး မ သွားမူ၍ သိမ်အပြင် သံဃာ့ဘောင် ၂-တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ သာ သွားရမည်၊ ဟတ္ထပါသ်တွင်း၌ ထိုင်နေ၍ သံဃာတော်တို့အား ထို ဆန္ဒ,ပါရိသုဒ္ဓိတို့ကို လျှောက်ကြားရမည်။

**လျှောက်ကြားပုံကား။** ။ဆန္ဒပေးသော ရဟန်း၏ ဘွဲ့ကို ထုတ် ဘော်၍—

www.dhammaransi.com



"တိဿနာမေန ဘန္တေ ဘိက္ခုနာ ဆန္ဒော ဒိန္နော"။ ။၃-ကြိမ်ဆို။
"တိဿနာမေန ဘန္တေ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ"။ ။၃-ကြိမ်ဆို။ ။
သံဃာတော်တို့က "သာဓု သာဓု" ဆိုကြလိမ့်မည်၊ ဆန္ဒကြား, ပါရိ-
သုဒ္ဓိကြားပြီး၏။ ။ဆန္ဒ,ပဝါရဏာလည်း ထိုနည်းတူ။

"ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရောစေဟိ၊ မမတ္ထာယ ပဝါရေဟိ"။ ။၃-ကြိမ်ဆို။

ဤ၌"မမတ္ထာယ ပဝါရေဟိ"ပိုဒ်၏ငါ၏အကျိုးငှာ ပဝါရဏာ ပြုပါလေဆိုလိုသည်။

ဆောင်သောရဟန်းသည်သံဃာ့ဘောင်သို့ရောက်၍ဆန္ဒ,ပဝါရဏာ ၂-ပါးကို သံဃာအား ကြားပြီးသောအခါ၌ ပေးလိုက်သော ရဟန်းအတွက် ပဝါရဏာပြုရသည်။

"တိဿော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သု-
တေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါ-
ဒါယ၊ပဿန္တော ပဋိကရိဿတိ"။ ။၃-ကြိမ်ပြုလေ။

ဆောင်သောရဟန်းသည် သံဃဟတ္ထပါသ်သို့ ရောက်လျှင် ဆန္ဒ ပါရိသုဒ္ဓိလည်း ရောက်တော့သည်။

ကြားမှုမှာ မကြားဘဲနေခဲ့လျှင် ဆောင်သောရဟန်းမှာ ဒုက္ကဋ်သင့်၏၊ ထိုဒုက္ကဋ်မှလွတ်အောင် ကြားရသည်၊ဆန္ဒ,ပါရိသုဒ္ဓိ ကြားပြီးနောက် ဥပုသ်ကံ၌ ၄-ပါးသော ရဟန်း၊ ပဝါရဏာကံ၌ ၅-ပါးသော ရဟန်းတို့သည် ထိုကံပြီးသည်တိုင်အောင် ဟတ္ထပါသ်ကိုစွန့်၍ မထမသွားရာ၊ ဟတ္ထပါသ်ကိုစွန့်၍ ထသွားခဲ့သော် ထိုဆန္ဒ,ပါရိသုဒ္ဓိသည် ပျက်ပြန်၏၊ အသစ် တဘန်ယူရပြန်၏။

၄၀၂။ ဥတု, မာသ၊ ပက္ခ, တိထိ၊ အစဉ်ချီ၊ ဖြီဖြီလျှောက်ကြားရေး။
၄၀၃။ ရဟန်းတွက်ရေ၊ ကြားမြဲပေ၊ လျှောက်လေဩဝါရေး။

[ဤသံပေါက် ၂-ခု သိသာပြီ။]

ပုဗ္ဗကိစ္စ ၅-ပါး ပြီး၏။

www.dhammaransi.com



## ပတ္တကလ္လအင်္ဂါ ၄-ပါး

၄၈၄။ ပတ္တကလ္လံ၊ အင်လေးတန်၊ သိရန်ကြားကြသေး။
၄၈၅။ ဥပုသ်နေ့ကြိုက်၊ သိမ်ပြင်၌၊ ကံထိုက်သံဃာညီ။
၄၈၆။ သဘာဂါပတ်၊ မရှိလတ်၊ ကင်းလွတ်ဝဇ္ဇနီ။
၄၈၇။ ပတ္တကလ္လာ၊ အင်လေးဖြာ၊ ညီခါကံပြုပြီ။

ပတ္တကလ္လအင်္ဂါ ၄-ပါး။

၁။ ဥပုသ်ကံ၌ ဥပုသ်နေ့ ကြိုက်ကြုံခြင်းတပါး,

၂။ တခုသောသိမ်အပြင်၌ ကံထိုက်သော သံဃာတို့ ဟတ္ထပါသ် စပ်မိအောင် အညီအညွတ် စည်းဝေးမိခြင်းတပါး,

၃။ အမှုဝတ္ထုသဘောတူသင့်သော ဝတ္ထုသဘောတူ အာပတ်မှ ကင်းရှင်းကြခြင်းတပါး,

၄။ လူ, သာမဏေ စသော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ကျိပ် တယောက်တို့၏ သံဃာ့ဟတ္ထပါသ်တွင်း၌ မရှိကြခြင်းတပါး။ ။ပတ္တကလ္လ အင်္ဂါ ၄-ပါး၊ ဤအင်္ဂါ ၄-ပါးညီလျှင် ဥပုသ်ကံ၌ ကံပြုထိုက်ပြီ။

၄၈၈။ သုံး ဥက္ခိတ္တ၊ အန္တိမ၊ ကြဉ်ကကထိုက်ပြီ။

အဓိပ္ပါယ်။ ။ကံထိုက်သော ရဟန်းဆိုသည်ကား-ဥက္ခိတ္တက ၃-မျိုးတို့မှကင်းလွတ်၍ ပါရာဇိက အန္တိမမှု မရှိသော ရဟန်းတည်း။ အာပတ်ကိုမရှုမှု,အာပတ်ကိုမကုစားမှု,မိစ္ဆာဒိဋ္ဌိကို မစွန့်မှုတို့ကြောင့် ဥက္ခေပနိယကံ ပြုခံရသော ရဟန်း ၃-မျိုးကို သုံးဥက္ခိတ္တ-ဆိုသည်။

၄၈၉။ ဟတ္ထပါသ၊ ကပ်တုံက၊ ကာယသာမဂ္ဂီ။
၄၉၀။ ဆန္ဒလာရောက်၊ မျက်မှောက်ရှိကြ၊ မမြစ်က၊ စိတ္တသာမဂ္ဂီ။

အဓိပ္ပါယ်။ ။သံဃာညီ-ဟူသော အထက်စကား၌ကာယသာမဂ္ဂီ, စိတ္တသာမဂ္ဂီ-ဟူ၍ သာမဂ္ဂီ ၂-ပါးရှိ၏။

www.dhammaransi.com



**ကာယသာမဂ္ဂီ။** ။ဟတ္ထပါသ်တွင်းသို့ လာရောက်သည်ကို ကာယသာမဂ္ဂီခေါ်သည်။

**စိတ္တသာမဂ္ဂီ။** ။တသိမ်တည်းရှိနေလျက် သံဃာ့ဟတ္ထပါသ်သို့ မကပ်ဘဲ ပြင်၌နေသော ပုဂ္ဂိုလ်မှာ သံဃာ့ဘောင်သို့ ကိုယ်တိုင်မလာသော်လည်း ဆန္ဒရောက်လာမှု ဟတ္ထပါသ်တွင်းသို့ လာရောက်သော မျက်မှောက်ရှိ သံဃာထဲကလည်းပြုဆဲဖြစ်သော သံဃာ့ကံကိုမကြိုက် မလိုမြွက်ဆို တားမြစ်ခြင်းမှ ကင်းလွတ်မှုတို့ကို စိတ္တသာမဂ္ဂီဆိုသည်။

**၄၉၁။ ကိုယ်,စိတ်နှစ်ဖြာ၊ ညီညွတ်လာ၊ သံဃာညီညွတ်ပြီ။**

**အဓိပ္ပါယ်။** ။ကာယသာမဂ္ဂီ,စိတ္တသာမဂ္ဂီ ၂-ပါးနှင့် ပြည့်စုံပေလျှင် သံဃာညီညွတ်ပြီ။

**၄၉၂။ လူ,ဘိ,သိက်,သာ၊ သာ,သိက္ခာ၊ ပါရာ,ဥက္ခိတ်တည်း။**
**၄၉၃။ ပဏ်,ထေ,ပက်,ဆန်၊ ပဉ္စာနန်၊ ဒွိသံ,ဥဘောဗျည်း။**
**၄၉၄။ ဟတ္ထပါသ်မှ၊ ကြဉ်ပယ်ရ၊ ကေဝီသတည်း။** ။ [ဝဇ္ဇနီယပုဂ္ဂိုလ်နှစ်ကျိပ်တယောက်။]

**ဝဇ္ဇနီယပုဂ္ဂိုလ်။**
၁။ လူ,
၂။ ဘိက္ခုနီ,
၃။ သိက္ခမာန်,
၄။ သာမဏေ ယောကျ်ား,
၅။ သာမဏေ မိန်းမ,
၆။ သိက္ခာချပြီးသောသူ,
၇။ ပါရာဇိကကျသူ,
၈-မှ-၁၀။ ဥက္ခိတ္တက ရဟန်း ၃-မျိုး,
၁၁။ နပုံပဏ္ဍုက်,
၁၂။ ထေယျသံဝါသကပုဂ္ဂိုလ်,
၁၃။ တိတ္ထိ ဘောင်သို့ ပြောင်းသွားသောတိတ္ထိယပက္ကန္တကပုဂ္ဂိုလ်,
၁၄။ ဂဠုန်,နဂါးစသော တိရစ္ဆာန်,
၁၅-မှ-၁၉။ မာတုဃာတက စသော ပဉ္စာနန္တရိယကံထိုက်သော ပုဂ္ဂိုလ် ၅-ယောက်,

www.dhammaransi.com



၂၀။ ဘိက္ခုနီကို ဖျက်ဆီးဘူးသော ဘိက္ခုနီဒူသက ပုဂ္ဂိုလ်,

၂၁။ ဥဘတောဗျည်း။

ပဏ္ဍကလက္ခဏာ ၄-ပါးပြီး၏။

---

## ဥပုသ်အပြား

**၄၉၅။ အစင်ဆေးရှိ၊ ဥပုသ်ကိုး၊ သုံးမျိုးသုံးထွေပြား။**

**အဓိပ္ပါယ်။** ။အစင်ဆေးမှုကို ဥပုသ်ပြုမှုခေါ်သည်၊ ထိုဥပုသ်သည် ၉-ပါးလာ၏၊ ပဝါရဏာလည်း ၉-ပါးလာ၏။

**၄၉၆။ သံဃ, ဂဏ၊ ပုဂ္ဂလ၊ သုံးပပြုသူပြား။**
**၄၉၇။ သုတ္တုဒ္ဒေသ၊ ပါရိသုဒ္ဓိ၊ ဓိဋ္ဌာန်ဘိ၊ တြိဖြပုံပြား။**
**၄၉၈။ စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီနေ့အပြား။**

**ဥပုသ် ၃-မျိုး။** ။ဥပုသ်သည် ပြုသူပုဂ္ဂိုလ်အပြားအားဖြင့်—

၁။ သံဃဥပုသ်,
၂။ ဂဏဥပုသ်,
၃။ ပုဂ္ဂလဥပုသ်-ဟူ၍ ၃-ပါး။

ပြုအပ်သော အခြင်းအရာ အားဖြင့်—

၁။ သုတ္တုဒ္ဒေသဥပုသ်,
၂။ ပါရိသုဒ္ဓိဥပုသ်,
၃။ အဓိဋ္ဌာန်ဥပုသ်-ဟူ၍ ၃-ပါး။

နေ့အပြားအားဖြင့်—

၁။ စာတုဒ္ဒသီဥပုသ်,
၂။ ပန္နရသီဥပုသ်,
၃။ သာမဂ္ဂီဥပုသ်-ဟူ၍ ၃-ပါး။

**၄၉၉။ ပါတိမောက်သုတ်၊ ရွတ်ဘော်ထုတ်၊ သုတ္တုဒ္ဒေသခေါ်။**

**အဓိပ္ပါယ်။** ။သုတ္တုဒ္ဒေသပုဒ်၌ သုတ္တ-ဆိုသည်ကား ပါတိမောက် ပါဠိကို ဆိုသတည်း၊ ဥဒ္ဒေသ-ဆိုသည်ကား သံဃာ့အလယ်၌ ထိုပါတိမောက် ပါဠိကို ရွတ်ဆိုဘော်ပြမှုကို ဆိုသတည်း။

www.dhammaransi.com



**၅၀၀။ နိဒါန်း,ပါရာဇိ၊ သံဃာဒိ၊ အနိ,ဝိတ္ထာရာ။**

**၅၀၁။ ပါတိမောက်သုတ်၊ ငါးခဏ်းထုတ်၊ သရုပ်ဘော်ပြရာ။**

**၅၀၂။ အကျဉ်း,အကျယ်၊ သုတ္တုဒ်ငယ်၊ ငါးသွယ်အပြားလာ။**

**ဥဒ္ဒေသ ၅-မျိုး။** ။ထိုပါတိမောက် ပါဠိကို ရွတ်ဆိုဘော်ပြမှုသည် ဥဒ္ဒေသ အပိုင်းအခြား အားဖြင့်—

၁။ နိဒါနုဒ္ဒေသ,
၂။ ပါရာဇိကုဒ္ဒေသ,
၃။ သံဃာဒိသေသုဒ္ဒေသ,
၄။ အနိယတုဒ္ဒေသ,
၅။ ဝိတ္ထာရုဒ္ဒေသ-ဟူ၍ သုတ္တုဒ္ဒေသ အပြား ၅-ပါးရှိ၏။

**၅၀၃။ မီး,မင်း,ခိုးသူ၊ မိုယ်းရေ,လူ၊ ဘီလူး,သားရဲ,မြွေ။**

**၅၀၄။ အသက်,ဗြဟ္မ၊ စရိယ၊ ဒသအန္တရေ။**

အန္တရာယ် ၁၀-ပါး၊ မီးအန္တရာယ်စသည် ဆိုလေ။

**၅၀၅။ အချင်းချင်းကြား၊ သံဃာကြား၊ နှစ်ပါး ပါရိမှာ။**

**အဓိပ္ပါယ်။** ။ပါရိသုဒ္ဓိဥပုသ်မှာ အချင်းချင်း လျှောက်ကြားသော ပါရိသုဒ္ဓိ,သံဃာထံမှာ လျှောက်ကြားသော ပါရိသုဒ္ဓိ-ဟူ၍ ၂-ပါးရှိ၏။

**၅၀၆။ နှစ်ပါး,သုံးပါး၊ ချင်းချင်းကြား၊ နည်းများသံဃာမှာ။**

**ပါရိသုဒ္ဓိဥပုသ် ၂-မျိုး။** ၁။ သိမ်အပြင်၌ ၂-ပါးသာရှိ၍ ၂-ပါး အချင်းချင်းကြားသော ပါရိသုဒ္ဓိ,
၂။ ၃-ပါးသာရှိ၍ ၃-ပါး အချင်းချင်း ကြားသော ပါရိသုဒ္ဓိ-ဟူ၍ အချင်းချင်းကြား ၂-မျိုးရှိ၏။

သံဃဥပုသ်,သံဃပဝါရဏာပြုပြီး၍ သိမ်အပြင်၌ ရှိနေကြသော သံဃာ့အထံမှာနောက်မှရောက်လာသော ရဟန်းတို့က လျှောက်ကြားရသော သံဃာကြား ပါရိသုဒ္ဓိမှာမူကား နောက်မှ ရောက်လာသော ရဟန်း အနည်း,အများသို့လိုက်၍ ၁-ပါး, ၂-ပါးစသည် အနည်းလည်း ရှိ၏၊ ၁-ကျိပ်, ၂-ကျိပ်စသည် အများလည်းရှိ၏။

www.dhammaransi.com



၅၀၇။ ဓမ္မာ,ဓမ္မ၊သမဂ္ဂ၊ဝဂ္ဂ-လေးမျိုးဖြာ။

ဥပုသ်ကံ ၄-မျိုး။ ။ဥပုသ်ကံသည်—

၁။ အဓမ္မဝဂ္ဂကံ,

၂။ အဓမ္မသမဂ္ဂကံ,

၃။ ဓမ္မဝဂ္ဂကံ,

၄။ ဓမ္မသမဂ္ဂကံ-ဟူ၍ ၄-ပါးရှိ၏။ ။အကျယ်ကို ပါဠိတော်၌ ကြည့်လေ။

ဥပုသ်အပြားပြီး၏။

---

## ပဝါရဏာအပြား

၅၀၈။ သံဃ,ဂဏ၊ပုဂ္ဂလ၊သုံးဝပဝါရဏာ။

သံဃ ပဝါရဏာ၊ဂဏ ပဝါရဏာ၊ပုဂ္ဂလ ပဝါရဏာ၊ ၃-မျိုး။

၅၀၉။ တေး, ဒွေး, ဧက၊ ဝါစိကနှင့်၊ သမာနဝဿံ၊ ဤလေးတန်၊ ဆိုဟန်ပြားသည်သာ။

ပဝါရဏာ ၃-ပါး, ၄-ပါး။ ၁။ တေဝါစိကပဝါရဏာ,

၂။ ဒွေဝါစိကပဝါရဏာ,

၃။ ဧကဝါစိကပဝါရဏာ,

၄။ သမာနဝဿိကပဝါရဏာ-ဟူ၍ ရွတ်ဆိုဟန် အခြင်းအရာ အားဖြင့် ၄-ပါး၊ သမာနဝဿိကကို အခြားယူခဲ့လျှင် ၃-ပါး ဖြစ်၏။

**တေဝါစိက။** ။သိမ်အပြင်တွင် ပဝါရဏာပြုသံဃာ တရာအရေအတွက်ရှိရာ၌“သံဃံ ဘန္တေ ပဝါရေမိ”အစရှိသောစကားကို ၃-ကြိမ်စီဆို၍ ၁-ပါးချင်းပြုသည်ကို တေဝါစိက ပဝါရဏာဆိုသည်။

**ဒွေဝါစိက။** ။အန္တရာယ်ရှိလာ၍ ၃-ကြိမ်စီ ဆိုခွင့်မရရာ၌ ၂-ကြိမ်စီဆို၍ပြုသည်ကို ဒွေဝါစိက ပဝါရဏာဆိုသည်။

**ဧကဝါစိက။** ။၂-ကြိမ်စီမှ ဆိုခွင့်မရရာ၌ ၁-ကြိမ်စီဆို၍ ပြုသည်ကို ဧကဝါစိကပဝါရဏာ ဆိုသည်။

www.dhammaransi.com



**သမာနဝဿိက**။ ။အန္တရာယ်အတွက် အသီးသီး ၁-ပါးချင်းဆိုခွင့် မရရာ၌ ဝါတူချင်းပေါင်း၍ ၁၀-ပါးတတွဲ,၅-ပါးတတွဲ စသည်ဖြင့်ဆို၍ပြုသည်ကို သမာနဝဿိကပဝါရဏာ ဆိုသည်၊ ဥတ်ထားပုံ အသီးသီး ရှိသည်။

**၅၁၀။ တေး, ဒွေး, ကေ၊ သမာန၊ သံဃပဝါရဏာ။**

**အဓိပ္ပါယ်**။ ။ဤတေဝါစိက စသည် ၄-ပါးကား သံဃပဝါရဏာ ချည်းတည်း။

**၅၁၁။ စာတုဒ္ဒသီ, ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီနေ့တွက်မှာ။**

**အဓိပ္ပါယ်**။ ။ပဝါရဏာနေ့ ပြားသည်အတွက် စာတုဒ္ဒသီပဝါရဏာ စသည် ၃-လီပြား။ ။ထိုနေ့စုကိုလည်း သီတင်းကျွတ်လဆန်း ၁၄-ရက်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်း၌သာမှတ်။

**၅၁၂။ နှစ်, သုံး, လေးပါး၊ ဂဏထား၊ ငါးပါးသံဃာသာ။**

**အဓိပ္ပါယ်**။ ။ပဝါရဏာကံ၌ ရဟန်း ၂-ပါး, ၃-ပါး, ၄-ပါး သည် ဂဏပဝါရဏာမည်၏၊ ရဟန်း ၅-ပါးရှိမှ သံဃပဝါရဏာခေါ်သည်။

**၅၁၃။ အကြွင်းဆိုဘွယ်၊ ဥပုသ်နှယ်၊ သွယ်သွယ်ခွဲစိတ်ဖြာ။**

**အဓိပ္ပါယ်**။ ။ဥပုသ်,ပဝါရဏာ ပြုပြီးသော သံဃာအများ ထံ၌ နောက်မှရောက်လာသော ရဟန်းအနည်း,အများတို့ လျှောက်ကြားရသော အစီအရင် ဆိုဘွယ်အသွယ်သွယ်မှာ ဥပုသ်ခဏ်း၌ကဲ့သို့ ခွဲစိတ်ဖြာရာ၏။

ပဝါရဏာအပြား ပြီး၏။

---

## ဥပုသ်-ပဝါရဏာပြုပုံ

**၅၁၄။ တပါးတည်းသာ၊ နေသူမှာ၊ ပြုပါအဓိဋ္ဌာန်။**

**အဓိပ္ပါယ်**။ ။ကျောင်းတိုက်တခု၌ တပါးတည်းရှိနေသော ရဟန်း သည် အဓိဋ္ဌာန်-ဟူသော ပုဂ္ဂလဥပုသ်ကိုပြု။ ။ထိုပုဂ္ဂိုလ်သည် ဥပုသ် နေ့၌ သိမ်အပြင်၌ တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏ ၄-ပါးကို

www.dhammaransi.com



ပြ၍ အဘော်သံဃာများကို စောင့်စားရဦးမည်၊ အဘော်သံဃာ လာသူမရှိပြီ-ဟု စိတ်ချရမှ အဓိဋ္ဌာန်ဉပုသ်ကိုပြုရသည်။

စာတုဒ္ဒသီနေ့ဖြစ်အံ့–

"အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ"။

ပန္နရသီနေ့ဖြစ်အံ့–

"အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ"ဟု ၃-ကြိမ်ဆို။

ပဝါရဏာမှာလည်း ထိုနည်းတူ။

"အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ၊ အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ"။ ။ပုဂ္ဂလ အဓိဋ္ဌာန် ဉပုသ် ပြုနည်းပြီး၏။

**၅၁၅။ နှစ်ယောက်မူကား၊ ဥတ်မထား၊ သုံးပါးဥတ္တိကံ။**

**အဓိပ္ပါယ်။** ။၂-ပါးသာရှိသော တိုက်တာဖြစ်အံ့၊ ပုဗ္ဗကရဏ ၄-ပါးကိုပြု၍ ပါရိသုဒ္ဓိဉပုသ်ပြု၊ သိမ်၌တည်၍ ဒေသနာကြားပြီးလျှင် သိတင်းကြီး, သိတင်းငယ် အစဉ်အတိုင်း ပါရိသုဒ္ဓိကြား။

(က) "ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေ-ဟိ။

(ခ) ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ"။ [အကျွန်ုပ်ကို အာပတ်မှ စယ်ကြယ်သောသူ-ဟူ၍ မှတ်တော်မူပါ ဆိုလိုသည်။]

တပါးပုဂ္ဂိုလ်က"သာဓု သာဓု" ဆို။ ။၂-ပါးပြီး၏။

၃-ပါးရှိသော တိုက်တာဖြစ်အံ့၊ ဥတ်ထား၍ပြု။

**ဥတ်ထားပုံ။** ။"သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော စာတုဒ္ဒသော၊ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိ ဥပေါသထံ ကရေယျာမ"။ [ဥတ်]။ ။ပြီးမှ ထေရ်စဉ်အတိုင်းဆို။

**ဆိုပုံ။** ။"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေ-ထ"၊ ၃-ကြိမ်ဆို။

www.dhammaransi.com



၂-ပါးတို့က ''သာဓု သာဓု''ဆို၊ အချင်းချင်းကြား ပါရိသုဒ္ဓိဥပုသ် ပြီး၏။

**သံဃာကြား ပါရိသုဒ္ဓိ။** ။သံဃာကြား ပါရိသုဒ္ဓိ၌ မဟာသိမ်ဖြစ်သောတိုက်၌ သံဃာ့ဥပုသ်ပြုကြရာ အချို့သောရဟန်းတို့သည် ကိစ္စ တပါးရှိ၍ တိုက်ပသို့သွားကြရာ တိုက်တွင်းရှိသံဃာတို့ သံဃာ့ဥပုသ် ပြုကြ၍ ပြီးဆုံးမှ ရောက်လာကြကုန်၏၊ ပြီးနှင့်သော သံဃာအရေအတွက်ထက်လည်း မိမိတို့က ရဟန်းအရေအတွက် မပိုကြကုန်သည်ဖြစ်အံ့၊ နောက်လာ သံဃာ တရာပင် ဖြစ်သော်လည်း ပြီးနှင့်သော သံဃာတို့ထံ၌ ပါရိသုဒ္ဓိကိုကြား၍ ပါရိသုဒ္ဓိဥပုသ်ကိုသာ ပြုကြရ၏။

''ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ပရိသုဒ္ဓေါတိ မံ ဓာရေထ''-ဟု အသီးသီး ဆိုရမည်။

နောက်လာသော ရဟန်းတို့သည် အရပ်တပါးက လာကြသော အာဂန္တု ပုဂ္ဂိုလ်တို့ ဖြစ်လျှင်လည်း ဤနည်းအတူပင် ရှေး၌ပြဆိုခဲ့ပြီးသော သံဃာကြားပါသုဒ္ဓိအပြားတို့ကို ဤနည်းကိုမှီ၍ အကုန်သိလေ။ ။ ပါရိသုဒ္ဓိဥပုသ်ပြုနည်းပြီး၏။

**၃၁၆။ ပါတိမောက္ခ၊ ရွတ်ဆိုပြ၊ သံဃာ့ဥပုသ်မှာ။**

**သံဃာ့ဥပုသ်။** ။သံဃာ့ဥပုသ်ဆိုသည်ကား-သုတ္တုဒ္ဒေသဥပုသ်တည်း၊ ပါတိမောက်ပြမှုတည်း၊ နေဝင်လျှင်တိုက်ရှိသံဃာတို့သည် ဥပုသ်အိမ်၌ စည်းဝေးကြကုန်၏၊ စည်းဝေးမိသောအခါ၌ သံဃာအစည်းအဝေးသို့ မလာနိုင်သော ဂိလာန ရဟန်း,ဗဟုကိစ္စ ရဟန်းတို့သည် ဝိနည်းအရာ၌ လိမ်မာသော ရဟန်းတို့ထံ၌ ဒေသနာကြားပြီးမှ ဆန္ဒပေးခြင်း,ပါရိသုဒ္ဓိ ပေးခြင်းတို့ကို ပြုကြရကုန်၏၊ ထိုရဟန်းတို့သည်လည်း ရှေး၌ပြဆိုခဲ့ပြီးသောအတိုင်း ထိုဆန္ဒပါရိသုဒ္ဓိတို့ကို ဆောင်ယူ၍ သံဃာ့ဘောင် ၂-တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ဝင်ကြကုန်၍ မိမိတို့ဆောင်ယူလာခဲ့သော ဆန္ဒပါရိသုဒ္ဓိတို့ကိုရှေး၌ ပြဆိုခဲ့ပြီးသောအတိုင်း သံဃာတို့အား လျှောက်ကြားကြရကုန်၏။

ထိုနောက် အဋ္ဌကထာနည်းအားဖြင့် ဥတု,မာသ,ပက္ခ တိထိတို့ကိုငင်း, သိမ်အပြင်၌ရှိသော သံဃာအရေအတွက်ကိုငင်း, ဘိက္ခုနီတို့၏ ဩဝါဒစကားကိုငင်း ကြားရာ၏။

www.dhammaransi.com



ထို့နောက်ပတ္တကလ္လအင်္ဂါ ၄-ပါးကို ကြားရာ၏။ ။သိတင်းကြီးကမေး၍ သိတင်းငယ်ကဖြေ။

အမေး။ ၁။ ''သမ္မုဋ္ဌနီ ပဒီပေါစ၊ ဥဒကံအာသနေနစ။ ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ''။

ဟူသော အဋ္ဌကထာပါဠ်လာသည်နှင့်အညီ သိမ်အပြင်၌ တံမြက်လှည်းခြင်းအစရှိသော ပုဗ္ဗကရဏအပြား ၄-ပါးရှိသည်တွင် တံမြက်လှည်းခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ။ ။ပြည့်စုံပါပြီဘုရား။

အမေး။ ။ဆီမီးထွန်းခြင်းကိစ္စပြည့်စုံပြီလော။

အဖြေ ။ပြည့်စုံပါပြီဘုရား။

အမေး။ ။သောက်ရေ, သုံးဆောင်ရေ တည်ထားခြင်း ကိစ္စ ပြည့်စုံပြီလော။

အဖြေ။ ။ပြည့်စုံပါပြီဘုရား။

အမေး။ ။နေရာခင်းခြင်းကိစ္စ ပြည့်စုံပြီလော။

အဖြေ။ ။ပြည့်စုံပါပြီဘုရား။

အမေး။ ။''ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခု ဂဏနာစ ဩဝါဒေါ။ ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ''။

ဟူသော အဋ္ဌကထာပါဠ် လာသည်နှင့်အညီ ဆန္ဒပါရိသုဒ္ဓိဆောင်ခြင်း အစရှိသော ပုဗ္ဗကိစ္စအပြား ၅-ပါး ရှိသည်တွင် ဆန္ဒပါရိသုဒ္ဓိ ဆောင်ခြင်းကိစ္စ ပြီးပြီလော။

အဖြေ။ ။မဟာသိမ်မဟုတ်၊ ခဏ္ဍသိမ်ဖြစ်၍ ဆောင်ဘွယ်ကိစ္စမရှိပါပြီဘုရား။

အမေး။ ။ယခု ရောက်ဆဲကား - အဘယ်ဥတု, အဘယ်မာသ, အဘယ်ပက္ခ, အဘယ်တိထိပေနည်း။

အဖြေ။ ။ဂိမှာနဥတု, ဝါဆိုလ, အဋ္ဌမပက္ခ, ပန္နရသီတိထိရက်စေ့ ဝါဆိုလပြည့်နေ့ဖြစ်ပါသည်ဘုရား။

www.dhammaransi.com



**အမေး။** ။ဤဂိမှာနဥတု၌ လွန်သောအဘို့ကား-အဘယ်မျှနည်း။

**အဖြေ။** ။လ အားဖြင့် ၄-လလွန်ပါပြီ၊ ပက္ခအားဖြင့် ၈-ပက္ခ လွန်ပါပြီ၊ ဤဝါဆိုလ၌ ရက်အားဖြင့် ၁၄-ရက် လွန်ပါပြီဘုရား။

**အမေး။** ။ဤဂိမှာနဥတု၌ လာလတ္တံ့သော အဘို့ကား-အဘယ် မျှနည်း။

**အဖြေ။** ။ဝါဆိုလပြည့်သည် ဂိမှာနဥတု၏ အဆုံးနေ့ဖြစ်၍ လာ လတ္တံ့သော အဘို့မရှိပါဘုရား။

**အမေး။** ။ဤသိမ်အပြင်၌ သံဃာအရေအတွက်ကား-အဘယ်မျှ နည်း။

**အဖြေ။** ။ဤသိမ်အပြင်၌ သံဃာအရေအတွက် မည်မျှရှိပါသည် ဘုရား။

**အမေး။** ။ဘိက္ခုနီမတို့က တောင်းပန်ကြသော ဩဝါဒကိစ္စပြီးပြေ ကြပြီလော။

**အဖြေ။** ။ဘိက္ခုနီမတို့မရှိကြသောအခါဖြစ်၍ ကြောင့်ကြစိုက်ဘွယ် မရှိ၊ ပြီးပြေပါပြီဘုရား။

**အမေး။** ။''ဥပေါသထော ယာဝတိကာစ ဘိက္ခူကမ္မပတ္တာ၊ သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ၊ ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ နဟောန္တိ၊ ပတ္တကလ္လန္တိဝုစ္စတိ''။

ဟူသော အဋ္ဌကထာပါဌ်လာသည်နှင့်အညီ ယခုပြုကြလတ္တံ့သော ဥပုသ်ကံသည် ဥပုသ်နေ့ ၃-ပါးတို့တွင်—

၁။ တပါးပါး ကြိမ်ကြိုက်ခြင်း,

၂။ ဥက္ခိတ္တက အန္တိမ မဟုတ်၊ အယုတ်ဆုံး အားဖြင့် ၄-ပါးသော ပကတတ်ရဟန်းတို့သည် အချင်းချင်း ဟတ္ထပါသ်ကို မစွန့်မူ၍ တခုသော သိမ်အပြင်၌ တည်ခြင်း,

၃။ ဝတ္ထုသဘောတူသော အာပတ်မှ စင်ကြယ်ကြခြင်း,

www.dhammaransi.com



၄။ သံဃာ့ဟတ္ထပါသ် တွင်း၌ နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိခြင်း–ဟူသော ပတ္တကလ္လ အင်္ဂါ ၄-ပါးနှင့် ညီညွတ်ပါ၏လော။

**အဖြေ။** ။ညီညွတ်ပါသည်ဘုရား။ ။မေးခဏ်း, ဖြေခဏ်းပြီး၏။ ထို့နောက် ပါတိမောက်ပြစေရန် တောင်းပန်ရာ၏။

**၅၁၇။ နှစ်ဥဒ္ဒေသ၊ ထေရ်ကြီးရ၊ ထေရပိုင်သည်သာ။**

**အဓိပ္ပါယ်။** ။သံဃထေရ်ကြီးသည် အစ၌ ၂-ဥဒ္ဒေသမျှပင် ကျေပွန်စွာရပေသည်ဖြစ်အံ့၊ ထိုဥပုသ်ကံကို သံဃထေရ်ကြီးပိုင်၏။

**၅၁၈။ ပြလိုပြမှု၊ တိုက်တွန်းမှု၊ ပြုထိုက်တော့သည်သာ။**

ပိုင်၏-ဆိုသည်ကား မိမိပင်ပြလိုလျှင် ပြရ၏၊သူတပါးကို တိုက်တွန်းလိုလျှင် တိုက်တွန်းရ၏၊ ဤသို့ သံဃထေရ်ကြီး ကျေပွန်စွာရသည်ကို သိကြသည်ရှိသော် သံဃထေရ်ကြီးကိုပင် တောင်းပန်ရမည်။

''သံဃော ဘန္တေ ထေရံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ ထေရော ပါတိမောက္ခံ''စွမ်းနိုင်သောရဟန်း ၁-ပါးက ၃-ကြိမ် တောင်းပန်။

သံဃော၊ သည်။ ထေရံ၊ ကို။ အဇ္ဈေသတိ၊ တောင်းပန်၏။ ထေရော၊ သည်။ ပါတိမောက္ခံ၊ ကို။ ဥဒ္ဒိသတု၊ ရွတ်ဆိုတော်ပြပါလော့။

ထိုအခါ သံဃထေရ်ကြီးသည်–

''ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာ ပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ''

ဟု ရွတ်ဆိုပြီးလျှင် ''သုဏာတု မေ အာဝုသော သံဃော'' စသည်ဖြင့် ဥတ်ထား၍–''ကိံ သံဃဿ ပုဗ္ဗကိစ္စံ''စသည်ဖြင့်ရွတ်ဆို၍ ပါတိမောက်ပြရာ၏။

**၅၁၉။ နှစ်ဥဒ္ဒေသ၊မရက၊ရသူပိုင်သည်သာ။**

**အဓိပ္ပါယ်။** ။သံဃထေရ်ကြီးသည် ၂-ဥဒ္ဒေသမျှ မရခဲ့အံ့၊ ထေရ်ငယ်များကရခဲ့အံ့၊ ရသူပိုင်၏၊ ရသောရဟန်းကို တိုက်တွန်းရ၏။

www.dhammaransi.com



"သံဃော ဘန္တေ အာယသ္မန္တံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ ပါတိမောက္ခံ"။ ။ ၃-ကြိမ်ဆို။

ထို့နောက် ပါတိမောက်ပြဆရာသည် "ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ ။လ။ကရောမ"-ဟု ရွတ်ဆို၍–

"သုဏာတု မေ ဘန္တေ သံဃော" စသည်ဖြင့် ဥတ်ကိုရွတ်ဆိုပြီးမှ "ကိံ သံဃဿ" စသော ပါတိမောက်ပါဠိကို ပြဆိုရမည်။

**၅၂၀။ အန္တရာယ်ကင်းပ၊ အကျယ်ရ၊ ပြပေအကျယ်သာ။**

**အဓိပ္ပါယ်။** ။အန္တရာယ် ၁၀-ပါးတွင် တပါးပါးမျှ မရှိခဲ့သော်ငြား, ပြသောဆရာက ၅-ဥဒ္ဒေသ စောင်လုံးရခဲ့သော်ငြား ၅-ဥဒ္ဒေသလုံး ရွတ်ဆို၍ အကျယ်သာ ပြရာ၏။

**၅၂၁။ အန္တရာယ်နှင့်၊ အကျယ်မရ၊ အကျဉ်းမျှ၊ ပြနည်းတွေတွေလာ။**

**၅၂၂။ ကြွင်းကျန်သမျှ၊ ဥဒ္ဒေသ၊ သုတ–သိမ်းမြဲသာ။**

**အဓိပ္ပါယ်။** ။အန္တရာယ် တပါးပါး ရှိလာခဲ့သော်ငြား, အကျယ် မရခဲ့သော်ငြား အကျဉ်းပြရာ၏၊ထိုအကျဉ်းပြနည်းသည် ဥဒ္ဒေသအပြား သို့လိုက်၍ အတွေတွေရှိ၏၊ ချောမောစွာရသော ဥဒ္ဒေသကို ရွတ်ဆို ဘော်ပြပြီးနောက်ကြွင်းကျန်သော ဥဒ္ဒေသတို့ကိုသုတ-သဒ္ဒါဖြင့် သိမ်းမြဲ ဖြစ်၏။

၂-ဥဒ္ဒေသမျှကိုသာ သံဃထေရ်ပြရာ၌ "ကိံ သံဃဿ ပုဗ္ဗကိစ္စံ"မှ စ၍"ပါရာဇိကုဒ္ဒေသော ဒုတိယော"တိုင်အောင် ၂-ဥဒ္ဒေသကိုပြီးပြင် စွာ ရွတ်ဆိုပြီးလျှင် ကြွင်းကျန်သော သံဃာဒိသေသုဒ္ဒေသ, အနိယ တုဒ္ဒေသ, တိံသနိဿဂ္ဂိယ-စသည်တို့ကို သုတ-သဒ္ဒါဖြင့် သိမ်းရမည်။

**သိမ်းပုံကား။** ။"ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ၊
ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ"

ဟု ဆိုပြီးလျှင်–

"သုတာ ခေါပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ။
သုတာ ဒွေ အနိယတာ ဓမ္မာ။
သုတာ တိံသနိဿဂ္ဂိယာ ဓမ္မာ။

www.dhammaransi.com



သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။
သုတာ စတ္တာရော ပါဋိဒေသနိယာ ဓမ္မာ။
သုတာ သေခိယာဓမ္မာ။
သုတာ သတ္တအဓိကရဏသမထာ ဓမ္မာ။
ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္ဝဍ္ဎမာ-သံ ဥဒ္ဒေသံ အာဂစ္ဆတိ၊တတ္ထသဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေ-ဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ''ဟု ရွတ်ဆို၍အဆုံးသတ်ရမည်။

တဥဒ္ဒေသမျှသာ ရသော သိတင်းငယ် ပြုရာ၌ နိဒါနုဒ္ဒေသော ပဌမော-ဆိုလျှင် ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော နိဒါနံ-ဟု ဆိုပြီးမှ—

''သုတာ ခေါပနာယသ္မန္တေဟိ စတ္တာရော ပါရာဇိကာဓမ္မာ၊ သုတာ တေရသသံဃာဒိသေသာ ဓမ္မာ။လ။ သိက္ခိတဗ္ဗန္တိ''ဟုရွတ်ဆို၍ အဆုံး သတ်ရမည်။

ပါတိမောက် ရွတ်ဆို၍ပြီးလျှင် ထိုပရိသတ်မှာ ပါရှိသော အလုံးစုံ သော ရဟန်းသံဃာအား ဥပုသ်ပြုခြင်းကိစ္စပြီးလေ၏။ ။ဥပုသ်ပြုပုံအ ပြားပြီး၏။

ပဝါရဏာပြုရာ၌ ပုဗ္ဗကရဏ,ပုဗ္ဗကိစ္စ,ပတ္တကလ္လတို့မှာ ဥပုသ်၌ပြ ဆိုခဲ့ပြီးသောအတိုင်းပင်။
ဥပေါသထဿ တောနိ-၌ ပဝါရဏာယ တောနိ-ဟုဆို။
ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ-၌ ဆန္ဒပဝါရဏာ ဥတုက္ခာနံ-
ဥပေါသထော ယာဝတိကာ-၌ ပဝါရဏာ ယာဝတိကာ-
ပါတိမောက္ခံ ဥဒ္ဒိသိတုံ-၌ ပဝါရေတုံ။
အဇ္ဇုပေါသထော ပန္နရသော-၌ အဇ္ဇ ပဝါရဏာ ပန္နရသီ-ဟု ပြင်၍ဆိုလေ။

၂-ယောက်ပြုရာ၌ ဉတ်ထားဖွယ်မရှိ၊ အချင်းချင်းသာ ဘိတ်ကြား ရသည်။

**ဘိတ်ကြားပုံ**။ ''အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေန ဝါ ပရိသင်္ကာယဝါ၊ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ။ဒုတိယမ္ပိ, တတိယမ္ပိ'' သိတင်းကြီး ၃-ကြိမ်ဆို။

www.dhammaransi.com



သီတင်းငယ်က-“သာဓု သာဓု”ဆို၊ သီတင်းငယ်မှာ အာဝုသော နေရာ၌ ဘန္တေ-ဆို။ ။၃-ယောက်ပြုရာ၌ ဉတ်ထား။

**ဉတ်ထားပုံ။** ။“သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ ယသ္မန္တာနံ ပတ္တကလ္လံ၊မယံ အညမညံ ပဝါရေယျာမ”။ [ဉတ်။] ထို့နောက်ထေရ်စဉ်အတိုင်းပြု။

**ဘိတ်ကြားပုံ။** ။“အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။ ။ဒုတိယမ္ပိ, တတိယမ္ပိ။ ။ “သာဓု သာဓု”။

၄-ယောက်ပြုရာ၌လည်း ထိုနည်းအတိုင်းပင်၊အာယသ္မန္တာ-နေရာ၌ အာယသ္မန္တော-ဟု ဩ-နှင့်လာ၏။

၅-ယောက်ဖြစ်ခဲ့လျှင် သံဃပဝါရဏာပြု။

**သံဃဉတ်။** ။“သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ”။ [သာမညဉတ်။] တေဝါစိကစသည်ပြုလိုရာနှင့် ဆက်ဆံ၏။

သံဃော တေဝါစိကံ ပဝါရေယျ”။ [တေဝါစိက ဉတ်။]တပါးချင်း ဒုတိယမ္ပိ,တတိယမ္ပိ-တိုင်အောင် ၃-ကြိမ်စီဆို၍သာ ပြုရသည်။

အန္တရာယ်ရှိခဲ့သော် အန္တရာယ်ကိုထောက်၍–

“ဒွေဝါစိကံ ပဝါရေယျ။

ဧကဝါစိကံ ပဝါရေယျ။

သမာနဝဿိကံ ပဝါရေယျ”ဟု လျော်ရာဉတ်ကိုထား။

ဒွေဝါစိက-ဟု ဉတ်ထားလျှင် တပါးချင်း ဒုတိယမ္ပိ-တိုင်ရုံ ၂-ကြိမ်စီသာပြု။

ဧကဝါစိကံ-ဟုဉတ်ထားလျှင် တပါး တကြိမ်စီသာပြု။

သမာနဝဿိကံ-ဟု ဉတ်ထားခဲ့လျှင် ဝါတူချင်းပေါင်း၍ ၃-ကြိမ်စီ။

“သံဃံ အာဝုသော ပဝါရေမိ”။ ။သံဃထေရ်ကြီး။

“သံဃံ ဘန္တေ ပဝါရေမိ”။ ။ကြွင်းသောသံဃာစု။

ဝဒန္တု မံ အာယသ္မန္တော ကား-အကြီး,အငယ်မခြားရ။

www.dhammaransi.com



သာမဂ္ဂီဥပုသ်, သာမဂ္ဂီပဝါရဏာတို့ကိုမူကား တိုက်တာအတွင်း၌ အမိကရုဏ်းကြီးစွာဖြစ်နေ၍ ဥပုသ်,ပဝါရဏာပင် မပြုဘဲ နေကြရသောတိုက်တာ၌ အမိကရုဏ်းပြေငြိမ်းသောနေ့မှာ ထိုဥပုသ် ထိုပဝါရဏာတို့ကို ပြုကြရကုန်၏။

**မှတ်ချက်။** ။ထိုတွင် ဥပုသ်မှာ တနှစ်လုံးအတွင်း၌ ပကတိဥပုသ်နေ့တို့ကို ချန်လှပ်၍ကြွင်းသောနေ့တို့၌ ဘယ်နေ့မှာမဆို အမိကရုဏ်းပြေငြိမ်းရာနေ့၌ပြုရာ၏၊ သာမဂ္ဂီပဝါရဏာမှာ သီတင်းကျွတ်လဆုတ် ၁-ရက်မှစ၍ တန်ဆောင်မုန်းလပြည့်အတွင်း၌ စာတုဒ္ဒသီ,ပန္နရသီနေ့တို့ကိုချန်လှပ်၍ ကြွင်းသောနေ့တို့၌ပြုအပ်၏၊ရဟန်းဖြစ်ပါလျက် ဥပုသ်ပဝါရဏာမှုများ၌ မလိမ်မာခဲ့သော် အလွန်ရှက်ဘွယ် ကောင်းလှ၏၊ ထိုကြောင့် ဥပုသ်,ပဝါရဏာတို့၌ အတန်ငယ်ကျယ်၍ သွားပေသည်။

ဥပုသ်-ပဝါရဏာ ပြုပုံပြီး၏။

---

## ဝါဆိုခဏ်း

**၅၂၃။ ပုရိမိကာ၊ ပစ္ဆိမာ၊ နှစ်ဖြာ ဝါကပ်နည်း။**

**၅၂၄။ ဝါနှစ်လတွင်၊ လဆုတ်တရက်၊ ဝါကပ်ရက်၊ နှစ်ချက်စဉ်တိုင်းတည်း။**

**အဓိပ္ပါယ်။** ။ပုရိမိကာ ဝါကပ်ခြင်း, ပစ္ဆိမိကာ ဝါကပ်ခြင်း-ဟူ၍ ဝါကပ်ခြင်း ၂-ပါးရှိ၏၊ ဝါဆို,ဝါခေါင် ၂-လသည် ဝါကပ်လမည်၏၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့,ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့၊ဤ၂-ရက်တို့သည် အစဉ်အတိုင်း ပုရိမ,ပစ္ဆိမ ၂-ချက် ဝါကပ်ရက်တည်း။

**၅၂၅။ ဝါထပ်ကြုံတွေ့၊တလရွေ့၊ရွေ့သို့တိုးသတည်း။**

**အဓိပ္ပါယ်။** ။ဝါထပ်သည့် နှစ်ဖြစ်ခဲ့သော်တလရွေ့၏၊ နောက်ဝါဆိုလဆုတ် ၁-ရက်နေ့၌ ပုရိမဝါ၊ဝါခေါင်လဆုတ် ၁-ရက်နေ့၌ ပစ္ဆိမဝါကပ်ရသည်။ ။ဝါထပ်ရက်ငင်မှုမည်သည် မင်းစိုးရာဇာတို့နှင့်စပ်၏။

ထိုကြောင့် "အနုဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ" ဟူ၍ ဟောတော်မူသည်။

www.dhammaransi.com



မင်းစိုးရာဇာတို့က နိုင်ငံအဝှမ်းနှင့်တကွ ယခုနှစ် ဝါထပ်ရမည်-ဟု ပြဋ္ဌာန်းခဲ့လျှင် ရဟန်း သံဃာတော်တို့ကလည်း ထပ်ကြရမည်၊ မင်းစိုး ရာဇာတို့က ဝါထပ်မှုမရှိခဲ့လျှင် ရဟန်း သံဃာတော်တို့ကလည်း ဝါထပ် မှုမပြုရ-ဟုလိုသည်။

မင်းစိုးရာဇာတို့က ဝါမထပ်သောနှစ်မှာ အချို့သော ရဟန်း သံဃာတော်တို့က မိမိတို့အလိုနှင့် ဝါထပ်ငြားအံ့၊ ဝါဆို ဝါကပ်နှင့်စပ် သော ပညတ်တော်တို့သည် ယခင်ပါဠိတော်နှင့်အညီ ထိုနှစ်အတွင်းမှာ မင်းစိုးရာဇာတို့၏ ဥတု,မာသ,ပက္ခ,တိထိ,ဝေါဟာရသို့သာ အစဉ်လိုက် ကြကုန်ရာ၏၊ ထိုရဟန်း သံဃာတော်တို့၏ ဝေါဟာရသို့ မလိုက်ကြ ကုန်ရာ၊ အဘယ့်ကြောင့်နည်း-ဟူမူကား ရာဇာပဓာန အရာမျိုးဖြစ် သောကြောင့်တည်း၊ မင်းစိုးရာဇာတို့က လွှဲအပ်မှုမရှိဘဲ မိမိတို့အလိုအ လျောက် ဗေဒင်ကိန်းခန်းအတွက်နှင့် ဝါထပ်ရက်ငင်မှုကို ပြုခြင်းငှာမ ထိုက်။

### ၅၂၆။ လှည်း,လှေ,နှစ်ဖြာ၊နွားခြံမှာ၊ဝါကပ်ရသည်ချည်း။

**အဋ္ဌကထာ။** ။လမ်းခရီးသွားဆဲဖြစ်သော လှည်းဝိုင်း, သွားဆဲဖြစ် သော လှေ, သင်္ဘော, နွားကျောင်းသားတို့နေရာ နွားခြံဌာနတို့၌လည်း ဝါကပ်ရ၏။

### ၅၂၇။ ရွာ၌ကပ်ရာ၊ ရွာသွားရာ၊ မကွာလိုက်သတည်း။

**အဋ္ဌကထာ။** ။ရွာ၌ဝါကပ်ပြီးမှ တစုံတခုသော ဘေးရန်ကြောင့် ဝါတွင်းမှာပင် ဌာနတပါးသို့ ထိုရွာပြောင်းရွှေ့၍ သွားခဲ့သော် ရဟန်း သည်လည်း ထိုရွာသွားရာသို့လိုက်၍ နေရ၏၊ ဝါမပျက်။

### ၅၂၈။ ဝစီဘေဒ၊အာလယ၊၂ဃဝါကပ်နည်း။

**အဋ္ဌကထာ။** ။ဝါကပ်နည်းသည် ဝစီဘေဒကမြွက်ဆို၍ ကပ်နည်း, စိတ်သုပ္ပါဒ အာလယမျှပြု၍ ကပ်နည်း-ဟူ၍ ၂-ပါးရှိ၏။

### ၅၂၉။ စကားပြည့်စုံ၊မပြည့်စုံ၊နှစ်ပုံနှုတ်မြွက်နည်း။

**အဋ္ဌကထာ။** က။ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" စကားပြည့်စုံနည်း။

www.dhammaransi.com



၁။ ဝိဟာရ,တေမာသ-သဒ္ဒါ မပါစေ၍''ဣမ ဝဿံ ဥပေမိ'' မျှဆို၍ ကပ်သည်ကား-စကားမပြည့်စုံ နည်း။

မှတ်ချက်။ ၁။ အမိုးနှင့်ပြည့်စုံခြင်း,
၂။ အကာနှင့်ပြည့်စုံခြင်း,
၃။ တံခါးအိမ်, တံခါးဘွဲ့,တံခါးရွက်နှင့် ပြည့်စုံခြင်း,
၄။ ဝါတွင်း ၃-လ အမြဲနေရန် ကျောင်းဖြစ်ခြင်း၊ ဤ အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ကျောင်းမျိုး၌သာ ပြည့်စုံသော ဝစီဘေဒကိုမြွက်ဆို၍ ကပ်ရမည်။

ကျောင်းမဟုတ်သော ခရီးသွားဆဲ လှည်း, လှေ, သင်္ဘောတို့မှာ အမိုးအကာ တံခါးတို့နှင့်တကွ ယာယီကုဋိပြုလုပ်၍ ဝါကပ်ရာ၌ ''ဣမ ဝဿံ ဥပေမိ'' ဤမျှသာဆို၍ ကပ်ရမည်။

ထိုကဲ့သို့သော ကုဋိကိုမျှမရခဲ့သော် လှည်း, လှေ, အမိုးတွင်းသို့ဝင်၍ ''ဣမ ဝဿံ ဝသိဿာမိ''-ဟု စိတ္တုပ္ပါဒအာလယမျှကိုပြု၍ ကပ်ရသည်။ ။ကျောင်းမဟုတ်သောကြောင့် ဝိဟာရ-သဒ္ဒါကို မဆိုရ။

လှည်း, လှေ, သင်္ဘောတို့၌ ဝါဆို၍ လိုက်သွားရာ ဝါတွင်းမှာပင် မိမိအလိုရှိရာ ရပ်ရွာသို့ ရောက်ခဲ့လျှင် ဆင်း၍နေရစ်ရ၏၊ ထိုရွာမှာ ဝါကျွတ်စေရ၏၊ ထို့ကြောင့် တေမာသံ-သဒ္ဒါကို မဆိုရ၊ လှည်း, လှေ, သင်္ဘောတို့၌ပင် ဝါကျွတ်သည်တိုင်အောင် နေရလိမ့်မည် ဖြစ်လျှင် တေမာသံ-သဒ္ဒါကို ဆိုသင့်ရာ၏။

အင်္ဂါနှင့် ပြည့်စုံသော ကျောင်းမှာကပ်ရာ၌ နှုတ်မြွက်၍ မဆိုမိသော်လည်း ဤကျောင်း၌ ၃-လပတ်လုံး ငါနေမည်-ဟု စိတ်ဖြစ်ခဲ့လျှင် ဝါကပ်ခြင်း မြောက်ပါ၏။

## ၅၃၀။ ဝဿ,ရတ္တိ၊ ဆေဒနိ၊ ကြောင်းရှိအသီးသီး။

**အဓိပ္ပါယ်။** ။ဝဿစ္ဆေဒအကြောင်း, ရတ္တိစ္ဆေဒအကြောင်း အသီးသီး ရှိသည်။ ။ဝဿစ္ဆေဒ-ဆိုသည်ကား ကပ်ဆိုပြီးသော ဝါကို ဖျက်ဆီးမှုတည်း၊ ရတ္တိစ္ဆေဒ-ဆိုသည်ကား-သတ္တာဟဆောင်၍ သွားမှုတည်း။

www.dhammaransi.com



### ၅၃၈။ သုံးဆဲ့နှစ်သာ၊ ပါဠိလာ၊ ဝါပြတ်အကြောင်းတည်း။

**အဓိပ္ပါယ်။** ။ဆိုပြီးသောဝါကို ဖျက်ထိုက်သောအကြောင်း ၃၂-ပါးရှိ၏၊ထို ၃၂-ပါးသော အကြောင်းတို့တွင် တခုခုသော အကြောင်း ရှိနေခဲ့သော် ပုရိမဝါဆိုနေ့၌ ဝါမဆိုဘဲ နေခြင်းငှာလည်းအပ်၏၊ ထို အန္တရာယ် မရှိခဲ့လျှင် ဒုတိယဝါ၌ ဆိုရ၏၊ ဒုတိယဝါ၌လည်း ထိုအန္တရာယ်ရှိခဲ့ပြန်သော် ဒုတိယဝါ၌ ဝါမဆိုဘဲလည်း နေအပ်၏။

"ကေနစိ အန္တရာယေန ပုရိမိကံ အနုပဂတေန ပစ္ဆိမိကာ ဥပဂန္တဗ္ဗာ"။ [အဋ္ဌကထာ။]

ကေနစိ အန္တရာယေန-၌ ဝဿစ္ဆေဒ အကြောင်းစုတွင် ပါဝင်သော အန္တရာယ်စုကိုဖြစ်စေ, ထိုမှတပါးသော အန္တရာယ်စုကိုဖြစ်စေ ယူ၊ အန္တရာယ် တစုံတခုရှိခဲ့လျှင် ပုရိမဝါ၌ ဝါမကပ်ဘဲနေရသည်ကို ပြဆိုသဖြင့် ဒုတိယဝါ၌လည်း ထိုအန္တရာယ်မျိုးရှိခဲ့ပြန်လျှင် မကပ်ဘဲနေရ၏-ဟူသော အနက်သည်ပြီး၏။

၃၂-ပါးသော အကြောင်းဆိုသည်ကား—

၁။ သားရဲဘေး'
၂။ မြွေကင်းဘေး,
၃။ ခိုးသူ, ဒမြဘေး,
၄။ ဘီလူး,သားဘက် ဘေး,
၅။ ဆွမ်းမပြည့်စုံခြင်း,
၆။ ကျောင်းမပြည့်စုံခြင်း,
၇။ ဆေးပစ္စည်း မပြည့်စုံခြင်း,
၈။ မိမိသပ္ပါယဖြစ်သော ဆွမ်းပစ္စည်း, ဆေးပစ္စည်းကို မရခြင်း,
၉။ ပတိရူပဖြစ်သောတကာ ဥပါသကာအလုပ်အကျွေးကိုမရခြင်း,
၁၀။ ဗြဟ္မစရိယန္တရာယ်မျိုး ၉-ပါး,
၁၁။ အရပ်တပါး၌ သံဃာကွဲပြားရန် အားထုတ်မှုကို ကြားသိရခြင်း-စသည်တို့တည်း။ ။ဤအကြောင်းစုတို့ တခုခုရှိခဲ့လျှင် ဆိုပြီးသော ဝါကိုဖြတ်၍ အရပ်တပါးသို့သွားရ၏။

www.dhammaransi.com



**၅၃၂။ ညဥ့်ပြတ်ကြောင်းကား၊ အလွန်များ၊ ထင်ရှားကျမ်းဂန်လာ။** [သိသာပြီ။]

**၅၃၃။ သီတင်းသုံးဘော်၊ မိဘသော်၊ မခေါ်သွားထိုက်ပါ။**

သီတင်းသုံးဘော် ၅-ယောက်,မိဘ ၂-ပါးတို့၌အကြောင်းရခဲ့သော် ကပ္ပိယစကားနှင့် မပင့်မခေါ်သော်လည်း ဝါပန်၍ သွားအပ်၏၊ ၇-ရက်ကို မလွန်စေမူ၍ ပြန်ရ၏။

**၅၃၄။ ထိုပြင်သေသ၊ ကြွင်းသမျှ၊ ပင့်မှသွားထိုက်ရာ။**

**၅၃၅။ ကပ္ပိယစကားပါရှိပြား၊ သွားအပ်သည်ချည်းသာ။**

**အဓိပ္ပါယ်။** ။ထို ၇-ယောက်တို့မှ ကြွင်းကျန်သောသူတို့ ဖြစ်ခဲ့ကြမူ ပင့်ခေါ်မှုရှိမှ ဝါပန်၍သွားအပ်သည်။ ။ပင့်ခေါ်ရာ၌လည်း ကပ္ပိယစကားပါရှိမှသွားအပ်သည်၊ ကပ္ပိယစကားနှင့် ပင့်ခဲ့လျှင် ဘယ်သူ့ထံသို့မဆို ဝါပန်၍သွားလျှင် သွားအပ်သည်ချည်းတည်း။

“ဣစ္ဆာမိ ဒါနဉ္စ ဒါတုံ၊ ဓမ္မဉ္စ သောတုံ၊ ဘိက္ခူ စ ပဿိတုံ”။ ကပ္ပိယစကားတည်း၊ အရှင်သံဃာတော်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူဒါန်းလိုပါသည်၊ ဟောကြားတော်မူသော တရားတော်ကိုလည်း နာခံလိုပါသည်၊ ရွှေမျက်နှာတော်ကိုလည်း ဖူးမျှော်လိုပါသည်၊ ကပ္ပိယစကား။

“အန္တောသတ္တာဟေ ပဋိနိဝတ္တေဿာမိ။ သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ”။ [ဝါပန်။]

သွားမည်ပြုသောနေ့၌ ယနေ့ပြန်ခဲ့မည်, နက်ဖြန်ပြန်ခဲ့မည်-ဟူ၍၎င်း၊ ၇-ရက်အတွင်း ပြန်ခဲ့မည်-ဟူ၍၎င်း ရှေ့အဘို့၌ နှလုံးသွင်းရှိသည်ဖြစ်အံ့၊ သွားခါနီး၌ မေ့လျော့၍ ဝါမပန်ဘဲ သွားသော်လည်း ဝါမပျက်။

ဝါပန်၍ ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း, ဘိနပ်မေ့ကျန်ခြင်း-စသည်တို့ကြောင့် တိုက်တွင်းသို့ တဘန်ပြန်ရောက်ခဲ့သော် ပန်ပြီးဝါပျက်၏၊ ထိုကဲ့သို့ ပြန်ဝင်မိသည်ရှိသော် သည်နေ့၌မသွားရပြီ၊ တိုက်တွင်းမှာနေပြီး၍ နက်ဖြန်မှ ဝါပန်သွားရသည်၊ သည်နေ့၌ပင်တဘန် ဝါပန်၍ သွားမိခဲ့အံ့၊ ဝါပျက်၏-ဟု ဆိုကြ၏။ ။[ဆင်ခြင်။]

www.dhammaransi.com



**၅၃၆။ လဆန်းကိုးရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ။**

**အဓိပ္ပါယ်။** ။သီတင်းကျွတ်လဆန်း ၉-ရက်နေ့၌ သတ္တာဟဆောင်၍ ဝါပန်၍ ထွက်သွားသော ရဟန်းအား ရောက်ရာဌာနမှာ သတ္တမအရုဏ်၌ ဝါကျွတ်သည်ဖြစ်၍ သတ္တာဟကိစ္စအတွက်နှင့် ထိုတိုက်သို့ တဘန်ပြန်ခွင့်မရှိပြီ၊မပြန်လိုလျှင်နေရ၏၊ပြန်လိုလျှင်ပြန်ရ၏-ဟုလိုသည်။

**မှတ်ချက်။** ။အချို့ကား-ဝါမပန်ဘဲပင် ထိုလဆန်း ၉-ရက်နေ့၌ ထွက်သွားကြ၏၊ ငါတို့ကျေးဇူးရှင် ဆရာတော်ကြီးကား ဝါပန်၍သွားရမည်-ဟုမိန့်၏။

ဝါဆိုပြီး၍ ဝါပန်ခြင်းကိုမပြု၊ ၇-ရက်တွင်း၌ ပြန်ခဲ့မည်-ဟူသော နှလုံးသွင်းကိုမျှ မပြုမိဘဲ တိုက်မှ ထွက်သွားခဲ့သော် တိုက်အရံကို လွန်သည်နှင့်တပြိုင်နက် ဝါပျက်၏။

ယခုနေ့ပင် ပြန်ခဲ့မည်အကြံနှင့် ဝါမပန်ဘဲ ထွက်သွားပြီး၍ တိုက်ပြင်သို့ရောက်မှ ယနေ့မပြန်သေးပြီ-ဟု အကြံဖြစ်ခဲ့အံ့၊ အကြံဖြစ်ရာဌာန၌ ဝါပျက်၏။

အရံမရှိသော ကျောင်းတိုက်၌ အဆုံးစွန်သော ကျောင်းမှ ခဲတကျ လွန်လျှင် ဝါပျက်၏။ ။[မဟာအဋ္ဌကထာအလို။]

အရှင်မဟာဗုဒ္ဓဃောသအလိုကား ဒုတိယခဲတကျကိုလွန်မှ ဝါပျက်၏။ ။အချို့သောသူတို့သည် အရံမရှိသော တောကျောင်း၌ ဝါဆိုကြသောအခါ အရှေ့အရပ်၌ မည်သည့်သစ်ပင်ထိ, တောင်အရပ်၌ မည်သည့်သစ်ပင်ထိ-စသည်ဖြင့် အရုဏ် စောင့်ရှောက်ရန် အပိုင်းအခြားကို မှန်းထား၍ဆိုကြကုန်၏၊ မှန်းထား၍ရသည်မဟုတ်၊ ပြဆိုခဲ့ပြီးသော ခဲတကျအတိုင်းသာ အပိုင်းအခြားသွား၏။

ဝါဆိုခဏ်း ပြီး၏။

---

## ကထိန် အမြွက်

**၅၃၇။ ထိုတိုက်ထဲ၌၊ ခိုင်မြဲဝါလှ၊ စီဝရတွက်၊ ကြောင့်ကြစိုက်ထား၊ အနက်သွား၊ ခေါ်ငြားကထိန။**

**အဓိပ္ပါယ်။** ။ကထိန-သဒ္ဒါသည် မလှုပ်မရှား ခိုင်မြဲခြင်းအနက်ကို ဟော၏၊ တိုက်တာအတွင်း၌ ကထိန်ခင်းမှုမည်သည် ထိုတိုက်နှင့်စပ်၍

www.dhammaransi.com



အလွန်ခိုင်မြဲသော စီဝရပလိဗောဓမှုကို ပြုခြင်းတည်း၊ တပေါင်းလပြည့် တိုင်အောင် စီဝရကာလသမယကို ခိုင်မြဲစေနိုင်သော ဒဠှီကမ္မမှုကြီးဆို လိုသည်။

**၅၄၈။ မိုဃ်းနောက်ဆုံးလ၊ ကထိန်ကျ၊ ခင်းရ ထိုအခါ။**

**အဓိပ္ပါယ်။** ။ကထိန်ခင်းမှုမည်သည် မိုဃ်း ၄-လတို့တွင် နောက်ဆုံး ၁-လသည် ကထိန်ကာလကျ၏၊ ထိုတလအတွင်း၌ ခင်းရ၏၊ သီတင်း ကျွတ်လပြည့်ကျော် ၁-ရက်မှ တန်ဆောင်မုန်းလပြည့်တိုင် ဤ ၁-လကို ဆိုသည်။

**၅၄၉။ ဤ တိုက်တွင်းမှာ၊ ဝါပဌမ၊ ကျွတ်သူမှ၊ ခင်းရ ပုဂ္ဂိုလ်မှာ။**

**အဓိပ္ပါယ်။** ။ပုဂ္ဂိုလ်မှာမူကား ဤတိုက်တွင်းမှာ ပဌမဝါကပ်ခဲ့၍ သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြု၍ လပြည့်ကျော် ၁-ရက်နေ့၌ ပဌမဝါ ကောင်းစွာကျွတ်လတ်သော ပုဂ္ဂိုလ်သည်သာ ကထိန်ခင်းရ သည်။ ။ဒုတိယဝါသား ရဟန်း, ဝါပျက်သော ရဟန်း, ဝါမကပ်ခဲ့ရ သောရဟန်းတို့ မခင်းရကုန်။

ပုရိမဝါသားပင် ဖြစ်သော်လည်း မိမိဝါကျွတ်ရာ တိုက်တာ၌သာ ခင်းရသည်၊ တပါးတိုက်တာ၌ မခင်းရ။

**၅၅၀။ ခံ, ရွေး, ပေးနှင်း၊ စွန့်, ထိုးခြင်း၊ တင်, ခင်း, နုမောဒါ။**

**ကိစ္စ ၈-ပါး။** ၁။ ကထိန်သင်္ကန်းကို အလှူခံမှု,
၂။ သံဃာတော်တို့က ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း,
၃။ သိမ်တွင်းသို့ သွား၍ ထိုပုဂ္ဂိုလ်အား ကထိန် သင်္ကန်းကိုပေးခြင်း,
၄။ တိစီဝရိက်အဓိဋ္ဌာန်တင်ရှိသောသင်္ကန်းဟောင်း ကို ပစ္စုဒ္ဓိုရ်ပြု၍ အဓိဋ္ဌာန်စွန့်မှု,
၅။ ခင်းမည့်သင်္ကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှု,
၆။ အမည်ဖြင့် အဓိဋ္ဌာန်တင်မှု,
၇။ နှုတ်မြွက်၍ခင်းမှု,
၈။ အနုမောဒနာခြင်း-အစဉ်အတိုင်းပြုရန် ကိစ္စ ၈-ပါးတည်း။

www.dhammaransi.com



**ပြုပုံကား။** ။ကထိန်လှူလိုသော ဒါယကာသည် ဝါဦး,ဝါလယ်သော်က ပင် မိမိကြည်ညိုရာကျောင်းတိုက်၌ ဝါကျွတ်လျှင်အရှင်တို့တိုက်တာမှာ ကထိန်သင်္ကန်း ကပ်လှူလိုပါသည်-ဟု လျှောက်ကြား၍ ထားခြင်းငှာ သင့်မြတ်လှ၏။ ။ထိုတိုက်တာတွင် သံဃထေရ်ကြီးများက ဝါတွင်း အခါကပင် ကထိန်ခင်းထိုက်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံအောင် ကြောင့်ကြစိုက်မှု, ဝိနည်းတိစိဝရိက်ဆောင်မှု,အမေး-အဖြေသင်ကြား မှုများသို့ ကြောင့်ကြစိုက်၍ထားရမည်။

ဒါယကာတို့မှာလည်း သံဃိကအလှူစစ်မှ အကျိုးကြီးသည်ဖြစ်၍ သံဃိကအလှူမြောက်လေအောင် ပုဂ္ဂိုလ်ကို ရည်စူးခြင်းမှ ကင်းစေရာ ၏။

သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်အတွင်း သင့်လျော်ရာနေ့ရက်၌ သင်္ကန်း၃-ထည်တို့တွင်တထည် ထည်ကို ယူဆောင်၍ ထိုတိုက်တွင်းရှိ သံဃထေရ်ကြီးထံသို့သွား၍—

"ဣမံ စီဝရံ ကထိနတ္ထာယ သံဃဿ ဒမ္မိ၊ဣမိနာ စီဝရေန ကထိနံ အတ္ထရထ"—

ဆို၍ လှူဒါန်းရမည်၊ မဆိုတတ်ရှိလျှင် သံဃထေရ်ကြီးက သင် ကြား၍ ရေစက်ခံ အနက်ပါဆိုစေ။

မျက်နှာသုတ်ပုဝါ, လက်ကိုင်ပုဝါစသည်တို့နှင့်တကွ ဖျင်ထည်,ပိတ် ထည်,သင်္ကန်းထည်များ အပိုအမိုပါရှိသေးခဲ့လျှင် ဥတ်သင်္ကန်း၏ အရံ ပြု၍—

"ဣမာနိ စီဝရာနိ သံဃဿ ဒေမ"ဟု ရေစက်ချ၍ သင့်ရာကထား လေ။ ။ခံခန်းပြီး၏။

**ရွေးချယ်ပုံ။** ။ကထိန်မည်သည် နေ့လွန်ခြင်းငှာ မအပ်ရကား-ထို နေ့၌ပင် တိုက်ရှိသံဃာကုန် စည်းဝေး၍ ကထိန်ခင်းထိုက်သော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ရွေးချယ်၍ ဤနေရာ၌ မေးခန်း,ဖြေ ခန်းထွက်။ ။ရွေးချယ်ခန်းပြီး၏။

**ပေးပုံ။** ။မေး,ဖြေရွေးချယ်၍ ရသောအခါ ၄-ပါး, ၅-ပါးသော သံဃာသည် ထိုပုဂ္ဂိုလ် ထိုသင်္ကန်းတို့ကို ယူဆောင်၍ ခဏ္ဍသိမ်သို့သွား

www.dhammaransi.com



ပြီးလျှင် ထိုပုဂ္ဂိုလ်ကို''တိဿ'' ဟုအမည်မှည့်၊ ဥတ်ကမ္မဝါစာဘတ် ကြား၍ ထိုပုဂ္ဂိုလ်အားသက်န်းကိုပေး။ ။သက်န်းလျှာမဟုတ်၊ သက်န်း ပြီးပြီးဖြစ်လျှင် ဥတ်ကမ္မဝါစာ၌''ဣဒံ သံဃဿ ကထိနစီဝရံ''ဟုဘတ် လေ။ ။ပေးခဏ်းပြီး၏။

ဓနံပုံ။ ။ဥတ်ကမ္မဝါစာဆုံးလျှင် ထိုပုဂ္ဂိုလ်က ခင်းလိုရာဌာနသို့ ထိုသက်န်းကိုယူခဲ့၍ ထိုနေရာ၌ ထိုင်နေ၍ ဥတ်သက်န်းသည် ဒုဂုဏ် သက်န်းဖြစ်ခဲ့သော် ဒုဂုဏ်ဟောင်းကိုင်ပြီး ''ဣမံစီဝရံပစ္စုဒ္ဓရာမိ''ဆို၍ အဓိဋ္ဌာန်စွန့်။ ။စွန့်ခဏ်းပြီး၏။

ကပ္ပဗိန္ဒုထိုးပုံ။ ။ဥတ်သက်န်း၌ ကပ္ပဗိန္ဒုထိုး။ ။ထိုးခဏ်းပြီး၏။

တင်ပုံ။ ။ဥတ်သက်န်းကို''ဣမံ သံဃာဋိံ အဓိဋ္ဌာမိ''ဟု မြွက်ဆို ၍အဓိဋ္ဌာန်တင်။ ။တင်ခဏ်းပြီး၏။

ခင်းပုံ။ ။ထိုသက်န်းကိုကိုင်၍ ''ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ''ဟု ၃-ကြိမ်ဆို၍ခင်း။ ။ထိုသို့ဆိုသည်ကိုပင် အခင်းဆိုသ တည်း။

ကိုယ်ရုံဖြစ်ခဲ့သော် ''ဣမိနာ ဥတ္တရာသင်္ဂေန''ဟုဆို၊ သင်းပိုင်ဖြစ်ခဲ့ သော်''ဣမိနာ အန္တရဝါသကေန''ဟုဆို၊ သိမ်အပြင်မှာလည်း ခင်းရ ပါ၏၊ မိမိနေရာ ကျောင်းပေါ်မှာလည်းခင်းရပါ၏။

တန်ဆောင်း,မဏ္ဍပ်, ပရိသတ်အလည်မှာလည်း ခင်းကြ၏၊ ထို ပုဂ္ဂိုလ်မှာ ခင်းခြင်းမြောက်ပြီ၊ တိုက်တွင်းရှိ သံဃာများမှာ အခင်း မမြောက်ကြသေး။ ။ခင်းခဏ်းပြီး၏။

အနုမောဒနာပြုပုံ။ ။ခင်း၍ပြီးလျှင် သံဃာတို့ကို အနုမောဒနာပြု ကြစေရန် တောင်းပန်ရမည်။

''အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ဓမ္မိကော ကထိ-
နတ္ထာရော အနုမောဒထ''။ ။၃-ခေါက်ဆို။

သံဃာတို့က အနုမောဒနာပြု၍—

အတ္ထတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ''။ ။၃-ခေါက်ဆို။

www.dhammaransi.com



ထိုတိုက်မှာပုရိမဝါချောမောစွာ ကျွတ်ခဲ့သောရဟန်းမှပါဝင်ရသည်၊ အနုမောဒနာပြုသူတို့မှာ ကထိန်ခင်းခြင်းမြောက်ပြန်၍၊ ကထိန်အာနိသင် ၅-ပါးကို ရထိုက်ကြလေ၏။ ။အနုမောဒနာခဏ်းပြီး၏။

ထိုတိုက်၌ သံဃာမလုံမလောက် ရှိခဲ့သော် တပါးတိုက်တာမှဥတ် ကမ္မဝါစာဘတ်တတ်သော ရဟန်းများကိုပင့်ခေါ်၍ ဘတ်စေရမည်။ ဒါယကာတို့က တပါးတိုက်တာမှ သူတို့ကြည်ညိုရာ ပုဂ္ဂိုလ်များကို ပင့်လိုလျှင် ပင့်စေရပါ၏။ ။မျက်နှာသုတ်ပုဝါမှစ၍ အလုံးစုံသော သင်္ကန်းအထည်များတို့ကို သံဃိကအနေနှင့်ချည်း လှူကြသည်ဖြစ်လျှင် အနုမောဒနာပြုသော ထိုတိုက်တာ သံဃာသာရ၏၊ ဒါယကာတို့က တပါး တိုက်တာမှ ပင့်သံဃာများဘို့ အသီးပြု၍ထားသော သင်္ကန်း များဖြစ်ခဲ့လျှင် သူတို့အလိုရှိရာ လှူရ၏။

သင်္ကန်းမှတပါးသော ဝတ္ထုပရိက္ခရာတို့ကိုမူကား ထိုအခါ၌ထိုတိုက် တွင်းမှာရှိနေသော တပါးတိုက်တာ သံဃာများလည်း ညီတူညီမျှ ရထိုက်၏၊ သာမဏေများကိုတည်း အနုမောဒနာ ပြုစေ၍ သင်္ကန်း များကို အဘို့ပေးဝေကြ၏။ ။ကထိန်ခင်းနည်း အကျဉ်းချုပ်ပြီး၏။

**၅၄၁။ ပုဗ္ဗကရဏံ၊ ပစ္စုဒ္ဓါ၊ ဝိဋ္ဌာန်, အတ္ထာရ။**

**၅၄၂။ မာတိ, ပေဠိ၊ ဥဒ္ဓါရံ၊ နိသံအင်ရှစ်ဝ။**

**အင်္ဂါ ၈-ပါး။** ၁။ ပုဗ္ဗကရဏကို သိခြင်း,
၂။ ပစ္စုဒ္ဓါရကို သိခြင်း,
၃။ အဓိဋ္ဌာန်ကို သိခြင်း,
၄။ ခင်းမှု-ဟူသော အတ္ထာရကို သိခြင်း,
၅။ မာတိကာ ၈-ပါးကို သိခြင်း,
၆။ ပလိဗောဓ ၂-ပါးကို သိခြင်း,
၇။ ဥဒ္ဓါရ-ဟု ဆိုအပ်သော ကထိန်နုတ်ခြင်း ၂-ပါးကို သိခြင်း,
၈။ အာနိသင် ၅-ပါးကို သိခြင်း-ကထိန်ခင်း ထိုက်ရာ အင်္ဂါ ၈-ပါးတည်း။

www.dhammaransi.com



၅၄၃။ လျှော်, စီ, ဖြတ်, တွဲ၊ ချုပ်, ဆိုးနဲ့၊ ထိုးမြဲ ခွန်ပုဒ္ဒ။

ပုဗ္ဗကရဏ ၇-ပါး။ ၁။ သင်္ကန်းလျှာအဝတ်ကို ဖွပ်လျှော်ရခြင်း,
၂။ ပဋ္ဋခဏ်း,သတ္တခဏ်း စသည် မျဉ်းချမှု,အမှတ်ပြုမှုတို့ဖြင့် စီရင်ရခြင်း,
၃။ စီရင်ချက်အတိုင်း ဖြတ်ရခြင်း,
၄။ တဲအပ်တွယ်ရခြင်း,
၅။ ချုပ်ရခြင်း,
၆။ ဆိုးရခြင်း,
၇။ ကပ္ပဗိန္ဒုထိုးရခြင်း၊ ပုဗ္ဗကရဏ ၇-ပါး။

၅၄၄။ ပစ္စုဒ္ဓါရုံ၊ အဓိဋ္ဌာန်၊ ခင်းမြန် အတ္ထာရ။

အဓိပ္ပါယ်။ ။သင်္ကန်းဟောင်းကို ပစ္စုဒ္ဓိုရ်ပြုရခြင်း, ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်ရခြင်း, နှုတ်မြွက်၍ ခင်းရခြင်း။

ယခုကာလ၌ကား ချုပ်ပြီး, ဆိုးပြီးကို ဥတ်သင်္ကန်းပြုလုပ်ရန် လှူကြသည်ဖြစ်၍ ပုဗ္ဗကရဏ ၇-ပါးတွင် ကပ္ပဗိန္ဒု ထိုးမှုတခုသာ ခွင့်ရှိပေသည်။

၅၄၅။ ဖဲသွား, ပြီးပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ နုတ်ပြီကြား။

၅၄၆။ အာသာပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံ, မာ-ရှစ်ပါး။

မာတိကာ ၈-ပါး။ ။မာတိကာ ၈-ပါး၏ သရုပ်ကား—

၁။ ကထိန်အာနိသင်ကို ရရှိသော ရဟန်းတို့တွင် အချို့သော ရဟန်းသည် တပေါင်းလပြည့်မတိုင်မီအတွင်း၌ ပြီးပြီးသော သင်္ကန်းကိုယူ၍ တပေါင်းလအတွင်း မပြန်ပြီ-ဟု ထိုတိုက်တာမှ အရပ်တပါးသို့ ဖဲသွားခြင်း တပါး,

ဤသို့ ဖဲသွားရာ၌ သင်္ကန်းချုပ်လုပ်ရန်ကိစ္စသည် တိုက်တွင်း၌ပင် ပြီးစီးလျက်ရှိသောကြောင့် တိုက်တွင်း၌ပင် စီဝရပလိဗောဓပြတ်၏။

တပေါင်းလအတွင်း ဤတိုက်သို့ မပြန်ပြီ-ဟု ထွက်သောကြောင့် တိုက်အရံကို လွန်သည်နှင့်တပြိုင်နက် အာဝါသ

www.dhammaransi.com



ပလိဗောဓပြတ်၏၊ ပလိဗောဓ ၂-ပါးပြတ်ရာ၌ ထိုပုဂ္ဂိုလ်မှာ ပျက်၏၊ဖဲသွားခြင်းလျှင် အဆုံးရှိသောကထိန်နုတ်ခြင်း ကထိန် မည်၏။

၂။ ပြီးပြေ-ဆိုသည်ကား မချုပ်မဆိုရသေးသော သင်္ကန်းကိုယူ၍ ထိုနည်းတူ ထွက်သွား၏၊ သင်္ကန်းကို အရပ်တပါးသို့ရောက်မှ ချုပ်မည်ဟု ယူခဲ့၍ အရပ်တပါး၌ ချုပ်လုပ်၏၊ ဤ၌ မပြန်ပြီ-ဟု ထွက်သောကြောင့် တိုက်တာအရံကိုလွန်ရာ၌ အာဝါသပလိဗောဓပြတ်၏၊ သင်္ကန်းကို ရောက်ရာ၌ ချုပ်မည်-ဟု ယူခဲ့သောကြောင့်စီဝရပလိဗောဓ မပြတ်သေး၊ သင်္ကန်းချုပ်လုပ်၍ ပြီးပြေမှပြတ်၏၊ ကထိန်ငြိမ်း၏၊ သင်္ကန်းပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်းမည်၏။

၃။ ရောက်ရာ၌ သင်္ကန်းကိုလည်း ချုပ်လုပ်မည်, တပေါင်းလပြည့် အတွင်းမှာပင် တိုက်တာသို့ပြန်မည်-ဟု ထွက်သွား၍ တိုက်ပြင် အရပ်တပါးသို့ရောက်မှ သင်္ကန်းကိုလည်း မချုပ်ပြီ၊ တိုက်သို့ လည်း မပြန်ပြီ-ဟု စိတ်ဆုံးဖြတ်ရာ၏၊ ဆုံးဖြတ်ရာ၌ ကထိန် ငြိမ်း၏။ ။[သိသာပြီ။]

၄။ ပျောက်လေ-ဆိုသည်ကားထိုနည်းတူထွက်သွား၍တိုက်ပြင်သို့ ရောက်မှ သင်္ကန်းလည်းပျောက်၍သွား၏၊ မပြန်လိုပြီ-ဟု စိတ်ဖြစ်၏၊ ကထိန်ငြိမ်း၏။ ။[သိသာပြီ။]

၅။ နုတ်ပြီကြား- ဆိုသည်ကား ထိုနည်းတူ ထွက်သွားရာ၏၊ ထို ရဟန်း ထွက်သွားသည်နောက် ထိုတိုက်မှာ ကထိနုတ်ရန် အ ကြောင်းရှိ၍ ထိုကထိန်ကိုနုတ်ရ၏၊ သင်္ကန်းကိုရောက်ရာ၌ ချုပ်လုပ်ပြီးမှ ထိုတိုက်တာမှာ ကထိန်နုတ်ကြောင်းကိုကြား၏၊ ပြန်မည်ဟု စိတ်ရှိသော်လည်း နုတ်ကြောင်းကိုကြားသည်နှင့် တပြိုင်နက် ထိုရဟန်းမှာ ကထိန်ငြိမ်း၏။

၆။ ထိုနည်းတူ ထွက်သွား၍ ရောက်ရာ၌ သင်္ကန်းကိုချုပ်လုပ်၍ ပြန်မည်-ဟု ကြံလျက် မပြန်ဖြစ်တဲ့နိုင်ရှိ၍ တပေါင်းလအတွင်း မှာ ပြန်လာရာ ထိုတိုက်တာ၌ အကြောင်းရှိ၍ ထိုကထိန်ကို

www.dhammaransi.com